ကျောင်ငြိမ်း

ညွှန်ကြားရေးမှူး

တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန

# ဂျပန်ခေတ်ရက်စွဲသမိုင်း

(၈ မတ် ၁၉၄၂- ၃ မေ ၁၉၄၅)—

၁
၉
၄
၂

မတ်လ

၈ မတ် ၁၉၄၂ ဂျပန်အမှတ် ၂၁၅ ခြေလျင်တပ်မကြီးနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့ နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်မြို့ကို ဝင်ရောက်သိမ်းပိုက်သည်။

[၁။ သခင်ထွန်းအုပ် ကျွန်ုပ်စွန့်စားခန်း ရန်ကုန်တိုင်းပြည်ပြုပုံနှိပ် ၁၉၄၃ စာ ၁၉၀ နောင်ကိုးကားလျှင်သခင်ထွန်းအုပ် ကျွန်ုပ်စွန့်စားခန်း ဟုညွှန်းမည်။

၂။ မစ္စတာ အိုတတက်ဆူနေဇို ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ (အိုနိုးတိုးရ မြန်မာဘာသာပြန်) ရန်ကုန်ပုဂံစာအုပ်တိုက်နှင့် ကုမာရပုံနှိပ်တိုက်၁၉၇၅ စာ ၉ နောင်ကိုးကားလျှင် ဂျပန်စစ်အုပ်ချုပ်ရေးခေတ် ဟုညွှန်းမည်။]

■ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုး ဖူးကြီးတိုက်ပွဲတွင် ကျဆုံးသည်။

[မြဒေါင်းညို ရဲဘော်သုံးကျိပ် (သတ္တမအကြိမ်) ရန်ကုန်ကြေးမုံ သတင်းစာတိုက်နှင့် ဂါဒီယန်းသတင်းစာတိုက်ပုံနှိပ် ၁၉၈၂ စာ ၄၉ နောင်ကိုးကားလျှင် ရဲဘော်သုံးကျိပ် ဟုညွှန်းမည်]

■ ဗိုလ်မိုးကြိုး (ဗိုလ်မှူးကြီး စူဇူကီး) က ဗိုလ်မိုး ဖူးကြီးတိုက်ပွဲတွင် ကျဆုံးရသည်မှာ ဖူးကြီးအနီးရှိ သပြေကုန်းရွာမှ ဗြိတိသျှတပ်များသို့ သတင်းပေးခြင်းကြောင့်ဟု ယူဆပြီး သပြေကုန်းရွာရှိ ယောကျာ်းအားလုံးကို တန်းစီပြီး ပစ်သတ်စေသည်။

[Ba Maw **Breakthrough in Burma: Memoirs of Revolution 1939-1946** London, Yale Universitypress 1968 P 154: hereafter cited as Ba Maw **Breakthrough in Burma.** ]



ဂျပန်အမှတ် ၁၅ တပ်မတော် သေနာပတိ ဂျိုရှီရို အီးဒါး

၉ မတ် ၁၉၄၂ ဂျပန် အမှတ် ၁၅ တပ်မတော်၏ စစ်သေနာပတိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဂျိုရှီရို အီးဒါး (Lieut-General Shojiro Iida) ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၉]

၁၀ မတ် ၁၉၄၂ ဂျပန် အမှတ် ၁၅ တပ်မတော်၏ စစ်သေနာပတိ ဒုတိယ ဗိုလ်ချုပ်ကြီး အီးဒါးက အမှတ် ၁၅ တပ်မတော် တစ်ချက်လွှတ်အမိန့် ၉၈ ထုတ်ပြန်ကာ ဒုတိယ ဦးစီးချုပ် ဗိုလ်မှူးကြီးနာဆူ (Colonel Nasu Yoshio) အား စစ်အုပ်ချုပ်ရေးရုံး ဖွဲ့စည်းရန် တာဝန်ပေးအပ်သည်။

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၈၇/ ၃၄၂]

■ ဂျပန် အမှတ် ၅၅ တပ်မသည် ပဲခူးမှ မြောက်ဘက်ချီ တက်ရာ ပြင်းထန်စွာ ခုခံတိုက်ခိုက်မှုနှင့် ရင်ဆိုင်ရသည်။

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၁]

၁၁ မတ် ၁၉၄၂ မြန်မာ့အလင်း သတင်းစာ ပြန်လည်ထုတ်ဝေသည်။
[**Burma Intelligence Bureau, Burma During the Japanese Occupation**,Vol 1, Simla 1943 *P 20, hereafter cited as* **Burma During the Japanese Occupation**,Vol 1]

ဗိုလ်ချုပ်ကြီးစတီးဝဲလ်

■ အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ် (General Joseph Warren Stilwell ၁၈၈၃–၁၉၄၆ His soldiers called him ''Vinegar Joe'') သည် တရုတ်နိုင်ငံ ချုံကင်း (Chung King)မြို့မှ လားရှိုးမြို့သို့ ရောက်ရှိလာသည်။
[Joseph W.Stilwell **The Stilwell papers** London, Macdonald 1949 .*P76*- hereafter cited as **Stilwell papers**]

၁၂ မတ် ၁၉၄၂ ဗြိတိသျှဗိုလ်မှူးကြီး ဝီလျံစလင်း (Sir William Joseph Slim ၁၈၉၁–၁၉၇၀) သည် အိန္ဒိယ နိုင်ငံ ကလကတ္တားမြို့မှ မကွေးမြို့သို့ ရောက်ရှိလာသည်။
[Field Marshal Sir William Joseph Slim **Defeat into Victory** London Cassell and Company Ltd 1956 *PP 21-22* ;hereafter cited as Slim **Defeat into Victory**]

ဗိုလ်မှူးကြီး ဝီလျံစလင်း

■ဗိုလ်မှူးကြီးစုဇူကီး (ဗိုလ်မိုးကြိုး) ဗိုလ်တေဇ (ဗိုလ်အောင်ဆန်း) တို့သည် ဗမာ့လွတ်လပ်ရေး တပ်မတော်တပ်ဖွဲ့အချို့ကို ဦးဆောင်၍ ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[အိဇူမိယတက်စုရော ကျွန်တော်ပါဝင်ခဲ့သောမီနာမီကီကန်းရန်ကုန်။ တက္ကသိုလ်များပုံနှိပ်တိုက်။ ၁၉၈၁ စာ ၁၆၀၊ နောင်ကိုးကားလျှင် မီနာမီကီကန်း ဟုညွှန်းမည်]



ဗိုလ်ချုပ်ကြီးအလက်ဇန္ဒား

၁၃ မတ် ၁၉၄၂ မြန်မာပြည်စစ်တပ်များ၏ ဒုတိယဦးစီးမှူး ဗိုလ်ချုပ်ကြီး အလက်ဇန္ဒား (General Harold Alexander ၁၈၉၁–၁၉၆၉ ) နှင့် ဗိုလ်မှူးကြီး စလင်းတို့ ပြည်မြို့၌ အစည်းအဝေး ကျင်းပပြီးနောက် ဗိုလ်မှူးကြီးစလင်းသည် အမှတ် (၁) မြန်မာတပ်မကြီး (No.1 Burma Corps) ၏ တပ်မှူးအဖြစ် တာဝန်ယူသည်။
[Slim **Defeat into Victory** *P 24*]

၁၄ မတ် ၁၉၄၂ မေမြို့ (ယခုပြင်ဦးလွင်) တွင် အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်၊ ဗိုလ်ချုပ်ကြီး မောရစ် (General Morris) နှင့် ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားတို့ အစည်းအဝေး ကျင်းပသည်။
[**Stilwell Papers** *P 79*]

၁၅ မတ် ၁၉၄၂ ဂျပန်အမှတ် ၁၅ တပ်မတော် စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး အီးဒါးက အမှတ် ၁၅ တပ်မတော် သိမ်းပိုက်ထားသော နယ်မြေအုပ်ချုပ်ရေးလုပ်ငန်း လမ်းညွှန်” ချမှတ်သည်။

ထိုလမ်းညွှန်ချက်တွင် စစ်အုပ်ချုပ်ရေးတည်ရှိစေသည့် ရည်မှန်းချက်မှာ
၁။ ပြည်သူ့ ငြိမ်းချမ်းရေးနှင့် စည်းကမ်းသေဝပ်ရေးကို တည်ဆောက်ရန်
၂။ ဂျပန် တပ်မတော် အတွက် အထောက်အပံ့များ လုံလောက်စွာရရှိရန်
၃။ အရေးကြီးသယံဇာတများ လျှင်မြန်စွာ ထုတ်လုပ်သုံးစွဲရန်နှင့်
၄။ အနာဂတ်စနစ်တကျအုပ်ချုပ်ရေးအတွက် လိုအပ်သော ပြင်ဆင်မှုပြုလုပ်ရန်အတွက် ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံအား ဗြိတိသျှ တံပိုးအောက်မှ လွတ်မြောက်စေပြီး ဂျပန်အင်ပါယာနှင့် စစ်ရေးစီးပွားရေးကို ရင်းရင်းနှီးနှီး တည်ဆောက်ရန်။ နောင်တွင် မြန်မာနိုင်ငံအား လွတ်လပ်ရေး ပေးပြီး လွတ်လပ်သော အစိုးရ ဖွဲ့စည်းထူထောင်နိုင်အောင် ဆောင်ရွက်ပေးရန်လိုအပ်သော်လည်း လောလောဆယ်တွင်မူ မဟာအရှေ့အာရှ စစ်ပွဲအောင်မြင်မှုရရှိပြီးမှ မြန်မာ့လွတ်လပ်ရေး အကောင်အထည် ပေါ်လိမ့်မည်ဟု မျှော်လင့်နေရသည့်အတွက် မြန်မာ့လွတ်လပ်ရေး ပြဿနာကို မထုတ်ဖော်ရန်။ သို့ရာတွင် မြန်မာတို့၏ လွတ်လပ်ရေး မျှော်လင့်ချက်များ မပျောက်ပျက်စေရအောင် ဂရုပြုရမည်ဟု ပါရှိသည်။

[General Plan for the Control of the Occupied Areas under the Hayashi Army Group (Hayashi Shu dan Senryochi Tochi Yoko) issued by Iida Shojiro, The commander of the Hayashi Army Group, March 15, 1942, Ota Tsunezo, *Biruma Ni Okeru Nihon Gunseishi No Kenkyu* Tokyo Yoshikawa Kobunkan 1967, *PP 487-491)*
*(Burma: Japanese Military Administration, Selected documents, 1941-1945(Edited by Frank N. Trager) Philadelphia, University of Pennsylvania press 1971.PP 45-52: here after cited as* ***Japanese Military Administration, Documents, 1941-1945***]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၁၇]

■ ဂျပန်တပ်မတော် ဒုတိယဦးစီးချုပ်ကြည်းတပ်ဗိုလ်မှူးကြီး နာဆူသည် ဂွန်ဆေဘု (Gunseibu) ခေါ် ဂျပန်စစ်အုပ်ချုပ်ရေးရုံး ဖွဲ့စည်းထူထောင်၍ ရန်ကုန်မြို့ရှိ ဘုရင်ခံအိမ်တော် (ယခုပြည်သူ့လွှတ်တော်ဝင်း အတွင်း တည်ရှိခဲ့ဖူးသည်) တွင် ရုံးဖွင့်သည်။ နာဆူသည် စစ်အုပ်ချုပ်ရေးရုံး ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၆၈]

၁၈ မတ် ၁၉၄၂ လူထုငြိမ်းအေးစေရေးတပ်ဖွဲ့ တပ်ဖွဲ့မှူး ကိုဘာယာ ရှီ (Kobayashi ) က ကျေညာချက် တစ်ရပ် ထုတ်ပြန်သည်။

ကျေညာချက်မှာ
(၁) စစ်ဘေးဒဏ် ခံခဲ့ရသော ပြည်သူလူထုအား သနားညှာတာ စာနာထောက်ထားပါကြောင်း။

(၂) ယခင်က ရန်ကုန်မြို့ပေါ်တွင် နေထိုင်ခဲ့ကြသော တရုတ်နှင့် အိန္ဒိယ လူမျိုးများအနက် သူတော်ကောင်းလက်မှတ် ရယူလိုသူများသည် သက်ဆိုင်ရာရုံးသို့ လျှောက်ထားနိုင်ကြောင်း။

(၃) မြန်မာလူမျိုးများနှင့် သူတော်ကောင်း လက်မှတ် ရထားသော တရုတ်၊ အိန္ဒိယလူမျိုးများထဲမှ အနေအထိုင် ကြပ်တည်း၍ အစားအသောက် ငတ်မွတ်ဆင်းရဲကြသူတို့အား ဆန်နှင့်ဆားများကို တတ်အားသရွေ့ ထောက်ပံ့ကူညီနေကြောင်း။

(၄) အလုပ်လက်မဲ့များအား အလုပ်အကိုင် တစ်စုံတစ်ခု ရှာဖွေပေးနေကြောင်း။

ဂျပန်တပ်မတော်

လူထုငြိမ်းအေးစေရေးအဖွဲ့။

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၇၅]

၂၀ မတ် ၁၉၄၂ ဗန္ဓုလဦးစိန်သည် ဟံသာဝတီနယ်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ကန်တော်ကြီးစောင်းရှိ ဒေါက်တာဘမော်အိမ်တွင် တည်းခိုသည်။

[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး ပထမတွဲ၊ ရန်ကုန် သိရီဇေယျပုံနှိပ်၊ ၁၉၄၆ – စာ ၂၆ နောင်ကိုး ကားလျှင် ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး (၁) ဟုညွှန်းမည်]

၂၁ မတ် ၁၉၄၂ မကွေးလေယာဉ်ကွင်းရှိ ဗြိတိသျှလေတပ် (Royal Air-force) ကို ဂျပန်လေတပ်က တိုက်ခိုက် ဖျက်ဆီးသည်။

[Slim **Defeat into Victory** P 41]

[Mourice Collis **Last and First in Burma 1941-48 ,** London, Faber & Faber Limited 1956 *P 293*: hereafter cited as Collis **Last and First in Burma,** ]

■ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ရှမ်းပြည်တစ်ခွင် လှည့်လည်ရန် မေမြို့ (ပြင်ဦးလွင်) မှ သီပေါသို့ စတင်ခရီးထွက်သည်။

[Collis **Last and First in Burma**, *P 132*]

မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်

■ ဂျပန်စစ်ဗဟိုဌာနမှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် ဗြိတိသျှတို့၏ အနှောင်အဖွဲ့ကို ခံစားနေရသော မြန်မာပြည်အား ကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် မြန်မာပြည်အတွင်းသို့ ဂျပန်စစ်သည်တော်များ ချီတက်လာသည့်အခါ၌ ဂျပန်တပ်မတော်များမှာ ထားဝယ်၊ ကော့ကရိတ်၊ မော်လမြိုင်၊ မုတ္တမ၊ ဘီးလင်း၊ စစ်တောင်း၊ ပဲခူး၊ ရန်ကုန်နှင့်တကွ စစ်မျက်နှာအရပ်ရပ်တွင် သူရသတ္တိကြီးမားစွာ အဆက်မပြတ်အောင်မြင်ခဲ့ကြပြီဖြစ်ကြောင်း၊ မြန်မာလူမျိုးအမြောက်အမြားသည် ဂျပန်တို့၏ စစ်ရေးစစ်ရာကို ပူးပေါင်းဆောင်ရွက်မှုမှာ နေရာတိုင်းတွင် အထူးကြီးကျယ်ကြောင်း၊ ဂျပန်တပ်မတော်ကြီးနှင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်သော မြန်မာပြည်ကို ကြီးမားသောကမ္ဘာ အရှေ့ပိုင်း စစ်ကြီး၏ အကောင်းဆုံးအပိုင်းဟု မှတ်ယူမည်ဖြစ်ကြောင်း စစ်ပွဲမှာ မပြီးပြတ်သေးကြောင်း၊ အထက်မြန်မာပြည်တွင် အင်္ဂလိပ်၊ အိန္ဒိယနှင့် တရုတ်တပ်များ ပူးပေါင်းပြီး မြန်မာပြည်ကို အနှောင်အဖွဲ့ထားရန် ရည်ရွယ်နေကြောင်းပါရှိသည်။

[မြန်မာ့အလင်းသတင်းစာ ၂၁–၃–၄၂ နောင်ကိုးကားလျှင် မြန်မာ့အလင်း ဟုညွှန်းမည်]

■ ဂျပန်စစ်ဌာနချုပ်မှ ငွေစက္ကူသုံးစွဲရေးနှင့် ပတ်သက်၍ ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် ဂျပန်စစ်ဖက်ဌာနသည် ဒေါ်လာ ဂဏန်းဖြင့် ရိုက်နှိပ်ထားသော စစ်သုံးငွေစက္ကူများကို မြန်မာပြည်တွင် တရားနည်းလမ်းသက်ဝင်စွာ အသုံးပြုလိမ့်မည်ဖြစ်ကြောင်း၊ အရှေ့အာရှတိုက် ခေတ်သစ် ထူထောင်သည့် နိုင်ငံများတွင် သုံးစွဲသည့်အတိုင်း ဂျပန်စစ်ဘက်ဆိုင်ရာက အသုံးပြုသော ဒေါ်လာငွေများ၏ တန်ဘိုး တည်တံ့ခိုင်မြဲမှုကို ဂျပန်အစိုးရက လုံးဝတာဝန်ယူကြောင်း။ ထို့ပြင် ဂျပန်စစ်ဘက်ဌာနသည် ကျပ်ဂဏန်းဖြင့် ရိုက်နှိပ်သော ငွေစက္ကူများကိုလည်းထုတ်ဝေကြောင်း၊ မြန်မာငွေနှင့် ဂျပန်ဒေါ်လာ နှစ်မျိုးနှစ်စားသည် တန်ဖိုးညီမျှကြောင်း။ ငွေစက္ကူ အသုံးပြုရာတွင် လွယ်ကူစေရန် ပဲ၊ ပိုင်စနစ်ကို ပယ်ဖျက်၍ ဆင့် ၁၀၀ ကို အခြေခံထား၍ အသုံးပြုမည်ဖြစ်ကြောင်း။

ကျပ်နှင့်ဒေါ်လာညီမျှပုံမှာ

| | |
|---|---|
| ကျပ် | ဒေါ်လာ |
| ငွေ ၁၀ | ဒေါ်လာ ၁၀ |
| ငွေ ၅ | ဒေါ်လာ ၅ |
| ငွေ ၁ | ဒေါ်လာ ၁ |
| ဆင့် | ကျပ် |

၁၀ ငွေ ၁ ကျပ်၏ ၁၀ ပုံတစ်ပုံ
၅ ငွေ ၁ ကျပ်၏ ၂၀ ပုံ တစ်ပုံ
၁ ငွေ ၁ ကျပ်၏၁၀၀ ပုံ တစ်ပုံ
အထက်ပါ ငွေစက္ကူကို အသုံးမပြုဘဲ ငြင်းဆန်သူကို ရန်သူအဖြစ်သဘောထား၍ အပြစ်ပေးမည်ဖြစ်ကြောင်းနှင့် ယခင်မူလလက်ရှိ ငွေစက္ကူများနှင့် ပိုက်ဆံကြေးငွေများကိုလည်း ဆက်လက် သုံးစွဲနိုင်သည်ဟု ပါရှိသည်။
[မြန်မာ့အလင်း ၂၁-၃-၄၂]

၂၃ မတ် ၁၉၄၂ ဂျပန်အမှတ် ၁၅ တပ်မတော်၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီးအီးဒါးက ဂျပန်စစ်အုပ်ချုပ်ရေးရုံး (ဂွန်ဆေဘု) အမှုထမ်းများအား ဖိတ်ခေါ်၍ မဟာအရှေ့အာရှ စစ်ပွဲကြီး ဆင်နွှဲနေဆဲကာလ၌ သိမ်းပိုက်ထားသော နယ်မြေများ၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် စစ်အုပ်ချုပ်ရေးရုံးတွင် တာဝန်ထမ်းဆောင်ကြရသည်မှာ တာဝန်ကြီးလေးကြောင်းနှင့် တန်ဖိုးရှိကြောင်း သြဝါဒစကားပြောကြားသည်။ ထို့နောက် စစ်အုပ်ချုပ်ရေးရုံး ဥက္ကဋ္ဌ နာဆူကလည်း စစ်အုပ်ချုပ်ရေးရုံး အမှုထမ်းများအား ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် အသေးစိပ်ကို ညွှန်ကြားသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၈၈-၈၉]
[Japanese Military Administration, Documents, 1941-1945: *PP 58-63*]

■ ဂျပန် ဗိုလ်ချုပ်ကြီးက စစ်ဘက်ဆိုင်ရာ ကြေညာချက် တစ်ရပ် ထုတ်ပြန်ရာတွင် ဂျပန်စစ်တပ်က သိမ်းပိုက်ပြီးသောနယ်များရှိ နယ်သူနယ်သားများသည်

၁။ ဂျပန်တပ်မတော်အား ပုန်ကန်ရန် ကြံရွယ်ခြင်း။
၂။ ဂျပန် တပ်မတော်၏ အသွားအလာကို သူလျှိုအဖြစ် ထောက်လှမ်းခြင်း။
၃။ ခရီးအသွားအလာ ခက်ခဲအောင် သံကြိုး၊ ကြေးနန်း၊ မီးရထား အဆက်အသွယ်နှင့်လမ်းများကို ပိတ်ဆို့ခြင်း၊ တူးမြောင်းများ၊ စစ်ဘက် အသုံးဝင်သော ရေလမ်းများကို ဖြတ်တောက်ခြင်း၊ ဖျက်ဆီးခြင်း။
၄။ ဂျပန်စစ်ဘက် အရာရှိ၊ စစ်သားများနှင့် မြို့သူမြို့သားများကို နှောင့်ယှက်ခြင်း၊ ခဲယမ်းမီးကျောက်များကို ခိုးယူဖျက်ဆီးခြင်း။
၅။ ဂျပန်စစ်တပ်များ ပျက်စီးရန် ရည်ရွယ်၍ အဆိပ်မှုန့်အဆိပ်နှင့် ပတ်သက်သောအရာများကို ပြန့်သွားအောင် ပြုလုပ်ခြင်း။
၆။ ဂျပန်အုပ်ချုပ်ရေး အရာရှိများ၏ ဝါဒနှင့် ဆန့်ကျင်သော အလွန်အကြူးအမြတ်တင် ရောင်းခြင်း၊ ကုန်အရောင်း အဝယ်များကို ဖျက်လိုဖျက်ဆီး ပြုလုပ်ခြင်း၊ ငွေအသုံးအစွဲများကို မလိုက်နာခြင်း။
၇။ ဂျပန် တပ်မတော်၏ လုံခြုံရေးကို ခြိမ်းခြောက်ခြင်း စသောမည်သည့်အပြုအမူမျိုးမဆို ပြုလုပ်ခြင်း။
၈။ ဂျပန်တပ်မတော် ဗိုလ်ချုပ်ကြီး၏ ကြေညာချက်အား လိုက်နာခြင်းကို တားမြစ်ခြင်း။
၉။ အထက်ပါ အချက်များကို ကြံစည်အားပေးပြုလုပ်ခြင်း တို့ကို မပြုလုပ်ရန် တားမြစ်လိုက်ကြောင်း၊ တားမြစ်ချက်များကို ကျူးလွန်ပါက စစ်ဥပဒေအရ ကြီးလေးသော အပြစ်ဒဏ် (သို့မဟုတ်) သေဒဏ်ပေးခြင်း ခံရမည် ဖြစ်ကြောင်း ပါရှိသည်။

[မြန်မာ့အလင်း ၃၀-၃-၄၂]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၅၆]
[Japanese Military Administration, Documents, 1941-1945: *P64*]

■ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ် ညောင်ရွှေမြို့သို့ ရောက်ရှိသည်။
[Collis **Last and First in Burma** *P 134*]

၂၄ မတ် ၁၉၄၂ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ် တောင်ကြီးမြို့မှ မိတ္ထီလာမြို့သို့ ရောက်သည်။
[Collis **Last and First inBurma** P *137*]

■ဂျပန်တပ်တို့က တောင်ငူရှိ တရုတ်တပ်တို့ကို တိုက်ခိုက်ရာ တရုတ်တပ်များ မခံနိုင်ဘဲ ဆုတ်ခွာရသည်။
[Collis **Last and First in Burma** *P 139*]

၂၅ မတ် ၁၉၄၂ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ် မိတ္ထီလာမှ မန္တလေးမြို့ကို ဖြတ်သန်း၍ မေမြို့သို့ ပြန်လည်ရောက်ရှိသည်။
[Collis **Last and First in Burma** *P 137*]

■ ဗိုလ်မှူးကြီး စူဇူကီး (ဗိုလ်မိုးကြိုး) က ဗန္ဓုလဦးစိန်အား ခေါ်ယူတွေ့ဆုံသည်။
[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး(ပ) စာ ၃၄-၃၆]

■ ရန်ကုန်မြို့ ဘီအေအေ ကွင်း (Burma Atheletic Association) တွင် မြန်မာ့အောင်ပွဲစစ်နေ့ အခမ်းအနား ကျင်းပသည်။
[မြန်မာ့အလင်း ၂၆-၃-၄၂]

၂၆ မတ် ၁၉၄၂ ဂျပန်အမှတ် ၅၅ တပ်မသည် တောင်ငူမြို့ အနီးသို့ ရောက်ရှိသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၁]

၂၈ မတ် ၁၉၄၂ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်မုခ်တွင် နံနက် ၉ နာရီ၌ လွတ်လပ်ရေးတိုက်ပွဲတွင် ကျဆုံးသူ အာဇာနည်များဖြစ်သည့်

၁။ အရှင်ဦးဝိစာရ
၂။ သာယာဝတီအရေးတော်ပုံတွင် ကျဆုံးသော ဆရာစံနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်များ
၃။ ရေနံမြေသပိတ် အရေးတော်ပုံတွင် ကျဆုံးသော အာဇာနည်ပုဂ္ဂိုလ်များ
၄။ ကျောင်းသား အရေးတော်ပုံ၌ ကျဆုံးသော ဗိုလ်အောင်ကျော်နှင့် အခြားအာဇာနည်ကျောင်းသားများ
၅။ မန္တလေးအရေးတော်ပုံ၌ ကျဆုံးသော အာဇာနည်များ
၆။ မြန်မာပြည် လွတ်လပ်ရေးနှင့် ပတ်သက်၍ နယ်အသီးသီး၌ ကျဆုံးသော အာဇာနည်များ
၇။ ယခုတိုက်ပွဲတွင် ကျဆုံးသော တပ်သားများနှင့် တပ်ဗိုလ်များကို ချီးကျူးပွဲနှင့် ၎င်းတို့ကို ရည်စူး၍ ဆွမ်းသွတ် အမျှဝေပွဲ ပြုလုပ်သည်။

[မြန်မာ့အလင်း ၂၉-၃-၄၂]

■ ဂျပန် အမှတ် ၅၆ တပ်မ တောင်ငူမြို့အနီး ချီတက်ရောက်ရှိလာပြီး အမှတ် ၅၅ တပ်မကို ကူညီအားဖြည့်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၁]

၂၉ မတ် ၁၉၄၂ နံနက်ပိုင်းတွင် ရွှေတောင်မြို့အတွင်းသို့ ဂျပန်တပ်မတော်နှင့် ဗိုလ်ရန်နိုင် ကြီးမှူးသည့် ဗမာ့လွတ်လပ်ရေးတပ်မတော် ရေကြောင်းချီ တပ်ဖွဲ့များ ဝင်ရောက်သည်။ ရွှေတောင်မြို့ မြောက်ဘက်ခြောက်မိုင်အကွာ ခုနစ်အိမ်တန်းရွာတွင် ရေကြောင်းချီတပ်ဖွဲ့ဝင်များနှင့် ဗြိတိသျှတပ်ဖွဲ့များ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားသည်။ ဗြိတိသျှတို့က ပြည်မြို့သို့ ရောက်ရှိနေသည့် ၂/၁၃ နယ်ခြားသေနတ်ကိုင်တပ်ဖွဲ့အား ထပ်မံစေလွှတ်၍ တိုက်ခိုက်ရာ ည ၇ နာရီတွင် ရေကြောင်းချီတပ်ဖွဲ့ဝင်များ ရွှေတောင်မြို့တွင်း ဆုတ်ခွာရသည်။ ဂျပန်တပ်တို့က ရေကြောင်းချီတပ်ဖွဲ့ဝင်များကို မြို့ပြင်ဆုတ်ခွာခိုင်းပြီး ရွှေတောင်မြို့တွင်း ချီတက်လာသည့် ဗြိတိသျှ တပ်များကို အပြင်းအထန် ခုခံတိုက်ခိုက်သည်။ ညနေနှင့်ညပိုင်းတွင် ပေါင်းတည်ဘက်မှ ဗြိတိသျှ သံချပ်ကာကားများ၊ စက်သေနတ်တင်မော်တော်ကားများ ရွှေတောင်ဘက်သို့ ချီတက်လာရာ ဂျပန်တပ်များ ခုခံတိုက်ခိုက်ရင်း ရွှေတောင်မြို့တွင်းသို့ ဆုတ်ခွာရ သည်။
[မြဒေါင်းညို ရွှေတောင်တိုက်ပွဲ ရန်ကုန် စာပေဗိမာန်ပုံနှိပ် ၁၉၉၁ စာ ၇၄/၈၇-၉၀ နောင်ကိုးကားလျှင် မြဒေါင်းညို ရွှေတောင်တိုက်ပွဲ ဟုညွှန်းမည်]

၃၀ မတ် ၁၉၄၂ နံနက်စောစောတွင် ဗြိတိသျှ သံချပ်ကားတပ်က ရွှေတောင်မြို့ကို စတင်တိုက်ခိုက်သည်။ ရွှေတောင်မြို့အတွင်းရှိ ဂျပန်တပ်များသည် ဗြိတိသျှတို့ ယမန်နေ့ညက ရွှေတောင်မြို့ရှိ အိမ်အလွတ်များပေါ်သို့တက်ရောက် တပ်ဆင်ထားသည့် စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက် ခံရခြင်းကြောင့် အကျအဆုံးများပြားသည်။ ရွှေတောင်မြို့အတွင်းရှိ ဂျပန်တပ်များသည် ဗြိတိသျှတပ်ဖွဲ့များ၏ မြို့တောင်ဘက်နှင့် မြောက်ဘက်မှ နစ်ဖက်ညှပ်တိုက်ခိုက်ခြင်းကို အပြင်းအထန် ခံရသည့်အတွက် နံနက် ၁၀ နာရီတွင် ရန်ကုန်ရှိ ဂျပန်လေတပ်ထံ အကူအညီတောင်းခံသည်။ နံနက် ၁၁ နာရီတွင် ဂျပန်လေယာဉ် ၂၃ စင်းက ဗြိတိသျှတပ်ဖွဲ့များကို ဗုံးကြဲတိုက်ခိုက်ရာ ဗြိတိသျှတပ်များ ပြည်မြို့ဘက်သို့ ဆုတ်ခွာထွက်ပြေးသည်။
(မြဒေါင်းညို ရွှေတောင်တိုက်ပွဲ စာ ၇၄-၈၁/၈၇-၉၀/၁၃၄-၁၃၅)

■ရန်ကုန်မြို့တော်ခန်းမတွင် ရန်ကုန်အုပ်ချုပ်ရေးအဖွဲ့ ဖွင့်ပွဲအခမ်းအနားကျင်းပရာ ဗိုလ်မှူးကြီး တေရာဒါ (Col Terada) အမှူးပြုသည့် ဂျပန်စစ်ဗိုလ်များနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ စစ်ဗိုလ်များ တက်ရောက်သည်။ အခမ်းအနားတွင် ရန်ကုန်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်က မိန့်ခွန်းပြောကြားသည်။
[မြန်မာ့အလင်း ၃၁-၃-၄၂]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၀၄-၁၀၅]

■ ဂျပန် အမှတ် ၅၅ တပ်မသည် နံနက်တွင် တောင်ငူမြို့ကို သိမ်းပိုက်နိုင်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၁]

ဗိုလ်ချုပ်ကြီး ဝေဘဲလ်

၃၁ မတ် ၁၉၄၂ ဗိုလ်ချုပ်ကြီး ဝေဘဲလ် (General Sir Achibald Percival Wavell ၁၈၈၃–၁၉၅၀) အိန္ဒိယနိုင်ငံ မှ မေမြို့ (ပြင်ဦးလွင်) သို့ လေယာဉ် ဖြင့် ရောက်ရှိသည်။
[Collis **Last and First in Burma** *P 141*]

ဧပြီလ

၁ ဧပြီ ၁၉၄၂ ဂျပန်တပ်မတော် စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး အီးဒါးက လွိုင်ကော်၊ ရမည်းသင်းနှင့် ရေနံချောင်းတို့မှ စစ်စတင်ဆင်နွှဲမည်ဟု ဆုံးဖြတ်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၁]

■ ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့ ပြည်မြို့ကို အခုအခံမရှိ သိမ်းပိုက်သည်။
[မြဒေါင်းညိုရွှေတောင်တိုက်ပွဲ စာ ၁၁၁]

■ ဗိုလ်ချုပ်ကြီးဝေဘဲလ်နှင့် ဗိုလ်ချုပ်ကြီး အလက်ဇန္ဒြားတို့သည် အောင်လံ (မြေထဲ) မြို့သို့ ရောက်ရှိလာပြီး စစ်အခြေအနေအရ ထပ်မံဆုတ်ခွာရန် လိုအပ်ကြောင်း ဆုံးဖြတ်သည်။
[Slim **Defeat into Victory** *P 48-49*]

■ ဗမာ့လွတ်လပ်ရေး တပ်မတော်က "ရဲဘော် တို့ဗမာအပေါင်းတို့" ဟူသည့် ကြေညာချက် ထုတ်ပြန်သည်။
[မြန်မာ့အလင်း ၁–၄–၄၂]

၃ ဧပြီ ၁၉၄၂ ဂျပန်လေတပ်က မန္တလေးမြို့ကို (ဒုတိယအကြိမ်) ဗုံးကြဲ တိုက်ခိုက်သည်။
[Collis **Last and First in Burma** *P 143*]

■ ဂျပန် တပ်မတော် စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီးအီးဒါးက မန္တလေးစစ်ဆင်ရေး ဆင်နွှဲရန်အတွက်

၁။ လားရှိုးမြို့ အနီးရှိ ရန်သူ့တပ်များ နောက်ဆုတ်မသွားနိုင်အောင် အင်အားကြီးမားသော တပ်ဖွဲ့စေလွှတ်၍ ဆုတ်လမ်းကို ပိတ်ဆို့ ဖြတ်တောက်ရမည်။

၂။ မန္တလေးမြို့ကို တောင်ဘက်မှ သော်လည်းကောင်း၊ ဧရာဝတီမြစ်တလျှောက်မှ သော်လည်းကောင်း ချီတက်၍ ရန်သူတပ်များကို ဝဲ–ယာနှစ်ဘက်မှ ညှပ်တိုက်ပြီးလျှင် မန္တလေးမြို့ အနောက်ဘက်ရှိ ဧရာဝတီမြစ်ကမ်းတွင် အားလုံးကို ဖြိုဖျက်ချေမှုန်းရမည်။

၃။ ထို့နောက် လားရှိုး၊ ဗန်းမော်နှင့် ကသာမြို့များ၏ အနောက်ဘက်ဒေသတွင် ရှိသော ရန်သူအကြွင်းအကျန်တို့ကို မောင်းနှင်၍ သံလွင်မြစ်ညာဘက်သို့တိုင် လိုက်လံသုတ်သင်ရမည်။

ဟုစီမံချက် ချမှတ်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၁]

၄ ဧပြီ ၁၉၄၂ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ညာဏ ဖားပွန်တွင် ချုံခိုတိုက်ခိုက်ခံရ၍ ကျဆုံးသည်။
[ Ian Morrison Grandfather Long-legs, London, Faber and Faber ltd. 1947.P-70: hereafter cited as Grandfather Longlegs ]

၅ ဧပြီ ၁၉၄၂ ဂျပန်တပ်များက ရေတာရှည်မြို့ရှိ တရုတ်တပ် တို့ကို တိုက်ခိုက် ကာ ရေတာရှည်မြို့ကို သိမ်းပိုက်သည်။
[Slim **Defeat into Victory** *P 74*]

■ ရန်ကုန်မြို့တော်ခမ်းမ၌ ရန်ကုန်မြို့မရာဇဝတ်ဌာန စတင် ဖွင့်လှစ်တည်ထောင်သော အခမ်းအနားကျင်းပသည်။
[မြန်မာ့အလင်း ၇–၄–၄၂]

၆ ဧပြီ ၁၉၄၂ မြန်မာနိုင်ငံ ဘုရင်ခံဒေါ်မန်စမစ်နှင့် ဇနီး မန္တလေးမြို့သို့ သွားရောက်သည်။
[Collis **Last and First in Burma** *P 144*]

■ တရုတ်စစ်သူကြီး ချန်ကေရှိတ် (Generalissimo Chiang K'ai-Shek 1886-1975) နှင့် ဇနီး မဒမ်ချန်ကေရှိတ် မေမြို့(ပြင်ဦးလွင်) သို့ရောက်ရှိသည်။ အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်၊ ဗိုလ်ချုပ်ကြီး အလက်ဇန္ဒြားနှင့် ချန်ကေရှိတ်တို့ တွေ့ဆုံဆွေးနွေးသည်။

[**Stilwell Papers** *PP 96-97*]

[Collis **Last and First in Burma** *P 143*]

ချန်ကေရှိတ်၊ မဒမ်ချန်ကေရှိတ်နှင့် ဗိုလ်ချုပ်ကြီးစတီးဝဲလ်

၇ ဧပြီ ၁၉၄၂ မြန်မာနိုင်ငံလုံးဆိုင်ရာ စစ်ဗိုလ်ချုပ်ကြီး ဗိုလ်မိုးကြိုးက အမိန့်တစ်ရပ် ထုတ်ပြန်သည်။

အမိန့်မှာ

၁။ ဂျပန်တပ်များအား စားနပ်ရိက္ခာပေးရန်။

၂။ ကုန်ကျသော ခဲယမ်း မီးကျောက် အဘိုးပေးရန်။

၃။ မြန်မာပြည်တွင် စစ်ပွဲ၌ ကျဆုံးသော (ခဲယမ်းမီးကျောက် တန်ဘိုးနှင့်တကွ) ဂျပန်စစ်သားတစ်ယောက်လျှင် ၃၀၀၀ကျပ် ကျ မြန်မာပြည်က လျော်ကြေးပေးရန်။

၄။ ဂျပန်ပြည်က တင်ပို့သော ကုန်ပစ္စည်းများအပေါ်တွင် ၁၅ နှစ်အတွင်း ဆိပ်ကမ်းခ မယူရန်။

၅။ ဘဏ္ဍာရေးဌာနတွင်၊ ဂျပန်ပြည်မှ ချေးယူသော ငွေမကြေမချင်း ဂျပန်အတိုင်ပင်ခံ အရာရှိ တစ်ယောက်ခန့်ထားရန်။

၆။ စစ်ပြီးသောအခါ လွတ်လပ်သော မြန်မာပြည်အတွက် စက်မှု လက်မှု အသီးသီးကို လူငယ် တစ်ထောင် သုံးစားရန် အခမဲ့ ပညာသင်ပေးရန်။

၇။ ဂျပန်ပြည်၌ စစ်ဗိုလ်ကို မြန်မာများ ခန့်ထားရန်။ စစ်အတွက် အင်ဂျင်နီယာလိုသလောက် သင်ကြားရန်။

၈။ တစ်ပါးသော နိုင်ငံများနှင့် ဆက်သွယ်သောအခါ ဂျပန်သံအမတ် အလိုမရှိက စာချုပ်ဖျက်သိမ်းရမည်။

၉။ နိုင်ငံခြားမှလာသော ကုန်များကို ဆိပ်ကမ်းခွန်ကြီးစွာယူရန်။

၁၀။ ဂျပန်လူမျိုးများကို မြေနင်းခ မယူရန်။

၁၁။ နိုင်ငံခြားသားများ အတွက် ပစ္စည်းပိုင် မြေပိုင်မထားရန်တို့ ဖြစ်သည်။

[ဗိုလ်မိုးကြိုးအမိန့် ၂၆-၄-၄၂]

■ မြန်မာနိုင်ငံ ဗဟိုအစိုးရ အုပ်ချုပ်ရေးအရာရှိချုပ် သခင်ထွန်းအုပ်က အမိန့်ပြန်တမ်း အမှတ် ၁ ကို ထုတ်ပြန်ကြေညာသည်။ မြန်မာနိုင်ငံ ဗဟိုအစိုးရ အုပ်ချုပ်ရေးရုံးကို ရန်ကုန်မြို့ ချာချီလမ်း (ယခု ကိုယ့်မင်းကိုယ့်ချင်းလမ်း) အမှတ် ၈ (ယခု ပန်းချီပန်းပုကျောင်း -ရန်ကုန်) တွင် ဖွင့်လှစ်သည်။

**[Burma During the Japanese Occupation**,Vol 1, *PP 1- 3*]

(Ba Maw **Breakthrough in Burma.** *P 173*)

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၇၅]

[Japanese Military Administration, Documents, 1941-1945: *PP 124-127*]

■မြန်မာနိုင်ငံဘုရင်ခံ ဒေါ်မန်စမစ်က ချန်ကေရှိတ်နှင့် ဇနီး မဒမ်ချန်ကေရှိတ်အား ညစာစားပွဲဖြင့် ဧည့်ခံသည်။

[Collis **Last and First in Burma** *P 144*]

■ဂျပန်အမှတ် ၃၃ တပ်မ အောင်လံ (မြေထဲ) မြို့ကို သိမ်းပိုက်သည်။

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၂]

၈ ဧပြီ ၁၉၄၂ ဗြိတိသျှတပ်များ အောင်လံ (မြေ ထဲ) မြို့ကို စွန့်ခွာသည်။

[Slim **Defeat into Victory** *P 50*]

■ ဗြိတိသျှ တပ်မကြီး ဌာနချုပ် မကွေးမြို့သို့ ပြောင်းရွှေ့သည်။

[Slim **Defeat into Victory** *P 52*]

■ ဂျပန်လေတပ်က မန္တလေးမြို့ကို တတိယအကြိမ် ဗုံးကြဲ တိုက်ခိုက်သည်။
[သခင်နု ငါးနှစ်ရာသီဗမာပြည်၊ ရန်ကုန် မြန်မာ့အလင်းသတင်းစာပုံနှိပ်၊ ၁၉၄၆ စာ ၁၆ ၊ နောင်ကိုးကားလျှင် သခင်နု ငါးနှစ်ရာသီ ဟုညွှန်းမည်]

■ ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသော ဗမာ့လွတ်လပ်ရေး တပ်မတော် မြောက်ပိုင်းစစ်ဆင်ရေး တပ်မနှစ်ခု သည် အထက်မြန်မာပြည် ချီတက် တိုက်ခိုက်ရေးအတွက် စစ်ထွက် အခမ်းအနား ကျင်းပပြီး ပြည်လမ်း အတိုင်း မြောက်ဘက်သို့ ချီတက်သည်။
[မိနာမိကီကန်း စာ ၁၇၇-၁၇၈]

၁၁ ဧပြီ ၁၉၄၂ ၁၉၂၀ ကျောင်းသား သပိတ် ခေါင်းဆောင်တစ်ဦးဖြစ်သူ အမျိုးသား ပညာဝန် ဦးဖိုးကျား (အသက် ၅၂ နှစ်) အင်းစိန်ခရိုင် ထန်းတပင်မြို့တွင် ကွယ်လွန်သည်။
[တိုက်စိုး ဂန္ထဝင်စာဆိုပညာရှိလေးဦး ရန်ကုန်၊ ရောင်စဉ်အော့ဖ်ဆက်၊ ၂၀၀၃။ စာ ၂၃၃-၂၃၅]

■မကွေးတဝိုက်ရှိ ဗြိတိသျှတပ်များ နှင့်ဂျပန်တပ်များ တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။
[Slim **Defeat into Victory** *P 55*]

၁၃ ဧပြီ ၁၉၄၂ ဒေါက်တာဘမော် မိုးကုတ်ထောင်မှ ထွက်ပြေးလွတ်မြောက်သည်။
[Ba Maw **Breakthrough in Burma.** *PP 239-240*]

၁၅ ဧပြီ ၁၉၄၂ ဗြိတိသျှစစ်တပ်က ရေနံချောင်းမြို့ရှိ ရေနံချက်စက်ရုံနှင့် ရေနံတွင်းများကို ဖောက်ခွဲဖျက်ဆီးသည်။
[Slim **Defeat into Victory** *PP 61-62*]

■ဂျပန် အမှတ် ၅၅ တပ်မ သာဝတ္ထိမြို့ကို သိမ်းပိုက်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၂]

၁၆ ဧပြီ ၁၉၄၂ ဗြိတိသျှတပ်မကြီး ဌာနချုပ်ကို ပင်းချောင်းမှ ဝွေးချိုသို့ ဆုတ်ခွာပြောင်းရွှေ့သည်။
[Slim **Defeat into Victory** *P-62*]

၁၇ ဧပြီ ၁၉၄၂ နံနက် ၇ နာရီတွင် တပ်ရင်းမှူး ဗိုလ်မှူးကြီး ဆာကူမာ (Colonel Takanobu Sakuma) ဦးစီးသည့် ဂျပန် အမှတ် ၂၁၄ ခြေလျင်တပ်ရင်းကြီးက ရေနံထွက် ဒေသများကို ထိုးစစ်ဆင်နွှဲ၍ အောင်မြင်စွာ သိမ်းပိုက်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၂]

■အမှတ် ၃၈ တရုတ်တပ်မမှ အမှတ် ၁၁၃ တပ်မဟာ ကျောက်ပန်းတောင်းမြို့သို့ရှိလာသည်။
[Slim **Defeat into Victory** *P-63*]

၁၈ ဧပြီ ၁၉၄၂ တရုတ်တပ်မ လွိုင်ကော်မြို့ကို စွန့်ခွာသည်။
[Slim **Defeat into Victory** *P-74*]

၁၈-၁၉ ဧပြီ ၁၉၄၂ ဗြိတိသျှတပ်များနှင့် ဂျပန်တပ်များ ပင်းချောင်း အနီး တိုက်ပွဲ ဖြစ်ပွားသည်။
[Collis **Last and First in Burma** *P-149*]

၁၉ ဧပြီ ၁၉၄၂ ဗိုလ်ချုပ်ကြီး အလက်ဇန္ဒြာ၊ ဗိုလ်ချုပ်ကြီး စတီးဝဲလ်နှင့် ဗိုလ်မှူးကြီးစလင်းတို့ စစ်ရေးအခြေအနေများ သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးသည်။
[Slim **Defeat into Victory** *P-74*]

■ ဂျပန်တပ်က ပျဉ်းမနားရှိ အမှတ် ၁၅ တရုတ်တပ်မကို တိုက်ခိုက်သည်။
[Slim **Defeat into Victory** *PP 78-79*]

၁၉-၂၀ ဧပြီ ၁၉၄၂ တရုတ်စစ်သူကြီး ချန်ကေရှိတ် ကိုယ်စားလှယ် ဂျင်နရယ် ပီအက်စ် ဝမ်း က မန္တလေး ထောင်အတွင်းရှိ သခင်နု၊ သခင်စိုး နှင့် သခင်ဗဟိန်းတို့အား ဝင်ရောက် တွေ့ဆုံသည်။
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စတုတ္ထ အကြိမ်၊ ရန်ကုန်။ ပုဂံစာအုပ်တိုက်နှင့် ကုမာရပုံနှိပ်တိုက်၊ ၁၉၆၈။ စာ ၁၈။ နောင် ကိုးကားလျှင် သိန်းဖေမြင့် စစ်အတွင်း ခရီးသည် ဟုညွှန်းမည်]

၂၀ ဧပြီ ၁၉၄၂ ဂျပန် အမှတ် ၅၆ တပ်မ ရှမ်းပြည်နယ်ကို ဖြတ်၍ ချီ တက်ပြီး လွိုင်ကော်မြို့သို့ ရောက်ရှိ သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၂-၁၃]

■တရုတ်တပ်များ ပျဉ်းမနားမှ ဆုတ်ခွာသည်။
[Slim **Defeat into Victory** *P-79*]

■ဂျပန်တပ်များ တောင်ကြီးမြို့ကို သိမ်းပိုက်သည်။
[Slim **Defeat into Victory** *P-77*]

၂၁ ဧပြီ ၁၉၄၂ ဂျပန်တပ်များ ဟိုပုန်း ရောက်ရှိသည်။
[Slim **Defeat into Victory** *P-76*]

၂၂ ဧပြီ ၁၉၄၂ ဂျင်နရယ်ပီအက်စ် ဝမ်းက သခင်နု၊ သခင်စိုးနှင့် သခင် ကျော်စိန်တို့အား တရုတ်နိုင်ငံ ခေါ် ဆောင်သွားရန် မန္တလေး ထောင်မှ ထုတ်၍ မေမြို့သို့ ကားဖြင့် ခေါ် ဆောင်သည်။
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စာ ၁၈]

■ သခင်နုတို့အား မေမြို့သို့ ရာဇဝတ်ဝန် စကော့က ခေါ်ဆောင်သွားရာ မေမြို့ရောက်သောအခါ သီပေါမြို့ကို ဂျပန်တပ်က သိမ်းပိုက်ပြီးကြောင်း၊ ရှေ့ခရီးထွက်၍ မဖြစ်နိုင်သဖြင့် ရာဇဝတ်ဝန်စကော့က သခင်နုတို့အား မန္တလေး ပြန်ခေါ်ခဲ့ပြီး မန္တလေးထောင်ထဲတွင် ပြန်ထားသည်။
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စာ ၁၉]

၂၃ ဧပြီ ၁၉၄၂ မြန်မာနိုင်ငံမှ ဆုတ်ခွာလျက်ရှိသော ဗြိတိသျှစစ်တပ်က မန္တလေးတိုင်း တောင်သာမြို့နယ် သပြေပင်ကျေးရွာရှိ အပြစ်မဲ့ရွာသူရွာသား ၂၇ ဦးအား အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်သည်။
[လုပ်သားပြည်သူ့နေ့စဉ် ၂၅-၄-၉၀]
[နောင်ကိုးကားလျှင် လုပ်သား ဟုညွှန်းမည်]

■ ဗိုလ်ချုပ်ကြီးစတီးဝဲလ် ဦးဆောင်သော တရုတ်တပ်များ တောင်ကြီးမြို့ကို တိုက်ခိုက်သည်။
[Slim **Defeat into Victory** *P-77*]
[**Stilwell papers** *PP 104-105*]

၂၄ ဧပြီ ၁၉၄၂ ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ တပ်များ တောင်ကြီးမြို့ကို သိမ်းပိုက်သည်။
[Slim **Defeat into Victory** *P-77*]

■မြန်မာနိုင်ငံအစိုးရအဖွဲ့ နန်းရင်းဝန်ဆာပေါ်ထွန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးထွန်းအောင်ကျော်တို့ မြစ်ကြီးနားမြို့မှ အိန္ဒိယနိုင်ငံသို့ လေယာဉ်ဖြင့် ထွက်ခွာသည်။
[Collis **Last and First in Burma** *P 153*]

၂၅ ဧပြီ ၁၉၄၂ ပျော်ဘွယ်ရှိ အမှတ် ၂၂ တရုတ်တပ်မအား ဂျပန်တို့က ဘေးဘက်မှ ဝင်တိုက်၍ ဆုတ်ခွာရသည်။
[Slim **Defeat into Victory** *P-79*]

■ အမှတ် ၂၀၀ တရုတ်တပ်မက ဟိုပုန်းရှိ ဂျပန်တို့ကို တိုက်ထုတ်၍ လွိုင်လင်မြို့ကို သိမ်းပိုက်သည်။
[Slim **Defeat into Victory** *P-77*]

■ဗိုလ်ချုပ်ကြီးအလက်ဇန္ဒြာ၊ ဗိုလ်မှူးကြီး စလင်း၊ ဗိုလ်ချုပ်ကြီး စတီးဝဲလ်တို့ ကျောက်ဆည်မြို့တွင် တွေ့ဆုံဆွေးနွေးသည်။
[Slim **Defeat into Victory** *P-79*]

၂၇ ဧပြီ ၁၉၄၂ မြန်မာနိုင်ငံဘုရင်ခံ ဒေါ်မန်စမစ် မေမြို့ (ပြင်ဦးလွင်) မှ ထွက်ခွာသည်။
[Collis **Last and First in Burma** *P 153*]

■ ဗိုလ်မှူးကြီး စလင်း စစ်ကိုင်းရှိ တပ်မကြီးဌာနချုပ်သို့ ပြန်လည်ရောက်ရှိသည်။
[Slim **Defeat into Victory** *P - 86*]

■ ညသန်းခေါင်ယံအချိန်တွင် ဗြိတိသျှတပ်က မြစ်ငယ်တံတားအား ဖောက်ခွဲဖျက်ဆီးသည်။
[နေညွန့်ဗဆွေ၊ ပြည်သူ့အရေးတော်ပုံပါတီ (၁၉၃၉-၄၆) ။ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း ၁၉၈၄၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် စာ ၁၂၄]

၂၈ ဧပြီ ၁၉၄၂ မြန်မာနိုင်ငံ ဘုရင်ခံ ဒေါ်မန်စမစ် မြစ်ကြီးနားမြို့သို့ ရောက်ရှိသည်။
[Collis **Last and First in Burma** *P 153*]

■ဗိုလ်မှူးကြီး စလင်းသည် ဗိုလ်ချုပ်ကြီး အလက်ဇန္ဒြားထံမှ မြန်မာပြည်မှ အိန္ဒိယသို့ ဆုတ်ခွာရန် ညွှန်ကြားချက်များ လက်ခံရရှိသည်။
[Slim **Defeat into Victory** *PP 82 -83*]

၂၉ ဧပြီ ၁၉၄၂ သခင်နု၊ သခင်စိုး၊ သခင်ကျော်စိန်နှင့် သခင်မြသွင်တို့ မန္တလေးထောင်မှ လွတ်မြောက်လာပြီး မင်းကွန်းဘက်ကူးသည်။ ထိုမှ မန္တလေးပြန်လာကာ ကပိုင်ရွာသို့ သွားရောက်သည်။ ကပိုင်တွင် ဦးသိန်းဖေမြင့် ဦးကျော်ငြိမ်း တို့နှင့် တွေ့ဆုံသည်။
[သခင်နု ငါးနှစ်ရာသီ စာ ၄၇-၅၉]
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စာ ၁၆-၂၀]

■ ဗြိတိသျှတပ်များ မန္တလေးမြို့ကို စွန့်ခွာသည်။
[**Burma : The Struggle for independence (1944-48)** Vol .I Edited by Huge Tinker, London, Her Majesty Stationery Office, 1983.P XIV: hereafter Cited as **Burma Struggle** Vol.1]

■ တရုတ်မြန်မာ လမ်းမကြီးအတွက် အရေးပါသည့် လားရှိုးမြို့ကို ဂျပန်တပ်များ သိမ်းပိုက်သည်။
[Slim **Defeat into Victory** *P 78*]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၃]

၃၀ ဧပြီ ၁၉၄၂ ဂျပန်အမှတ် ၁၈ တပ်မ မြစ်ငယ်မြစ် တောင်ဘက်သို့ ရောက်ရှိသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၃]

■ မြန်မာနိုင်ငံဘုရင်ခံ ဒေါ်မန်စမစ်နှင့် ဇနီးတို့သည် မေခနှင့် မလိခမြစ်နှစ်သွယ်ဆုံရာ တန်ဖဲရွာသို့ ပျော်ပွဲစား ခရီးထွက်သည်။
[Collis **Last and First in Burma** *P 159*]

■အထက်မြန်မာပြည် လျှို့ဝှက်မြေအောက်ဌာနချုပ်ရှိရာ မန္တလေးမြို့ မြောက်ဘက် ကပိုင်ရွာအပြင်ဘက်ရှိ ရေတွင်းတစ်တွင်းတွင် သခင်နု၊ သခင်စိုး၊ ဦးကျော်ငြိမ်း၊ ဦးသိန်းဖေမြင့်၊ သခင်မြသွင်နှင့် သခင်ကျော်စိန်တို့ အစည်းအဝေးကျင်းပသည်။
[သခင်နု ငါးနှစ်ရာသီ စာ ၆၀]
[သိန်းဖေမြင့် စစ်အတွင်းခရီးသည် စာ ၁၆-၂၀]

■ အင်းဝတံတား (စစ်ကိုင်းတံတား) ကို ဗြိတိသျှတပ်များက ဖောက်ခွဲ ဖျက်ဆီးသည်။
[Slim **Defeat into Victory** *P 86*]

အင်းဝတံတား(စစ်ကိုင်းတံတား) ဖောက်ခွဲဖျက်ဆီးပြီးနောက်တွေ့မြင်ရပုံ



၃၀ ဧပြီ ၁၉၄၂ မုံရွာမြို့ပေါ် ဗုံးချစဉ် မုံရွာထောင်မှ သခင်လေးမောင်၊ သခင် သန်းထွန်း၊ သခင်ဗစိန်နှင့် အခြားသခင်များ လွတ်မြောက်လာသည်။
[မြန်မာ့အလင်း ၁၇-၅-၄၂]
[ဝန်ကြီးသခင်ဗစိန် သခင်တို့၏လွတ်လပ်ရေးကြိုးပမ်းမှု ရန်ကုန်၊ တိုင်းပြည်ပြုပုံနှိပ်၊ ၁၉၄၃ စာ ၁၀၁။ နောင်ကိုးကားလျှင်ဗစိန် လွတ်လပ်ရေးကြိုးပမ်းမှု ဟုညွှန်းမည်]

မေလ

၁ မေ ၁၉၄၂ ဗိုလ်မှူးကြီး စလင်း ဦးစီးသည့် မြန်မာပြည်တပ်မကြီး၏ နောက်တန်းဌာနချုပ်နှင့် အမှတ် ၁၇ တပ်မဌာနချုပ် ရေဦးမြို့သို့ ရောက်ရှိသည်။
[Slim **Defeat into Victory** *P 95*]

■ ဂျပန်အမှတ် ၁၅ တပ်မတော် သေနာပတိ အီးဒါးက ကြေးငွေနှင့်စပ်လျဉ်း၍ ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် 'မြန်မာပြည်တွင် လဲလှယ်သုံးစွဲရမည့် တရားဝင်ငွေကြေးများမှာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၈ ရက်နေ့၌ လည့်လည် သုံးစွဲနေသော ငွေစက္ကူများ နှင့် ဂျပန်အစိုးရ စစ်ဖက်ဆိုင်ရာ ငွေစက္ကူများသာ ဖြစ်ရမည်' ဟူ၍ လည်းကောင်း၊ 'ဂျပန်အစိုးရ စစ်ဖက်ဆိုင်ရာ ငွေစက္ကူများသည် ကျပ်၊ ဒေါ်လာ သို့တည်းမဟုတ် ဆင့် အစိတ်အပိုင်းများ ဖြစ်စေရမည်။ တစ်ဒေါ်လာသည် တစ်ကျပ်နှင့်တန်ဖိုး ညီတူညီမျှဖြစ်စေရမည်။ တစ်ဆင့်သည် တစ်ကျပ်၏ တစ်ရာပုံ တစ်ပုံနှင့် တူညီစေရမည်။ တစ်ကျပ်အောက် အနုတ်များနှင့်ပတ်သက်၍ ခြောက်ဆင့်ကို တစ်ပဲအဖြစ် သုံးစွဲရမည်' ဟူ၍လည်းကောင်း ပြဋ္ဌာန်းသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ၂၁၆]

■ဂျပန်အမှတ် ၁၈ တပ်မဟာသည် မြစ်ငယ်မြစ်ကို ဖြတ်ကူး၍ ၁၈း၂၀ နာရီတွင် မန္တလေးမြို့ကို သိမ်းပိုက်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၃]
[သခင်ထွန်းအုပ် ကျွန်ုပ်စွန့်စားခန်း စာ ၂၀၃]

■ ဂျပန်အမှတ် ၁၅ တပ်မတော် စစ်သေနာပတိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အီးဒါး မန္တလေးမြို့သို့ ရောက်ရှိလာပြီး အမှတ် ၅၆ တပ်မကို သံလွင်မြစ်အထက်ပိုင်းဒေသနှင့် မြစ်ကြီးနားဘက်သို့ စေလွှတ်၍ ရန်သူများကို တိုက်ခိုက်စေသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၃]

၂ မေ ၁၉၄၂ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်စစ်အုပ်ချုပ်ရေးရုံးသည် ကြည်းတပ် ထောက်လှမ်းရေး ဗိုလ်မှူး နာဂဆာကီ (Major Nagasaki) အား ဌာနခွဲမှူး ခန့်အပ်၍ မန္တလေးမြို့တွင် ဂျပန်စစ်အုပ်ချုပ်ရေးရုံး ဌာနခွဲ ဖွင့်လှစ်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၈၉]

■ဗြိတိသျှစစ်တပ်က မုံရွာမြို့နယ်အိုးဘိုတောင်ကျေးရွာအုပ်စု တောင်ကန်ရွာကို မြေလှန်မီးရှို့ဖျက်ဆီးပြီး ရွာသူရွာသား ၅၀ ကျော်အား ရက်စက်စွာ သတ်ဖြတ်သည်။
[လုပ်သား ၈/၉-၁၁-၉၀]

■အမေရိကန်ဗိုလ်ချုပ်ကြီးစတီးဝဲလ် ရွှေဘိုမှ မြစ်ကြီးနားမြို့သို့ ဂျစ်ကားဖြင့် ထွက်ခွာသည်။
[Collis **Last and First in Burma** *P 171*]

■စစ်တွေအကျဉ်းထောင်တွင် ကျခံနေခဲ့ရသော ဝန်ကြီးချုပ်ဟောင်း ဦးဘဦး (မန္တလေး) ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[မြန်မာ့အလင်း ၃-၅ -၄၂]

၃ မေ ၁၉၄၂ ဗိုလ်ချုပ်ကြီး စတီးဝဲလ် ဝန်းသိုမြို့သို့ နံနက် ၉း၃၀ တွင် ရောက်ရှိသည်။
[**Stilwell papers** *P-109*]

■ ဂျပန်တပ်မ ၅၆ လက်အောက်ရှိ တပ်ရင်းအချို့က ဗန်းမော်မြို့ကို သိမ်းပိုက်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၃]

၄ မေ ၁၉၄၂ မြန်မာနိုင်ငံ ဘုရင်ခံ ဒေါ်မန်စမစ်သည် မြစ်ကြီးနားမြို့မှ အိန္ဒိယနိုင်ငံသို့ လေယာဉ်ဖြင့် ထွက်ခွာသည်။
[Collis **Last and First in Burma** *P 166*]

၅ မေ ၁၉၄၂ ဂျပန်တပ်က မြစ်ကြီးနားမြို့ကို သိမ်းပိုက်သည်။
[Slim **Defeat into Victory** *P-78*]

■ ဗိုလ်ချုပ်ကြီးစတီးဝဲလ် အင်းတော် ရောက်ရှိသည်။ မြစ်ကြီးနားမြို့ ဂျပန်လက်အောက် ကျရောက်သည်ကို ကြားသိရ၍ ချင်းတွင်းမြစ်ကိုဖြတ်ကာ အိန္ဒိယနိုင်ငံသို့ သွားရောက်ရန် ဆုံးဖြတ်သည်။
[Collis **Last and First inBurma** *P 172*]

■ ဂျပန်တပ်က တရုတ်မြန်မာလမ်းမကြီးပေါ်ရှိ တရုတ်မြန်မာ နှစ်နိုင်ငံ နယ်စပ်တွင် ဆောက်လုပ်ထားသည့် တံတားကြီးကို ဖောက်ခွဲ ဖျက်ဆီးသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ၁၃]

■ တရုတ်စစ်ဗိုလ်ချုပ် ဆွန်လီဂျင် (General Sun Li Jen) ၏အမှတ် ၃၈ တရုတ်တပ်မ ရွှေဘိုမှ ဆုတ်ခွာရာတွင် သိန်းဖေမြင့်၊ သခင်ကျော်စိန်နှင့် သခင်မြသွင်တို့ လိုက်ပါသွားခဲ့သည်။ (နောက်ပိုင်းတွင် တရုတ်တပ်နှင့် ဆက်လက် မလိုက်ပါလိုတော့သဖြင့် မဲဇာအနီး၌ တရုတ်တပ်မှ ထွက်ပြေးကြသည်။)
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စာ ၃၄-၄၁]

၆ မေ ၁၉၄၂ ဗိုလ်ချုပ်ကြီး စတီးဝဲလ် မန်စီရွာရောက်ရှိသည်။
[**Stilwell papers** *P.110*]

၈ မေ ၁၉၄၂ ဂျပန်အမှတ် ၅၆ တပ်မ အောက်ရှိ တပ်ရင်းအချို့က မြစ်ကြီးနားမြို့ကို သိမ်းပိုက်ရရှိသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၃]

၉ မေ ၁၉၄၂ ဂျပန်စစ်ဘက်ဆိုင်ရာ အုပ်ချုပ်ရေးဌာနမှ ငွေကြေးသုံးစွဲမှုနှင့် စပ်လျဉ်းသည့် ကြေညာချက် ထုတ်ပြန်သည်။
[မြန်မာ့အလင်း ၉-၅-၄၂]

၁၂ မေ ၁၉၄၂ မန္တလေးမြို့တွင် တိုင်းချစ် သတင်းစာ စတင်ထုတ်ဝေသည်။
[တိုင်းချစ်သတင်းစာ ၁၂-၅-၄၂ နောင်ကိုးကားလျှင် တိုင်းချစ် ဟုညွှန်းမည်]

■ ဗြိတိသျှနောက်ရန်တပ်များ ကလေးဝမြို့မှ ထွက်ခွာသည်။
[Slim **Defeat into Victory** *P 109*]

■ ဗိုလ်ချုပ်ကြီးစတီးဝဲလ် ဟုမ္မလင်းမြို့သို့ ရောက်ရှိသည်။
[Collis **Last and First in Burma** *P 172*]
[**Stilwell papers** *P.112*]

■ ဒေါက်တာဘမော်နှင့် မိသားစု မန္တလေးမြို့သို့ ရောက်ရှိ နေထိုင်သည်။
[လူထုဦးလှ သတင်းစာများက ပြောပြတဲ့ စစ်တွင်းဗမာပြည် ပထမတွဲ။ မန္တလေး ကြီးပွားရေးပုံနှိပ်။ ၁၉၆၈ ။စာ ၁၃၁။ နောင်ကိုးကားလျှင်လူထုဦးလှ စစ်တွင်းဗမာပြည် (၁) ဟု ညွှန်းမည်]

၁၃ မေ ၁၉၄၂ မုံရွာထောင်မှ လွတ်မြောက်လာသည့် သခင်လေးမောင်၊ သခင်သန်းထွန်းနှင့် သခင်ဗစိန်တို့ ရန်ကုန်မြို့ရောက်ရှိသည်။
[မြန်မာ့အလင်း ၁၇-၅-၄၂]

၁၅ မေ ၁၉၄၂ ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ ဌာနချုပ် အာသံသို့ ရောက်ရှိသည်။
[Slim **Defeat into Victory** *P-108*]

၁၆ မေ ၁၉၄၂ ဗြိတိသျှ အမှတ် ၁ တပ်မဟာ တမူးမြို့သို့ ရောက်ရှိသည်။
[Slim **Defeat into Victory** *P 98*]

မြန်မာနိုင်ငံမှ ဗြိတိသျှတို့ မိုင်တစ်ထောင်နီးပါး အောင်မြင်စွာ ဆုတ်ခွာရာ လမ်းကြောင်း မြေပုံ။



၂၀ မေ ၁၉၄၂ ဗြိတိသျှစစ်တပ်များ မြန်မာနိုင်ငံမှ အောင်မြင်စွာ ဆုတ်ခွာမှု ပြီးဆုံးသည်။
[Collis **Last and First in Burma.** *P 294*]
[**Burma Struggle** *Vol .I . P XIV*]

■ မြန်မာနိုင်ငံမှ ဗြိတိသျှတပ်များ ကီလိုမီတာ ၁၄၄၀(မိုင် ၉၀၀) ဆုတ်ခွာ စစ်တွင် ဗြိတိသျှစစ်သည် ၁၃၄၆၃ ဦး အဆုံးအရှုံးရှိပြီး၊ ဗြိတိသျှတို့ကို လိုက်လံတိုက်ခိုက်သည့် ဂျပန်တပ်များဘက်မှ ၄၅၉၇ ဦးကျဆုံးခဲ့သည်။
[ **World War II Day by Day**, London, Dorling Kindersley Ltd. 2001 PP 299-300]

■ ဗိုလ်ချုပ်ကြီး စတီးဝဲလ် အင်ဖာမြို့သို့ ရောက်ရှိသည်။
[**Stilwell papers.** *P114-115*]
[Collis **Last and First in Burma** *P 173*]

■မြန်မာနိုင်ငံမှဆုတ်ခွာခဲ့သည့် မြန်မာတပ်မကြီးမှ တပ်များအားလုံးကို အမှတ် ၄ တပ်မကြီးသို့ လွှဲပြောင်းလိုက်ကာ မြန်မာတပ်မကြီးကို ဖျက်သိမ်းပစ်သည်။
[Slim **Defeat into Victory** *P 114*]

■ ဂျပန် ကင်ပေတိုင်(Kempeitai) ကတိုင်းချစ် သခင်သိန်းဖေအား ဖမ်းဆီးသည်။
[သခင်ဦးသိန်းဖေ ကိုယ်တွေ့မှတ်တမ်း ရန်ကုန်။ တိုင်းချစ်ပုံနှိပ်။ ပုံနှိပ်ခုနှစ်မသိ။ စာ ၇၁။ နောင်ကိုးကားလျှင်သခင်သိန်းဖေ ကိုယ်တွေ့မှတ်တမ်း ဟုညွှန်းမည်]

၂၁ မေ ၁၉၄၂ ဂျပန်အမှတ် ၁၅ တပ်မတော်စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး အီးဒါးက "ဗမာပြည်အုပ်ချုပ်ရေး စီစဉ်မှုအဖွဲ့ ထူထောင်ခြင်းကိစ္စ" အမိန့်ထုတ်ပြန် ကြေညာသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၉၀]
[Japanese Military Administration, Documents, 1941-1945: *P109-110*]

■ မန္တလေးမြို့ သံတဲ ကျောင်းတိုက်တွင် မြို့လုံးကျွတ် အစည်းအဝေး ကျင်းပသည်။ ဂျပန် စစ်ဗိုလ်ကြီး ဆာကူရိုင်း (Sakurai Hyogoro) က အာရှတိုက်သားများ စည်းလုံးရေးနှင့် ခေတ်သစ် ထူထောင်ရေး အကြောင်း ဟောပြောသည်။
အစည်းအဝေးတွင်
၁။ မြန်မာပြည်မှ မိစ္ဆာဒိဋ္ဌိ အင်္ဂလိပ်များကို ဂျပန်တပ်မတော်က မောင်းနှင်ပစ်လိုက်သည့်အတွက် ဂျပန်ဧကရာဇ်အား ဤအစည်းအဝေးက ကျေးဇူးတင်ကြောင်း။

၂။ စစ်ဘေးကြောင့် လူများ အိုးမဲ့အိမ်မဲ့ ဖြစ်နေကြသဖြင့် သစ်ဝါးများကို ဆိုင်ရာတို့က အခမဲ့ပေးရန်။
၃။ ရပ်ထဲရွာထဲ၌ လမ်းပမ်းအစရှိသည်တို့ ပျက်စီးနေရာ မြို့ရွာပြုပြင်ရန် လျင်မြန်စွာ ရှင်းလင်းပစ်ရန်။
၄။ ဂျပန် စစ်သည်တော်များအတွက် သက်သာချောင်ချိရန် မြို့သူမြို့သားများသည် ဈေးဆိုင်များကို မြန်နိုင်သမျှ မြန်စွာဖွင့်ပေးရန်။
၅။ မြို့သူမြို့သားများ သွားလာနေထိုင်ကြစဉ် ဂျပန်များက အနှောက်အရှက် မပေးရအောင် ဆိုင်ရာတို့က စောင့်ရှောက်ပေးရန် စသည့်အချက်များကို အားလုံး သဘောတူ ဆုံးဖြတ်ကြသည်။

[လူထုဦးလှ စစ်တွင်းဗမာပြည်–ပ စာ ၁၃၆]

၂၄ မေ ၁၉၄၂ တရုတ်စစ်ဗိုလ်ချုပ်ဆွန်လီဂျင်၏ အမှတ် ၃၈ တရုတ်တပ်မ အင်ဖားသို့ ရောက်ရှိသည်။

[Slim **Defeat into Victory** *P 109*]

၂၅ မေ ၁၉၄၂ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေး စာရွက်စာတမ်းများ ဖြန့်ချိမှုဖြင့် အဖမ်းခံရသည့် သခင်သိန်းတန် ခေါ် ချစ်တီး (စစ်ကိုင်း) အား ဂျပန်စစ်တပ်က စစ်ကိုင်းတံတားပေါ်တွင် ဓားဖြင့်ခုတ်သတ်သည်။

[ဗိုလ်မှူးကြီးဟောင်း သိန်းတုတ်၊ (မော်ကွန်းဝင်ပထမအဆင့်၊ အငြိမ်းစား သံအမတ်ကြီး) ၏ ကိုယ်ရေးမှတ်တမ်း လက်နှိပ်စက်မူ။ စာ ၃]

၂၆ မေ ၁၉၄၂ မြန်မာနိုင်ငံဝန်ကြီးဟောင်း စောဖေသာ မိသားစု ကွယ်လွန်သည်။

[ဦးသန့် ပြည်တော်သာခရီး (ဒုတိယပိုင်း) ရန်ကုန်စာပေဗိမာန် ပုံနှိပ် ၁၉၆၁ စာ ၇၈]
[Ba Maw **Breakthrough in Burma.** *P190*]
[Cady **A History of Modern Burma** (Second Printing) NewYork, Ithaca 1960.*P 443*]
[**Grandfather Longlegs**, *PP 188-189*]

၂၇ မေ ၁၉၄၂ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်တွင် မြန်မာစစ်ဗိုလ်များနှင့် ဂျပန်စစ်ဗိုလ်များအားကြိုဆိုပွဲ စတင်ကျင်းပသည်။

[တိုင်းချစ် ၂–၆–၄၂]

ဇွန်လ

၁ ဇွန် ၁၉၄၂ အမရပူရရှိ ဗမာ့လွတ်လပ်ရေး တပ်မတော်မှ ဗိုလ်ဗတင် (အတွင်းရေးမှူး–ဗဟိုစစ်ရုံး) "ဗမာ့လွတ်လပ်ရေး တပ်မတော် ဆိုတာဘာလဲ" ဟူသည့်ကြေညာချက်ထုတ်ပြန်သည်။

[တိုင်းချစ် ၁–၆–၄၂]

■ ရန်ကုန်မြို့တွင် ဂျပန်အမှတ် ၁၅ တပ်မတော် ဝါဒဖြန့်ချိရေးဌာနမှူး ဗိုလ်မှူးကြီး ကိုဘာယာရှိ ကြီးမှူး၍ ဂျပန်ဘာသာသင်ကျောင်းစတင်ဖွင့်လှစ်သည်။

[ဂျပန်ခေတ်စစ်အုပ်ချုပ်ရေး စာ ၂၃၉]

၃ ဇွန် ၁၉၄၂ မေမြို့ (ပြင်ဦးလွင်)ရှိ မြန်မာပြည် ဂျပန်စစ်တပ်များ၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး အီးဒါးထံသို့ မြန်မာပြည်ဗဟိုအုပ်ချုပ်ရေး စီစဉ်မှုအဖွဲ့တွင် ပါဝင်မည့် ပုဂ္ဂိုလ်များ ဖြစ်သော ဒေါက်တာဘမော်၊ ဦးဘဘေ၊ ဒေါက်တာသိမ်းမောင်၊ သခင်မြ၊ ဗန္ဓုလဦးစိန်၊ သခင်ထွန်းအုပ်၊ သခင်နု၊ ဓားမဦးဘသိန်း၊ ဦးလှဖေနှင့် သခင်ဗစိန်တို့က သွားရောက်တွေ့ဆုံသည်။ ထိုတွေ့ဆုံပွဲတွင် သခင်ကိုယ်တော်မှိုင်း၊ ဗိုလ်တေဇနှင့် ဒေါ်ခင်မမ (ဒေါက်တာဘမော်၏ဇနီး) တို့လည်း အထူးဧည့်သည်တော်အဖြစ် တက်ရောက်သည်။ ထိုတွေ့ဆုံပွဲတွင် အီးဒါးက စစ်အုပ်ချုပ်ရေးဆောင်ရွက်နေချိန်တွင် ရန်သူအား အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းနှင့် ဂျပန်အား ဆန့်ကျင်သော အပြုအမူဟူသမျှကို ကျူးလွန်ပါက အထူးကြီးလေးသော အပြစ်ဒဏ်ပေးမည်။ စစ်ပွဲ ဆုံးခန်းတိုင်အောင်မြင်ရေးအတွက် လိုအပ်သည်ဟု ယူဆသော လုပ်ငန်းမျိုးကိုမူ မည်သူမည်ဝါနှောက်ယှက် တားဆီးစေကာမူ မပျက်မကွက် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်မှာ အဓိက ရန်သူနိုင်ငံ ဖြစ်သည့်အလျောက် အင်္ဂလိပ်အင်အားနှင့် အင်္ဂလိပ်အကျိုးစီးပွားတို့ကို အမြစ်ကပါ မကျန် သုတ်သင်ရှင်းလင်းသွားရမည်ဖြစ်ကြောင်း၊ မြန်မာပြည်သူတို့၏ ဓလေ့ထုံးစံများကို ရိုသေလေးစားမည်ဖြစ်ကြောင်း၊ မြန်မာများလက်သို့ အပ်နှင်းနိုင်သော အာဏာအခွင့်အရေး ဟူသမျှကို အပ်နှင်း၍ လက်ရှိအခြေအနေနှင့် အံဝင်ခွင်ကျဖြစ်သော အုပ်ချုပ်ရေးလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုကဲ့သို့ ဆောင်ရွက်သွားရာ၌ လူကြီးမင်းများထံမှ လိုအပ်သောအကူအညီများကို ရနိုင်လိမ့်မည်ဟု မျှော်လင့်လျက်ရှိပါကြောင်း။

မြန်မာ့ပြည်လွတ်လပ်ရေးပြဿနာနှင့် ပတ်သက်၍ ဂျပန်နန်းရင်းဝန် ဂျင်နရယ်တိုဂျို၏ ထုတ်ပြန်ချက်တွင် ပါရှိသည့် အချက်အလက်ကို ထောက်ရှုလိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ မြန်မာပြည်က လွတ်လပ်သောနိုင်ငံအဖြစ် အကျိုးခံစား

ခွင့် ရရှိလာမည့်နေ့ မြန်မြန်ရောက်လာစေရန်ကို ကျွန်ုပ်လည်း မျှော်လင့်တမ်းတလျက် ရှိပါကြောင်း သို့သော်လည်း ယခုလောလောဆယ်တွင် အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ရမည်မှာ စစ်အောင်နိုင်ရေးပင်ဖြစ်၍ မြန်မာတို့က ယခုစစ်ပွဲတွင် ဂျပန်နိုင်ငံ အောင်ပွဲရယူနိုင်ရန် နှလုံးရည် လက်ရုံးရည်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် မျှော်လင့်မိပါကြောင်း။

ယခု ချက်ချင်း ဖြေရှင်းရမည့် ပြဿနာမှာ ဗဟိုအုပ်ချုပ်ရေးစက်ယန္တရား ပြန်လည်ပြုပြင် ထူထောင်ရေး ဖြစ်ကြောင်း အုပ်ချုပ်ရေးစက်ယန္တရား ပြန်လည်ထူထောင်ရေးအတွက် လူကြီးမင်းများသည် စစ်ဘက်ဌာနများနှင့် ပူးပေါင်း ကူညီဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

[တိုင်းချစ် ၈–၆–၄၂]

[မြန်မာ့အလင်း ၉–၆–၄၂]

[လူထုဦးလှ စစ်အတွင်းဗမာပြည်–ပ စာ ၁၅၉– ၁၆၀]

[သခင်နု ငါးနှစ်ရာသီ စာ ၈၂–၈၄]

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ၃၅၂–၃]

[Japanese Military Administration, Documents, 1941-1945: *P111-112*]

၄ ဇွန် ၁၉၄၂ မြန်မာပြည်ရှိ ဂျပန်စစ်တပ်များ၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး အီးဒါးက "စစ်ဘက်ဆိုင်ရာအုပ်ချုပ် မှုနှင့် ဗမာနိုင်ငံဗဟိုအုပ်ချုပ်ရေး စီ စဉ်မှုအဖွဲ့ ဖွဲ့စည်းခြင်း" နှင့် ပတ်သက်သည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် ဂျပန် စစ်တပ်မတော်ကြီးသည် အင်္ဂလိပ်နှင့် ချုံကင်းတပ်ပေါင်းစုတို့အား လုံးဝသုတ်သင်လိုက်ခြင်းမှာ ကမ္ဘာရာဇဝင်တွင် မကြုံစဖူး အံ့ထူးလောက်သော အောင်မြင်ခြင်းကို စံတင်၍ ပြလိုက်ပေကြောင်း၊ ဂျပန် စစ်တပ်မတော်ကြီးသည် ဟောင်ကောင်၊ မလေးကျွန်းဆွယ်၊ ဖိလစ်ပိုင်ကျွန်းစု၊ ဘိုနီယိုကျွန်း၊ ဂျားဗားကျွန်းနှင့် စုမတြားကျွန်းတို့အပါအဝင်ဖြစ်သော အရှေ့အာရှတိုက်ကြီးမှ ရန်သူများကို မောင်းနှင်လိုက်ပြီးပြီ ဖြစ်ကြောင်း၊ ယခုလည်း ဂျပန်စစ်တပ်မတော်ကြီးသည် ဩစတေးလျနှင့် အိန္ဒိယပြည်များသို့ စစ်မျက်နှာဖြန့်ချိနေပြီဖြစ်ကြောင်း၊ ယခုစစ်ကြီးအတွင်းသို့ ဂျပန်ပြည်က ဝင်ရောက်တိုက်ခိုက်လာသည်မှာ ခြောက်လမျှ ရှိသေးသော်လည်း အရှေ့ဖက်တစ်လွှားတွင် အင်္ဂလိပ်နှင့်အမေရိကန်တို့၏ လွှမ်းမိုးမှုမှာ လုံးဝပျောက်ကွယ်သွားပြီဖြစ်ကြောင်း၊ ဗြိတိသျှအင်ပါယာကြီး မလွဲမသွေ ပျက်စီးရတော့မည့် အရိပ်နိမိတ်တို့မှာ တစ်နေ့ထက်တစ်နေ့ သေချာထင်ရှားလာချေပြီ။

အာရှတိုက်ကြီး၏ ရှေ့ရေးသည် ဆီမီးတန်ဆောင် တောက်ပြောင်တော့မည် ဖြစ်ကြောင်း၊ သို့သော်လည်း ဤစစ်ကြီးမှာ ကြာရှည်မည်ဆိုကကြာရှည်ဦးမည့် အကြောင်းကိုလည်း သတိရကြရမည်။ ကျွန်ုပ်တို့၏နောက်ဆုံး အောင်မြင်မှု ပန်းတိုင်သို့ရောက်ရန် ခရီးမှာလည်း အနီးငယ်ကျန်ရှိသေးကြောင်း။

အရှေ့အာရှတိုက် စစ်ပွဲကြီး အဆုံးတိုင် အောင်မြင်ရေး အတွက် ဂျပန်စစ်တပ်မတော်ကြီးသည် မြန်မာပြည်တွင် သိမ်းပိုက်ပြီးသော နယ်ပယ်အားလုံးတွင် စစ်အုပ်ချုပ်ရေး ကြေညာရမည်ဖြစ်ကြောင်း။

စစ်အုပ်ချုပ်ရေးအရ ဆိုလျှင် တပ်မတော်ကြီးအား နစ်နာပျက်စီးစေသော အပြုအမူများ၊ ဂျပန်ဆန့်ကျင်ရေး အပြုအမူများနှင့် စစ်အမိန့်ကို ဖောက်ဖျက်ကျူးကျော်မှုများကို လျစ်လျူရှု ထားလိမ့်မည် မဟုတ်ကြောင်း၊ အထက်ပါပြုမူချက်များနှင့် အမိန့်များကို ကျူးလွန်ဖောက်ဖျက်သူများအား စစ်အာဏာပိုင်များက ထောက်ထားညှာတာခြင်း၊ ဆိုင်းငံ့ခြင်း မပြုဘဲ ကြီးလေးစွာ နှိပ်ကွပ်မည်ဖြစ်ကြောင်း၊

ကျွန်ုပ်သည် စစ်ကြီးအောင်မြင်စွာ ပြီးငြိမ်းရေးအတွက် ပြုလုပ်ဖွယ်ဖြစ်သော မည်သည့်ကိစ္စကို မဆိုလုပ်ကိုင်ဆောင်ရွက်ရန် နှောင့်နှေးလိမ့်မည် မဟုတ်ကြောင်း၊

ဤစစ်ပွဲကြီးတစ်လျှောက် ကျွန်ုပ်တို့အပေါ်၌ သင်တို့ထားအပ်သော စိတ်ကောင်းစေတနာနှင့် ကတိသစ္စာ ခိုင်မြဲကြောင်း ပြသခဲ့ပုံများကို ကျွန်ုပ်ကိုယ်တိုင် သိရှိပါသဖြင့် အသင်တို့လူမျိုးအား မေတ္တာပိုမောက်ခဲ့ပါကြောင်း၊မြန်မာပြည်လွတ်လပ်ရေးနှင့် ပတ်သက်၍ ဂျပန်နန်းရင်းဝန်ကြီး တိုဂျို၏ မိန့်ကြားချက်မှာ သူ့တစ်ဦးတည်း သဘောမဟုတ်ဘဲ ဂျပန် အမျိုးသားအားလုံး၏သဘောဆန္ဒကိုပါဖော်ပြကြောင်း၊ ဤပန်းတိုင်သို့ မြန်မာပြည်ရောက်ရှိတော့မည့်နေ့မှာ မဝေးတော့ကြောင်းကိုကျွန်ုပ်သည် သင်တို့နှင့်အတူစိတ်ရော ကိုယ်ပါမျှော်လင့်ပါကြောင်း၊

သို့သော် ယခု စစ်ဖြစ်နေသည့်အတွင်းမြန်မာပြည်သည် လွတ်လပ်ရေး ရည်မှန်းချက် ထမြောက်အောင်မြင်နိုင်ရန် ထိထိရောက်ရောက်မဆောင်ရွက်နိုင်သေးကြောင်းကို ကျွန်ုပ်ယုံကြည်ကြောင်း၊ ဤစစ်ကြီးတွင် ကျွန်ုပ်တို့လုံးဝ မအောင်မြင်ခဲ့ပါမူ အာရှတိုက်ကြီး ပြန်လည်ထူထောင်ရေးသည် လည်းကောင်း၊

မြန်မာပြည်၏ လွတ်လပ်ရေး သည်လည်းကောင်း၊ မရှိနိုင်ကြောင်း ယခုအချိန်တွင် အရှေ့ဘက်အာရှတိုက်စစ်ပွဲကြီး ဆုံးခန်းတိုင်အောင် မြင်အောင် ပထမဆုံး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် စစ်အောင်မြင်မှု တစ်ခုတည်းကိုသာအားသွန် စူးစိုက်ကြရမည် ဖြစ် ကြောင်း၊ စစ်ဘက်ဆိုင်ရာ အုပ်ချုပ်မှု တည်ထောင်ဖွဲ့စည်းရာ၌ အခြားရည်ရွယ်ချက် မရှိဘဲ၊ အထက်ပါ ရည်ရွယ်ချက်ကြီးတစ်ခုသာရှိကြောင်း။

မြန်မာလူမျိုးတိုင်းသည် ဤသဘောကို နားလည်ကြပြီးလျှင် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုတွင် ဝင်ရောက် ရိုင်းပင်းကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ကြောင်း၊ ကျွန်ုပ်သည် စစ်ပြီးငြိမ်းရေး တစ်ခုတည်းအတွက်သာ အာရုံစိုက်မည်ဆိုသော်လည်း မြန်မာလူမျိုးအပေါင်း၏ စည်ပင်ဝပြောမှုကို ထိခိုက်စေမည့် မလိုသော နှောက်ယှက်မှုများ ဖိနှိပ်မှုလုပ်ငန်းများကို လုပ်မည်ဟု မဆိုလိုကြောင်း။

ကျွန်ုပ်သည် မြန်မာပြည်သူ၊ ပြည်သားများ၏ သဘောကို ရိုသေလေးစား၍ အုပ်ချုပ်မှုဌာနများကို တတ်နိုင်သမျှ မြန်မာများလက်ကိုလွှဲအပ်ပေးမည်ဖြစ်ကြောင်း၊ ဤသို့လွှဲအပ်ပေးခြင်းဖြင့် မြန်မာပြည်သစ်ကို ထူထောင်နိုင်မည်ဖြစ်၍ အာရှတိုက်သားများ၏ ကြီးပွားရေး လုပ်ငန်းတွင်လည်း ကျွန်ုပ်တို့နှင့်အတူ ရင်ဘောင်တန်းဆောင်ရွက် လာနိုင်မည်ဖြစ်ကြောင်း။

ဤ ရည်ရွယ်ချက် ထမြောက် ရန်အတွက် ကျွန်ုပ်သည် ဗဟိုအုပ်ချုပ်ရေးအဖွဲ့ အမြန်ဆုံးဖွဲ့စည်းရန် မျှော်လင့်ပါကြောင်း၊ ယနေ့မှအစပြု၍ ဖွဲ့စည်းလိုက်သည့် ဗဟိုအုပ်ချုပ်ရေးအတွက် စီမံရေးကော်မတီ၏ အဖွဲ့ဝင် လူကြီးများအဖြစ် အောက်ပါ ပုဂ္ဂိုလ်များကို ခန့်ထားလိုက်ရသဖြင့် ဝမ်းမြောက်ပါကြောင်း။

ယနေ့မှအစပြု၍ ဤအဖွဲ့သည် ဖွဲ့စည်းမည်ဖြစ်သော ဗဟိုအုပ်ချုပ်ရေးအဖွဲ့ ထမြောက်ရေးအတွက် အစီအစဉ်များကို ပြုလုပ်ရန် တာဝန်ယူရမည်ဖြစ်ကြောင်း။

ဤအဖွဲ့သည် မြန်မာပြည်သူ ပြည်သား၏ အသက်အိုးအိမ်စည်းစိမ်တိုးတက်ခိုင်မြဲရေး၊ တိုင်းပြည်ငြိမ်းချမ်းသာယာရေး စသော အရေးတကြီး လုပ်ဆောင်ရမည့် လုပ်ငန်းများ စီမံဆောင်ရွက်ရာတွင် သေနာပတိကြီးအား ကူညီရန်နှင့် တိုင်းသူပြည်သားများအား သက်သာချောင်ချိစေရန် တာဝန်ခံယူရမည်ဖြစ်ကြောင်း။



သင်တို့သည် ဂျပန်တပ်မတော်ကြီး အကြောင်းကို ကောင်းစွာနားလည် သိရှိပြီး ဖြစ်သည့်အတိုင်း ဂျပန်တပ်မတော်နှင့် တကယ်တန်း ပူးပေါင်းဆောင်ရွက်ရေး ဖြစ်မြောက်ရန် ဖွဲ့သန်သန်နှင့် ပူးပေါင်းဆောင်ရွက်ကြလိမ့်မည်ဟု ကျွန်ုပ် စိတ်အားထက်သန်စွာ မျှော်လင့် ယုံကြည်ကြောင်း။

အဆိုပါ ကော်မတီ အဖွဲ့ဝင်လူကြီးများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း၊

ဒေါက်တာဘမော် (ဥက္ကဋ္ဌ)၊ ဒေါက်တာသိမ်းမောင်၊ သခင်မြ၊ ဗန္ဓုလဦးစိန်၊ သခင်ထွန်းအုပ်၊ သခင်နု၊ ဦးဘသိန်း (ဓားမတပ်ဗိုလ်)၊ ဦးလှဖေ၊ သခင်ဗစိန်။

၁၉၄၂ ဇွန်လ ၄ ရက်
ပုံ
ဂျိုရှီရိုအီးဒါး
စစ်သေနာပတိ
ဂျပန်စစ်တပ်မတော်
မြန်မာပြည်

[မြန်မာ့အလင်း ၉-၆-၄၂]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၉၀/ ၉၄-၉၇/ ၂၅၂]

■ မေမြို့(ယခုပြင်ဦးလွင်) ၌ မြန်မာပြည်ရှိ ဂျပန်စစ်တပ်များ၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး အီးဒါးက မြန်မာပြည် အုပ်ချုပ်ရေးစီစဉ်မှုကော်မတီ (Provisional Administrative Committee) အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဘမော်၊ ဒေါက်တာ သိမ်းမောင်၊ သခင်မြ၊ ဗန္ဓုလဦးစိန်၊ သခင်ထွန်းအုပ်၊ သခင်နု၊ ဓားမ ဦးဘသိန်း၊ ဦးလှဖေနှင့် သခင်ဗစိန်တို့အား ရာထူးခန့်အပ်လွှာ ပေးအပ်သည်။

အုပ်ချုပ်ရေးစီစဉ်မှု ကော်မတီက ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ

၁။ စစ်အုပ်ချုပ်ရေးရုံးနှင့် ပူးပေါင်း၍ ဗဟိုအုပ်ချုပ်ရေးစက်ယန္တရားထူထောင်ရန် စီစဉ်ခြင်း။

၂။ ဂျပန်ပြည် စစ်အောင်နိုင်ရေးအတွက် မြန်မာပြည်သူလူထုများက အဖက်ဖက်မှ ဝိုင်းဝန်းကူညီကြရန် နိုးဆော်တိုက်တွန်းခြင်း။

၃။ ဗဟိုအုပ်ချုပ်ရေး စက်ယန္တရား မဖွဲ့စည်းမီ အတောအတွင်းတွင် စစ်အုပ်ချုပ်ရေး လုပ်ငန်း ဟူသမျှနှင့် ပတ်သက်၍ အမှတ် ၁၅ တပ်မတော် သေနာပတိကြီးအား ထိုက်သင့်သော အကြံဉာဏ်များ ပေးခြင်းနှင့် အပ်နှင်းခြင်း ခံရသော အုပ်ချုပ်ရေးလုပ်ငန်း တစ်စိတ်တစ်ပိုင်းကို ဆောင်ရွက်ရခြင်းတို့ဖြစ်သည်။

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ-၃၅၄]
[တိုင်းချစ် ၈-၆-၄၂]

[မြန်မာ့အလင်း ၉–၆–၄၂]
[Ba Maw **Breakthrough in Burma.** *P 256*]

■ ဂျပန်တပ်မတော် စစ်ဦးစီးချုပ်ရုံးက သခင်ထွန်းအုပ် ဦးစီးသည့် မြန်မာနိုင်ငံ ဗဟိုအစိုးရအဖွဲ့ကို ဖျက်သိမ်းသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၇၆]

■ အမှတ် ၁၅ တပ်မတော် သေနာပတိအီးဒါးက ရှမ်းပြည်နယ်အတွက် ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ ရှမ်းပြည်နယ်ကို အမှတ် ၁၅ တပ်မတော် သေနာပတိ လက်အောက်ခံနယ်အဖြစ် သတ်မှတ်၍ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်မည်ဟု ကြေညာသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ–၃၀၃]

၅ ဇွန် ၁၉၄၂ ဗမာ့လွတ်လပ်ရေးတပ်မတော် အထက်မြန်မာပြည် ချီတက်တိုက်ခိုက်ရေးတပ်မတော် ဗိုလ်မှူးချုပ် ဗိုလ်တေဇက တပ်မတော်သားများ ပါတီနိုင်ငံရေးနှင့် အုပ်ချုပ်ရေးကိစ္စများ ပါဝင်စွက်ဖက်ခြင်း မပြုရန် အမိန့်ထုတ်သည်။
[သုတေသနရဲဘော် ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ကြောင်းများ ရန်ကုန်။ ရဲအုန်းကျော်ပုံနှိပ် ၁၉၇၅ စာ ၃၂၇]
[လူထုဦးလှ စစ်တွင်းဗမာပြည်–ပ စာ ၁၆၄]
[Japanese Military Administration, Documents, 1941-1945: *P-130*]

၆ ဇွန် ၁၉၄၂ သိပ္ပံမောင်ဝ (I.C.S ဦးစိန်တင်) ရွှေဘိုခရိုင်၊ ကန့်ဗလူမြို့အနီး ဂါးဒါးဆည်ကြီးရွာတွင် ဓားပြလူဆိုးတို့၏ လက်ချက်ဖြင့် ကွယ်လွန်သည်။
[မြင့်ကြိုင် –အမျိုးသားစာကြည့်တိုက်၊ အမှတ်တရသိပ္ပံမောင်ဝ၊ ရန်ကုန်။ သံလွင်ဦးပုံနှိပ်၊ ၁၉၉၉ စာ၂၁]

၇ ဇွန် ၁၉၄၂ ရန်ကုန်မြို့ပေါ် ပျံသန်းလာသည့် ဗြိတိသျှလေယာဉ်နှစ်စင်းအား ဂျပန်လေယာဉ်ပျံများက ပစ်ချသည်။
[မြန်မာ့အလင်း ၁၂–၈–၄၂]

၁၀ ဇွန် ၁၉၄၂ မီနာမီကီကန်း (Minami Kikan) အဖွဲ့ကို ဖျက်သိမ်းသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၇၆]

၁၁ ဇွန် ၁၉၄၂ ဂျပန်စစ်ပုလိပ်တို့က တရုတ် ၆၉ ဦးအား သူလျှိုမှုဖြင့် ဖမ်းဆီးသည်။ ၎င်းတို့အနက် တရုတ် ၅ ယောက်ကို သတ်ပစ်သည်။ ၁၆ ယောက်ကို တရုတ်နိုင်ငံသို့ နယ်နှင်သည်။ တရုတ် ၇ ယောက်အား ထောင်ချပြီး ကျန်တရုတ်များကို သတိပေးကာ လွှတ်ပစ်သည်။
[မြန်မာ့အလင်း ၁၉–၇–၄၂]

■ ညောင်ရမ်း ဆရာတော်ကြီးက ကြေညာချက် တစ်ရပ်ထုတ်ပြန်ရာတွင် မြန်မာနိုင်ငံရှိ တစ်ကျိပ်နှစ်ပါးဂိုဏ်း၊ သာသနာပိုင်ဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဘုရားကြီးဂိုဏ်းမှ ဆရာတော်များဆွေးနွေး၍ ဗုဒ္ဓသာသနာပြုအဖွဲ့ကြီး အမည်ဖြင့် သာသနာတော်ကို စောင့်ရှောက်ရန်အဖွဲ့ကြီး ဖွဲ့စည်းပြီး ဖြစ်ကြောင်း ပါရှိသည်။
[တိုင်းချစ် ၁၁–၆–၄၂]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၄၇]

■ မြန်မာနိုင်ငံဘုရင်ခံ ဒေါ်မန်စမစ်က ဗြိတိသျှအစိုးရဝန်ကြီးအဖွဲ့ထံ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်တို့ကို ရေးဆွဲခွင့် ပြုရန် တင်ပြသည်။
[Great Britain House of Commons Parliamentary Debates (Hansard). 9 July 1942 *PP 933-934*]

၁၂ ဇွန် ၁၉၄၂ မြန်မာပြည် အုပ်ချုပ်ရေး စီစဉ်မှု ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဘမော်နှင့် သခင်နုတို့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။
[မြန်မာ့အလင်း ၁၄–၆–၄၂]

၁၃ ဇွန် ၁၉၄၂ ဗန်းမော်မြို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်ဇေယျထံ ဘီအိုင်အေတပ်များ မန္တလေးမြို့ ပြန်ဆင်းရန် ဂျပန်စစ်သေနာပတိက မြန်မာပြည်အုပ်ချုပ်ရေး စီစဉ်မှုကော်မတီဝင်များ ခန့်ပြီးကြောင်း တပ်မတော်သားများ အုပ်ချုပ်ရေးကိစ္စများ အလျဉ်းရှောင်ကြဉ်ရန် စာရေးသား ညွှန်ကြားသည်။
[စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံး၊ တပ်မတော်သမိုင်း ပထမတွဲ၊ ၁၈၂၄–၁၉၄၅၊ ရန်ကုန်။ သတင်းနှင့်စာနယ်ဇင်းပုံနှိပ်၊ ၁၉၉၄ စာ ၁၈၅]

၁၅ ဇွန် ၁၉၄၂ ဗိုလ်မိုးကြိုးက ငြိမ်းချမ်းရေး ကြေညာစာတမ်းကို ထုတ်ပြန်သည်။
[မြဒေါင်းညို ရဲဘော်သုံးကျိပ် စာ ၁၁၅]

■ရန်ကုန်မြို့တွင် မြန်မာပြည်တိုက်ပွဲ၌ ကျဆုံးကြသော ဂျပန် စစ်ဗိုလ်များနှင့် စစ်သားများကို ရည်စူး၍ အရိအသေပြုပွဲ ကျင်းပသည်။
[မြန်မာ့အလင်း ၁၆–၆–၄၂]
[တိုင်းချစ် ၁၈–၆–၄၂]

၁၇ ဇွန် ၁၉၄၂ ဦးသိန်းဖေမြင့်၊ သခင်စိုးနှင့် သခင်တင်ရွှေတို့သည် အိန္ဒိယနိုင်ငံသို့ သွားရောက်ရန် ဘီးလင်းမြို့မှ ထွက်ခွာသည်။
[သိန်းဖေမြင့် စစ်အတွင်းခရီးသည် စာ ၇၆–၈၀]

၁၈ ဇွန် ၁၉၄၂ ဗြိတိသျှ အစိုးရက ဗိုလ်ချုပ်ကြီး ဝေဘဲလ်အား အိန္ဒိယ နိုင်ငံဘုရင်ခံချုပ်ဖြစ် လည်းကောင်း ဗိုလ်ချုပ်အော်ချင်လက် (General Sir C. Auchinleck) အား အိန္ဒိယ နိုင်ငံ စစ်သေနာပတိအဖြစ် လည်းကောင်း ခန့်အပ်သည်။
[Collis **Last and First in Burma** *P 202*]

၂၀ ဇွန် ၁၉၄၂ မြန်မာပြည် အုပ်ချုပ်ရေး စီစဉ်မှုကော်မတီ အစည်းအဝေးကို ရန်ကုန်မြို့ အောက်လွှတ်တော် အစည်းအဝေး ခမ်းမ၌ စတင်ကျင်းပသည်။
[မြန်မာ့အလင်း ၂၄–၆–၄၂]

■ ဂျပန်ဘုရင်တပ်မတော် စစ်ဌာနချုပ်က အာရှတောင်ပိုင်း စစ်မျက်နှာ တပ်မတော်အား ထိုင်း–မြန်မာမီးရထားလမ်း ဖောက်လုပ်ရန် ညွှန်ကြားသည်။
[Japanese Military Administration, Documents, 1941-1945: *PP 231-232*]

၂၅ ဇွန် ၁၉၄၂ မြန်မာပြည် အုပ်ချုပ်ရေး စီစဉ်မှုကော်မတီအဖွဲ့ ဒေါက်တာဘမော်က ရန်ကုန်မြို့ အောက်လွှတ်တော် ခန်းမတွင် သတင်းစာဆရာများအား ဖိတ်ကြား၍ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ဒေါက်တာဘမော်က မိမိအနေဖြင့် မြန်မာပြည်အုပ်ချုပ်ရေး စီစဉ်မှုကော်မတီအဖွဲ့ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ရာ၌ ရည်ရွယ်ချက် သုံးရပ်ရှိကြောင်း ထိုရည်ရွယ်ချက် သုံးရပ်မှာ အင်္ဂလိပ်နှင့် အမေရိကန်တို့ မြန်မာပြည်သို့ ပြန်မလာနိုင်အောင် ကာကွယ်ရန် ဖြစ်သည့်အတိုင်း ယခုစစ်ပွဲတွင် မဟာမိတ်ဂျပန်တို့ အောင်နိုင်ရန် မြန်မာတို့က ကူညီရန် ယခုစစ်ပွဲအောင်နိုင်ပြီးနောက် အရှေ့အာရှခေတ်သစ် ထူထောင်ရေးတွင် အခြား လွတ်လပ်သော နိုင်ငံများနှင့် တန်းတူ မြန်မာနိုင်ငံကလည်း လွတ်လပ်သော နိုင်ငံအဖြစ် ညီတူညီမျှ အကျိုးခံစားခွင့်ရရှိရေးအတွက် ကြိုးစားဆောင်ရွက်ရန်နှင့် မြန်မာပြည် လွတ်လပ်ရေး မရသေးမီ တိုင်းပြည် ငြိမ်ဝပ်ပိပြားရေး စည်ပင်သာယာရေး ပြန်လည်ထူထောင်ရေး ကိစ္စများ လောလောဆယ် ဆောင်ရွက်ရန်တို့ ဖြစ်ကြောင်း၊ ယခု ဖွဲ့စည်းထားသော ကော်မတီမှာ အစိုးရအဖွဲ့မဟုတ်ဘဲ အုပ်ချုပ်ရေးအတွက် ပြင်ဆင်ရေး ကော်မတီမျှသာ ဖြစ်၍ လောလောဆယ် အရေးကြီးသော ကိစ္စများကို လတ်တလော ဆောင်ရွက်နိုင်ရန်

၁။ ငြိမ်ဝပ်ပိပြားရေး ဆပ်ကော်မတီ

၂။ စည်ပင်သာယာရေး ဆပ်ကော်မတီ။

၃။ ဒေသန္တရ အုပ်ချုပ်ရေး ဆပ်ကော်မတီနှင့်

၄။ ဘဏ္ဍာရေး ဆပ်ကော်မတီ

ဖွဲ့စည်းထားကြောင်း ရှင်းလင်းပြောကြားပြီး ယခုဖွဲ့စည်းထားသော အုပ်ချုပ်ရေးစီစဉ်မှုကော်မတီ၏ လုပ်ငန်းများကို တိုင်းပြည်က သိရှိအောင်၊ ထိုကော်မတီသို့ အကြံပေးနိုင်အောင် သတင်းစာဆရာများ အစည်းအဝေးကို အပတ်စဉ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။
[မြန်မာ့အလင်း ၂၇–၆–၁၉၄၂]
[တိုင်းချစ် ၇ –၇– ၁၉၄၂]

၂၅ ဇွန် ၁၉၄၂ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်တွင် မြန်မာပြည် သာသနာ့အစည်းအရုံး တည်ထောင်ရေးအတွက် အားကြိုးမာန်တက်ဆောင်ရွက်လျက် ရှိသည့် ဗမာ့လွတ်လပ်ရေး တပ်မတော် ဗိုလ်ချုပ်ကြီး ဗိုလ်မိုးကြိုးအား ဂုဏ်ပြု ချီးကျူးပွဲ ကျင်းပသည်။
[တိုင်းချစ် ၃၀–၆–၄၂]

၂၈ ဇွန် ၁၉၄၂ မြန်မာလူငယ်ခေါင်းဆောင်တစ်စုက ဂျပန်လူငယ်အချို့နှင့် တိုင်ပင်ကာ အရှေ့အာရှတိုက် လူငယ်အစည်းအရုံးကို တည်ထောင်သည်။ အမှုဆောင် အဖွဲ့ဝင်များမှာ ဥက္ကဋ္ဌ ဦးဘဂျမ်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ အထွေထွေအတွင်းရေးမှူး ဦးညီလေး တို့ဖြစ်သည်။
တည်ထောင်ရသည့် ရည်ရွယ်ချက်မှာ

က။ လွတ်လပ်သော မြန်မာနိုင်ငံသစ်၏ တိုးတက်ရေး၊ အရှေ့အာရှတိုက်ရှိ နိုင်ငံများ လူမျိုးများ၏ထွန်းကားရေးကို တရားနှင့် လျော်ညီစွာ တစ်ကိုယ်ကောင်းကြံသော စိတ်များကို လုံးဝ ပယ်ရှား၍ ဆောင်ရွက်ရန်။

ခ။ အရှေ့အာရှတိုက် နိုင်ငံအသီးသီးရှိ လူငယ်အချင်းချင်း ချစ်ကျွမ်းဝင်ကာ ရင်းနှီးကြပြီးလျှင် ပူးပေါင်း ဆောင်ရွက်လိုသော စိတ်ဓာတ်များ ရင့်သန်စေရန်။

ဂ။ အရှေ့အာရှတိုက်ရှိ နိုင်ငံ အပေါင်း လူမျိုးအပေါင်းတို့၏ ငြိမ်းချမ်းရေး ချမ်းသာရေးတို့ကို အစဉ်သဖြင့် တည်မြဲစေရန် တို့ဖြစ်သည်။

[မြန်မာ့အလင်း ၁၇/၁၈–၁၂–၄၃]

■ရန်ကုန်မြို့တော်ခမ်းမ၌ မြန်မာပြည်လုံးဆိုင်ရာ ဆင်းရဲသားဝံသာနု အဖွဲ့ဝင်များက အဖွဲ့ခေါင်းဆောင် ဒေါက်တာဘမော်အား ဧည့်ခံ

ချီးကျူးပွဲ ကျင်းပသည်။
[မြန်မာ့အလင်း ၃၀-၆-၄၂]

ဇူလိုင်လ

၅ ဇူလိုင် ၁၉၄၂ ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်ချုပ်ကြီး ဗိုလ်မိုးကြိုးက ၎င်း၏ အလုပ်တာဝန်များကို လက်ဖတင်နင် ဂျင်နရယ် (ဒုတိယဗိုလ်ချုပ်ကြီး) အောင်ဆန်းအား လွှဲအပ်သည်။
[မြန်မာ့အလင်း ၂၆-၇-၄၂]

၉ ဇူလိုင် ၁၉၄၂ ရန်ကုန်မြို့ ဘီအေအေကွင်း၌ ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်ချုပ်ကြီး ဗိုလ်မိုးကြိုးအား နှုတ်ဆက် ဧည့်ခံပွဲ ကျင်းပသည်။
[မြန်မာ့အလင်း ၁၀-၇-၄၂]
[တိုင်းချစ် ၁၅-၇-၄၂]

၁၁ ဇူလိုင် ၁၉၄၂ မင်းပြားမြို့ရောက်ရှိနေသည့် သခင်စိုးနှင့် သခင်တင်မြ သံတွဲသို့ မော်တော်ဖြင့်ထွက်ခွာသည်။
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စာ ၁၁၀]
[သခင်တင်မြ ဘုံဘဝမှာဖြင့်၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ ၁၉၇၄၊ တစ်သက်တာစာပေ၊ စာ ၄၁၉။ နောင်ကိုးကားလျှင် သခင်တင်မြ ဘုံဘဝမှာဖြင့် ဟု ညွှန်းမည်]

၁၂ ဇူလိုင် ၁၉၄၂ ရန်ကုန်မြို့ အတွင်းဝန်များရုံးတွင် ဒေါက်တာဘမော် ကြီးမှူးသော မြန်မာပြည် အုပ်ချုပ်ရေးစီစဉ်မှု ကော်မတီက ဂျပန်နိုင်ငံသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်မည့် ဗိုလ်မိုးကြိုးအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေး၍ နှုတ်ဆက် ချီးကြူးပွဲ ကျင်းပသည်။

နေ့လည်ပိုင်းတွင် ရန်ကုန်မြို့တော်ခမ်းမတွင် ဗိုလ်မိုးကြိုးအား နှုတ်ဆက် ချီးကျူးပွဲ ကျင်းပသည်။
ညနေပိုင်းတွင် ရန်ကုန်မြို့ ၉ မိုင်ရှိ အေဝမ်းခြံ၌ အေဝမ်းရုပ်ရှင်ကုမ္ပဏီ ဦးညီပုတို့က နှုတ်ဆက် ချီးကျူးပွဲ ကျင်းပသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-ပ စာ ၂၀၄-၂၀၅]

■ ဦးသိန်းဖေမြင့်နှင့် သခင်တင်ရွှေတို့ မင်းပြားမြို့မှ အိန္ဒိယနိုင်ငံသို့ ခရီးဆက်သည်။
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စာ ၁၁၀]

၁၄ ဇူလိုင် ၁၉၄၂ ဗိုလ်မိုးကြိုး ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ လေယာဉ်ဖြင့် ထွက်ခွာသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-ပ စာ ၂၀၅]

၁၅ ဇူလိုင် ၁၉၄၂ မြန်မာနိုင်ငံရှိ ဂျပန်စစ်တပ်များ၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီးအီးဒါးက တရားရုံးချုပ်များ တည်ထောင်သည့် စစ်ဘက်ဆိုင်ရာ တစ်ချက်လွှတ် အမိန့်များ ထုတ်ပြန်သည်။
[မြန်မာ့အလင်း ၁၅-၇-၄၂]
[တိုင်းချစ် ၂၆-၇-၄၂]

■ ရန်ကုန်မြို့မရုံးတော်များ ဖွင့်လှစ်ပွဲကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ရန်ကုန် ပုလိပ်ရုံးကြီးတွင် ကျင်းပပြုလုပ်သည်။
[မြန်မာ့အလင်း ၁၇-၇-၄၂]

၁၆ ဇူလိုင် ၁၉၄၂ ဦးသိန်းဖေမြင့်နှင့် သခင်တင်ရွှေတို့ ကျောက်တော်မှ အိန္ဒိယနိုင်ငံသို့ ခရီးဆက်သည်။
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စာ ၁၁၆]

၁၉ ဇူလိုင် ၁၉၄၂ ရှမ်းနှင့်ပဒေါင်လူမျိုးများအကြား အရေးအခင်းဖြစ်ပွားရာ လူလေးဦး သေဆုံးသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၁၁]
၂၀ ဇူလိုင် ၁၉၄၂ သိန်းဖေမြင့်နှင့် သခင်တင်ရွှေတို့ ဆင့်ဂူမြစ်အတိုင်း ဝါးဖောင်ဖြင့် ခရီးဆက်လာရာ အိန္ဒိယနိုင်ငံဘက်ကမ်းရှိ ကင်းထောက်စခန်းသို့ ရောက်ရှိသည်။
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စာ ၁၃၀-၁၃၈]

၂၃ ဇူလိုင် ၁၉၄၂ မြန်မာနိုင်ငံရှိ ဂျပန်စစ်တပ်များ၏ သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီးအီးဒါးက "အုပ်ချုပ်ရေးစက်ယန္တရား စည်းမျဉ်းဥပဒေ" ကို ဆုံးဖြတ်ချမှတ်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ၉၇]

၂၅ ဇူလိုင် ၁၉၄၂ အရှေ့တောင်ပိုင်းစည်းမျဉ်းဥပဒေကို ပြုပြင်ပြောင်းလဲလိုက်ရာ ဂျပန် စစ်အုပ်ချုပ်ရေးရုံး (ဂွန်ဆေဘု)ကို ဂျပန်စစ်အုပ်ချုပ်ရေးဦးစီးဌာန(ဂွန်ဆေကန်ဘု/ Gunsei-kanbu) ဟု ပြောင်းလဲခေါ်ဝေါ်၍ ရုံးအဖွဲ့ကိုလည်း တိုးချဲ့ဖွဲ့စည်းသည်။ မြန်မာပြည် စစ်အုပ်ချုပ်ရေးဌာန ဦးစီးဌာနမှူးချုပ်မှာ ဂျပန်အမှတ် ၁၅ တပ်မတော် စစ်ဦးစီးချုပ် ကြည်းတပ် ဗိုလ်ချုပ်ကလေး အီဆာယာမာ (Major General . Isayama Haruki) ဖြစ်ပြီး အထွေထွေ စီမံခန့်ခွဲရေးဌာနမှူးချုပ်မှာ ဗိုလ်မှူးကြီး နာဆူ ဖြစ်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၉၀/ ၂၅၂]

၂၇ ဇူလိုင် ၁၉၄၂ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော် Burma Defence Army ဟု ပြောင်းလဲဖွဲ့စည်းပြီး ဗိုလ်များကို ခန့်အပ်သည့်အမိန့် ထုတ်ပြန်သည်။

ဗမာ့ကာကွယ်ရေးတပ်
စစ်ဗိုလ်များ ခန့်အပ်ခြင်း

ဗမာ့လွတ်လပ်ရေးတပ် အမည်ကို ဗမာ့ကာကွယ်ရေးတပ်ဟူ၍ ပြောင်းလွှဲခဲ့ပြီးနောက် ထိုတပ်သစ်ကို ဂျပန်စစ်ဗိုလ်ချုပ်ကြီး လက်အောက်တွင် ထားရှိစေပြီ ဖြစ်ရာ ဗမာကာကွယ်ရေးတပ်၌ အောက်ပါအတိုင်း ဗိုလ်များကို ထပ်မံ ခန့်ထားလိုက်ဖြစ်ကြောင်း။

အောင်ဆန်း ကာနယ်။

အောင်သန်း လက်ဖတင်နင် ကာနယ်။

ရှုမောင်၊ ရန်နိုင်၊ လှမောင် မေဂျာ။

မောင်ညွန့်၊ ဘဂျမ်း၊ မောင်ကျော်၊ ဗလှ၊ မောင်ကလေး၊ စောနောင်၊ ကျော်ဇော၊ မောင်အောင်၊ မင်းခေါင်၊ မင်းရ၊ စံမြ၊ ဗတူ၊ မြအောင်၊ ရန်အောင်၊ ရဲထွတ်၊ ဇင်ယော်၊ ခင်မောင်ဦး၊ ဖေသက်၊ ဘုန်းမြင့်၊ ခင်မောင်ကလေး၊ တင်ထွန်း၊ ထွန်းရွှေ၊ မောင်မောင်၊ မောင်ဝင်း၊ ထွန်းခင် (စာရင်းဌာန) ကပ္ပတိန်။

မောင်မောင်၊ တင်အောင်၊ မောင်လွင် (ဆေးဌာန) ကပ္ပတိန်။

ဘိုးကွန်း၊ တင်ဟန် (ဥပဒေဌာန) ကပ္ပတိန်။

အေးကွယ်၊ လှမောင်၊ တင်ရွှေ လက်ဖတင်နင်။

မျိုးအုံး၊ စန်းမောင်၊ အုံးခိုင်၊ တူရင် (စက်မှု ဌာန) လက်ဖတင်နင်။

အောင်ကြီး၊ မောင်ရှိန်၊ မောင်ကြည်၊ ဗသိန်း (စာရင်းဌာန) လက်ဖတင်နင်။

မောင်ကျော် (တိရစ္ဆာန်ဌာန) လက်ဖတင်နင်။

ဗနှစ် (စာရင်းဌာန) ဒုတိယလက်ဖတင်နင်။

အုံးသွင် (စက်မှုဌာန) ဒုတိယလက်ဖတင်နင်။

စစ်ဗိုလ်ချုပ်၊
မြန်မာပြည်ရှိ နိပ္ပွန်စစ်တပ်။
ဇူလိုင် ၂၇ ရက်နေ့။

[မြန်မာ့အလင်း ၃၁-၇-၄၂]

■ဗမာ့ကာကွယ်ရေးတပ်မတော် ကာနယ်အောင်ဆန်းအား ဗမာပြည်စစ်တပ် ဗိုလ်ချုပ်အဖြစ် ခန့်အပ်သည်။
[မြန်မာ့အလင်း ၃၁-၇-၄၂]

■ ဗြိတိသျှ စစ်လေယာဉ် နှစ်စင်း မန္တလေးမြို့ပေါ် ဗုံးနှစ်လုံး ကြဲချသည်။
[လူထုဦးလှ စစ်အတွင်းဗမာပြည်-ပ စာ ၂၁၀-၂၁၁]

၂၉ ဇူလိုင် ၁၉၄၂ မြန်မာပြည်ရှိ ဂျပန်စစ်တပ်များ၏ သေနာပတိ ဒုတိယ ဗိုလ်ချုပ်ကြီး အီးဒါးက ဗမာပြည် အုပ်ချုပ်ရေးစီစဉ်မှု ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဘမော်အား ဂျပန်စစ်အုပ်ချုပ်ရေး အိမ်တော်သို့ ဖိတ်ခေါ်၍ ဗမာပြည်အစိုးရသစ် ဖွဲ့စည်းရန်အတွက် ဝန်ကြီးချုပ်၊ အတွင်းဝန်များ၏ အမည်များကို ထောက်ခံတင်ပြရန် အမိန့်ပေးသည်။
[မြန်မာ့အလင်း ၃၁-၇-၄၂]

■မြန်မာပြည် ဂျပန် စစ်တပ်ဗဟိုဌာန၌ ဘီဒီအေတပ် ကာနယ် အောင်ဆန်းအား မြန်မာပြည် စစ်တပ်များ၏သေနာပတိ အဖြစ် ခန့်အပ်သည့် အခမ်းအနား ကျင်းပသည်။ ထိုအခမ်းအနားတွင် မြန်မာပြည်ရှိ ဂျပန်တပ်များ၏ သေနာပတိ ဒုတိယ ဗိုလ်ချုပ်ကြီး အီးဒါးက ဩဝါဒ စကား ပြောကြားသည်။
[မြန်မာ့အလင်း ၁-၈-၄၂]

၃၁ ဇူလိုင် ၁၉၄၂ ဘီရုမာဂွန်စီဒိုးဘိုး (Biruma Gunsei Dobo) ဗမာ့တပ်မတော်နည်းပေးလမ်းပြရုံး (ဝါ) အတိုင်ပင်ခံအရာရှိကြီးရုံးခေါ် ဘီဒီအေ အကြံပေးအဖွဲ့ရုံးကို ပျဉ်းမနားမြို့တွင် ဖွင့်လှစ်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၄၉]

■ဟေဘီကျော့ကု (Heibi kyoku ) ခေါ် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်မှု ပြင်ဆင်ရေးရုံးကို ဖွင့်လှစ်သည်။ ဟေဘီကျော့ကုဌာနမှူးမှာ ဒုတိယဗိုလ်မှူးကြီး ဖူကူအီ (Fukui Yoshisuke) ဖြစ်သည်။ ဟေဘီကျော့ကုမှာ ဗမာ့ ကာကွယ်ရေးတပ်မတော် တပ်ဖွဲ့များ ဖွဲ့စည်းရေး၊ ဖြည့်တင်းရေး၊ ထိန်းသိမ်းကြီးပွားရေးတို့နှင့် စပ်လျဉ်းသော ကိစ္စအဝဝကို ဆောင်ရွက်ရသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၅၀-၃၅၁]

## ဩဂုတ်

၁ ဩဂုတ် ၁၉၄၂ မြန်မာပြည် ဂျပန်စစ်တပ် များ၏ သေနာပတိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး အီးဒါးက စစ်ဘက်ဆိုင်ရာ အမိန့်ကို ထုတ်ပြန်သည်။

စစ်ဘက်ဆိုင်ရာအမိန့်
အမှတ် ၁၂
၁၉၄၂ ခု၊ ဩဂုတ်လ ၁ ရက်နေ့။

အပိုဒ် ၁။ မြန်မာပြည်ရှိ နိပ္ပွန်စစ်သေနာပတိကြီး လက်အောက်တွင် ဆောင်ရွက်ရမည့် မြန်မာပြည်အစိုးရအဖွဲ့သစ်သည် ပူးတွဲပါ အစိုးရဖွဲ့စည်းရေး ကိစ္စခေါ် အမိန့်စာတွင် ပါရှိသည့်အတိုင်း ဖွဲ့စည်းပြီး အာဏာလွှဲအပ်ခြင်း ခံရလိမ့်မည်။

အပိုဒ် ၂။ အစိုးရသစ်သည် ယနေ့မှ အစပြု၍ စတင် စီမံအုပ်ချုပ်ရမည်

ဖြစ်၍ ယခုအချိန်မှစ၍ စီမံအုပ်ချုပ်ရာတွင် အောက်တွင်ဖော်ပြထားသည့် စည်းကမ်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) အုပ်ချုပ်ရေး အရပ်ရပ်ကို ဆောင်ရွက်ရာ၌ အရှေ့အာရှတိုက်စစ်ကြီး အလုံးစုံ အောင်မြင်ရန် အဓိက ထားရမည်။

(ခ) မြန်မာပြည်သည် အရှေ့အာရှတိုက် ကြီးပွားရေးတွင် အပါအဝင်ဖြစ်သည့်အတိုင်း အဆိုပါ အရှေ့အာရှတိုက် ခေတ်သစ်ထူထောင်ရေး ဖြစ်မြောက်ရန် အားကုန်ကြိုးစားရမည်။

(ဂ)ဗြိတိသျှ၏ အမွေအနှစ်များအားလုံးမြန်မာပြည်တွင် မကြွင်းကျန်ရအောင် သုတ်သင်ရှင်းလင်း ပစ်ရမည်။ အာရှတိုက်၏ မြန်မာပြည်အဖြစ်သို့ ရောက်အောင် ပြုပြင်ပြောင်းလဲရေးအတွက် ခေတ်ဟောင်းကို ပြောင်းပစ်ရမည်။ မလိုလားအပ်သည့် ရှေးဟောင်း ထုံးတမ်းများကို ဖျောက်ဖျက်ပစ်ရမည်။

(ဃ) အုပ်ချုပ်ရေးကိစ္စအဝဝတွင် အရေးကြီးဆုံးဟူသော ကိစ္စကို ပထမဆောင်ရွက်၍ အကြောင်းမဲ့ ရှုပ်ထွေးမှုများကို ပယ်ဖျောက်ပြီးလျှင် အရေးကြီးသည့် ကိစ္စများကိုသာ အာရုံစူးစိုက်၍ ဆောင်ရွက်ရမည်။

(င) မြို့ပြ ငြိမ်ဝပ်ပိပြားရေးအတွက် အမြန်ဆုံး အေးချမ်းအောင် ပြုလုပ်ရမည်။

(စ) မိမိတိုင်းပြည်ကို မိမိအားကိုးနိုင်ရမည်ဟူသော အရှေ့အာရှတိုက် ခေတ်သစ်ထူထောင်ရေးဝါဒ အရ စက်မှုလက်မှု ပညာလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို ထူထောင်ရမည်။ အထူးသဖြင့် ကျေးလက်တောရွာ ပြုပြင်ရေးကိစ္စကို အထူးအရေးယူပြီး စဉ်းစား ဆောင်ရွက်ရမည်။

(ဆ)အုပ်ချုပ်ရေးကိစ္စများတွင် တတ်နိုင်သမျှ ချွေတာပြီးလျှင် ဘဏ္ဍာရေးအခြေအနေ တည့်တံ့ရန် ပထမအရေးအကြီးဆုံးသော ရည်ရွယ်ချက်ကို လက်ကိုင်ပြု၍ အခွန်တော်နှင့် အသုံးစရိတ် မျှတလျက် ဘဏ္ဍာရေးခိုင်မြဲစွာ ရှိစေရမည်။

(ဇ) ပညာရေးတွင် အင်္ဂလိပ်နှင့် အမေရိကန်တို့အပေါ် အထင်ကြီးမှုများ ပပျောက်အောင် ဆောင်ရွက်ရမည်။ အရှေ့ဘက်အာရှတိုက် ညီတူညီမျှ အကျိုးခံစားခွင့် ခေတ်သစ်ထူထောင်ရေးဝါဒကိုလည်း နားလည်အောင် သင်ကြားပေးရမည်။ ထို့ပြင် နိပ္ပွန်ဘာသာစကားကို အများဆုံး အသုံးပြုရန် ဆောင်ရွက်ရမည်။ အင်္ဂလိပ်စကား အသုံးအနှုန်းကို ပပျောက်အောင်ပြုလုပ်ရမည်။ အထူးစဉ်းစားရန်မှာ ကျောင်းသားကလေးသူငယ်များအား ကျန်းမာသန်စွမ်းအောင် ဝီရိယကောင်းအောင် စိတ်ဓာတ်ရင့်သန်အောင်နှင့် စက်မှုလက်မှု ပညာအရပ်ရပ်များကို စိတ်ဝင်စားအောင် ပြုလုပ်ပေးရမည်။

(ဈ) တိုင်းသူပြည်သားများ၏ ကျန်းမာရေး ကောင်းမွန်လာအောင် အစိုးရက တတ်နိုင်သမျှ ကြိုးစားရမည့်အပြင် ကူးစက်တတ်သော ရောဂါများ ကာကွယ်ရန်နှင့် ပပျောက်ရန်ကိစ္စများကို စစ်ဖက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ ပူအိုက်သော နိုင်ငံများတွင် ကူးစက်တတ်သော ရောဂါများပြားသည့်အတွက် အများပြည်သူတို့၏ ကျန်းမာရေးကို ကာကွယ်ရမည်။

(ည) လမ်းပန်းအဆောက်အဦ ကိစ္စများကို စစ်ဘက်သို့ ပထမဦးစွာ အခွင့်အရေးပေးရမည်။ စစ်ဘက်၏ လိုအင်ဆန္ဒများကို ဦးစွာ ခွင့်ပြုရမည်။

(ဋ) လူမျိုးအချင်းချင်း ပဋိပက္ခမဖြစ်အောင် အစိုးရက တတ်နိုင်သော နည်းအားဖြင့် ရှောင်ကြဉ်ပြီးလျှင် မြန်မာပြည်ရှိ အိန္ဒိယလူမျိုးများနှင့် အခြားလူနည်းစုများကို အကြောင်းမဲ့ သက်သက် နှိပ်စက်ညှဉ်းပန်းခြင်း မပြုရ။

အုပ်ချုပ်ရေးကိစ္စများကို ဆောင် ရွက်ရာ၌ အစိုးရအဖွဲ့သည် စစ်ဖက် ဆိုင်ရာ အုပ်ချုပ်ရေးဌာနနှင့် အစဉ်သဖြင့် ရင်းနှီးစွာ ပူးပေါင်း ဆောင် ရွက်သွားရမည်။

ရှိ ဂျီ ရို အီးဒါး
မြန်မာပြည် အင်ပီရီရဲယ် နိပ္ပွန်
စစ်သေနာပတိကြီး

[သူရိယ ၂-၈-၄၂]
[မြန်မာ့အလင်း ၄-၈-၄၂]

[Japanese Military Administration, Documents, 1941-1945: *P117-119*]

■ မြန်မာနိုင်ငံရှိဂျပန်တပ်မတော် စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီးအီးဒါးက ဂျပန်စစ်ဘက်ဆိုင်ရာ အမိန့်အရ မြန်မာပြည်အစိုးရကို ခန့်အပ်ဖွဲ့စည်းသည်။

အစိုးရအဖွဲ့ဝင်များ မှာ

ဒေါက်တာဘမော် ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး၊

ဒေါက်တာသိမ်းမောင် ဘဏ္ဍာရေးဝန်ကြီး၊

သခင်သန်းထွန်း စိုက်ပျိုးရေးဝန်ကြီး၊

သခင်ထွန်းအုပ် သစ်တောရေးဝန်ကြီး၊

ဦးလှဖေ ကူးသန်းရေးနှင့် စက်မှုလက်မှုဆိုင်ရာ ဝန်ကြီး၊

သခင်ဗစိန် ခရီးလမ်းအဆက်အသွယ်နှင့် ဆည်မြောင်းဘက်ဆိုင်ရာဝန်ကြီး၊

ဦးဘဝင်း ပညာရေးနှင့် ကျန်းမာရေး ဝန်ကြီး၊

ဦးထွန်းအောင် တရားဌာနဝန်ကြီး၊

ဗန္ဓုလ ဦးစိန် လမ်းပန်းအဆောက်အအုံဆိုင်ရာဝန်ကြီး၊

သခင်မြဌာနလက်ကိုင်မရှိဝန်ကြီး။

ရှိ ဂျိ ရို အီဒါး

စစ်ဗိုလ်ချုပ်ကြီး

မြန်မာပြည်ရှိနိပ္ပွန်စစ်တပ်မတော်။

[တိုင်းချစ် ၆-၈-၄၂]

[မြန်မာ့အလင်း ၄-၈-၄၂]

[Japanese Military Administration, Documents, 1941-1945: *P122*]

■နံနက်၈ နာရီတွင် စစ်ဘက်ဆိုင်ရာဗဟိုဌာနဖြစ်သော အစိုးရအိမ်တော်၌ ဒေါက်တာဘမော်အား နန်းရင်းဝန် (ဝန်ကြီးချုပ်) အဖြစ် ခန့်အပ်သည်။ ထို့နောက် ကျန်ဝန်ကြီးများအား ရာထူးခန့်အပ်သည့် အခမ်းအနားကို ကျင်းပသည်။

[မြန်မာ့အလင်း ၄-၈-၄၂]

■မြန်မာနိုင်ငံရှိဂျပန်တပ်မတော် စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီးအီးဒါးသည် မြန်မာနိုင်ငံ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများခန့်အပ်သည့် အခမ်း



အနားအပြီး ဝန်ကြီးချုပ် ဒေါက်တာဘမော်လက်သို့ အုပ်ချုပ်ရေးမူများပါရှိသော စစ်အမိန့်ကို ပေးအပ်သည်။ ထို့နောက် အုပ်ချုပ်ရေးအာဏာများနှင့် အစိုးရသစ်ဖွဲ့စည်းရေးအတွက် ကြေညာချက် တစ်ရပ်ထုတ်ပြန်ရာတွင်

(၁) အုပ်ချုပ်ရေးအစီအစဉ်

အစိုးရသစ်သည် ယခင်က ဘုရင်ခံတိုက်ရိုက်အုပ်ချုပ်ခဲ့ရသည့် နယ်များမှလွဲ၍ ယခင်အင်္ဂလိပ်တို့ အုပ်ချုပ်ခဲ့သော မြန်မာပြည်အတွင်းရှိ နယ်ပယ်များကို အုပ်ချုပ်ရေးအာဏာများအရ စီမံအုပ်ချုပ်ရမည်။ အစိုးရ၏အုပ်ချုပ်ရေးအစီအစဉ်မှာ

ဂျပန်တပ်မတော်စစ်ဗိုလ်ချုပ်ကြီး

ဝန်ကြီးချုပ်

- ဥပဒေအကြံပေးအရာရှိကော်မတီများ
- ဝန်ကြီးချုပ်ရုံး
- တိုက်ရိုက်အုပ်ချုပ်သည့်ဌာနခွဲများ
  - ၁။ ပြည်ထဲရေး
  - ၂။ ဘဏ္ဍာရေး
  - ၃။ လယ်ယာစိုက်ပျိုးရေး
  - ၄။ သစ်တောရေး
  - ၅။ ကူးသန်းရေးနှင့် စက်မှုလက်မှုလုပ်ငန်း
  - ၆။ လမ်းခရီးနှင့်ဆည်မြောင်းများ
  - ၇။ ပညာရေးနှင့်ကျန်းမာရေး
  - ၈။ တရားဌာန
  - ၉။ လမ်းပန်းနှင့်အဆောက်အအုံ

တို့ဖြစ်သည်။ စီရင်စုနယ်ပယ်များရှိ အုပ်ချုပ်ရေးနှင့် တရားဌာနဆိုင်ရာ အဖွဲ့များနှင့် ၎င်း၏လက်အောက်ခံ အဖွဲ့များသည် ယခင်စနစ်နှင့်တူနိုင်သမျှတူအောင် ဖွဲ့စည်း ခန့်အပ်ရမည်။ အခြားအဖွဲ့အစည်းများကိုမူ ဂျပန်စစ်ဗိုလ်ချုပ်ကြီး၏ သဘောတူညီချက် မရဘဲ ဖွဲ့စည်းခြင်းမပြုရ။

ယခင်က ရှိခဲ့သော လွှတ်တော်ကို ပြန်လည်ဖွဲ့စည်းခြင်း ပြုလိမ့်မည် မဟုတ်။

(၂) လုပ်ငန်းနှင့်အာဏာများ

ဂျပန်တပ်မတော် ဗိုလ်ချုပ်ကြီးသည် အုပ်ချုပ်ရေး၏မူကို စီမံခန့်ခွဲလိမ့်မည်။ စစ်ဗိုလ်ချုပ်ကြီးသည် အစိုးရကို အရာရာတွင် ညွှန်ကြားလိမ့်မည်ဖြစ်၍ တရားမျှတမှု စစ်ဆေးကြည့်ရှုမှုများကို စစ်ဗိုလ်ချုပ်ကြီး၏ ညွှန်ကြားချက်အတိုင်း ဖြစ်စေရမည်။ ဥပဒေ ပြုလုပ်ရေးကိစ္စကို လည်း စစ်ဗိုလ်ချုပ်ကြီး လက်တွင် ထားရှိလိမ့်မည်။

စစ်ဗိုလ်ချုပ်ကြီး၏ လက်အောက်တွင်ရှိသော ဝန်ကြီးချုပ်သည် ဌာနများအားလုံးနှင့် မိမိလက်အောက်ရှိ မိမိတိုက်ရိုက်အုပ်ချုပ်မည့် ဌာနများကို စီမံခန့်ခွဲရမည်။

ဝန်ကြီးများသည် မိမိတို့ဌာနအသီးသီးရှိ အုပ်ချုပ်ရေးကိစ္စများကို စီမံဆောင်ရွက်ရမည့်အပြင် ဝန်ကြီးချုပ်သို့ တာဝန်ရှိစေရမည်။

ဝန်ကြီးချုပ်ရုံးရှိ အရာရှိချုပ်သည် ဝန်ကြီးချုပ်၏ အထွေထွေအုပ်ချုပ်ရေးနှင့် ပတ်သက်သည့် အတွင်းဝန်ရုံးလုပ်ငန်းများကို ညွှန်ကြား ပြသရမည်။ ၎င်းသည် ဂျပန်တပ်မတော်၏ စစ်ဘက်ဆိုင်ရာ အုပ်ချုပ်ရေးရည်ရွယ်ချက်များ အောင်မြင်အောင် ဝန်ကြီးချုပ်အား ကူညီရမည်။

အတိုင်ပင်ခံ အရာရှိများသည် ဌာနအသီးသီးရှိ ဝန်ကြီးများအား ကူညီလျက် အရေးကြီးသော ကိစ္စများတွင် ပါဝင်ဆောင်ရွက်ရမည်။

ယခင်က ရှိခဲ့သော အစိုးရအဖွဲ့ကို ဖျက်သိမ်းရမည်။

ယခု အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်၊ ဝန်ကြီးချုပ်ရုံးရှိ အရာရှိချုပ်နှင့်ဝန်ကြီးများ ပါဝင်စေရမည်ဖြစ်၍ ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဆုံးဖြတ်ရမည်။

ဂျပန်အရာရှိများ၏ ရာထူးခန့်အပ်ရေး စည်းမျဉ်းများ၊ လစာငွေများကို အခြားနည်းဖြင့် စီမံဆုံးဖြတ်မည်။

[မြန်မာ့အလင်း ၅-၈-၄၂]

[Japanese Military Administration, Documents, 1941-1945: *PP 119-121*]

■မြန်မာနိုင်ငံရှိ ဂျပန်တပ်မတော်၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး အီးဒါးက အစိုးရအဖွဲ့သစ် စည်းမျဉ်းများနှင့် စပ်လျဉ်း၍ စစ်ဘက်ဆိုင်ရာ အမိန့်ကို ဒေါက်တာဘမော် လက်သို့ ပေးအပ်ပြီး မိန့်ခွန်းစကား ပြောကြားသည်။ အီးဒါးက ဗဟိုအုပ်ချုပ်ရေးအဖွဲ့ကြီးတည်ထောင်ရန်အတွက် အုပ်ချုပ်ရေး စီစဉ်မှုကော်မတီကို ဖွဲ့စည်း၍ ဒေါက်တာဘမော် အား ဥက္ကဋ္ဌ၊ အခြားပုဂ္ဂိုလ်ကြီးများအား အသီးသီး ကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်ခဲ့သည်မှာ နှစ်လနီးနီးကြာရှိလေပြီ။ ထိုပုဂ္ဂိုလ်ကြီးများသည် ၎င်းအချိန်ကစ၍ ကြိုးပန်းတကုတ် စိတ်အား ထက်သန်စွာ မိမိတို့ အလုပ်ဝတ္တရားများကို မှန်မြတ်စွာ ဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့ ဤအစိုးရအဖွဲ့ကို ဖွဲ့စည်းတည်ထောင်နိုင်ပြီးလျှင် ကျွန်ုပ်တို့အား စစ်ဘက်အုပ်ချုပ်ရေးတွင် ရှေ့တက်၍ တစ်လှမ်းတိုးတက် ဆောင်ရွက်နိုင်စေကြောင်း မြန်မာပြည်နှင့်တကွ အရှေ့အာရှတိုက်ကြီးအတွက် ဤအခါသည် စင်စစ်ပျော်ရွှင်အားရဖွယ်ဖြစ်၍ အုပ်ချုပ်ရေး စီစဉ်မှုကော်မတီ အဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌကြီးအား ၎င်းတို့၏ မနားမနေ ပင်ပန်းခံ ကြိုးစားချက်များအတွက် ကျွန်ုပ်တို့က ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

မြန်မာပြည် စစ်အုပ်ချုပ်ရေးအဖွဲ့၏ အကြီးအကဲဖြစ်သော ကျွန်ုပ်စစ်သေနာပတိကြီးသည် ယခုအစိုးရသစ်ဖွဲ့စည်းခန့်အပ်သော ဤမွန်မြတ်သည့် အချိန်အခါသမယတွင် အစိုးရအရာရှိကြီးများအား ချီးကျူး၍ စကား အနည်းငယ်မျှ ပြောဆိုလိုကြောင်း။ လူကြီးမင်းများ သိရှိသည်အတိုင်း ယနေ့ဤကမ္ဘာပေါ်တွင် ဝင်ရိုးတန်းလိုလားသူများနှင့် မလိုလားသူများဟူ၍ နှစ်ဖွဲ့ကွဲလျက်ရှိကြောင်း ထိုအဖွဲ့ကြီးနှစ်ခုသည် မိမိတို့အောင်မြင်မှုအတွက် တိုင်းပြည်တိုင်း၏ ငွေအား လူအား အစရှိသည်တို့ဖြင့် အားသွန်၍ လူတို့၏ ရာဇဝင်တွင် မကြုံဘူးသော ကြောက်မက်ဖွယ်တိုက်ပွဲကြီးကို ဆင်နွှဲလျက်ရှိလေသည်။ သို့ပင်ဖြစ်လင့်ကစား ကျွန်ုပ်တို့ ဝင်ရိုးတန်းနိုင်ငံများမှာမူ အချိန်နှင့်အမျှ တိုးတက် အောင်ပန်းဆင်လျက်ရှိလေသည်။ အရှေ့ဘက် တလွှားမှာဆိုလျှင်လည်း တောင်ပိုင်းချီတက်တိုက်ခိုက်ရေးတွင် နိပွန်တို့၏ အောင်မြင်ခြင်းမှာ လျှင်မြန်၍ အံ့သြဖွယ် တိုးတက်လျက် ရှိစဉ် ချုံကင်းအစိုးရပျက်ကျဒုက္ခရောက်ဖို့ အရေးမှာ တစ်နေ့တစ်ခြား တိုးလျက်ရှိကြောင်း၊ ကျွန်ုပ်တို့ သိမ်းပိုက် ရရှိထားသော ပင်လယ်ကျွန်းဆွယ်၊ ဖိလစ်ပိုင်ကျွန်းစု၊ ဂျာဗား၊ စုမတြား၊ ဘိုနီယို၊ နယူးဂီနီ အစရှိသည့်နယ်မြေများတွင် စစ်ဘက်အုပ်ချုပ်ရေးမှာ အထင်

ထက်ပို၍ အောင်မြင်လျက်ရှိသည့်အပြင် အရှေ့အာရှတိုက်ကြီး၏ ညီတူညီမျှ အကျိုးခံစားခွင့်မှုအဖွဲ့အအုံလုပ်ငန်းမှာ မည်သို့မျှ မပျက်မစီးနိုင်သော အခြေခံအုတ်မြစ် ပန္နက်ရိုက်မိလျက် ရှိလေပြီ။

အနောက်ဘက် စစ်မျက်နှာမှာ ဆိုလျှင်လည်း ဂျာမန်နှင့် အီတာလျံ နှစ်ဦးပေါင်းသော စစ်တပ်ရဲမက်တို့သည် နွေဥတု တိုက်စစ်ပွဲကို ဆင်နွှဲလျက် ရှိသဖြင့် ၎င်းတို့၏ ရန်သူများအား ပြန်လည်ခုခံခြင်းငှာ မစွမ်းဆောင်နိုင်စေဘဲ မော်စကိုမြို့တူရှုသို့ ချီတက် တိုက်ခိုက်လျက်ရှိကြောင်း။ အရှေ့တလွှားတွင် နိပ္ပွန်တို့က အကြီးအကျယ် အောင်နိုင်လိုက်ခြင်းကြောင့် မြောက်ပိုင်းအာဖရိက စစ်ပွဲမှာလည်း အင်္ဂလိပ်နှင့် အမေရိကန်တို့သည် နေရာတိုင်း၌အရှုံးကြီးရှုံးကာ ၎င်းတို့၏အသရေကို ပြန်လည်ဆယ်နိုင်ဖို့ လမ်းမမြင်ပေ။ ဤကမ္ဘာလောကကြီး၏ မှန်ကန်သော တရားနှင့် လူအပေါင်းတို့၏ အကျိုးကျေးဇူး ပွားများရခြင်းကို အကြောင်းပြု၍ ၎င်းတို့၏ ရှေ့အခါက စ၍ မွေးမြူခဲ့သော စိတ်ယုတ်စိတ်မိုက်အကျင့်အကြံများက ဒဏ်ပြန်ခြင်းကို ကျွန်ုပ်တို့အားလုံး ချီးမွမ်းကျေးဇူးတင်ရပေကြောင်း။ ကျွန်ုပ်တို့သည် ဤစစ်ပွဲကြီး လုံးဝ အောင်နိုင်ရေးကို အနည်းငယ်မျှ သံသယမရှိခဲ့ပေ။

ဤထင်ရှား ပွင့်လင်းသော အကြောင်းအဖြစ်အပျက်များ အတွင်း တည်ထောင်ရသော အစိုးရအဖွဲ့ ဖြစ်သဖြင့်လူကြီးမင်းတို့သည် ရှုတ်ထွေးလှသော ကမ္ဘာကြီးဝယ် မြန်မာပြည်လည်း အကျုံးဝင်လျက် ရှိကြောင်းကို မှန်ကန်စွာ သတိချပ်၍ မိမိတို့လုပ်ကိုင်ဖွယ် ဝတ္တရားများအပေါ် ထိုသတိကို အခြေခံစဉ်းစားပြုလုပ်ဆောင်ရွက်သင့်ပါကြောင်း။ အမြောက်သံ ဗုံးသံများကို လူကြီးမင်းတို့မကြားရသော်လည်း ကမ္ဘာကြီး၌ နှစ် ခုကွဲလျက်ရှိသော အဖွဲ့ကြီးနှစ်ခုသည် တစ်ဦးနှင့် တစ်ဦး ရမိသမျှ လက်နက်အင်အား အစရှိသည်တို့ဖြင့် စစ်ပွဲကြီးကို တိုက်ခိုက်လျက်ရှိနေသေးပါကြောင်း အကယ်၍သာ ဤ အရှေ့အာရှစစ်ကြီး အောင်မြင်ခြင်းသို့ မရောက်ပါက အာရှတိုက်ပြန်လည်ထူထောင်ရေးနှင့် မြန်မာပြည်လွတ်လပ်ရေးရဖို့ ကိစ္စများမှာ အိပ်မက်သဖွယ် ပျက်ပြားကုန်မည်ဖြစ်လေသည်။

ယနေ့ ဤအစိုးရသစ်တည်ထောင်သော မွန်မြတ်သည့် အချိန်သမယတွင် ကျွန်ုပ် ထပ်လောင်း ပြောဆိုလိုသည်မှာ မြန်မာလူမျိုးတို့နှင့်တကွ အာရှတိုက်ရှိ လူအပေါင်းတို့သည် ယခု အာရှတိုက်စစ်ပွဲကြီး အောင်မြင်ရေးအတွက် မိမိတို့စွမ်းအားရှိသမျှ အားသွန်ကူညီ၍ အောင်ပန်းကို ဆွတ်ခူးကြမည်ဖြစ်ကြောင်း။ စစ်အောင်နိုင်သော အာရှတိုက်ကြီး ဖြစ်လာဖို့ ကိစ္စသည် ကျွန်ုပ်တစ်ဦးတည်း၏ စိတ်ဓာတ်တည်မြဲခြင်းသာ မဟုတ်။ လူကြီးမင်းအားလုံးတို့၌လည်း ထိုစိတ်ဓာတ်ရှိရမည်ဖြစ်ကြောင်း။ လူကြီးမင်းတို့သည် မြန်မာလူမျိုးတို့၏ခေါင်းဆောင်ကြီးများ ဖြစ်ကြသည့်လျော်ညီစွာ ရှေ့ဆုံးကနေ၍ ထိုမြဲမြံသော စိတ်ဓာတ်ဖြင့် လူကြီးမင်းတို့အား ပေးအပ်လိုက်သော အစိုးရ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ပါလေ။ အကယ်၍ တစ်ဦးတစ်ယောက်သည် ထိုတာဝန် ဝတ္တရားများကို ထမ်းဆောင်ရာ၌ မစွမ်းဆောင်မကျေပွန်ပါလျှင် ၎င်းအား အစိုးရအဖွဲ့၏ ရာထူးနှင့် မထိုက်တန်ဟု ယူဆရပါလိမ့်မည်။

ထို့ပြင်လည်း ဤအရေးကြီးသော အချိန်အခါ ကာလအတွင်းဝယ် တိုင်းပြည်တိုင်းတို့၏ လိုအပ်သောအချက်သည် လူအပေါင်းတို့၏ ရှေ့ဆောင် တစ်လုံးတစ်စည်းတည်း စည်းလုံးမှုဖြစ်ကြောင်း၊ နိပ္ပွန်ပြည်မှာပင် ရှေးအခါက စ၍ ရာဇဝင်တွင်ခဲ့သော နိုင်ငံရေးပါတီ အဖွဲ့အစည်းများကို မနှစ်ကစ၍ ဖျက်သိမ်းလိုက်ပြီးလျှင် တစ်ဝါဒတစ်ပါတီအဖြစ် တည်ထောင်ခဲ့လေသည်။

ထိုအတူ မြန်မာပြည်ကလည်း လိုက်နာပြုလုပ်ဖို့ သေချာစွာ စဉ်းစားသင့်လေသည်။ ပါတီချင်းပြိုင်ဆိုင်မှု၊ မသင့်မြတ်မှု၊ အရှုပ်အထွေးပေါ်ပေါက်မှုများသည် နိုင်ငံတစ်ခုလုံး၏ အကျိုးစီးပွားကောင်းစားရေးကို မပြုလုပ်နိုင်ပေ။

မြန်မာပြည်ကြီး လွတ်လပ်ရေးရရှိအောင် နှောင့်နှေးစေဖို့ အကြောင်းများသည် ထိုအကြောင်းများသာလျှင် မဟုတ်။ နိုင်ငံအတွင်းဝယ် တစ်ဦးနှင့်တစ်ဦး မသင့်မြတ်မှု အရှုပ်အထွေးများကြောင့် နိုင်ငံ၏ ခွန်အား ယုတ်လျော့ ပျက်ပြားခြင်းသည်အထူးအရေးကြီးသော အကြောင်းအချက်ဖြစ်လေသည်။ အိန္ဒိယပြည်မှလည်း ထိုအတူ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့ ဖြစ်ရခြင်းသည် အင်္ဂလိပ်တို့၏ ကျင့်ဆောင်ပြုလုပ်ချက်ကြောင့် ဖြစ်လေသည်။ ဗဟိုနိုင်ငံရေးအဖွဲ့ချုပ်ကြီး၌ အရှုပ်အထွေး ပေါ်ပေါက်ခဲ့ပါလျှင် နီးရာ ဒိစတြိတ်နယ်ပယ်များသို့ ပြန့်နှံ့သွားပြီးလျှင် လူအပေါင်းတို့၏ စိတ်ဓာတ်အယူအဆကို ပျက်ပြားစေလေသည်။ လူကြီးမင်းတို့သည် နိုင်ငံအတွင်းဝယ် မိမိတို့ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ စံနမူနာ တင်ထိုက်

အောင် အသေးအဖွဲ့ မသင့်မြတ်မှု
စိတ်ဓာတ်တို့ကို ပယ်ဖျောက်ကာ
တစ်ဦးနှင့်တစ်ဦး သင့်မြတ်ညီညွတ်
စွာ တစ်လုံးတစ်စည်း တစ်သဘော
တည်းဖြင့် အမျိုးသားအင်အားကြီး
ကို ထူထောင်အားဖြည့်ပါလေ။ သို့
မှသာလျှင် နောင်လာမည့် လွတ်လပ်
ရေးအတွက် အခြေခံအုတ်မြစ်ချနိုင်
ပေမည်။

လူကြီးမင်းတို့သည် ထိပ်
ဆုံးကနေ၍ တိုင်းသူပြည်သားနှင့်
မြို့နယ်အရာရှိများကို ရှေ့ဆောင်ပြီး
လျှင် မှန်ကန်စွာ မိမိတို့အလုပ်တာ
ဝန်ကို ထမ်းဆောင်လိမ့်မည်ဟု
ကျွန်ုပ်မျှော်လင့်ပါကြောင်း။ မြန်မာ
ပြည်သည် စစ်၏ဒဏ်ကြောင့် များ
စွာပျက်စီးဒုက္ခတွေ့လျက်ရှိလေသည်။
စစ်မဖြစ်မီက အခြေအနေများ ပြန်
လည်ရရှိဖို့ ကိစ္စများသည် ဤစစ်
ကြောင့် ပျက်စီးယိုယွင်းနေသော
အခြေအနေများမှ ထူထောင်ရန် အ
လွန်အမင်း ကြိုးစားဆောင်ရွက်မှ
ဖြစ်နိုင်ပေမည်။ လွတ်လပ်ရေး၏
အကျိုးအရသာကို ခံစားလိုပါလျှင်
လူကြီးမင်းတို့နှင့်တကွ မြန်မာလူမျိုး
တို့သည် ဤအချိန်အတွင်းဝယ် မိမိ
တို့ စိတ်ဓာတ်အစရှိသည်တို့ကို အ
သစ်ပြုပြင် ပြောင်းလွဲ၍ လုပ်ဖွယ်
ဆောင်တာများကို ကြိုးပန်းတကုတ်
အားထုတ်ကာ မြန်မာလူမျိုးတို့နှင့်
တကွ တိုင်းပြည်အင်အားကို ဖြည့်
စွမ်းပါလေ။ အားလုံးသော မြန်မာ
လူမျိုးအပေါင်းတို့သည် သေလျှင်
မြေကြီး ရှင်လျှင်ရွှေထီးဆိုသော မြန်
မာတို့၏ဝေါဟာရစကားအတိုင်း ရဲရဲ
စွာ မြန်မာပြည်ကြီး၏ အကျိုး
အတွက် အသေခံ၍ ဆောင်ရွက်ရန်
အသင့်ရှိစေရမည်။ နိပွန်ပြည်၏ လူ
ဦးရေမှာ သန်းပေါင်းတစ်ရာရှိလေ
သည်။ ထို့မျှ များပြားသော လူဦးရေ
ရှိလင့်ကစား နိပွန်လူမျိုးတို့သည် နံ
နက်မှ ညဥ့်တိုင်အောင် အလုပ်တာ
ဝန်များကို ကြိုးစားလုပ်ကိုင်ကြလေ
သည်။ ထို့အတူ ကျောင်းသားက
လေးသူငယ်များသည် မိမိတို့တိုင်း
ပြည်၏ အမှုတော်ကို ထမ်းဆောင်
နိုင်ရန်အတွက် သင်ခန်းစာများကို
ညဥ့်နက်သန်းခေါင်တိုင်အောင် သင်
အံ့လေ့ကျက်ကြလေသည်။ ဤနည်း
အားဖြင့်သာလျှင် ကျွန်ုပ်တို့သည်
ခွန်အား အကြီးဆုံးသော တိုင်းပြည်
များတွင် ထိပ်ဆုံးသော တိုင်းပြည်
ဖြစ်နိုင်ပေမည်။ မြန်မာလူမျိုးတို့
သည် လွတ်လပ်ရေး၏ အကျိုးခံစား
မှုကို အလိုရှိပါလျှင် တော်ရုံသင့်ရုံ
စိတ်ဓာတ်မျိုးဖြင့် မရနိုင်ကြောင်း
သတိချပ်သင့်လေသည်။ လွတ်လပ်
ရေးရရှိရန်အတွက် မြန်မာလူမျိုးတို့
မျှော်လင့် လုပ်ကိုင်ဆောင်ရွက်ခြင်း
များကို ကျွန်ုပ် နားလည်သတိမူမိပါ



ကြောင်း။ မြန်မာလူမျိုးတို့နှင့် ကျွန်ုပ်
သည် ပူးပေါင်း၍ ဤဆောင်ရွက်
ခြင်းများ အောင်မြင်စေရန် စိတ်အား
ထက်သန်စွာ မျှော်လင့်လျက်ရှိပါ
ကြောင်း၊ ထိုပြင် မြန်မာလူမျိုးတို့
သည် ရှေ့တက်ဆောင်ရွက်လျက်ရှိ
သော ကြီးလေးသည့် လုပ်ငန်းကိစ္စ
အဝဝတို့ကို စိတ်ရောကိုယ်ပါ ပြုလုပ်
နိုင်ကြပါစေ ဟု ကျွန်ုပ်ထက်သန်စွာ
မျှော်လင့်တောင့်တ၍ မြန်မာလူမျိုး
တို့ လျင်မြန်စွာ အင်အားဖြည့်ပြီးရေး
အတွက် မျှော်ကိုးစောင့်ကြည့်လျက်
ရှိပါကြောင်း။

လူကြီးမင်းတို့သည် အစိုးရ
အဖွဲ့ဝင်များဖြစ်သည့်အလျောက် လူ
အပေါင်းတို့၏ ရှေ့ဆောင်သဖွယ် စံ
နမူနာပြပြီးလျှင် အပြောနှင့်မဟုတ်
အလုပ်ဖြင့် လူအပေါင်းတို့ကို ခေါင်း
ဆောင်ပါလေ။ အထက်ပါ လုပ်ကိုင်
ရမည့် ကိစ္စများကို ဖြောင့်မတ်တည်
ကြည် စည်းကမ်းသေဝပ်စွာ ဖြင့် လူ
ကြီးမင်းတို့ ပြုလုပ်ပြသပါမှ အများ
သော တိုင်းသူပြည်သားများသည်
အစိုးရ၏ ရှေ့ဆောင်သော လမ်းကို
လိုက်ကြပြီးလျှင် တစ်ညီတစ်ညွတ်
တည်း ခွန်အား တန်ခိုး တိုးတက်နိုင်
ကြပေမည်။

နောက်ဆုံး ပြောဆိုလိုသည်
မှာ ကျွန်ုပ်သည် အစိုးရသစ်တွင် နိ
ပွန်အရာရှိအချို့ကို ထည့်သွင်းခန့်
ထားပါကြောင်း၊ ထိုသို့ ခန့်ထားရ
ခြင်း ပထမအကြောင်းအရင်းမှာမူ နိ
ပွန်လူမျိုးနှင့် မြန်မာလူမျိုးတို့ တစ်ဦး
အကြောင်း တစ်ဦးနားလည်စည်းလုံး
မိရန်နှင့် နိပွန်အရာရှိနှင့် မြန်မာအရာ
ရှိများ ဘေးချင်းယှဉ်၍ လုပ်ကိုင်ကြ
ရမှာ ဖြစ်နိုင်ကြောင်း။ သို့မှသာလျှင်
အာရှတိုက် စစ်ပွဲကြီး အောင်နိုင်ရေး
အတွက် ချွတ်ယွင်းချက်များ မရှိနိုင်
ပေ။ ဒုတိယအချက်မှာဖြင့် နိပွန်ပြည်
သည် မြန်မာပြည်နှင့် ယှဉ်မည်ဆို
လျှင် စက်မှုလက်မှုနှင့် အခြားလုပ်
ငန်းအရပ်ရပ်တွင် အဆင့်အတန်းမြင့်
သည့်အလျောက် မြန်မာလူမျိုးတို့နှင့်
တကွ မြန်မာပြည်ကြီး တိုးတက်
ကောင်းစားမှုကို ရည်စူး၍ မေတ္တာ
သဘောဖြင့် နိပွန်တို့က မြန်မာလူ
မျိုးတို့ကို နည်းပေးလမ်းပြ ကူညီ
ခြင်းဖြစ်ပါကြောင်း။

နိပွန်လူမျိုးတို့အား မြန်မာ
လူမျိုးတို့သည် ချစ်ကြည်လိုလား၍
စိတ်ရောကိုယ်ပါ ၎င်းတို့နှင့် အတူ
တကွ ပူးပေါင်းကာ မြန်မာပြည်၏
တိုးတက်ကြီးပွားရေးအတွက် တက်
လှမ်းဆောင်ရွက်ကြလိမ့်ဟု ကျွန်ုပ်
စိတ်အား ထက်သန်စွာ လိုလားပါ
ကြောင်း၊ အရာရှိများဖြစ်ကြသော လူ
ကြီးမင်းတို့သည် အထူးသဖြင့်ကျွန်ုပ်
၏ရည်ရွယ်ချက်သဘောကို သေချာ
စွာ နားလည်၍ အစိုးရတာဝန်

ဝတ္တရားများ ထမ်းဆောင်ရာ၌ စံနမူနာတင်လောက်အောင် ပြုလိမ့်မည်ဟုကျွန်ုပ်များစွာ ယုံကြည်ပါကြောင်း၊ ဤအတိုင်းသာ မြန်မာလူမျိုးတို့ ရှေ့ကို ပြုလုပ်ဆောင်ရွက်သွားပါက နိပ္ပွန်ပြည်နှင့်တကွ နိပ္ပွန်လူမျိုးတို့သည် မြန်မာပြည်၏ မိတ်ဆွေစစ်များအဖြစ် အစဉ်တည်ရှိသွားမည့်အပြင် မြန်မာပြည်အကျိုးအတွက် အကူအညီပေးရန် ကျွန်ုပ်သည်မည်သည်နည်းနှင့်မျှ လက်နှေးနေမည်မဟုတ်ကြောင်း။

ဤအရေးကြီးသော အချိန်နှင့် ပြုဖွယ်ဆောင်တာများလှသောအခါအတွင်းအစိုးရ၏တာဝန်ဝတ္တရားများကို ထမ်းဆောင်ရခြင်းနှင့် နိုးကြားသော ခေတ်သစ်မြန်မာပြည်အဖြစ်ရောက်ရန် ကိစ္စများကို ဆောင်ရွက်ရခြင်းက တစ်ဖက်၊ စစ်ကြီးအပြီး အောင်နိုင်ရေး၏ လိုအပ်သောအချက်များကို ရရှိရန်က တစ်ဖက်ဖြင့် လူကြီးမင်းတို့အပေါ်တွင် ကြီးလေးသော တာဝန်ကြီးများ ကျရောက်လျက် ရှိလေပြီ။ ထို့ကြောင့် လူကြီးမင်းတို့သည် မိမိတို့ ယခုပြုလုပ်ဆောင်ရွက်ရတော့မည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ မိမိကိုယ်မိမိ ယုံကြည်အားထား၍ ဆောင်ရွက်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်စိတ်ချပါကြောင်း ပြောကြားသည်။

[မြန်မာ့အလင်း ၅-၈-၄၂]

■ အစိုးရသစ်ဖွင့်ပွဲတွင် မြန်မာနိုင်ငံဝန်ကြီးချုပ် ဒေါက်တာဘမော်က မိန့်ခွန်းပြောကြားရာတွင် ဂျပန်တပ်မတော် စစ်ဗိုလ်ချုပ်ကြီး၏ လက်အောက်တွင် ဖွဲ့စည်းလိုက်သော ခေတ်သစ်မြန်မာပြည် အစိုးရကို ကျွန်ုပ်တို့ ယနေ့တွေ့မြင်ကြရပြီဖြစ်ကြောင်း၊ ဤ ခေတ်သစ်အစိုးရသည် မြန်မာပြည်တွင် ခေတ်သစ်ထူထောင်လိမ့်မည် ဖြစ်ကြောင်း၊ ဤ ခေတ်သစ် အစိုးရ၏ လုပ်ငန်းအစီအစဉ်ဖြစ်သော ဝါဒစည်းမျဉ်းများမှာ

(၁) အရှေ့ဘက် တစ်လွှားတွင် အင်္ဂလိပ်နှင့် အမေရိကန်တို့အား ချေမှုန်းပစ်ရန်အတွက် တိုက်ခိုက်လျက်ရှိသော အရှေ့ဘက်အာရှတိုက် စစ်ပွဲကြီး အောင်မြင်စွာ ပြီးပြတ်သွားအောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရန်။

(၂) အရှေ့ဘက်အာရှတိုက် ညီတူညီမျှ အကျိုးခံစားခွင့် ခေတ်သစ်ထူထောင်ရေးတွင် အခြားအရှေ့ဘက်အာရှတိုက်ရှိနိုင်ငံများနှင့် ထပ်တူထပ်မျှ ကြီးပွားတိုးတက်မှုကို ရရှိစေရန် အတွက် ထိုအရှေ့ဘက် အာရှတိုက် ခေတ်သစ်ထူထောင်ရေးတွင် မြန်မာပြည်သည် လွတ်လပ်၍ မြင့်မြတ်သော တိုင်းနိုင်ငံတစ်ခု အဖြစ်ပါဝင်ဆောင်ရွက်နိုင်အောင် ကြိုးစားဆောင်ရွက်ရန်။

(၃) ဂျပန်နှင့်မြန်မာလူမျိုးများ အခွန့်ရှည်စွာ တစ်သွေးတစ်သားတည်း ပေါင်းသင်းဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် အားထုတ်ရန်။

(၄) ဗြိတိသျှနှင့် တရုတ်စစ်တပ်များ ဖျက်ဆီးသွားသဖြင့် ပျက်စီးယိုယွင်းနေသော မြန်မာပြည်ကြီးကို အသစ်တစ်ဖန်ပြန်လည်ထူထောင်ရန် စသည်တို့ဖြစ်ကြောင်း။

ယခုဖွဲ့စည်းလိုက်သော ခေတ်သစ်အစိုးရသည် အထက်ပါ ရည်ရွယ်ချက်များ အားလုံး အောင်မြင်အောင် ဆောင်ရွက်သွားမည် ဖြစ်၍ ထိုကဲ့သို့ ဆောင်ရွက်ရာ၌ အသက်နှင့်စည်းစိမ်ကိုပါ စွန့်လွှတ်သင့်က စွန့်လွှတ်၍ လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ခေတ်သစ်အစိုးရသည် မြန်မာပြည်လွတ်လပ်ရေး ရရှိရန် လမ်းခရီးအားလုံးကို အားစိုက်မာန်ပါ ခင်းကျင်းပြင်ဆင်မည်ဖြစ်ကြောင်း၊ ဂျပန်အစိုးရကလည်း မြန်မာပြည်အား လွတ်လပ်ရေးပေးရန် ကမ္ဘာသို့ ကြေညာပြီးဖြစ်ကြောင်း၊ ဤကတိပြုချက်ကို ကျွန်ုပ်တို့သည် စိတ်ချယုံကြည်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်မှာ ရန်သူများအား မောင်းနှင်ထုတ်ခဲ့ရာတွင် မြန်မာလူမျိုးများသည် စစ်တပ်ကြီးတစ်ခုသဖွယ် တစ်ပြိုင်နက်ထပြီး ဂျပန်တပ်မတော်အား ဝိုင်းဝန်းကူညီခဲ့ကြကြောင်း၊ ယခုလည်း ယခင်က ကူညီခဲ့ကြသကဲ့သို့ပင်လျှင် မြန်မာပြည်သူတို့သည် သွေးနှင့်မျက်ရည်ကို အရင်းပြု၍ ခေတ်သစ်အစိုးရအား ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခေတ်သစ်အစိုးရ၏ ဝါဒစည်း မျဉ်းအောင်မြင်အောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ခြင်းဖြင့် မြန်မာလူမျိုးတို့၏ စွမ်းရည်သတ္တိပြရမည် ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် နိုင်ငံရေး စိတ်ဝမ်းကွဲပြားမှုများနှင့် ပါတီအဖွဲ့အစည်း တစ်စုံတစ်ရာ မရှိတော့ပြီ ဖြစ်ကြောင်း၊ ယခုအခါ တစ်သွေးတစ်သံတစ်မိန့်သာ ရှိတော့ကြောင်း၊ သို့ဖြစ်ရကား၊ မြန်မာလူမျိုးများသည် တစ်သွေး တစ်သံ တစ်မိန့်တည်း ဟူသော ခေတ်သစ်ဝါဒကို ယုံ ကြည်လေးစားရမည် ဖြစ်ကြောင်း၊

မြန်မာ လူမျိုးများသည် အာရှတိုက်သားအပါအဝင် လူမျိုးအဖြစ် အမြင်ကျယ်စွာ ကြည့်ပြီး အရှေ့အာရှတိုက် ခေတ်သစ်ထူထောင်ရေးကို ခေါင်းဆောင် ဆောင်ရွက်လျက်ရှိသည့် အာရှ တိုက်သား ဂျပန်လူမျိုးတို့အား သွေးချင်းသားချင်းများကဲ့သို့ သဘောထားရမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ သွေးချင်းသားချင်း ဖြစ်ကြသော တိုင်းရင်း

သားအပေါင်းတို့သည်လည်း ကျွန်ုပ်တို့ရှေ့ဆောင်ရာသို့ လိုက်ပါကြရန် သတိပေးနှိုးဆော်ပါကြောင်း ပြောကြားသည်။
[မြန်မာ့အလင်း ၅-၈-၄၂]

■မြန်မာပြည် ဂျပန်တပ်များ၏ စစ်သေနာပတိ ဒုတိယ ဗိုလ်ချုပ်ကြီး အီးဒါး သည် သတင်းစာဆရာများနှင့် တွေ့ဆုံ၍ မိန့်ခွန်းပြောကြားရာတွင် စစ်အုပ်ချုပ်ရေး လက်အောက်တွင် အစိုးရသစ် ဖွဲ့စည်း ပြီးသည့်အတွက် ကျွန်ုပ်များစွာ ဝမ်းမြောက်မိပါကြောင်း လွန်ခဲ့သည့် ဇွန်လက ဒေါက်တာဘမော်ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်နေသော အုပ်ချုပ်ရေး စီစဉ်မှုကော်မတီကို ဖွဲ့စည်းပြီးလျှင် အရေးကြီးသော လက်ရှိ ပြဿနာများကို ဆောင်ရွက်ခဲ့လေသည်။ ထိုအချိန်မှစ၍ ဒေါက်တာ ဘမော်နှင့် ကော်မတီဝင်များသည် တစ်နေ့မပြတ် ပင်ပန်းစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြလေသည်။ ယခုအခါ စီစဉ်ရေးကိစ္စများ ပြီးစီးပြီဖြစ်၍ ကော်မတီအဖွဲ့ကို ဖျက်သိမ်းပြီးလျှင် အစိုးရသစ် ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း၊ ကျွန်ုပ်သည် စီစဉ်မှု ကော်မတီအား ပါတီ၊ ဂိုဏ်းဃဏ လိုက်စားခြင်း မရှိဘဲ ပြီးမြောက်အောင် ပင်ပန်းစွာ ဆောင်ရွက်ခဲ့သည့်အတွက် အထူးလိုက်လိုက်လှဲလှဲ ဝမ်းမြောက်ခြင်းဖြစ်ရကြောင်း၊ မြန်မာပြည်သစ်ကြီးပွားတိုးတက်မှုတွင် မြန်မာလူမျိုးအပေါင်းတို့က အစိုးရသစ်နှင့်အတူ ကူညီရိုင်းပင်းလျက် ၎င်းတို့၏ စောင့်ရှောက်ခြင်းဖြင့် ဆောင်ရွက်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ကြောင်း၊ အစိုးရအဖွဲ့မှာ ကျွန်ုပ်၏အမိန့်အရ အုပ်ချုပ်မည်ဖြစ်ရာ မြန်မာလူမျိုးများကသာလျှင် ပြုလုပ်ရလိမ့်မည်ဟု ကျွန်ုပ် နားလည်ထားကြောင်း၊ ထိုအတိုင်း ဒီစတြိတ်နယ်ပယ်များတွင် အုပ်ချုပ်မှုအစိုးရသစ်ကိုလည်း အထက်ပါအတိုင်း ဖြစ်မြောက်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ဒီစတြိတ်ခရိုင်ဝန်များကို ခန့်အပ်ပြီးဖြစ်ရာ ထိုပုဂ္ဂိုလ်များလည်း ၎င်းတို့သက်ဆိုင်ရာနယ်ပယ်များတွင် အုပ်ချုပ်ရေး ပြန်လည်တည်တံ့ရန် ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာလူမျိုးတို့ တောင့်တနေသော လွတ်လပ်ရေးအကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်သဘောကို ပြောရမည်ဆိုလျှင် ဂျင်နရယ် တိုဂျိုနှင့် ကျွန်ုပ်၏ကြေညာချက်များတွင် ရှင်းလင်းပြောဆိုပြီးဖြစ်၍ နိပ္ပွန်ကလည်း မြန်မာပြည်လွတ်လပ်ရေး အတွက် လိုအပ်သည့်အတိုင်း ဆောင်ရွက်ပေးလိမ့်မည်ဖြစ်၍ လွတ်လပ်ရေးအောင်ပန်းကို အမြန်ဆုံးရရှိလိမ့်မည် ဟု မျှော်လင့်ကြောင်း၊ ၎င်းပြင် အစိုးရအဖွဲ့သစ်တည်ထောင်ခြင်းသည်လည်း လွတ်လပ်ရေးအတွက် ပထမ ခြေလှမ်းလည်းဖြစ်ရာ အနာဂါတ်အတွက် အင်အားဖြည့်တင်းခြင်းပင်ဖြစ်ကြောင်း၊ လူတိုင်းလူတိုင်းမှာလည်း ယခုလက်ရှိ အခြေအနေအကြောင်းကို သတိမူပြီးလျှင် အရှေ့အာရှတိုက် ကြီးပွားတိုးတက်မှု ရည်ရွယ်ချက်ကို သိနားလည်ရမည်။ ဗဟိုအစိုးရကို အကြောင်းပြု၍ အရာရှိများနှင့် တိုင်းသူပြည်သားများ စည်းလုံးညီညွတ်စွာနှင့် နိပ္ပွန် အင်ပီရီရယ်စစ်ဖက်နှင့် ပူးပေါင်း ဆောင်ရွက်၍ နောက်ဆုံးအောင်ပန်းကို ဆွတ်ခူးရမည်။ ဆိုခဲ့ပြီးသော အရည်အချင်းများ ပြည့်စုံသည့်အခါ ဂုဏ်သတင်းနှင့် အကြောင်းအရာက သက်သေခံလာလိမ့်မည်။

တစ်ခု သတိပေးလိုသည်မှာ မြန်မာပြည်တွင် လူအမျိုးမျိုး နေထိုင်လျက်ရှိရာ ထိုလူမျိုးများ အကြောင်းတစ်ခုခုကြောင့် အချင်းဖြစ်ပွားခဲ့လျှင် အရှေ့အာရှတိုက် ခေတ်သစ်ထူထောင် ရေးလုပ်ငန်းကို ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အာရှတိုက်တွင် နေထိုင်ကြသော လူအပေါင်းတို့ သည် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်း နှီးကြပြီးလျှင် အရှေ့အာရှတိုက် ကြီးပွား တိုးတက်မှု ရည်ရွယ်သော အင်ပီရီရယ်နိပ္ပွန်၏ စိတ်ထားကို သိရှိနားလည်ရန် လိုအပ်ကြောင်း၊ ကျွန်ုပ်တို့ နိပ္ပွန်စစ်တပ်များသည် ကျွန်ုပ်တို့ ချစ်ခင်ပြီးဖြစ်သော မြန်မာသာလျှင် မဟုတ်၊ အိန္ဒိယပြည်ကို လည်း လွတ်လပ်ရေး ရပါစေဟု ဆုတောင်းကြောင်း။

ဗြိတိသျှစစ်တပ်များသည် မြန်မာပြည် စစ်မြေပြင်မှ ထွက်ခွာသွားရ သော်လည်း အိန္ဒိယလေတပ်စခန်းတွင် ရှောင်တိမ်းနေပြီး ရန်ကုန်မြို့နှင့် အခြားနယ်ပယ်များရှိ အပြစ်မရှိသော အိန္ဒိယနှင့် မြန်မာလူမျိုးများအား လေကြောင်းဖြင့် လာရောက်တိုက်ခိုက် ဒုက္ခပေးလျက် ရှိကြောင်း၊ နိပ္ပွန် စစ်တပ်များအား အိန္ဒိယပြည်ကို အကြောင်းမဲ့ တိုက်ခိုက်ခြင်းမှ ရှောင်ကြဉ်ရန် အမိန့်ပေးထားကြောင်း၊ အိန္ဒိယပြည်တွင်းသို့ နိပ္ပွန်စစ်တပ် ချီတက်တိုက်ခိုက်သိမ်းပိုက်ရေးမှာ လွယ်ကူသော်လည်း အိန္ဒိယပြည်လုံး ပြုတ်ပြုတ်ပြုန်းပျက်စီးထိခိုက်မည့် ဘေးအန္တရာယ်ကြီးဆိုက်ရောက်မည်ကို စိုးရိမ်သဖြင့် ယခု ခေတ္တမျှ ဆိုင်းထားရခြင်းဖြစ်ကြောင်း။ ယခုအခါမှာအိန္ဒိယလူမျိုးများသာလျှင် အာရှလူမျိုးများ၏ အကျိုးအတွက် ဗြိတိသျှလူမျိုးများကို အိန္ဒိယပြည်မှ နှင်ထုတ်ရန် ယခုအခါကောင်း အခွင့်ကောင်းကြီး ဖြစ်

ကြောင်း၊ ယခုကဲ့သို့ နေ့ထူးနေ့မြတ်ကြီးတွင် အစိုးရသစ်ဖွဲ့စည်းရသည့်အတွက် ရှေ့အဖို့ ကြီးပွားတိုးတက်ပြီးလျှင် မြန်မာလူမျိုး အပေါင်းတို့အားလည်း ကူညီဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။
[မြန်မာ့အလင်း ၄–၈–၄၂]

■ မြန်မာနိုင်ငံအစိုးရ ဝန်ကြီးချုပ်ရုံးအတွင်းဝန်ချုပ် ရာထူးကို ဂျပန်ကြည်းတပ် အုပ်ချုပ်ရေး အရာရှိမစ္စတာ တာကာနို (Takano Gensh-in) က လက်ခံ ဆောင်ရွက်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၉၈/ ၃၅၅]

၂ ဩဂုတ် ၁၉၄၂ မြန်မာနိုင်ငံအစိုးရသစ် ဖွင့်ပွဲ အောင်မြင်သည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တွင် အောင်ပွဲသဘင်များ ကျင်းပသည်။
[မြန်မာ့အလင်း ၅–၈–၄၂]

၉ ဩဂုတ် ၁၉၄၂ မြန်မာအဖွဲ့ချုပ်ကြီး(*တို့ဗမာဆင်းရဲသားအစည်းအရုံး) တစ်ဖွဲ့၊ တစ်သွေး၊ တစ်သံ၊ တစ်မိန့်စနစ်အရ ဖွဲ့စည်းလိုက် ပြီ။
မြန်မာပြည်တွင် မြန်မာခေတ်ထူထောင်ရန် ဒေါက်တာဘမော်ကြီးမှူးသော ဆင်းရဲသားဝံသာနုအဖွဲ့ကြီး၊ သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့မှ ကြီးမှူးသော တို့ဗမာအစည်းအရုံးတို့သည် (တစ်ဖွဲ့ထဲ၊ တစ်သွေးထဲ၊ တစ်သံထဲ၊ တစ်မိန့်ထဲ) အဖြစ်ဖြင့် ပေါင်းစပ်ဖွဲ့စည်းလိုက်ပြီ။

တစ်ဖွဲ့တည်း အဖြစ်ပေါင်းစပ် လိုက်သော မြန်မာတစ်ပြည်လုံး တစ်မျိုးလုံး၏ ဤအစည်းအရုံးကြီးသည် အာဏာရှင် စနစ်ဖြင့်အလုပ်လုပ်မည်။ ဒေါက်တာဘမော်အား အာဏာရှင်အဖြစ် တစ်ညီတစ်ညွတ်တည်း တင်မြှောက်လိုက်ပြီ။
ထို့ကြောင့် မြန်မာပြည်တွင် (တစ်ဖွဲ့၊ တစ်သွေး၊ တစ်သံ၊ တစ်မိန့်) ထားရှိရမည်။ တစ်ဖွဲ့ကား (တို့ဗမာဆင်းရဲသားအစည်းအရုံး) တစ်သွေးကား (တို့ မြန်မာလူမျိုး) တစ်သံကား (တို့ဗမာဆင်းရဲသား၏ဝါဒ) တစ်မိန့်ကား (တို့ဗမာအာဏာရှင်၏အမိန့်) တို့ဗမာခေတ်သစ်ဝါဒကြီးကို ဆန့်ကျင်သောသူတို့သည် တို့ဗမာများ၏ရန်သူဟု မှတ်ရမည်။
အာဏာရှင်စနစ်အရ အာဏာရှင်၏အတိုင်ပင်ခံအဖွဲ့ ရှိရမည်။ ထိုအဖွဲ့ဝင်များအဖြစ်ဖြင့် အောက်ပါပုဂ္ဂိုလ်များကို အာဏာရှင်က ခန့်ထားလိုက်ပြီ ဖြစ်သည်။

သခင်မြ၊ ဦးဘဝင်း၊ ဗန္ဓုလဦးစိန်၊ သခင်ထွန်းအုပ်၊ သခင်ဗစိန်နှင့် သခင်သန်းထွန်း၊
သခင်သန်းထွန်းအား အာဏာရှင်အတိုင်ပင်ခံအဖွဲ့၏ အတွင်းရေးမှူးအဖြစ်ဖြင့် အာဏာရှင်က ခန့်လိုက်သည်။
အာဏာရှင်စနစ်အတိုင်း အစည်းအရုံး၏ တာဝန်ခံအဖြစ်ဖြင့် သခင်နုအား ခန့်လိုက်သည်။ သခင်ကိုယ်တော်မှိုင်း အား အစည်းအရုံး၏ (ဂုဏ်ထူးဆောင်ဆရာကြီး) အဖြစ်တင်မြှောက်လိုက်သည်။

အစည်းအရုံး တည်ရာဌာနကိုလည်း ရန်ကုန်မြို့ အလံပြဘုရားလမ်း ၃၇ကို အသိအမှတ်ပြုလိုက်ပြီ။ အဖွဲ့ဟောင်းများကို ပူးပေါင်း၍ အဖွဲ့သစ်များကို အာဏာရှင် စနစ်ဖြင့် ထူထောင်မည်။

တို့ဗမာ သီချင်းမှ သံပြိုင်အပိုဒ်ကို အမျိုးသားသီချင်း အဖြစ်ဖြင့် အာဏာရှင်စနစ်အရ အသိအမှတ်ပြုလိုက်ပြီ။ အမျိုးသားအလံနှင့် အခြားအဖွဲ့ကိစ္စ များကို မကြာမီအမိန့်ထုတ်မည်။

နောက်ထပ် အမိန့်မထုတ်မီအတွင်း သခင်နာမည်ကို လည်းကောင်း၊ မိမိတို့ဆိုင်ရာ အဖွဲ့အလံများနှင့် ဓားမ ဦးထုပ်ကိုလည်းကောင်း၊ လွတ်လပ်စွာ အသုံးပြုနိုင်ခွင့် ရှိသည်။

အဖွဲ့ ၃ ဖွဲ့တွင် ပါဝင်သူမှန်သမျှသည် (တစ်ဖွဲ့၊ တစ်သွေး တစ်သံ၊ တစ်မိန့်) သဘောထားပြီးအားလုံး ညီညီညွတ်ညွတ် ပေါင်းသင်း ဆောင်ရွက်ကြရမည်။

(ပုံ)

သခင်ကိုယ်တော်မှိုင်း၊ သခင်မြ
သခင်သန်းထွန်း၊ သခင်ဗစိန်
သခင်ထွန်းအုပ်၊ ဒေါက်တာဘမော်
ဦးဘဝင်း၊ ဗန္ဓုလ ဦးစိန်။

[မြန်မာ့အလင်း ၉–၈–၄၂]
[ဗမာ့သစ်စာစောင် အတွဲ၁ အမှတ်၁ ၁၉၄၃ ဩဂုတ် စာ ၂၄]
* ၁ ဩဂုတ် ၁၉၄၄ တွင် မဟာဗမာအစည်းအရုံး ဟု အမည်ပြောင်းသည်။ ဤအဖွဲ့ချုပ်အားဝင်ရိုးတပ် (Axis Army) ဟု ရည်ညွှန်းသည်။

၁၄ ဩဂုတ် ၁၉၄၂ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) တည်ထောင်ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်ချက်များ ချမှတ်သည်။ ထိုလမ်းညွှန်ချက်တွင် ဘီဒီအေသည် မြန်မာနယ်မြေရှိ ဂျပန်စစ်သေနာပတိ လက်အောက်တွင် ရှိရမည်။ အဓိကတာဝန်မှာ နယ်စပ်ဒေသ ကာကွယ်စောင့်ရှောက်ရေးဖြစ်ပြီး နောင်တွင် တိုက်ခိုက်ရေးတာဝန်ပေးရန် စဉ်းစားမည်။ တပ်အင်အားကို ၃၀၀၀ ဖြင့် စတင်ပြီး နောင်တွင် ၁၀၀၀၀ ထိ တိုးချဲ့ဖွဲ့မည်ဖြစ်ကြောင်း ပါရှိသည်။

[Japanese Military Administration, Documents, 1941-1945: *PP 105-108*]

■ ငွေစက္ကူအစုတ် အဟောင်း သုံးစွဲရေးကိစ္စနှင့် စပ် လျဉ်း၍ နိပ္ပုန်အစိုးရ အိမ်တော်အမိန့်ထုတ်ပြန်သည်။

နိပ္ပုန်အစိုးရ အိမ်တော်အမိန့်

နိပ္ပုန်အစိုးရထုတ် မြန်မာပြည်သုံးငွေစက္ကူများကို အမျိုးအစား ခွဲခြားခြင်း မပြုနိုင်အောင် ညစ်ပေဟောင်းနွမ်းခြင်းမရှိသေးပါက စုတ်ပြတ်နေသော်လည်း လက်ခံသုံးစွဲခြင်း ပြုရမည်။ မြန်မာပြည်သုံး အင်္ဂလိပ် ငွေစက္ကူများကိုမူ အမျိုးအစား မခွဲမခြားနိုင်လောက်အောင် ဟောင်းနွမ်းညစ်ပေနေခဲ့သော်လည်းကောင်း၊ စုတ်ပြတ်နေသော်လည်းကောင်း၊ လက်ခံခွင့်မရှိချေ။

လုံးလုံးပြတ်နေသော ငွေစက္ကူများကိုမူ ရန်ကုန်မြို့ ယိုကိုဟားမား ဘဏ်တိုက်၌ လဲလှယ်နိုင်ကြောင်း။

[တိုင်းချစ် ၁၄-၈-၄၂]

၁၅ ဩဂုတ် ၁၉၄၂ ဂျပန်ခေတ်မြန်မာအစိုးရအဖွဲ့ ဝန်ကြီးများ ပထမအကြိမ် အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံတွင် မလိုလားသော လူမျိုးခြားများနှင့် ဗြိတိသျှတို့၏ အရိပ်အငွေ့ကို သုတ်သင်ရှင်းလင်းခြင်းအလို့ငှာ မြန်မာပြည်တွင် ရှိသော အစိုးရရုံးတော်များတွင် အင်္ဂလိပ်ဘာသာအစား မြန်မာဘာသာကို တတ်နိုင်သရွေ့ အသုံးပြုရမည် ဖြစ်ကြောင်း ဆုံးဖြတ်ချက် ချမှတ်သည်။

[သူရိယသတင်းစာ ၂၉-၈-၄၂ နောင်ကိုးကားလျှင် သူရိယ ဟုညွှန်းမည်။]

[မြန်မာ့အလင်း ၂၅-၈-၄၂]

■မြန်မာပြည်အသံလွှင့်ရုံဖွင့်ပွဲကို နေ့လည် ၁၃း ၃၀ နာရီတွင် ကျင်းပပြီး အသံလွှင့်ရုံမှ စတင်အသံလွှင့်သည်။

[မြန်မာ့အလင်း ၁၈-၈-၄၂]

၁၈ ဩဂုတ် ၁၉၄၂ ဂျပန်တပ်က ဖမ်းမိထားသည့် ဗြိတိသျှတပ်မှမြန်မာစစ်သား ၇၃ ဦးအား သုံ့ပန်းများထားသောထောင်မှ လွှတ်ပေးသည်။

[မြန်မာ့အလင်း ၂၀-၈-၄၂]

၂၀ ဩဂုတ် ၁၉၄၂ ဗမာ့ကာကွယ်ရေးတပ်မတော် စစ်ရုံးချုပ် ပထမဦးစီးဗိုလ် ဗိုလ်စကြာက ဗမာ့ကာကွယ်ရေးတပ်မတော် ကြေညာချက်ကို ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် ယခုအခါ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်ဟု အသစ်ပြန်လည် ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စစ်မှုဆက်လက် ထမ်းလိုသူတို့ကို အမှုထမ်းခွင့်ပြုပြီး၊ အမှုမထမ်းလိုသူတို့ကိုလည်း ထွက်ခွင့်ပြုပြီးကြောင်း၊ သို့သော် ကျန်နေသေးသော တပ်သားများ ရှိနေသေးကြောင်း သိရှိရ၍ စစ်မှုဆက်လက်ထမ်းလိုပါက ယနေ့မှစ၍ တစ်လအတွင်း ပျဉ်းမနားမြို့ရှိ ဗမာ့ကာကွယ်ရေး တပ်မတော်သို့ သွားရောက်ဆေးစစ်၍ အောင်မြင်က အမှုထမ်းခွင့် ပြုမည်ဖြစ်ကြောင်း။ အမှုမထမ်းလိုပါက မိမိတို့လက်နက်များကို အနီးဆုံး နိပ္ပုန်ပုလိပ်အဖွဲ့သို့ ချက်ချင်းသွားရောက်အပ်နှံရမည်ဖြစ်ကြောင်း ပါရှိသည်။

[မြန်မာ့အလင်း ၂၀-၈-၄၂]

၂၁ ဩဂုတ် ၁၉၄၂ မြန်မာ ခေတ်သစ်အစိုးရ ဝန်ကြီးချုပ် ဒေါက်တာဘမော်နှင့် ဝန်ကြီးများက အစိုးရလုပ်ငန်းဝါဒကို ထုတ်ပြန်ကြေညာသည်။

နိပ္ပုန်သေနာပတိကြီး
အမှူးထားသော
မြန်မာခေတ်သစ်အစိုးရ၏
ကြေညာချက်

ယနေ့ မြန်မာခေတ်သစ် အစိုးရကို နိပ္ပုန်တပ်မတော်၏ သေနာပတိကြီးဆို ဂျီ ဒေါ် အီးဒါးအား အကြီးအမှူးထား၍ တည်ထောင်လိုက်ပြီ။ မြန်မာခေတ်သစ်အစိုးရသည် မြန်မာနိုင်ငံတွင် ခေတ်သစ်ထူထောင်မည်။

မြန်မာအစိုးရ၏ လုပ်ငန်းဝါဒကြီးကား

(က) အာရှတိုက်မှ အင်္ဂလိပ်နှင့် အမေရိကန်တို့၏ တန်ခိုးအာဏာစက်ကို ဖြိုဖျက်ရန် အလုံးအရင်းနှင့် နိပ္ပုန်နိုင်ငံကြီး ရှေ့ဆောင်တိုက်ခိုက်လျက်ရှိသော အာရှတိုက် စစ်ပွဲကြီးကို အပြတ်အသတ်အနိုင်ရရှိစေရန်။

(ခ) မြန်မာပြည်သည် လုံးဝလွတ်လပ်သော ပြည်အဖြစ်ဖြင့် အာရှတိုက် ခေတ်သစ်ထူထောင်ရေးတွင် အတူတကွ ကြီးပွားချမ်းသာ တိုးတက်မှုအတွက် ညီအစ်ကိုနိုင်ငံများနှင့် တန်းတူပါဝင်ရန်။

(ဂ) ယခု စစ်ပွဲအတွင်းတွင် လည်းကောင်း၊ နောင်အနာဂတ်တွင်လည်းကောင်း၊ နိပ္ပုန်နှင့်မြန်မာတို့သည် အစွန့်ရှည်စွာ ခင်မင်ရင်းနှီးစွာ ဆက်ဆံကြရန်။

(ဃ) ရန်သူအင်္ဂလိပ်နှင့် တရုတ်တို့ ဖျက်ဆီး မီးရှို့သွားသဖြင့် ပျက်စီးပြာကျလျက်ရှိသော မြန်မာနိုင်ငံတွင် မြန်မာပြည်သစ် ထူထောင်ရန်။

မြန်မာခေတ်သစ်အစိုးရသည် အထက်ပါ လုပ်ငန်းဝါဒကြီး အောင်မြင်ရေးအတွက်အသက်နှင့်စည်းစိမ်ကို ပဓာနမထားဘဲ ဆောင်ရွက်တော့မည်။ ယခု မြန်မာခေတ်သစ်အစိုးရသည် နိ

ပွန် စစ်သေနာပတိကြီးကိုအမှူးထား
ပြီး လုံးဝလွတ်လပ်သော မြန်မာနိုင်ငံ
ထူထောင်ရေးကို လမ်းခင်းနေသော
အစိုးရ ဖြစ်သည်။ နိပွန်အစိုးရက
လည်း မြန်မာပြည်ကို လွတ်လပ်ရေး
ပေးမည်ဟု တိတိလင်းလင်း ကမ္ဘာ
သို့ ကတိပေးပြီးပြီ။ ဤကတိသစ္စာ
ကို ကျွန်ုပ်တို့ ယုံရမည်။

မြန်မာမြေပြင်မှ နိပွန်မြန်မာများ၏
ရန်သူ ဟူသမျှ နှင်ထုတ်ရေးတွင်
မြန်မာတစ်မျိုးသားလုံးသည် တပ်မ
တော်ကြီး တစ်တပ်အနေဖြင့် နိပွန်
တပ်မတော်ကြီးကို လုံးဝစွန့်စားကူ
ညီခဲ့ကြ၏။ ထိုနည်းအတူ လုပ်ငန်း
ဝါဒကြီး အောင်မြင်ရေးအတွက်ကို
လည်း မြန်မာတစ်မျိုးသားလုံးသည်
မြန်မာခေတ်သစ်အစိုးရ အမိန့်ကို
နာယူကာ သွေးနှင့်ချွေးနှင့် ဝိုင်းဝန်း
ကူညီဆောင်ရွက်ကြရမည်။

မြန်မာတိုင်း မြန်မာတိုင်းကလည်း
အထက်တွင် ညွှန်ကြားထားသော
မြန်မာခေတ်သစ်လုပ်ငန်း ဝါဒကြီး
အောင်မြင်အောင်လုပ်ခြင်း အားဖြင့်
မြန်မာ့စွမ်းရည်သတ္တိကို ပြကြရမည်။

ကျွန်ုပ်တို့သည် ယခုအခါ ဂိုဏ်း
အမျိုးမျိုး ကွဲပြားခြင်း အလျဉ်းမရှိ
တော့ဘဲ တစ်သွေးတည်း တစ်သံ
တည်း တစ်မိန့်တည်း ဖြစ်၍နေလေ
ပြီ။ ထို့ကြောင့် ပြည်သူပြည်သားများ
ကလည်း အမိန့်ပေး ညွှန်ကြားထား
သော တာဝန်ကို (တစ်သွေး-တစ်သံ
-တစ်မိန့်) ဖြစ်သော မြန်မာခေတ်
သစ်ဝါဒနှင့် ညီစွာ လိုက်နာဆောင်
ရွက်ကြရမည်။

မြန်မာလူမျိုး စိတ်သဘောသာ မွေး
မြူကြရန်မဟုတ်၊ အာရှလူမျိုးများ၏
စိတ်သဘောကိုလည်း မွေးမြူပြီးအာရှ
တိုက်၏ ခေါင်းဆောင်ဖြစ်သောနိပွန်
လူမျိုးတို့နှင့် တစ်သွေးထဲ တစ်သ
ဘောတည်း ထားကြရမည်။

ကျွန်ုပ်တို့၏ အထက်ပါ လုပ်ငန်း
ဝါဒကြီး အဆုံးတိုင် အောင်မြင်ရန်
ယခင်ကလည်း အသက်နှင့်စည်းစိမ်
မငဲ့ကွက်ဘဲ လူသိနတ်ကြား မျိုးစေ့
ချခဲ့ပြီ။ ယခုလည်း ထိုမျိုးစေ့ကို
အောင်မြင်အောင် အဆုံးတိုင်အောင်
ဆောင်ရွက်မည်ဟု လူသိနတ်ကြား
သစ္စာပြုလိုက်သည်။ တိုင်းသူပြည်
သား မြန်မာများကလည်းဤအတိုင်း
သစ္စာပြု၍ ကျွန်ုပ်တို့နှင့်အတူလိုက်ခဲ့
ကြကုန်လော့။

နိပွန်စစ်သေနာပတိ
အမှူးထားသော
မြန်မာခေတ်သစ်အစိုးရ
ဝန်ကြီးချုပ် ဒေါက်တာဘမော်
ဝန်ကြီးများ
သခင်မြ၊ ဒေါက်တာသိန်းမောင်၊
ဦးထွန်းအောင်၊ ဦးဘဝင်း၊
ဗန္ဓုလဦးစိန်၊ သခင်ထွန်းအုပ်၊
ဦးလှဖေ၊ သခင်ဗစိန်
သခင်သန်းထွန်း၊
[တိုင်းချစ် ၂၁-၈-၄၂]

၂၂ ဩဂုတ် ၁၉၄၂ မြန်မာပြည်သူ
ပြည်သားများ၏ ကြွေးကြော်သံကို
ထုတ်ပြန်သည်။

မြန်မာပြည်သူ ပြည်သားများ
ကြွေးကြော်သံ

(၁) ကမ္ဘာသစ်-အခါသစ် -မြန်မာ
သစ်
(၂) တစ်သွေး-တစ်သံ-တစ်မိန့်
(၃) မြန်မာပြည်ကြီး လွတ်လပ်တော့
မည် နိပွန်ကတိ ရပြီ ရပြီ
(၄) အာရှခေတ်သစ် ဝင်မယ် ဝင်
မယ်
(၅) နိပွန်မြန်မာ သွေးစည်းကြပါ၊
နိပွန်မြန်မာ သွေးစည်းကြပါ
(၆) မြန်မာနိပွန်-ဘန်ဇိုင်း-ဘန်ဇိုင်း
(၇) အမေရိကန် အင်္ဂလန် ချေလိုက်
မှုန်းလိုက်
(၈) အာရှစစ်ကြီး ကူမယ် ဝိုင်းမယ်
(၉) သွေးစုတ်ဝါဒ ပျက်ပြီ ပျောက်ပြီ
(၁၀) သာကီမျိုးဟေ့ တို့မြန်မာ တို့
မြန်မာ
[တိုင်းချစ် ၂၂-၈-၄၂]

၂၆ ဩဂုတ် ၁၉၄၂ တို့ဗမာဆင်းရဲ
သား အစည်းအရုံးဖွင့်ပွဲကို ရန်ကုန်
မြို့ အလံပြဘုရားလမ်း အမှတ် ၃၇
တွင် ကျင်းပရာ အာဏာရှင်ကြီး
ဒေါက်တာဘမော်၊ ဝန်ကြီး သခင်
ဗစိန်၊ သခင်ကိုယ်တော်မှိုင်း တို့က
အသီးသီး ပြောဆို မိန့်ကြားကြ
ကြောင်း၊ ၎င်းဖွင့်ပွဲသို့ အရာရှိကြီး
ငယ်နှင့် တို့ဗမာဆင်းရဲသား အဖွဲ့ဝင်
များ ကြွရောက်ကြကြောင်း၊ ၎င်း
အစည်းအရုံးဖွင့်ပွဲတွင် အောက်ပါသီ
ချင်းကို ဆိုကြကြောင်း။

ဗမာ့ခေတ်သစ် (သီချင်း)

ဗမာပြည်ကြီးကောင်းသော စနစ်နဲ့
အခါသစ် ပေါ်လာပြီ။ ကမ္ဘာ့အရှေ့
ပိုင်း ဝိုင်းဝန်းကြစို့ ငါတို့ဗမာစစ်
သည်၊ ရန်သူများ သွေးခွဲခဲ့တဲ့ ဝါဒ
တွေ ပယ်မည်။ ဗမာပြည်ဘွား တိုင်း
ရင်းသားတို့ စိတ်ထားတူကြပြီ။ နိပွန်
ဗမာ ချစ်ပါသည်။ သွေးနဲ့ချွေးနဲ့
အရင်းစိုက်တည်။ မျိုးသာကီ တို့ဗမာ
ပြည် (ခေတ်ကောင်းရောက်လာပြီ)၂
ကမ္ဘာတည်အောင်ပင် စည်းလုံးညီ
ညွတ်မည်။
သံပြိုင်။ ။ တစ်သွေးတစ်သံတစ်မိန့်
ထဲကို စိတ်ထဲ စွဲရမည်။ တို့ဗမာ ငါ
တို့ဗမာ တစ်ဖွဲ့တည်း စည်းရုံးပြီ)၂။
ချိန်ခါမှီ ဆန်းသစ်တဲ့ ဓာတ်ကောလီ
အေးချမ်းမဲ့ အခါရောက်ပြီ။ လူတိုင်း
ပင် ချောင်လည်မည်။ (တို့ဗမာ)၂
တိုင်းပြည် ကမ္ဘာသစ်နဲ့ အခါသစ်
ဗမာခေတ်သစ် တည်ထောင် အောင်

မြင်သည်။
အင်္ဂလိပ်ကို အသေနှံမည်။ အမေရိကန်ပါ မြေလှန်မည်။ အာရှစစ်ပွဲနွှဲဖို့ရန်၊ တို့ကူဝိုင်းပြီး တိုက်မည် ခိုက်မည်။ စည်းလုံးညီညာ ဗမာပြည်။ တို့အမျိုးသားသာ ကမ္ဘာတည် တကယ် လွတ်လပ်ရေးပေးတော့မည်။ နိပ္ပွန် ကတိကို ရပြီ ရပြီ။ (အာရှတိုက်မှာ ခေတ်သစ်ထူထောင်သည်။ တို့ကူညီ တို့သွေးစည်းကာ မဆိုင်းပြီ)၂။ ဟော့ ဘန်ဇိုင်း ဘန်ဇိုင်း တို့ဗမာစိတ်ထဲမှာ ကြံ့တိုင်း ဖြစ်ရမည်။
သံပြိုင် (တစ်သွေး တစ်သံ တစ်မိန့် အောင်မြင်သည်)
[တိုင်းချစ် ၆-၉-၄၂]

စက်တင်ဘာ

၆ စက်တင်ဘာ ၁၉၄၂ ရန်ကုန်ဆေးရုံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည် လက်ထပ်သည်။
[ဒေါက်တာမြင့်ဆွေ ဂျပန်ခေတ် ဆေးရုံကြီးဝယ်၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်၊ ၁၉၆၇၊ စာ ၈၄။ နောင်ကိုးကားလျှင် ဒေါက်တာမြင့်ဆွေ ဂျပန်ခေတ်ဆေးရုံကြီးဝယ် ဟုညွှန်းမည်။]

၇ စက်တင်ဘာ ၁၉၄၂ ဗဟိုစည် ဦးဘဦး (ဝန်ကြီးဟောင်း) မန္တလေးမြို့ မြောက်ဘက် ကပိုင်ရွာတွင် ၄က်ဖျားရောဂါဖြင့် ကွယ်လွန်သွားသည်။

[တိုင်းချစ် ၁၁-၉-၄၂]
[မြန်မာ့အလင်း ၁၆-၉-၄၂]

၉ စက်တင်ဘာ ၁၉၄၂ ရန်ကုန်မြို့ ရန်နိုင်ဈေး (ယခု ဗိုလ်ချုပ်အောင်ဆန်းဈေး) ကျန်းမာရေးပြခန်းတွင် စာရေးဆရာများ အစည်းအဝေး ကျင်းပကာ မြန်မာပြည်စာရေးဆရာအသင်းဖွဲ့စည်းရန် ဆုံးဖြတ်သည်။ အစည်းအဝေးတွင် အမှုဆောင်များ ရွေးကောက်တင်မြှောက်သည်။
[မြန်မာ့အလင်း ၁၈/၂၀-၉-၄၂]

၁၂ စက်တင်ဘာ ၁၉၄၂ နံနက် ၉ နာရီအချိန်တွင် ဗြိတိသျှလေယာဉ်ပျံ ၆ စင်း မန္တလေးမြို့ပေါ်သို့ မြောက်မှတောင်သို့ ဖြတ်သန်းကာ ဗုံးကြဲချသည်။ ဗုံးဒဏ်ကြောင့် ဒဏ်ရာရသူ ၂၀၊ သေသူ ၁၀ ဦးခန့်ရှိသည်။
[မြန်မာ့အလင်း ၂၀-၉-၄၂]

၁၃ စက်တင်ဘာ ၁၉၄၂ မြန်မာပြည်စာရေးဆရာများအသင်း စည်းမျဉ်း ဥပဒေကို အတည်ပြုသည်။
[စာရေးဆရာစာစောင်၊ အမှတ် ၁၊ ၈-၁၂-၄၂၊ စာ ၈၁]

၁၅ စက်တင်ဘာ ၁၉၄၂ ရန်ကုန်ရဲဗိုလ်ချုပ် ဦးဘရီက မြို့သူမြို့သားများ သိရှိနားလည်လိုက်နာရန် အတွက် လေကြောင်း ကာကွယ်ရေးကြေညာချက် ထုတ်ပြန်သည်။
[မြန်မာ့အလင်း ၁၅-၉-၄၂]

■ မြန်မာပြည် ကြေးငွေနှင့် ဆိုင်သော စီစဉ်မှုဆိုင်ရာ အမိန့်ထုတ်ပြန်သည်။
နိပ္ပွန်အစိုးရ စစ်ဘက်ဆိုင်ရာ ငွေစက္ကူများ၏တန်ဘိုးဖော်ပြချက်
မြန်မာပြည်
ကြေးငွေနှင့်ဆိုင်သော
စီစဉ်မှုဆိုင်ရာ
တစ်ချက်လွှတ်အမိန့်တော်
မြန်မာပြည်တွင် လဲလှယ် သုံးစွဲနေသော ဂျပန်အစိုးရ စစ်ဘက်ဆိုင်ရာ ငွေစက္ကူများကို တရားဝင် အသိအမှတ်ပြုရန်နှင့် တန်ဘိုးကို မျှတညီညွတ်စေရန် ထုတ်ပြန်သော တစ်ချက်လွှတ်အမိန့်။
၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် လဲလှယ်သုံးစွဲနေသော ငွေစက္ကူများနှင့် ဂျပန်အစိုးရဘက်ဆိုင်ရာ ငွေစက္ကူများကို မြန်မာပြည်တွင် ဥပဒေအရ အသိအမှတ်ပြုရန် အလို့ငှာ အစိုးရက ချက်ချင်း အရေးယူလိုအပ်သည့် အကြောင်းအချက်များ ရှိနေသဖြင့် မြန်မာနိုင်ငံတော် အတွင်းရှိ ဂျပန်တပ်မတော်၏ စစ်သေနာပတိကြီး၏ သဘောတူညီချက်အရ ဝန်ကြီးချုပ်က အောက်ပါတစ်ချက်လွှတ်အမိန့်တော်ကို ထုတ်ပြန်လိုက်သည်။
၁။ (၁) ယခု တစ်ချက်လွှတ် အမိန့်တော်ကို ၁၉၄၂ ခုနှစ် မြန်မာပြည် ငွေကြေး စီစဉ်မှု တစ်ချက်လွှတ် အမိန့်ဟု ခေါ်တွင်အပ်သည်။
(၂) ယခု တစ်ချက်လွှတ် အမိန့်မှာ တစ်ပြည်လုံးနှင့် သက်ဆိုင်စေရမည်။
(၃) ယခု တစ်ချက်လွှတ်အမိန့် ထုတ်ပြန်ကြေညာသည့်နေ့က အစပြုသည့် တစ်လအကုန်တွင် အတည်ဖြစ်စေရမည်။ ငွေကြေးစနစ်သစ်ကို ဥပဒေအရ တည်ထောင်သည့်အချိန်အထိ အတည်ဖြစ်စေရမည်။
၂။ ပဲ၊ ပိုင်ကို ဖျက်သိမ်းရမည်။ ဆင့်ကို မြန်မာပြည်သုံး အဖြစ်ဖြင့် အတည်ဖြစ်စေရမည်။ တစ်ဆင့်သည် ငွေဒင်္ဂါး တစ်ကျပ်၏ တစ်ရာပုံ တစ်ပုံနှင့် ညီမျှမည်။
(က) ရှစ်ပဲ သို့မဟုတ် သတ္တာငါးမူးစေ့ ဆင့် ငါးဆယ်။
(ခ) လေးပဲ သို့မဟုတ် သတ္တာမတ်စေ့ ဆင့် နှစ်ဆယ့်ငါး။
(ဂ) နှစ်ပဲ သို့မဟုတ် သတ္တာမူးစေ့ ဆင့် တစ်ဆယ်။
(ဃ) တစ်ပဲ သို့မဟုတ် သတ္တာပဲစေ့ ငါးဆင့်။
(င) ပိုက်ဆံ ကြေးပြား တစ်ပြား တစ်ဆင့်။
(စ) ပိုက်ဆံ တစ်ဝက် ကြေးပြား

တစ်ပြား ဆင့်တစ်ဝက်။
(ဆ) တစ်ပိုင် ကြေးပြားတစ်ပြား ဆင့်တစ်ဝက်။
၃။ မြန်မာနိုင်ငံတော်ရှိ ဂျပန်တပ်မတော် စစ်သေနာပတိကြီးက ၁၉၄၂ ခုနှစ် မေလ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည့်အတိုင်း ဂျပန်အစိုးရ စစ်ဘက်ဆိုင်ရာ ငွေစက္ကူများသည် ကျပ်၊ ဒေါ်လာသို့မဟုတ် ဆင့်အစိတ်အပိုင်းများ ဖြစ်စေရမည်။ ၎င်းအပြင် ဤငွေစက္ကူများသည် ပုဒ်မ ၃ တွင် ဖော်ပြထားသော ငွေများနှင့် တစ်ချိန်တည်း လဲလှယ်သုံးစွဲနေရမည်။ ဒေါ်လာသည် ကျပ်နှင့်တန်ဘိုး ညီတူမျှတူ ဖြစ်စေရမည်။
၄။ မည်သူမဆို (က) ယခု တစ်ချက်လွှတ် အမိန့်ပါ အချက်များကို ကျူးလွန်သည်ဖြစ်စေ၊ လိုက်နာရန် လစ်ဟင်းသည်ဖြစ်စေ၊ လိုက်နာခြင်းကို ပိတ်ပင်တားဆီးသည်ဖြစ်စေ၊ သို့မဟုတ် (ခ) ငွေဒင်္ဂါး အတုပြုလုပ်သည် ဖြစ်စေ၊ ငွေစက္ကူကို အတုပုံနှိပ်ခြင်းပြုလုပ်သည် ဖြစ်စေ၊ သို့မဟုတ် (ဂ) ငွေဒင်္ဂါးကို အတုပြုလုပ်သည့် နည်းတစ်ခုခု၏ အစိတ်အပိုင်းကို ပြုလုပ်သည်ဖြစ်စေ၊ သို့မဟုတ် ပြင်သည့် နည်းတစ်ခုခု၏ အစိတ်အပိုင်းကိုပြုလုပ်သည် ဆောင်ရွက်သည် သို့မဟုတ် ဝယ်သည် လက်ခံသည်၊ ရောင်းသည်။ သုံးစွဲသည် သို့မဟုတ် အရောင်းအဝယ် ပြုလုပ်သည်။ ငွေ ဒင်္ဂါး လုပ်ရန်နှင့် ငွေစက္ကူလုပ်ရန် အတွက် ဆိုးဆေးသို့မဟုတ် ကရိယာကို ဝယ်သည်၊ လက်ခံသည် ရောင်းသည်၊ သုံးစွဲသည်ဖြစ်စေ၊ သို့မဟုတ် (ဃ) မြန်မာပြည်တွင်းသို့ ငွေစက္ကူကိုတင်သွင်းခြင်း ပြုလုပ်ခဲ့လျှင် ကြီးလေးစွာ အပြစ်ပေးခံရလိမ့်မည်။

ဘမော်၊ ဝန်ကြီးချုပ်
ရန်ကုန်မြို့။
၁၉၄၂ ခု၊ စက်တင်ဘာ၊ ၁၅ရက်။
[မြန်မာ့အလင်း ၁၆–၉–၄၂]
[တိုင်းချစ် ၂၀–၉–၄၂]

၁၇ စက်တင်ဘာ ၁၉၄၂ သခင်ကျော်စိန် သေနတ်ပစ်ခံရသည်။
[ဒေါက်တာမြင့်ဆွေ ဂျပန်ခေတ်ဆေးရုံကြီးဝယ် စာ ၁၄၆]
[မြန်မာ့အလင်း ၂၂–၉–၄၂]

■ ဂျပန် စစ်အုပ်ချုပ်ရေး ဦးစီးဌာနကို ဘုရင်ခံအိမ်တော်ဟောင်းမှ ရန်ကုန်မြို့ဆရာဖြစ်သင် သိပ္ပံကျောင်း အဆောက်အဦသို့ ပြောင်းရွှေ့သည်။
[ဂျပန်ခေတ်စစ်အုပ်ချုပ်ရေး စာ ၉၁]

■ မြန်မာခေတ်သစ်အစိုးရ ဘဏ္ဍာရေးဌာနက ထီ အတိုင်ပင်ခံအဖွဲ့ ဖွဲ့စည်းသည်။
[မြန်မာ့အလင်း ၅–၁၁–၄၃]

၁၈ စက်တင်ဘာ ၁၉၄၂ မန္တလေးမြို့၌ အထူးကျေညာချက် ထုတ်ပြန်ရာတွင် မန္တလေးမြို့သူမြို့သားများ ရန်သူ့လေယာဉ်ပျံများ လာရောက်ဗုံးကြဲသည်ကို တုန်လှုပ်ခြောက်ခြားရန် မလိုကြောင်း၊ ရန်သူလေယာဉ်ပျံလာလျှင် မြို့သူမြို့သားများ ကြိုတင်သိရှိရန် သတိပေးဥသြမှုတ်ရန် စီစဉ်နေသည်ဟုပါရှိသည်။
[တိုင်းချစ် ၂၄–၉–၄၂]

၂၀ စက်တင်ဘာ ၁၉၄၂ မြန်မာနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာ ဘမော်က မြီစား – မြီရှင်များနှင့် အထူး သက်ဆိုင်သော တစ်ချက်လွှတ် အမိန့်ထုတ်ပြန်သည်။
[မြန်မာ့အလင်း ၂၃/၂၄ –၉–၄၂]

■ ဂျပန်အမှတ် ၁၅ တပ်မတော်သည် မြန်မာပြည်သူတို့၏ ယုံကြည်မှု ပိုမိုရရှိရန်နှင့် အိန္ဒိယမူဝါဒ ရေးဆွဲလုပ်ကိုင် ဆောင်ရွက်သွားရန် အလို့ငှာ မြန်မာနိုင်ငံအား လွတ်လပ်ရေး ပေးသင့်မပေးသင့်ကို အဘက်ဘက်မှ လေ့လာသုံးသပ်ပြီးနောက် လွတ်လပ်သော မြန်မာနိုင်ငံအစိုးရ တည်ထောင်ရေးအစီအစဉ်နှင့် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးသင့်ကြောင်း ဆုံးဖြတ်ချက်နှင့် ပတ်သက်သော အချက်အလက်များကို ရေးဆွဲ၍ အာရှတောင်ပိုင်းတပ်မတော် ဌာနချုပ်နှင့် ဗဟိုစစ်ဦးစီးရုံးချုပ်သို့ တင်သွင်းသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၅၈]

■ ဂျပန်ကြည်းတပ်မတော် ဌာနချုပ်သည် ဂျပန်နိုင်ငံရှိ ယိုမီအုရီ (Yomiuri)သတင်းစာတိုက်အား စစ်ဘက်ဆိုင်ရာ အာဏာပိုင်၏ ကြီးကြပ်မှုကို ခံယူကာ မြန်မာနိုင်ငံ၌ သတင်းစာထုတ်ဝေ ဖြန့်ချိခွင့်ကို အပ်နှင်းသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၄၅]

၂၃ စက်တင်ဘာ ၁၉၄၂ တို့ဗမာဆင်းရဲသားအစည်းအရုံး ဌာနချုပ်မှ ကျေညာချက် အမှတ် ၁ ကိုထုတ်ပြန်ကြေညာသည်။ ကြေညာချက်မှာ–

ယခုအခါ ဗမာ့ အဖွဲ့ချုပ်ကြီးဖြစ်သော (တို့ဗမာဆင်းရဲသားအစည်းအရုံးကြီး) ဖွဲ့စည်းပြီးဖြစ်ရာ ရှေ့သို့ ဆောင်ရွက်ရန်လုပ်ငန်းများမှာ အောက်ပါအစီအစဉ်အတိုင်းဖြစ်ပါသည်။
၁။ မကြာမီအတွင်း တို့ဗမာအာဏာရှင်က ခရိုင်ခေါင်းဆောင်၊ မြို့နယ်ခေါင်းဆောင်၊ မြို့မကျေးရွာခေါင်းဆောင်များ ခန့်မည်။
၂။ ခရိုင်ခေါင်းဆောင်များက မိမိတို့ခရိုင်အတွင်းရှိ စုပေါင်းဖွဲ့စည်းမည့်

အဖွဲ့များအား စုဝေးစေပြီးလျှင် ခရိုင်တို့ဗမာ ဆင်းရဲသားအစည်းအရုံး ဖွဲ့စည်းရမည်။ မြို့နယ်၊ မြို့မကျေးရွာများ၌လည်း ထိုနည်းတူပြုလုပ်ရမည်။

၃။ အစည်းအရုံးဖွဲ့စည်းပြီးမှ ဗဟိုကပေးသော ပုံစံဖြတ်ပိုင်းများဖြင့်သာ အသင်းသားများကို လက်ခံ၍ နှစ်စဉ်ကြေးငွေများ ကောက်ခံရမည်။ ယခုအတောအတွင်း နှစ်စဉ်ကြေးသဒ္ဓါကြေးများ လုံးဝကောက်ခံခြင်းမပြုရ။

သခင်နု၊ ဌာနချုပ်မှူး
[မြန်မာ့အလင်း ၂၃-၉-၄၂]

၂၅ စက်တင်ဘာ ၁၉၄၂ တို့ဗမာအာဏာရှင်ကြီး ဒေါက်တာ ဘမော်က တို့ဗမာအစည်းအရုံး တာဝန်ခံများအဖြစ် ဌာနချုပ်မှူး သခင်နု၊ ဒုတိယ ဌာနချုပ်မှူး သခင်ချစ်၊ ဒုတိယ ဌာနချုပ်မှူး သခင်ညီ၊ ဝါဒပြန့်ပွားရေးမှူး သခင်တင်၊ စီးပွားရေးမှူး သခင်သင်၊ ဘဏ္ဍာရေးမှူး ဦးသန့်ဇင်၊ တို့ဗမာ့ တက်လူမှူး သခင်တင်ထွန်း၊ စည်းရုံးရေးမှူး (အောက်မြန်မာပြည်) သခင်ဝတင်၊ (အထက်မြန်မာပြည်) ဦးကိုကိုကြီး၊ (ရခိုင်တိုင်းနှင့် ချင်းတောင်) ဦးအောင်ဇံဝေ ၊ (တနင်္သာရီတိုင်း) သခင်ခင်အောင်၊ ဌာနချုပ်၏အတွင်းရေးမှူး ဦးသိန်း တို့အား ခန့်အပ်တာဝန်ပေးသည်။
[မြန်မာ့အလင်း ၂၅-၉-၄၂]

■ တို့ဗမာဆင်းရဲသား အစည်းအရုံးဝါဒဖြန့်ချိရေးမှူး သခင်တင်က ကြေညာချက် တစ်ရပ်ထုတ်ပြန်ရာတွင် တို့ဗမာ အစည်းအရုံးဝင်အားလုံးတို့သည် တစ်သွေးတစ်သံတစ်မိန့်ဝါဒကို အားလုံးလိုက်နာကြရမည်ဖြစ်သည့်အတိုင်း ဌာနချုပ်မှခွင့်ပြုထားသော စာတမ်းစာရွက်များ ပုံနှိပ်ဝေငှခြင်း၊ ဌာနချုပ်မှအသိအမှတ် အခွင့်ပြုထားသောစည်းမျဉ်းအတိုင်း ဟောပြောခြင်းတို့မှတစ်ပါး၊ အခြားနည်း စာရွက်စာတမ်းများ ဝေငှခြင်း ဟောပြောခြင်းတို့ကို မပြုလုပ်ကြရန် ကြပ်တည်းစွာတားမြစ်လိုက်သည် ဟုပါရှိသည်။
[မြန်မာ့အလင်း ၂၅-၉-၄၂]

၂၆ စက်တင်ဘာ ၁၉၄၂ မြန်မာပညာရှိတစ်ဦး ဖြစ်သော အဝေးရောက်မင်း ဦးအောင်ကြီး ရွှေဘိုမြို့၌ကွယ်လွန် သည်။
[မြန်မာ့အလင်း ၂၀-၁၀-၄၂]

၂၉ စက်တင်ဘာ ၁၉၄၂ ဗြိတိသျှလေယာဉ် ၁၃ စင်းခန့် မန္တလေးမြို့ပေါ်သို့ ဖြတ်သန်းသွားရင်း ဗုံးကြဲချသွားသည်။
[တိုင်းချစ် ၃၀-၉-၄၂]
[မြန်မာ့အလင်း ၂-၁၀-၄၂]

■ရန်ကုန်မြို့ဂျင်မခါနာ (Gym-Khana)ကလပ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်ဌာနချုပ်မှ မြန်မာဗိုလ်ကြီး အားလုံးနှင့် ဂျပန်စစ်ဗိုလ်ကြီး အားလုံး တွေ့ဆုံ မိတ်ဆက်ထမင်းစားပွဲကြီး ကျင်းပသည်။
[မြန်မာ့အလင်း ၃-၁၀-၄၂]

## အောက်တိုဘာလ

၁ အောက်တိုဘာ ၁၉၄၂ ယိုးဒယားမြန်မာ မီးရထားလမ်း ဖောက်လုပ်ရေးအတွက် စတင်စီစဉ်ဆောင်ရွက်သည်။
[**The war Dead of the Common wealth - 1939-45**, Thanbyu-zayat war cemetery Part 1, London war graves Commission 1961.*P IV* ]

၄ အောက်တိုဘာ ၁၉၄၂ မန္တလေးမြို့တွင် အရှေ့အာရှတိုက်လူငယ်များ အစည်းအရုံး တည်ထောင်သည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-ပ စာ ၂၈၁]

■ရန်ကုန်မြို့အတွင်းဝန်များရုံး (ယခုဝန်ကြီးများရုံး)ရှိဝန်ကြီးချုပ် ဒေါက်တာ ဘမော်ရုံးခန်းသို့ ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် ယိုးဒယားမှ အစပြုလိုက်ပါ တိုက်ခိုက်ခဲ့သည့် မြန်မာလူမျိုး စစ်ဗိုလ်နှင့် စစ်သား ၃၂ ဦးက စားဝတ်နေရေး အကူအညီပေးရန် တင်ပြရာ ဒေါက်တာဘမော်က ကူညီမည်ဟု ပြောကြားသည်။
[လူထုဦးလှ သတင်းစာများပြောပြတဲ့ စစ်တွင်းဗမာပြည် [ဒုတိယတွဲ] မန္တလေး ကြီးပွားရေးပုံနှိပ်၊ ၁၉၆၈။ စာ-၄၇-၄၈ နောင်ကိုးကားလျှင် လူထုဦးလှ စစ်တွင်းဗမာပြည် (ဒု) ဟုညွှန်းမည်။]

၇ အောက်တိုဘာ ၁၉၄၂ ဗြိတိသျှလေယာဉ်များ မန္တလေးမြို့ပေါ် ဗုံးများ ကြဲသည်။
[လူထုဦးလှ သတင်းစာများပြောပြတဲ့ စစ်တွင်းဗမာပြည် [စတုတ္ထတွဲ] မန္တလေး ကြီးပွားရေးပုံနှိပ်၊ ၁၉၆၈။ စာ၂၃၈ နောင်ကိုးကားလျှင် လူထုဦးလှ စစ်တွင်းဗမာပြည် (စ) ဟုညွှန်းမည်။]

၈ အောက်တိုဘာ ၁၉၄၂ ရှာစားကြီး စိန်ဗေဒါ ရန်ကုန်မြို့ ရွှေတောင်တန်းတွင် ကွယ်လွန်သည်။
[ဒေါက်တာမြင့်ဆွေ ဂျပန်ခေတ် ဆေးရုံကြီးဝယ် စာ ၁၂၆]
[မြန်မာ့အလင်း ၁၁-၁၀-၄၂]

၁၀ အောက်တိုဘာ ၁၉၄၂ မြန်မာပြည် အစိုးရဝန်ကြီးချုပ် ဒေါက်တာဘမော်သည် မြန်မာပြည်အသံလွှင့်

ရုံမှ မိန့်ခွန်းပြောကြားသည်။ မိန့်ခွန်းတွင် ပါသည့် အထူးအကြောင်း သုံးချက်မှာ
(၁) အရှေ့အာရှတိုက်စစ်
(၂) ဗမာ့လွတ်လပ်ရေး
(၃) အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းအစီအစဉ်တို့ဖြစ်သည်။
[မြန်မာ့အလင်း ၁၄-၁၀-၄၂]

၁၃ အောက်တိုဘာ ၁၉၄၂ ဗမာ့ကာကွယ်ရေး စစ်တပ်ဗိုလ်မှူးကြီးအောင်ဆန်း ပျဉ်းမနား စစ်ကျောင်းကို စစ်ဆေးကြည့်ရှုသည်။
[မြန်မာ့အလင်း ၁၈-၁၀-၄၂]

၁၅ အောက်တိုဘာ ၁၉၄၂ မန္တလေးမြို့တွင် ဂျပန်ဘာသာသင်ကျောင်း စတင်ဖွင့်လှစ်သည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-ပ စာ ၂၈၀]

၁၈ အောက်တိုဘာ ၁၉၄၂ ဂျပန်စစ်ဘက်ပြန်ကြားရေးဌာနမှ "သူလျှိုနှိမ်နင်းရေး" ကြေညာချက် ထုတ်ပြန်သည်။
၁။ စစ်သည်အင်အား၊ နေရာ၊ လှုပ်ရှားမှုစသော ဂျပန်စစ်တပ်၏ အကြောင်းများကို မည်သူ့မျှ မပြောရ။
၂။ တစ်စုံတစ်ယောက် လာမေးပါက ၎င်းသည် သူလျှိုဖြစ်သည်။ ဂျပန်စစ်ပုလိပ်သို့ ချက်ချင်းတိုင်ကြားရမည်ဟု ပါရှိသည်။
[မြန်မာ့အလင်း ၁၈-၁၀-၄၂]

၂၁ အောက်တိုဘာ ၁၉၄၂ တို့ဗမာအစည်းအရုံး ဝါဒဖြန့်ရေးမှူး သခင်တင်က ကြေညာတစ်ရပ် ထုတ်ပြန်ရာတွင် အစည်းအရုံးကို တို့ဗမာအစည်းအရုံးများနှင့် ဆင်းရဲသားအစည်းအရုံးတို့ကို ပေါင်းစပ်၍ ဖွဲ့စည်းခြင်း မဟုတ်ဘဲ သခင်ကိုယ်တော်မှိုင်း ကြီးမှူးခဲ့သော တို့ဗမာအစည်းအရုံး၊ သခင်ထွန်းအုပ်ကြီးမှူးသော တို့ဗမာအစည်းအရုံး၊ ဒေါက်တာဘမော် ကြီးမှူးခဲ့သော ဆင်းရဲသား ဝံသာနု အစည်းအရုံးများကို လုံးဝဖျက်သိမ်းစေ၍ အင်္ဂလိပ်တို့၏ သွေးခွဲစနစ်ကို အမြစ် မှ နုတ်ပယ်ပြီးလျှင် ခေတ်သစ်နိုင်ငံကို ထူထောင်ရန် သခင်ကိုယ်တော်မှိုင်း၊ ဒေါက်တာဘမော်၊ သခင်ထွန်းအုပ်၊ သခင်မြ၊ သခင်ဗစိန်၊ ဦးဘဝင်း၊ သခင်သန်းထွန်းနှင့် ဗန္ဓုလဦးစိန် တို့က ဦးဆောင်၍ တို့ဗမာဆင်းရဲသားအစည်းအရုံးကို အသစ်တည် ထောင်ခြင်းဖြစ်၍ ဖြစ်ကြောင်းပါရှိသည်။
[မြန်မာ့အလင်း ၂၃-၁၀-၄၂]

၂၂ အောက်တိုဘာ ၁၉၄၂ မန္တလေးမြို့တွင် အထက်မြန်မာနိုင်ငံ မြန်မာပြည် ခေတ်သစ်အစိုးရ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။
[မြန်မာ့အလင်း ၂၉-၁၀-၄၂]

■မြန်မာပြည်ခေတ်သစ်အစိုးရသည် ကရင်-ဗမာချစ်ကြည်ရေး မိတ်ဆက်အဖွဲ့ကို ဖွဲ့စည်း၍ အဖွဲ့ဝင်ပုဂ္ဂိုလ်ကြီးများက မြောင်းမြ၊ မအူပင်၊ ပုသိမ်ခရိုင်များသို့ လှည့်လည်ကာ ကရင် - ဗမာ ချစ်ကြည်ရေးကိစ္စတို့ကို ဆောင်ရွက်သည်။
[ဗမာ့ခေတ် ၆-၁၂-၄၂]

၂၃ အောက်တိုဘာ ၁၉၄၂ မြန်မာပြည် ဝါဒဖြန့်ဖြူးရေးဌာနမှ တောင်သူလယ်သမားတို့အား ဩဇာတာ ထောက်ထား၍ ၁၉၄၁-၄၂ ဘဏ္ဍာတော်နှစ်အတွက် လယ်ခွန်တော်များ စည်းကြပ် ကောက်ခံခြင်းမှ လုံးဝလွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်ကြောင်း ကြေညာသည်။
[မြန်မာ့အလင်း ၂၃-၁၀-၄၂]

အောက်တိုဘာ ၁၉၄၂ ယိုမီအူရီသတင်းစာတိုက်က ရန်ကုန်မြို့ စပတ်လမ်း (ယခုဗိုလ်အောင်ကျော်လမ်း)တွင် ဘိရမာရှင်ဘွန်း ခေါ် မြန်မာသတင်းစာတိုက် တည်ထောင်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၄၅]

နိုဝင်ဘာလ

၂ နိုဝင်ဘာ ၁၉၄၂ မြန်မာပြည်အစိုးရ ကုန်စည်ကြီးကြပ်ရေးဌာနက ကြီးမှူး၍ ကုန်စည်ကြီးကြပ်ရေး အစည်းအဝေး ကျင်းပသည်။
[မြန်မာ့အလင်း ၄-၁၁-၄၂]

၃ နိုဝင်ဘာ ၁၉၄၂ မြန်မာပြည် နိပွန်အသင်းကြီးဖွင့် ပွဲကျင်းပသည်။
[မြန်မာ့အလင်း ၆-၁၁-၄၂]

၄ နိုဝင်ဘာ ၁၉၄၂ မြန်မာပြည် ရုပ်ရှင်အသင်းကြီးကို တည်ထောင်သည်။
[မြန်မာ့အလင်း ၅-၁၁-၄၂]

၈ နိုဝင်ဘာ ၁၉၄၂ ရန်ကုန်မြို့ ကျိုက္ကစံမြင်းကွင်းကြီး အတွင်း၌ မြင်းကွင်း ပြန်လည် တည်ဆောက်ရန် အစည်းအဝေးပြု လုပ်သည်။ ရန်ကုန် တပ်ကလပ်(Yangon Turf Club)အမည်ကို ရန်ကုန် မြင်းပြိုင်အသင်းအဖြစ် ဖွဲ့စည်းကြောင်း ဆုံးဖြတ်သည်။
[မြန်မာ့အလင်း ၁၁-၁၁-၄၂]

၁၀ နိုဝင်ဘာ ၁၉၄၂ အာဏာရှင်ဂိုဏ်း၊ ဆင်းရဲသားဝံသာနုအဖွဲ့၊ သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော တို့ဗမာအစည်းအရုံးတို့က ၎င်းတို့ အသင်းများကို ဖျက်သိမ်းပြီး အသင်း

သားများအား အသစ်တည်ထောင်ပြီးဖြစ်သော တို့ဗမာဆင်းရဲသားအစည်းအရုံးသို့ ပါဝင်ကြရမည်ဟု ကြေညာသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-၃ စာ ၉၁]

■ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးကြီးနှင့် တိုင်းရင်းသား ကရင်အမျိုးသားအသင်းကဧင်းတို့ အသင်းများ ဖျက်သိမ်းပြီး တို့ဗမာ ဆင်းရဲသား အစည်းအရုံးသို့ ဝင် ရောက်ရန် ကြေညာသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-၃ စာ ၉၂]

■ စစ်တွေမြို့ပေါ် ပျံသန်းလာသော ဗြိတိသျှစစ်လေယာဉ်များကို ဂျပန်တိုက်လေယာဉ်များက တိုက်ခိုက်ကာ ဗြိတိသျှလေယာဉ်များကို ပစ်ချသည်။
[မြန်မာ့အလင်း ၁၇-၁၁-၄၂]

၁၄ နိုဝင်ဘာ ၁၉၄၂ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံလာရောက်သည့် စစ်သေနာပတိချုပ်ကြီး အိုကာဘေ (OKa-be)က ရွှေတိဂုံစေတီတော်ကြီးအတွက် ငွေကျပ် ၅၀၀၀၀ လှူဒါန်းသည်။
[မြန်မာ့အလင်း ၂၇-၁၁-၄၂]

■ ဂျပန် စစ်အုပ်ချုပ်ရေးရုံးက တစ်ချက်လွှတ် အမိန့်ထုတ်ပြန်၍ ရှမ်းပြည်နယ် အုပ်ချုပ်ရေးရုံး တည်ထောင်ရန် ညွှန်ကြားသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၅၂/၃၀၅]
[Japanese Military Administration, Documents, 1941-1945: *PP 203-205*]

၁၅ နိုဝင်ဘာ ၁၉၄၂ မြန်မာပြည်ခေတ်သစ်အစိုးရ ပထမအကြိမ် ထီဖွင့်ပွဲ ကျင်းပသည်။
[မြန်မာ့အလင်း ၂၀-၁၁-၄၂]

၁၆ နိုဝင်ဘာ ၁၉၄၂ မြန်မာနိုင်ငံအစိုးရဝန်ကြီးချုပ် ဒေါက်တာဘမော်က ဗမာ့ကာကွယ်ရေး တပ်မတော် ဗိုလ်သင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးပြီး မိန့်ခွန်းပြောကြားသည်။
[မြန်မာ့အလင်း ၁၉-၁၁-၄၂]

■ဗမာ့ခေတ်သတင်းစာ စတင်ထုတ်ဝေရာ စုစုပေါင်း စောင်ရေ ၈၀၀ သာ ထုတ်ဝေနိုင်ခဲ့သည်။
[မြန်မာ့အလင်း ၁၇-၁၁-၄၂]

၁၇ နိုဝင်ဘာ ၁၉၄၂ ဂျပန်အစိုးရနှင့် ယိုးဒယားအစိုးရတို့ ယိုးဒယား-မြန်မာ မီးရထားလမ်း ဖောက်လုပ်ရေးစာချုပ် ချုပ်ဆိုသည်။
[မြန်မာ့အလင်း ၁၉-၁၁-၄၂]



■ဂျပန် အမှတ် ၁၈ တပ်မက ရှမ်း-ပဒေါင်အရေးအခင်းကို ကြားဝင်ဖြေရှင်းပေးပြီး ချစ်ကြည်ရေးစာချုပ် ချုပ်ဆိုစေသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၁၁]

■ည ၉ နာရီအချိန်တွင် ရန်ကုန်မြို့မြောက်ဘက်တွင် ဗြိတိသျှလေယာဉ်လေးစီးက ဗုံးများကြဲချရာ ဂျပန်တို့က လေယာဉ်ပစ်အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်။
[မြန်မာ့အလင်း ၁၉-၁၁-၄၂]

၁၉ နိုဝင်ဘာ ၁၉၄၂ ဗုဒ္ဓဘာသာသာသနာအစည်းအရုံး ဗဟိုဌာနအထွေထွေ တာဝန်ဆောင်မှူးချုပ် ဦးတိလောကညာဏက ဗုဒ္ဓဘာသာသာသနာ အစည်းအရုံး၏ အဓိကရည်ရွယ်ချက်မှာ သာ သနာရေးနှင့် ဘာသာရေးဖြစ်၍ မိစ္ဆာ အင်္ဂလိပ်တို့လက်ထက် ကကဲ့သို့ နိုင်ငံရေးနှင့် လုံးဝ မပတ်သက်သည့် အပြင် အစည်း အရုံး ရည်ရွယ်ချက် (ဃ) အရ မြန်မာပြည်နှင့် တကွ အာရှတိုက်ကြီး၏ ကောင်းစားရေးကိုမူကား ဘုရားတရားတော်နှင့် မဆန့်ကျင်သော အချက်ဟူသမျှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။
[မြန်မာ့အလင်း ၁၉-၁၁-၄၂]

၂၀ နိုဝင်ဘာ ၁၉၄၂ ဗြိတိသျှလေယာဉ်များ မန္တလေးမြို့ပေါ် ဗုံးကြဲချသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-၃ စာ ၁၃၉]

၂၄ နိုဝင်ဘာ ၁၉၄၂ ဗမာ့ကာကွယ်ရေးတပ်မတော် သေနာပတိ ဗိုလ်မှူးကြီးအောင်ဆန်းက တပ်မတော်သို့ ဝင်ရောက် စစ်မှုထမ်းရန်ကိစ္စနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။
[သူရိယ ၂-၁၂-၄၂]

၂၅ နိုဝင်ဘာ ၁၉၄၂ ရန်ကုန်မြို့၊ ပြည်လမ်း စိန်ဗင်းဆင့်ကျောင်း ဗမာ့ကာကွယ်ရေးတပ်မတော် စစ်ဌာနချုပ်ရုံးကြီး၌ နေ့လည် ၁၃း၀၀ နာရီတွင် ဗမာ့ကာကွယ်ရေး တပ်မတော် စစ်မှုပြင်ဆင်ရေးရုံးဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဖူကူအီက ဂျပန်နှင့် မြန်မာသတင်းစာဆရာများအား တွေ့ဆုံပြီး ဗမာ့ကာကွယ်ရေး တပ်မတော်ကြီးအတွက် ဧပြီ ၁ ရက်မှစ၍ စစ်သားသစ်များ စုဆောင်းမည့်အကြောင်းနှင့် ဗမာကာကွယ်ရေး တပ်မတော် အကြောင်းကို မြန်မာဘာသာဖြင့် စီစဉ်ထားပြီး မျက်နှာဖုံးတွင် လက်နက်ကိုင် မြန်မာ့စစ်သား

တစ်ဦး ဒေါင်းအလံကြီးအနီးတွင် ရပ်နေပုံကို ဖော်ပြထားသည့် စာအုပ်ကို ဝေငှသည်။
[မြန်မာ့အလင်း ၂၇-၁၁-၄၂]

■ရှမ်းပြည်နယ် အုပ်ချုပ်ရေးရုံးကို တောင်ကြီးမြို့တွင် ထူထောင်သည်။
[Japanese Military Administration, Documents, 1941-1945: *PP 206-216*]

■ည ၁၂း ၃၀ နာရီတွင် ရန်ကုန်မြို့ မြောက်ပိုင်းသို့ ဗြိတိသျှလေယာဉ်ပျံ အချို့ချဉ်းကပ်လာကာ ဗုံးကြဲသည်။ ဂျပန်လေယာဉ်ပစ် အမြောက်တပ်က ပစ်ခတ် တိုက်ခိုက်သည့်အတွက် ဗြိတိသျှ လေယာဉ်ပျံ တစ်စင်း မီးလောင်ပျက်ကျသည်။
[မြန်မာ့အလင်း ၂၇-၁၁-၄၂]

၂၆ နိုဝင်ဘာ ၁၉၄၂ ဗမာ့ကာကွယ်ရေး တပ်မတော် စစ်မှုပြင်ဆင်ရေးရုံး ဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဖူကူအီက ဗမာပြည်အသံလွှင့်ရုံမှ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဖွဲ့စည်းရာတွင် လိုက်နာခဲ့သည့် စည်းကမ်းအချက်များကို ဟောပြောသည်။
[မြန်မာ့အလင်း ၁-၁၂-၄၂]

၂၇ နိုဝင်ဘာ ၁၉၄၂ ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်မှူးကြီးအောင်ဆန်းက မြန်မာပြည်အသံလွှင့်ရုံမှ ဗမာ့ကာကွယ်ရေး တပ်မတော် အကြောင်းဟောပြောသည်။
[မြန်မာ့အလင်း ၂-၁၂-၄၂]

၂၉ နိုဝင်ဘာ ၁၉၄၂ ဗမာ့ကာကွယ်ရေးတပ်မတော်နှင့် အာရှလူငယ်များ မိတ်ဆက်ပွဲ ကျင်းပသည်။
[မြန်မာ့အလင်း ၆-၁၂-၄၂]

ဒီဇင်ဘာလ

၁ ဒီဇင်ဘာ ၁၉၄၂ အမှတ် ၁၅ တပ်မတော် စစ်အုပ်ချုပ်ရေး အမိန့်ကို ပြဋ္ဌာန်း၍ ဥပဒေပြုနည်းနှင့် ထုတ်ပြန်ကြေညာနည်းတို့ကို သတ်မှတ်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၅၃]

၂ ဒီဇင်ဘာလ ၁၉၄၂ ရန်ကုန်မြို့ နေပြည်တော် စည်ပင်ရေး ခမ်းမ၌ ဗမာ့ကာကွယ်ရေး တပ်မတော်က ကြီးမှူး၍ ၂၂ ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပသည်။
[မြန်မာ့အလင်း ၄-၁၂-၄၂]

■ဒေါက်တာဘမော်က တို့ဗမာဆင်းရဲသားအစည်းအရုံး နယ်ခေါင်းဆောင်များ ခန့်အပ်ပွဲတွင် မိန့်ခွန်းပြောကြားသည်။
[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး(ပ) စာ ၆၉]

၄ ဒီဇင်ဘာ ၁၉၄၂ ရန်ကုန်နေပြည်တော်တွင်အောင်မြေပျိုးရန် အတွက် ရွှေဘိုမြို့တောင်- မူးတူးမြောင်း၏ တောင်ဘက်၊ ရွှေဘို-မန္တလေးကားလမ်း အနောက်ဘက်ရှိ ယာကလေးမှ အောင်မြေ(Soil of Victory) ကို နံနက် ၉ နာရီတွင် ခရိုင်ဝန် ဦးအောင် စိုးက ရွှေတူးရွင်း ငွေတူးရွင်းများဖြင့်တူး၍ ရွှေကြုတ်တွင် ထည့်ကာ ရွှေချက်သိုစေတီသို့ ယူဆောင်သည်။
[လူထုဦးလှ စစ်တွင်းဗမာပြည် ၃ စာ ၂၂၃-၂၂၄]

၅ ဒီဇင်ဘာ ၁၉၄၂ ရွှေဘိုမြို့မှ အောင်မြေကို ရန်ကုန်နေပြည်တော်သို့ ကားဖြင့် စတင်သယ်ဆောင်သည်။
[လူထုဦးလှ စစ်တွင်းဗမာပြည် ၃ စာ ၂၂၅]

၈ ဒီဇင်ဘာ ၁၉၄၂ မြန်မာနိုင်ငံ အစိုးရ ဝန်ကြီးချုပ် ဒေါက်တာဘမော်က ရန်ကုန်မြို့ ကန်တော်ကြီး အလယ်ကျွန်းအဝင်ဝ ကုန်းရိပ်သာ ဗမာ့ခေတ်သစ်ကျောက်တိုင် စိုက်ထူမည့်နေရာတွင် အောင်မြေပျိုး၍ အုတ်မြစ်ချ အခမ်းအနား ပြုလုပ်သည်။
[မြန်မာ့အလင်း ၁၀-၁၂-၄၂]

■ရန်ကုန်နေပြည်တော် ခန်းမကြီး၌ အာရှတိုက် စစ်ပွဲ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် လူထုအစည်းအဝေးပွဲကြီး ကျင်းပသည်။
[မြန်မာ့အလင်း ၁၀-၁၂-၄၂]

■ စာရေးဆရာစာစောင် အမှတ် ၁ ကို စတင်ထုတ်ဝေသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည် (၃) စာ ၂၈၁]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၄၄]

၁၀ ဒီဇင်ဘာ ၁၉၄၂ ဗမာနိုင်ငံလုံးဆိုင်ရာ ဗဟိုမျိုးချစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြက မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မျိုးချစ်အသင်းများကို ဖျက်သိမ်းကြောင်း ကြေညာသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည် (၃) စာ ၂၆၃]
[မြန်မာ့အလင်း ၁၂-၁၂-၄၂]

၁၃ ဒီဇင်ဘာ ၁၉၄၂ ဂျပန်အမှတ် ၁၅ တပ်မတော်က စစ်ဘက်ဆိုင်ရာ တစ်ချက်လွှတ်အမိန့်ကို ထုတ်ပြန်ကြေညာသည်။ ထုတ်ပြန်ရသည့် ရည်ရွယ်ချက်မှာ မိမိနိုင်ငံအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကာကွယ်စောင့်ရှောက်လိုသော စိတ်ဓာတ်ကို မြန်မာပြည်သူလူထုအား နှိုးဆော် မွေးထုတ်လိုသော အချက်ကြောင့် ဖြစ်သည်။ ထိုအမိန့်အရ ပြည်သူ့ကာကွယ်ရေး

လုပ်အားပေးအဖွဲ့ (ဗမာ့ဝန်ထမ်း
အဖွဲ့ချုပ်ကြီး) ဖွဲ့စည်းရန်ဖြစ်သည်။
[ဂျပန်စစ်အုပ်ရေးခေတ် စာ ၁၁၃-၄]
[လူထုဦးလှ သတင်းစာများက ပြောတဲ့
စစ်အတွင်းဗမာပြည် (တတိယတွဲ)
မန္တလေး၊ ကြီးပွားရေးပုံနှိပ်၊ ၁၉၆၈၊ စာ
၁၂၁။ နောင်ကိုးကားလျှင် လူထုဦးလှ စစ်
အတွင်းဗမာပြည်-တ ဟုညွှန်းမည်]

၁၅ ဒီဇင်ဘာ ၁၉၄၂ ရှမ်းစော်ဘွား
များ ကွန်ဖရင့်ကျင်းပရာ ဂျပန်စစ်
သေနာပတိ ဗိုလ်ချုပ်ကြီး အီးဒါး
တက်ရောက်၍ ရှမ်းစော်ဘွားများ မိမိ
နယ်မိမိ ပြန်၍အုပ်ချုပ်ရန် ခန့်အပ်
လွှာပေးအပ်သည်။
[မြန်မာ့အလင်း ၃၁-၁၂-၄၂]
[မြန်မာ့အလင်း ၁-၁-၁၉၄၃]

၁၆ ဒီဇင်ဘာ ၁၉၄၂ ရန်ကုန်မြို့
ဆူးလေဘုရားလမ်းရှိ ဂင်ဇာပွဲရုံတွင်
ဂျပန်စာရေးဆရာများနှင့် မြန်မာစာ
ရေးဆရာများ မိတ်ဆက် လက်ဖက်
ရည်ပွဲ ကျင်းပသည်။
[မြန်မာ့အလင်း ၁၈-၁၂-၄၂]

၁၇ ဒီဇင်ဘာ ၁၉၄၂ မြန်မာနိုင်ငံ
ခေတ်သစ်အစိုးရ တွဲဖက် ဝန်ကြီး
သခင်မြအား ပြည်ထဲရေးဝန်ကြီး
အဖြစ် ခန့်အပ်သည်။
[မြန်မာ့အလင်း ၂၃-၁၂-၄၂]

■ဗြိတိသျှတပ်များနှင့်အိန္ဒိယတပ်များ
ရခိုင်ပြည်နယ်ရှိ မောင်းတောနှင့် ဘူး
သီးတောင်မြို့များကို သိမ်းပိုက်
သည်။
[**Burma Struggle** Vol .I *PXLV*]

၁၈ ဒီဇင်ဘာ ၁၉၄၂ မြန်မာနိုင်ငံ
ခေတ်သစ်အစိုးရ ပြန်ကြားရေးဝန်
ရုံးမှ ယိုးဒယား - မြန်မာ မီးရထား
လမ်း ဖောက်လုပ်ရန် ချွေးနှင့်ရင်းရ
သည့် အလုပ်သမားတပ်ကြီး တည်
ထောင်မည်ဟု ကြေညာသည်။
အလုပ်သမား ၂၀၀၀၀ လိုအပ်မည့်
အကြောင်း၊ အလုပ်သမားများရရှိ
မည့် လစာ၊ နေအိမ်၊ ဆေးဝါးစသည့်
အခွင့်အရေးများ ဖော်ပြပြီး အလုပ်
သမားတပ်သို့ ဝင်ရောက်ရန် နှိုးဆော်
သည်။
[မြန်မာ့အလင်း ၁၈-၁၂-၄၂]

■ ဦးဘစော (ဝန်ကြီးချုပ်၏အတွင်း
ဝန်) ဥက္ကဋ္ဌအဖြစ် ပါဝင်သော
ယိုးဒယား - မြန်မာ မီးရထားလမ်း
ဖောက်လုပ်ရေးအတွက် အလုပ်
သမား စုဆောင်း စောင့်ရှောက်ရေး
အဖွဲ့ကြီး ဖွဲ့စည်းသည်။ ယိုးဒယား-
မြန်မာ မီးရထားလမ်း ဖောက်လုပ်ရ
ခြင်း၏ အဓိကရည်ရွယ်ချက်လေး
ရပ်မှာ -
၁။ ယခုတိုက်လျက်ရှိသော မဟာ
အာရှစစ်ပွဲကြီးတွင် ဂျပန် အောင်မြင်
မှုအတွက် အထူးအရေး ကြီးသော
လက်နက်၊ ခဲယမ်း မီးကျောက်များ
ကို အမြန်ဆုံး နည်းဖြင့် သယ်ယူပို့
ဆောင်ပေးရန်။
၂။ မြန်မာနိုင်ငံ ထွက်ကုန် ဝင်ကုန်
များကို အမြန်ဆုံး သယ်ယူပို့ဆောင်
ရောင်းဝယ်နိုင်ရန်။
၃။ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ
လွယ်ကူစွာ မဟာမိတ်ချစ်ကြည်ရေး
ပြုလုပ်နိုင်ရန်။
၄။ စစ်ဒဏ်ကြောင့် မြန်မာလူမျိုး
များဆင်းရဲကြပ်တည်းနေရာ မီးရ
ထားလမ်းဖောက်လုပ်ပြီးလျှင် မြန်မာ
ပြည်ချမ်းသာကြွယ်ဝလာစေရန်တို့
ဖြစ်သည်။
[လူထုဦးလှ စစ်တွင်းဗမာပြည် (၃) စာ
၂၈၂-၂၈၅]
[စာရေးဆရာစာစောင်အမှတ်၄ ၁၉၄၃၊
စာ ၅၄]
[မြန်မာ့အလင်း ၁၈-၁၂-၄၂]

၁၉ ဒီဇင်ဘာ ၁၉၄၂ မြန်မာခေတ်
သစ်အစိုးရ ဝါဒဖြန့်ချိရေးဌာနမှ
ကျေညာချက် တစ်ရပ်ထုတ်ပြန်ရာ
တွင် အစိုးရရုံးကိစ္စများနှင့် ပတ်သက်
၍ အစိုးရအရာရှိများနှင့် ဆက်ဆံရာ
တွင် လက်အောက်ငယ်သားများနှင့်
ပြည်သူများက အရှင်ဘုရား၊ သခင်
ကြီး စသည်ဖြင့်သုံးနှုန်းကာ ဘိနပ်
ချွတ်၊ ပုဆစ်ဒူးတုပ်ထိုင်ခြင်းများ
သည် ပြုလုပ်သူ၏ ဂုဏ်ကိုသာမက
မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်ကို
ထိခိုက်စေနိုင်သဖြင့် အစိုးရအတွင်း
ဝန်များ၊ ဌာနအသီးသီးမှ ညွှန်ကြား
ရေးဝန်များနှင့် ခရိုင်နယ် တရားဌာန
အကြီးအကဲများသည် ထိုအပြုအမူ
များပြုလုပ်ခြင်းကို ခွင့်မပြုရန် အမိန့်
ထုတ်သည်။
[မြန်မာ့အလင်း ၁၉-၁၂-၄၂]

■မြန်မာခေတ်သစ်အစိုးရပြန်ကြား
ရေးဝန်က မြန်မာခေတ်သစ်အစိုးရ
သည် ပြည်သူပြည်သားတို့၏အကျိုး
ကို အထူးကြည့်ရှုလုပ်ကိုင်လျက်ရှိ
ပြီး အစိုးရသည် အလုပ်သမားများ
အတင်းအကြပ် စုဆောင်းနေခြင်းကို
ချက်ချင်း ရပ်ဆိုင်းလိုက်ကြောင်း၊ ဦး
ဘတင်အား ရိက္ခာထောက်ပန့်ရေး
အရာရှိအဖြစ် ခန့်အပ်ပြီး သံဖြူဇရပ်
ရှိ အလုပ်သမား ၆၀၀၀ ကို စောင့်
ရှောက်ရန် စေလွှတ်လိုက်ကြောင်း
ကြေညာသည်။
[မြန်မာ့အလင်း ၁၉-၁၂-၄၂]

၂၀ ဒီဇင်ဘာ ၁၉၄၂ မြန်မာခေတ်
သစ်အစိုးရ ဝါဒဖြန့်ချိရေးညွှန်ကြား
ရေးဝန်ရုံးမှ တိုင်းသူပြည်သားတို့
အား ရန်သူတို့၏ အသံလွှင့် ဟော
ပြောချက်များကို အလျင်းနား
မထောင်ရန် တားမြစ် ပိတ်ပင်လိုက်
သည်။ စစ်အရာရှိများ၏ ထောက်ခံ

ခွင့်ပြုချက် မရသော ရေဒီယိုပိုင်ရှင်များ၊ အသုံးပြုသူများအား ကြီးလေးသော အပြစ်ဒဏ်ခံရမည်ဟု ကြေညာသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-ဒု စာ ၃၀၉-၃၁၀]
[မြန်မာ့အလင်း ၂၉-၁၂-၄၂]

■ရန်ကုန်မြို့ပေါ်သို့ ဗြိတိသျှလေယာဉ်ပျံများ အမြင့်မှ ပျံသန်းလာပြီး ရန်ကုန်မြို့ မြောက်ဘက်သို့ ဗုံးများ ကြဲချသည်။
[မြန်မာ့အလင်း ၂၂-၁၂-၄၂]

၂၆ ဒီဇင်ဘာ ၁၉၄၂ မြန်မာပြည် အစိုးရအဖွဲ့၏ဝန်ကြီးချုပ် ဒေါက်တာဘမော်အိမ်တော်တွင် လူကြီး ၂၃ဦး စည်းဝေးကာ ဗမာ့ဝန်ထမ်းအဖွဲ့ချုပ်ကြီး/၀ တပ် [The Circle Army] ဖွဲ့စည်းရန် ဆုံးဖြတ်သည်။ အဖွဲ့ချုပ်တွင် ဝန်ကြီးချုပ်ဒေါက်တာဘမော်က ဥက္ကဋ္ဌဖြစ်ပြီး အရှေ့အာရှတိုက်လူငယ်များ အစည်းအရုံး (ဗမာနိုင်ငံ) ဥက္ကဋ္ဌ ဦးဗဂျမ်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-တ စာ ၁၆၇]
[မြန်မာ့အလင်း ၂၇-၁၂-၄၂]
[ဗမာသစ်စာစောင် အတွဲ ၁ အမှတ် ၁ ၁၉၄၃၊ စာ ၂၆]

၂၇ ဒီဇင်ဘာ ၁၉၄၂ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာနှင့် မခင်လှ လက်ထပ်သည်။
[မြန်မာ့အလင်း ၁-၁-၄၃]

၃၁ ဒီဇင်ဘာ ၁၉၄၂ ဗမာ့ဝန်ထမ်း အဖွဲ့ချုပ် အစည်းအဝေးကို အတွင်းဝန်များရုံး (ယခုဝန်ကြီးများရုံး) ၌ ကျင်းပသည်။ အစည်းအဝေးတွင် ဗမာ့ဝန်ထမ်း အဖွဲ့ချုပ် အဖွဲ့ခွဲငယ်များမှ ဆောင်ရွက်ချက်များကို အသီးသီး အစီရင်ခံတင်ပြသည်။ ဝန်ကြီးချုပ်ဒေါက်တာဘမော်က ဗမာ့ဝန်ထမ်းအဖွဲ့ချုပ်ကြီးသည် ဗမာ့နိုင်ငံတဝှမ်းလုံးနှင့် သက်ဆိုင်စေ၍ စစ်ဝတ္တရားများကို သွန်သင်လမ်းပြရေးနှင့် စစ်ဘေးဒုက္ခသည်များ၊ သူခိုး၊ ဓားပြနှင့် အခြားအဓမ္မလုယက်မှုများကို ကာကွယ် စောင့်ရှောက်ရေးအတွက် တာဝန်ခံ ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ဗမာ့ဝန်ထမ်းစိတ်ဓာတ်များကို မြန်မာတိုင်းအား အစွမ်းကုန် သွတ်သွင်းပေးရမည် ဖြစ်ကြောင်း ပြောကြားသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-ဒု စာ ၃၀၇-၃၀၉]



# ၁၉၄၃

## ဇန်နဝါရီလ

၁ ဇန်နဝါရီ ၁၉၄၃ အောင်မြေတည်ရာ ဌာနဖြစ်သော ကန်တော်ကြီးစောင်းတွင် အောင်မြေနင်းပွဲကြီး ကျင်းပသည်။
[မြန်မာ့အလင်း ၅-၁-၄၃]

■ ဘီရမာရှင်ဘွန်း နေ့စဉ် သတင်းစာကို ဂျပန်ဘာသာဖြင့် ထုတ်ဝေသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၄၅]

၂ ဇန်နဝါရီ ၁၉၄၃ ဝန်ကြီးချုပ် ဒေါက်တာဘမော် အိမ်တွင် အမျိုးသမီး ဗမာ့ဝန်ထမ်း အဖွဲ့ချုပ်ကို တည်ထောင်သည်။ ဒေါ်ခင်မမမော်က ဥက္ကဋ္ဌ၊ ဒေါ်ခင်မြက အတွင်းရေးမှူး အဖြစ် ဆောင်ရွက်သည်။
[ဗမာ့သစ်စာစောင် အတွဲ ၁၊ အမှတ် ၁၊ ၁၉၄၃ ဩဂုတ် စာ ၂၇]

၁၄ ဇန်နဝါရီ ၁၉၄၃ တိုကျိုမြို့တွင် ဗဟိုစစ်ဦးစီးဌာနချုပ်နှင့် အစိုးရဌာနများ ဆက်သွယ်ရေး အစည်းအဝေးတစ်ရပ်ကျင်းပသည်။ အစည်းအဝေးတွင် "မဟာအရှေ့အာရှတိုက် စစ်ပွဲကြီးထမြောက်အောင်မြင်ရေး အတွက် မြန်မာပြည်အားလွတ်လပ်သော နိုင်ငံအဖြစ် အဆင့်အတန်း တိုးမြှင့်ပေးမည့်အစီအစဉ်"မူကြမ်းကို ဆွေးနွေး

သည်။ ထိုမူကြမ်းတွင် မြန်မာပြည်သည် အရှေ့အာရှ သာတူညီမျှ အတူကြီးပွားတိုးတက်ရေး နယ်မြေတစ်ဝှမ်းလုံး၏ အနောက်ဘက် ခံတပ်ကြီးတစ်ခု ဖြစ်သည်နှင့်အညီ ဂျပန်နိုင်ငံ၏ ဩဇာအောက်တွင် ဆက်လက်၍ ထားရှိစေရမည်။ ရန်သူတို့ ပြန်လည် တိုက်ခိုက်လာဖွယ်ရာ အကြောင်းရှိသော ယခုကဲ့သို့သော အချိန်မျိုး၌ မြန်မာပြည်သူများ၏ စိတ်တွင် ဂျပန်ကို မလိုလားသော ဆန္ဒ ပေါ်လာပါက ရန်သူတို့အား အကျိုးဖြစ်ထွန်းလာမည်မှာ မုချမလွဲပင်။ ဒေါက်တာဘမော်ခေါင်းဆောင်သော မြန်မာပြည်သူလူထု အပေါင်းတို့မှာ စစ်ပွဲကြီးစတင်ဖြစ်ပွားချိန်ကတည်းက ဂျပန်ဘုရင်တပ်မတော်အား အဖက်ဖက်မှ ဝိုင်းဝန်းကူညီကြသည်။ နယ်ချဲ့အင်္ဂလိပ်အား ဆန့်ကျင်၍ လွတ်လပ်ရေးကို စိတ်ထဲမှ လိုလား တောင့်တလျက် ရှိကြသည်။ ထိုကဲ့သို့သော စိတ်နေစိတ်ထားကို ကြည်ညိုလေးစား၍ မြန်မာပြည်အား တတ်နိုင်သမျှ မြန်မြန်လွတ်လပ်ရေးပေးပါက မြန်မာပြည်သူအများတို့သည် ဂျပန်နိုင်ငံအား ပို၍ ချစ်ခင် ရင်းနှီးအားကိုးကြပြီး အကူအညီပို၍ ပေးကြလိမ့်မည်။ ဤသို့ အကူအညီရခြင်းဖြင့် မဟာအရှေ့အာရှ သာတူညီမျှ အတူတိုးတက်ကြီးပွားရေးနယ်မြေ၏ အနောက်ဘက်ရှိ ပင်မခံတပ်ကြီးကို ခိုင်မြဲစွာ ထိမ်းသိမ်းနိုင်လိမ့်မည်။ တစ်ချိန်တည်း၌ ဂျပန်နိုင်ငံ၏ ရှင်းလင်းပြတ်သားသော ဆောင်ရွက်ချက်ကြောင့် တရားမျှတ၍ ကြည်ဖြူသော ဂျပန်တို့၏စိတ်ဓာတ်ကို လက်တွေ့ပြသနိုင်လိမ့်မည်။ ထို့ပြင် အိန္ဒိယပြည်သူလူထု၏ လွတ်လပ်ရေးလှုပ်ရှားမှုကိုလည်း နှိုးဆွ၍ အားပေးရာရောက်လိမ့်မည်။ ဤသည်တို့ကို ထောက်သော် ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရေး အစီအစဉ်အတွက် လိုအပ်သော အချိန်ကို စဉ်းစား၍ တတ်နိုင်သ၍ မြန်မြန်လွတ်လပ်ရေး ပေးရမည်။ လွတ်လပ်ရေးပေးမည့်နေ့အဖြစ် မြန်မာပြည်အုပ်ချုပ်ရေးရုံး (မြန်မာအစိုးရအဖွဲ့) ဖွဲ့စည်းတည်ထောင်သည့် တစ်နှစ်ပတ်လည် အထိမ်းအမှတ်နေ့ ဖြစ်သော ဩဂုတ်လ ၁ ရက်နေ့ကို နောက်ဆုံးထား၍ စီစဉ်ဆောင်ရွက်ရမည်။ ဤသို့ မြန်မာပြည်အား လွတ်လပ်သော နိုင်ငံအဖြစ် မြှင့်တင်ပေးခြင်းဖြင့် ရန်သူများ ပြန်လည် တိုက်ခိုက်မလာမီ အချိန်၌ မြန်မာပြည်ကို ပို၍ ခိုင်ခံမြဲမြံစွာ ထိန်းသိမ်းချုပ်ကိုင်နိုင်အောင် ကြိုးစား ဆောင်ရွက်ရမည်။ မြန်မာနိုင်ငံသည် လွတ်လပ်သော နိုင်ငံအဖြစ် ကျင့်သုံးဆောင်ရွက်နိုင်စွမ်း အပြည့်အဝ ရှိသည်ဟု မဆိုနိုင်စေကာမူ ဂျပန်နိုင်ငံ၏ အားပေးကူညီမှုဖြင့် ကိုယ့်မင်းကိုယ့်ချင်း လုပ်ကိုင်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ယုံကြည်သည်ဟု ပါရှိသည်။ အစည်းအဝေးမှ မြန်မာပြည်အား လွတ်လပ်သောနိုင်ငံအဖြစ် အဆင့်အတန်း တိုးမြှင့်ပေးမည့် အစီအစဉ်ကို အတည်ပြုသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၅၉-၃၆၁]

၂၄ ဇန်နဝါရီ ၁၉၄၃ ရန်ကုန်မြို့ကို ဗြိတိသျှလေယာဉ်များ တိုက်ခိုက်ရာ ဂျပန်လေယာဉ်ပျံများက လိုက်လံတိုက်ခိုက်သကဲ့သို့ လေယာဉ်ပစ်အမြောက်များဖြင့်လည်း တိုက်ခိုက်သည်။
[ဗမာ့ခေတ်သတင်းစာ ၂၇-၁-၄၃။ နောင်ကိုးကားလျှင် ဗမာ့ခေတ် ဟုညွှန်းမည်။]

၂၆ ဇန်နဝါရီ ၁၉၄၃ ရန်ကုန်မြို့ကို မဟာမိတ် လေယာဉ်ပျံများ လာရောက် ဗုံးကြဲတိုက်ခိုက်သည်။
[သူရိယ ၂၈-၁-၄၃]

၂၈ ဇန်နဝါရီ ၁၉၄၃ ဂျပန်နိုင်ငံ နန်းရင်းဝန် ဟိဒေးကီတိုဂျို (Hideki Tojo ၁၈၈၅-၁၉၄၈) က ၈၁ ကြိမ်မြောက် ဂျပန်အထက်လွှတ်တော်အစည်းအဝေး တွင် မြန်မာနိုင်ငံအား ယခုနှစ်အတွင်း လွတ်လပ်ရေးပေးမည်ဟု ကြေငြာသည်။
[ဗမာ့ခေတ် ၃၀-၁-၄၃]
[Japanese Military Administration, Documents, 1941-1945: *P133*]



ဂျပန် နန်းရင်းဝန်
ဟိဒေးကီတိုဂျို

■၁၄၊ ၃၀နာရီတွင် ရန်ကုန်မြို့ ဂျပန်စစ်ရုံးချုပ်၌ ဂျပန်အစိုးရ ကိုယ်စား မြန်မာနိုင်ငံ ဒုတိယ စစ်သေနာပတိ ဗိုလ်ချုပ် နာကာ (Lt-Gen Naka Eitaro) က မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာဘမော်အား ဂျပန်အစိုးရသည် မြန်မာနိုင်ငံအား ယခုနှစ်

အတွင်း လွတ်လပ်ရေးပေးမည်ဟု ကြေညာကြောင်း ပြောကြားသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-၃ စာ ၃၃၄]
[မြန်မာ့အလင်း ၁၀-၂-၄၃]

■ဦးသိန်းဖေမြင့်နှင့် သခင်တင်ရွှေတို့ အိန္ဒိယနိုင်ငံနယူးဒေလီမြို့မှ တရုတ်နိုင်ငံ ချုံကင်း (Chung King) မြို့သို့ လေယာဉ်ဖြင့် သွားရောက်သည်။
[သိန်းဖေမြင့် စစ်အတွင်းခရီးသည် စာ ၁၈၇-၁၉၁]

## ဖေဖော်ဝါရီလ

၁ ဖေဖော်ဝါရီ ၁၉၄၃ ဗြိတိသျှလေယာဉ် ၇ စင်း ရန်ကုန်မြို့ပေါ် လာရောက် ဗုံးကြဲရာ ဆူးလေစေတီတော်ပေါ်သို့ တိုက်ရိုက်ဗုံးကျသွားသဖြင့် မုခ်တစ်ခုပျက်စီးသွားသည်။
[မြန်မာ့အလင်း ၄-၂-၄၃]

၄ ဖေဖော်ဝါရီ ၁၉၄၃ ဂရိတ်တာအေးရှား (The Greater Asia)ခေါ် အာရှတိုက်ကြီးသတင်းစာကို အင်္ဂလိပ်ဘာသာဖြင့် တစ်ရက်ခြား စတင်ထုတ်ဝေသည်။
[ မြန်မာ့အလင်း ၇-၂-၄၃]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၄၅]

၅ ဖေဖော်ဝါရီ ၁၉၄၃ မြန်မာနိုင်ငံကို နောက်အကျဆုံး ယခုနှစ်အတွင်း လွတ်လပ်ရေးပေးရန် ဂျပန်အစိုးရက ပေးသော ကတိနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်အမှုးရှိသော ဝန်ကြီးများ၏ အစည်းအဝေးက ကြေညာစာတမ်း ထုတ်ပြန်သည်။
[မြန်မာ့အလင်း ၅-၂-၄၃]

၁၅ ဖေဖော်ဝါရီ ၁၉၄၃ အိန္ဒိယနိုင်ငံ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးဝေဘဲလ်က အိန္ဒိယနိုင်ငံစစ်ဌာနချုပ်လက်အောက်တွင် မြန်မာနိုင်ငံမြို့ပြအုပ်ချုပ်ရေးအဖွဲ့ ကက်စဘီ (Civil Affairs Service, Burma)(CASB) ကို ဖွဲ့စည်းတည်ထောင်သည်။
[**Burma Struggle** Vol .I . *P. XLV*]

၁၈ ဖေဖော်ဝါရီ ၁၉၄၃ အိန္ဒိယနိုင်ငံ ဒေလီရှိ ဗြိတိသျှအထွေထွေဌာနချုပ်သည် ၎င်းတို့တပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာစဉ်က ကရင်တောင်တန်းဒေသတွင် နေရစ်ခဲ့သော ဗြိတိသျှဗိုလ်မှူး ဆီးဂရင်မ် (Ma-jorHugh Seagrim)၏ သတင်း သိရန် ဗိုလ်ဘကျော်နှင့် ကရင်အမျိုးသား သုံးဦးအား တောင်ငူအနီး လေထီးဖြင့် ဆင်းသက်စေသည်။
[Grandfather Longlegs *pp 101-104*]

၂၃ ဖေဖော်ဝါရီ ၁၉၄၃ ဗြိတိသျှလေယာဉ်တို့က ရွှေတိဂုံစေတီတော်၏ တစ်စိတ်တစ်ဒေသဖြစ်သော နေရာကို ဗုံးကြဲသွားသည်။
[မြန်မာ့အလင်း ၂၇-၂-၄၃]



[Burma Intelligence Bureau, Burma During the Japanese Occupation Vol II. Simla Goverment of India press. 1944.*P 110 hereafter cited as Burma During the japanese Occupation Vol II*]

၂၄ ဖေဖော်ဝါရီ ၁၉၄၃ ဝန်ကြီးချုပ်ဒေါက်တာဘမော်က မြန်မာနိုင်ငံ၌ ဗြိတိသျှအုပ်ချုပ်ရေး ပျက်သည့်အချိန်ကစ၍ ခေတ်သစ်အုပ်ချုပ်ရေး တည်ထောင်သည့်ကာလအတွင်း ပြုလုပ်ဆောင်ရွက်ခဲ့သော ကိစ္စများနှင့် ပတ်သက်၍ အချို့ပုဂ္ဂိုလ်တို့အား အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် တစ်ချက်လွှတ်အမိန့် ထုတ်ပြန်သည်။
[မြန်မာ့အလင်း ၅-၃-၄၃၊ ၁၈-၅-၄၃]

■ဗြိတိသျှစစ်လေယာဉ်ပျံသည် ရှမ်းပြည်တောင်ပိုင်းနယ်နှင့် အနောက်မြောက်တောင်ပေါ် ပျံသန်းလာပြီး လေထီးသမား ၆ ယောက်ကို လေထီးဖြင့် ချရာ အရပ်သားများ ဝိုင်းဖမ်းသဖြင့် ၃ ဦးသေကာ ကျန် ၃ ဦးအား ဂျပန်စစ်ဘက်သို့ အပ်နှံသည်။
[မြန်မာ့အလင်း ၆-၃-၄၃]

၂၆ ဖေဖော်ဝါရီ ၁၉၄၃ သံဖြူဇရပ် ၂ မိုင်ခွဲအကွာ ယိုးဒယား-မြန်မာ မီးရထားလမ်း စတင်ရာ ကုန်းမြင့်၌ လွှမ်းစေတီ (ယခင်ရန်ပြေလွမ်းစေတီ) ကို တည်ပြီးစီးသည်။
[သင့်ဘဝမဂ္ဂဇင်း ၁၉၇၄ ဒီဇင်ဘာ]

■ ဂျပန်အမှတ် ၁၅ တပ်မတော်က တစ်ချက်လွှတ် အမိန့်ထုတ်ပြန်သည်။ ထိုအမိန့်အရ စစ်ဘက်၊ အုပ်ချုပ်ရေးဘက်နှင့် ပြည်သူတို့ပူးပေါင်းပြီး ရန်ကုန်မြို့ လေကြောင်း တိုက်ခိုက်မှု ဘေးအန္တရာယ် ကာကွယ်ရေး ကော်မတီ ဖွဲ့စည်းသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၁၅/၂၈၇]

## မတ်လ

၁ မတ် ၁၉၄၃ ယိုးဒယား မြန်မာ မီးရထားလမ်းဖောက်လုပ်ရေး တပ်ဖွဲ့ဝင်များ၊ စစ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် အုပ်ချုပ်ရေးရုံးတို့မှ သက်ဆိုင်ရာအရာရှိ များကို အမှတ် ၁၅ တပ်မတော် ဌာနချုပ်သို့ ခေါ်ဆောင်၍ လုပ်အားပေးအဖွဲ့ (ချွေးတပ်) ဖွဲ့စည်းရေးကို ဆွေးနွေးသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၇၈]

၂ မတ် ၁၉၄၃ ဂျပန် အမှတ် ၁၅ တပ်မတော် တစ်ချက်လွှတ်အမိန့်ဖြင့် "ယိုးဒယား-မြန်မာ ဆက်သွယ်ရေး မီးရထားလမ်းဖောက်လုပ်ရေးအတွက် လိုအပ်သော လုပ်အားပေးအဖွဲ့များ ဖွဲ့စည်းရေးနှင့် စေလွှတ်ပို့ဆောင်ရေး အစီအစဉ်ကို ချမှတ်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၇၈]
[Japanese Military Administration, Documents, 1941-1945: *PP 232-236*]

၃ မတ် ၁၉၄၃ ဂျပန်တပ်များ ရခိုင်ဒေသတွင် ပြန်လှန် ထိုးစစ်စတင်သည်။
[**Burma Struggle** Vol .I . *PXLV*]

၉ မတ် ၁၉၄၃ မြန်မာအစိုးရသည် ဂျပန်စစ်အုပ်ချုပ်ရေးဌာန၏ သဘောတူညီချက်အရ ယိုးဒယားမြန်မာမီးရထားလမ်း ဖောက်လုပ်ရေးအတွက် မြန်မာအလုပ်သမား သုံးသောင်းကျော် စတင်စုဆောင်းသည်။ ဗမာ့ကာကွယ်ရေးတပ်မတော်သည် သွေးတပ် (Blood Army) ကြီးဖြစ်သဖြင့် မီးရထားလမ်း အလုပ်သမားတပ်ကြီးကို ချွေးတပ် (Sweat Army) ဟု ခေါ်ခဲ့ကြသည်။ (မီးရထားလမ်းလုပ်ငန်းမှာ လမ်းဟောင်းပြင် လမ်းသစ်ထွင်သောလုပ်ငန်းဖြစ်သဖြင့် မီးရထားလမ်း အလုပ်သမားတပ်ကြီးကို သတင်းစာများက ပြုပြင်ရေး တပ်သားများဟုလည်း ခေါ်ခဲ့ကြသည်။ ချွေးတပ်သားတစ်ဦးလျှင် တစ်လလစာငွေ သုံးဆယ်ကျပ် ရရှိ သည်။
[မြန်မာ့အလင်း ၁၂-၃-၄၃]
[စာရေးဆရာ စာစောင်အမှတ် ၄၊ ၁၉၄၃။ စာ ၅၄-၅၅]

၁၀ မတ် ၁၉၄၃ ဂျပန် အာဏာပိုင်တို့က မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့် ပတ်သက်၍ လမ်းစဉ်မူဝါဒချမှတ်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၆၂]
[Japanese Military Administration, Documents, 1941-1945: *PP 145-150*]

၁၁ မတ် ၁၉၄၃ မြန်မာနိုင်ငံရှိ ဂျပန်တပ်များ၏ စစ်သေနာပတိ ဒုတိယ ဗိုလ်ချုပ်ကြီး အီးဒါးက ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်မှူးကြီး အောင်ဆန်းအား ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်သည်။
[မြန်မာ့အလင်း ၁၂-၃-၄၃]
[လူထုဦးလှ စစ်တွင်းဗမာပြည်-တ စာ ၁၈]

■ဂျပန်အစိုးရ၏ ဖိတ်ခေါ်ချက်အရ မြန်မာပြည် ဝန်ကြီးချုပ် ဒေါက်တာဘမော်၊ ပြည်ထဲရေးဝန်ကြီး သခင်မြ၊ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာသိမ်းမောင်နှင့် ဗမာ့ကာကွယ်ရေး တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းတို့သည် ဂျပန်စစ်အုပ်ချုပ်ရေး ဦးစီးဌာန အထွေထွေစီမံခန့်ခွဲရေးဌာနမှူး ကြည်းတပ် ဗိုလ်ချုပ်အီဆိုမူရာ (Major-General . Isomu -ra Takenori) လိုက်ပါ၍ ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ လေယာဉ်ဖြင့် ထွက်ခွာသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၆၈]

၁၄ မတ် ၁၉၄၃ မြန်မာအစိုးရက ဗမာ့တံခွန်အသင်းကို ဖွဲ့စည်းတည်ထောင်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၉၁]

၁၈ မတ် ၁၉၄၃ ဒေါက် တာဘမော်၊ ပြည်ထဲရေးဝန်ကြီး သခင်မြ၊ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာသိမ်းမောင်၊ ဗမာ့ကာကွယ်ရေး တပ်မတော် သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းတို့ တိုကျိုမြို့ ရောက်ရှိ သည်။
[မြန်မာ့အလင်း ၂၄-၃-၄၃]
[Japanese Military Administration, Documents, 1941-1945: *P133*]

■ရွှေကျင်မြို့တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စောအောင် ကျောက်တိုင် ပန္နက်ချပွဲနှင့် နှစ်ပတ်လည် ချီးကျူးပွဲကျင်းပသည်။
[မြန်မာ့အလင်း ၃၁-၄-၄၃]

၂၂ မတ် ၁၉၄၃ ဂျပန်ဧကရာဇ် ဟီရိုဟီတို (Emperor Hirohito 1901-1989) က ဒေါက်တာဘမော်အား တက်နေ ပထမတန်းဘွဲ့တံဆိပ်နှင့် စလွယ်ကြိုး၊ ပြည်ထဲရေးဝန်ကြီး သခင်မြနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာသိမ်းမောင်အား မွန်မြတ်သောဘဏ္ဍာဒုတိယတန်း ဘွဲ့တံဆိပ်နှင့် ဗမာ့ကာ ကွယ်ရေးတပ်မတော် သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းအား တက်နေ တတိယတန်း ဘွဲ့တံဆိပ်နှင့်စလွယ်လတ် ချီးမြှင့်သည်။
[မြန်မာ့အလင်း ၂၅-၃-၄၃]

■မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်အစိုးရတို့ ဆွေးနွေးကြပြီး
(၁) ဂျပန်နှင့်မြန်မာတို့ အတူတကွ ပူးပေါင်းကာ ခေတ်သစ်ထူထောင်ရန်။
(၂) မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း ရှမ်းပြည်နှင့် ကရင်နီတောင်တန်းနယ်(ကယား) များမှ အပ အားလုံးပါဝင်။
(၃) မြန်မာနိုင်ငံအတွင်းရှိ လူများအားလုံး စည်းလုံးညီညွတ်ကြစေရန်။
(၄) မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးကို မြန်မာလူမျိုးများ ကိုယ်တိုင် ဆုံးဖြတ်ရန်။
(၅) အရှေ့အာရှတိုက် စီးပွားရေးတွင် အဆက်အသွယ်ဖြစ်ရန် တို့ကို သဘောတူ အတည်ပြုကြသည်။
[ဗမာ့သစ်စာစောင် အတွဲ ၁၊အမှတ် ၁၊ ၁၉၄၃ ဩဂုတ်၊ စာ ၃၆]

■ဂျပန်နိုင်ငံ အစိုးရ ဝန်ကြီးချုပ် ဟိဒေးကိ တိုဂျို က ဒေါက်တာဘမော်ထံ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန် အမိန့်စာချွန်တော်ကို ထိပ်တန်းလျှို့ဝှက်အဖြစ် ပေးအပ်သည်။
[မောင်မောင်အေး ဂျပန်ခေတ် မြန်မာနိုင်ငံအုပ်ချုပ်ရေး (၁၉၄၂-၁၉၄၅) နောက်ဆက်တွဲ၁ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၇၁၊ စာ ၁၇၆-၁၈၀၊ နောင်ကိုးကားလျှင် မောင်မောင်အေး ဂျပန်ခေတ်အုပ်ချုပ်ရေး ဟုညွှန်းမည်]

၂၃ မတ် ၁၉၄၃ ဂျပန်စေကရာဇ် ဟီရိုဟိတို၏ ရှေ့မှောက်သို့ မြန်မာပြည် ဝန်ကြီးချုပ် ဒေါက်တာဘမော်၊ ပြည်ထဲရေးဝန်ကြီး သခင်မြ၊ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာသိမ်းမောင်နှင့် ဗမာ့ကာကွယ်ရေးတပ်မတော် သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းတို့ ဝင်ရောက်တွေ့ဆုံသည်။
[မြန်မာ့အလင်း ၂၅-၃-၄၃]
[Ba Maw **Breakthrough in Burma.** *P 312-313*]

ဂျပန်နိုင်ငံသွား မြန်မာကိုယ်စားလှယ်အဖွဲ့



၂၄ မတ် ၁၉၄၃ ယိုးဒယား-မြန်မာ မီးရထားလမ်း ဖောက်လုပ်ရန် မန္တလေးခရိုင်မှ ချွေးတပ်သား ၆၀၀ အလိုရှိကြောင်း ကြေညာသည်။ ချွေးတပ်သားများ၏ ဂုဏ်သည် သွေးတပ်ဖြစ်သော ဗမာ့ကာကွယ်ရေးတပ်မတော်သားများ၏ ဂုဏ်ထက်အထူး မယုတ်ကြောင်း ဖော်ပြထားသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-တ စာ ၁၆]

၂၅ မတ် ၁၉၄၃ ဂျပန်နိုင်ငံ အင်ပီးရီးယယ်ဒိုင်းယက် (Imperial Diet) လွှတ်တော်အစည်းအဝေးတွင် နန်းရင်းဝန် တိုဂျိုက ဂျပန်နိုင်ငံ၏ ဆန္ဒမှာ မြန်မာနိုင်ငံအား အရှေ့အာရှတိုက် သာတူညီမျှ အကျိုးခံစားခွင့်နယ်ကြီး အတွင်းရှိ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာသစ်ထူထောင်ရာတွင် ပါဝင်ဆောင်ရွက်ရန်ပင် ဖြစ်ကြောင်း ယခုစစ်ကြီးတွင် မြန်မာနိုင်ငံက မိမိတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံသစ် ထူထောင်ရာတွင် ရှမ်းနယ် ကရင်နီနယ်များမှ အပဖြစ်သော မြန်မာနိုင်ငံအတွင်းတွင် တစ်မျိုးသားလုံး တစ်စိတ်တစ်ဝမ်းတည်းနှင့် ညီညီညွတ်ညွတ် ရှိရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရေးကို မြန်မာတို့ဘာသာ ဆုံးဖြတ်၍ ကိုယ်ပိုင်အုပ်ချုပ်ရေးဖြင့် လျှင်မြန်စွာ တိုးတက်ကြီးပွား တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြောကြားသည်။
[မန္တလေးသူရိယသတင်းစာ ၂၇-၃-၄၃]
[နောင်ကိုးကားလျှင် မန္တလေးသူရိယ ဟု ညွှန်းမည်]

■ဂျပန်နန်းရင်းဝန် ဂျင်နရယ်တိုဂျို၏ညစာစားပွဲတွင် မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာဘမော်က ဂျပန်ခေါင်းဆောင်သော ခေတ်သစ် ကမ္ဘာကြီးသည်ကောင်းမြတ်လှသော ကျင့်ဝတ်တရားပေါ်တွင် အခြေတည်လျက်ရှိကြောင်း၊ ခေတ်သစ် အာရှသည် စိတ်ဓာတ်ညီညွတ်ခြင်း၊ခေါင်းဆောင်ကောင်းခြင်း၊ ကြီးပွားစည်ပင်ခြင်းတည်းဟူသော အင်အားများရှိကြောင့် အခြားသူတို့ မပြိုင်နိုင်ကြောင်း၊ မြန်မာလူမျိုးတို့သည် အင်္ဂလိပ်တို့ကို တွန်းလှန်ပစ်ရာတွင် စေတနာအလျောက် ဂျပန်လူမျိုးတို့နှင့် ပူးပေါင်းခဲ့ကြောင်း၊ ဂျပန်၌ ယုံကြည် အားထားခြင်းကို အခြေခံအဓိကထားလျက် မြန်မာလူမျိုးတို့သည် ဆထက်တံပိုးတိုး၍ ကြိုးစား

ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဂျင်နရယ် တိုဂျို၏ ဖိတ်ခေါ်ချက်အရ ဂျပန်နိုင်ငံကို လာရောက်၍ မိမိ၏ အလိုဆန္ဒပြည့်ဝသွားသဖြင့် အထူးပင် ဝမ်းမြောက်ကြောင်း၊ ဂျပန်နိုင်ငံသို့ မြန်မာကိုယ်စားလှယ်များ လာရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး မြန်မာ့သမိုင်းတွင် တစ်ခေတ်ပြောင်းလဲစေလောက်သော အခြင်းအရာဖြစ်၍ လေးလေးနက်နက် မှတ်တမ်းတင်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

[မန္တလေးသူရိယ ၂၇-၃-၄၃]

၂၆ မတ် ၁၉၄၃ ဂျပန်နိုင်ငံ တိုကျိုမြို့ အရှေ့အာရှညှော်ခံခန်းမကြီးတွင် မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာဘမော်က မြန်မာနှင့်ဂျပန် ပူးပေါင်းခြင်းသည်ရာဇဝင်တွင်လောက်ကြောင်း ယခုအခါ မြန်မာနိုင်ငံသည် အာရှစစ်ပွဲကြီး အောင်မြင်ရေးအတွက် ကြိုးစားအားထုတ်လျက် ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းမှာ တရုတ်ပြည် ပြဿနာကို ဖြေရှင်းရာတွင် ဂျပန်တို့နှင့် ပူးပေါင်းခြင်းတစ်ရပ်မည်ပါကြောင်း၊ ဗြိတိသျှတို့သည် မုချအရေးနိမ့်ရမည်ဖြစ်ကြောင်း၊အကယ်၍ ၎င်းတို့ အရေးမနိမ့်ခဲ့လျှင် ကျွန်ုပ်တို့မှာ ပျက်စီးဒုက္ခရောက်ကြရဘွယ်သာရှိပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံမှာရှေ့ဆုံးတန်းစစ်ကြောင်း ဖြစ်နေ၍ စွမ်းအားရှိသမျှ ကြိုးစားအားထုတ်လျက် ရှိပါကြောင်း၊ စီးပွားရေးထူထောင်ရေးအတွက်လည်း မြန်မာနိုင်ငံရှိ ဂျပန်တပ်များနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် ဂျင်နရယ် တိုဂျိုက လွှတ်တော်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့် ပတ်သက်၍ ကြေညာချက်ကို ကြားသိရသောအခါ မည်မျှ ဝမ်းမြောက်ကျေးဇူးတင်သည်ကို ပြောမပြနိုင်ပါကြောင်း၊ ဂျပန်၏အင်အားကြီးမားသော တန်ခိုးအာဏာတို့သည် လွတ်လပ်သောတိုင်းပြည်၏ ကြီးလေးသော တာဝန်ဝတ္တရားတို့ကို ဆောင်ရွက်ရာတွင် ကူညီနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့အာရှတိုက် သာတူညီမျှအကျိုးခံစားခွင့် စနစ်ကြီးတွင် စည်းမျဉ်းဝါဒအတိုင်း ဆက်ဆံမည်ဖြစ်ပါကြောင်း ပြောကြားသည်။

[လူထုဦးလှ စစ်တွင်းဗမာပြည်-တ စာ ၂၄]

၂၈ မတ် ၁၉၄၃ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုးခေါ် သခင်အေးမောင် ချီးကျူးပွဲကို မြေနီကုန်း ဓမ္မာရုံတွင် ကျင်းပသည်။

[မြန်မာ့အလင်း ၃၁-၃-၄၃]

■ပဲခူးခရိုင်အတွင်းမှ ချွေးတပ်သားများတစ်တပ်ပြီးတစ်တပ် ပဲခူးမြို့သို့ ချီတက်လာပြီး စခန်းချနေရာ ချွေးတပ်သားပေါင်း ၁၅၀၀ ကျော် ရှိနေပြီဖြစ်သည်။

[မြန်မာ့အလင်း ၃-၄-၄၃]

မတ် ၁၉၄၃ မြန်မာနိုင်ငံရှိ အမှတ် ၁၅ ဂျပန်တပ် မတော်ကို တိုးချဲ့၍ မြန်မာ နယ်မြေ တပ်မတော်အဖြစ် ပြုပြင် တိုးချဲ့ ဖွဲ့စည်းသည်။

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၁-၂၂]

ဧပြီလ

၁ ဧပြီ ၁၉၄၃ မြန်မာနိုင်ငံ စစ်ဘက်ဆိုင်ရာအစိုးရ နာကာအီတာရိုကရေဒီယို အသံဖမ်းစက်များ တပ်ဆင်အသုံး ပြုခြင်းဆိုင်ရာ စည်းမျဉ်းများကို ပြဋ္ဌာန်းသတ်မှတ်သည်။

[မြန်မာ့အလင်း ၇-၄-၄၃]

၅ ဧပြီ ၁၉၄၃ လမ်းပမ်းအဆောက်အဦနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး ဗန္ဓုလဦးစိန်က ရန်ကုန်နေပြည်တော်ဌာနချုပ်ရှိ တို့ဗမာဆင်းရဲသားအစည်းအရုံးသို့ နိုင်ငံတော်တွင် ထင်ပေါ်ကျော်ကြားသော ဆရာတော်ကြီးများ ဖိတ်၍ ညီညွတ်စည်းလုံးသော မဟာသံဃ အဖွဲ့အစည်းကြီး တည်ထောင်ရန် အမှူဆောင်ဆရာတော်ဆယ်ပါးကို ရွေးချယ်ခန့်အပ်သည်။

[မြန်မာ့အလင်း ၁၀-၄-၄၃]

၅-၇ ဧပြီ ၁၉၄၃ ဂိုဏ်းပေါင်းစုံပါဝင်သည့် ညီညွတ် စည်းလုံးသော မဟာသံဃအဖွဲ့ချုပ်ကြီးတည်ထောင်ရန် အစည်းအဝေး ကျင်းပပြီး မဟာသံဃအဖွဲ့ချုပ်ကြီးကို အောင်မြင်စွာဖွဲ့စည်းတည်ထောင်သည်။

[မြန်မာ့အလင်း ၂၁-၄-၄၃]

၇ ဧပြီ ၁၉၄၃ နေမျိုးမဟာဗန္ဓုရာဇာ အရှင် စိုးသိန်း သမ္မတ ဥက္ကဋ္ဌဝံသာနုသပိတ်မှောက် ဂျီစီဘီအေက ဂျပန်အစိုးရနန်းရင်းဝန် တိုဂျို၏ကြေညာချက်အရ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးတော့မည်ဖြစ်၍ မိမိတို့အဖွဲ့၏ ရည်မှန်းချက် ရပြီဖြစ်၍ အဖွဲ့ချုပ်ကြီးကို ရပ်တန့်လိုက်ပြီဖြစ်ကြောင်း ကြေညာသည်။

[မြန်မာ့အလင်း ၇/၈-၄-၄၃]

၈ ဧပြီ ၁၉၄၃ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်တပ်များ၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး အီးဒါး၏နေရာတွင် ဒုတိယဗိုလ်ချုပ်ကြီး ရှိုဇို ကာဝါဘီ (Lieut -General Shozo Kawa-be)ကို ခန့်အပ်သည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်–တ စာ ၃၅]

ဒုတိယဗိုလ်ချုပ်ကြီး ရှိုဇိုကာဝါဘီ

■ရန်ကုန်မြို့ကြည့်မြင်တိုင် ဦးလူနီလမ်းတွင် ဗဟိုကရင်အမျိုးသားအဖွဲ့ လူကြီးများနှင့် မြန်မာသတင်းစာဆရာများ တွေ့ဆုံဆွေးနွေးကြသည်။ ကရင်အမျိုးသားအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစံစီဖိုး၊ မန်းဘခင်၊ ဒေါက်တာဖိုးတီလုံး၊ မစ္စတာ ဆစ်ဒနီလူနီတို့က ခေတ်သစ် မြန်မာပြည်ထူထောင်ရာတွင် ဗမာ–ကရင် စိတ်ဝမ်းမကွဲမပြားဘဲစည်းလုံးညီညွတ်စွာ ဆောင်ရွက်ရန်နှင့် မြန်မာသတင်းစာဆရာများကလည်း အကူအညီပေးရန်ပြောကြားသည်။
[မြန်မာ့အလင်း ၁၁–၄–၄၃]

၁၄ ဧပြီ ၁၉၄၃ ဂျပန်နိုင်ငံသွား မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိသည်။
[မြန်မာ့အလင်း ၂၁–၄–၄၃]

၂၀ ဧပြီ ၁၉၄၃ မြန်မာနိုင်ငံ ဂျပန်တပ်မတော်ဌာနချုပ်မှ ဟေးဟိုးတပ် (Heiho)ခေါ် မျိုးချစ်တက်လူများအဖွဲ့ ဝင်ရောက်ရန် ထုတ်ပြန်ကြေညာသည်။
[မြန်မာ့အလင်း ၂၂–၄–၄၃]

၂၂ ဧပြီ ၁၉၄၃ မြန်မာပြည်ရှိ ဂျပန်တပ်များ၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကာဝါဘီက မြန်မာ့လွတ်လပ်ရေး စီစဉ်မှုကော်မတီ ဖွဲ့စည်း တည်ထောင်ရေးနှင့် စပ်လျဉ်းသော မြန်မာနယ်မြေတပ်မတော်၏ တစ်ချက်လွှတ်အမိန့်ကို ထုတ်ပြန်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ်စာ ၃၆၉]

■ ဗြိတိသျှပါလီမန်တွင် မြန်မာနိုင်ငံဆိုင်ရာဝန်ကြီးက ဘုရင့်အစိုးရ၏ ဝါဒသဘောထားမှာ အခြေအနေ အရပ်ရပ်က ခွင့်ပြုသည်နှင့်တစ်ပြိုင်နက် မြန်မာနိုင်ငံအား ဗြိတိသျှဓနသဟာယအတွင်း လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး အမြန်ဆုံး ရရှိခံစားနိုင်စေရန် ကူညီမည်ဟု ပြောကြားသည်။
[Great Britain , House of Commons parliamentary Debates (Hansard) *Vol .388 .1943. P 1806-1807*]

၂၄ ဧပြီ ၁၉၄၃ မြန်မာနိုင်ငံ ဝန်ကြီးချုပ်ဒေါက်တာဘမော်က မြန်မာသတင်းစာဆရာများနှင့် တွေ့ဆုံရာတွင် ဂျပန်နန်းရင်းဝန် ဗိုလ်ချုပ်ကြီးတိုဂျိုက ဗမာ့လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ ဖွဲ့ကာ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက မြန်မာ့လွတ်လပ်ရေးကို အသိအမှတ်ပြုရန် အဆင်သင့်ရှိသည်ဟုပြောလိုက်ကြောင်း၊ ဤအကြောင်းကို သတင်းစာဆရာများ တိုင်းပြည်ကို ကြေညာနိုင်ကြောင်း များမကြာမီ ဗမာ့လွတ်လပ်ရေး စီစဉ်မှုအဖွဲ့ ဖွဲ့ကာ မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့် ပတ်သက်သော ကိစ္စများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။
[မြန်မာ့အလင်း ၃၀–၄–၄၃]

■ မြန်မာနိုင်ငံမြောက်ပိုင်း နဘားခရိုင်အနီး၌ ဗမာ့ကာကွယ်ရေး တပ်မတော်နှင့် ဗြိတိသျှတပ်ဖွဲ့များ တွေ့ဆုံတိုက် ပွဲဖြစ်ပွားရာ ဗြိတိသျှသုံ့ပန်းများ ဖမ်းမိသဖြင့် ဂျပန် အစောင့်တပ်သို့အပ်သည်။
[မြန်မာ့အလင်း ၆–၅–၄၃]

၂၆ ဧပြီ ၁၉၄၃ ဟေးဟိုး (Heiho) တပ်ဖွဲ့စည်းမည်ဟု ကြေညာသည်။ ဖွဲ့စည်းရ ခြင်း အဓိကအကြောင်းမှာ
၁။ ဟေးဟိုးတပ်သားသည် ဂျပန်စစ်သားများနှင့် တန်းတူအခွင့်အရေးရ၍ မိစ္ဆာအင်္ဂလိပ်နှင့် အမေရိကန်တပ်များကို လုံးဝဖြိုဖျက်ရာ၌ ဂျပန်စစ်သားများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်ရရန်။
၂။ မြန်မာအမျိုးသား လူငယ်များအား ဂျပန်စစ်အတတ်ပညာကို လေ့လာသင်ကြားစေခြင်းဖြင့် ခေတ်သစ်မြန်မာပြည်ကြီး ပြန်လည်ထူထောင်ရေး၌ မိမိတို့တာဝန်ဝတ္တရားများကို ကောင်းစွာဆောင် ရွက်နိုင်စေရန် တို့ဖြစ်သည်။
[မြန်မာ့အလင်း ၃၀–၄–၄၃/၂–၅–၄၃]

■ ဟေးဟိုးတပ်သို့ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း မြန်မာအမျိုးသား လူငယ်များ ဝင်ရောက်နိုင်သည်။ အသက် ၄၀ အထိ အမှုထမ်းနိုင်သည်။ ဟေးဟိုးတပ်ဝင်ဝင်ခြင်း ဒုတိ

ယတန်း ဟေးဟိုးအဆင့် (လခ ၃၀ ကျပ်) ရရှိပြီး၊ ထိုအဆင့်မှ ပထမ တန်း ဟန်ချိုအဆင့် (လခ ၈၀ကျပ်) အထိ ဖြစ်နိုင်သည်။ ဟေးဟိုးတပ်သို့ ဝင်ရောက်လျှင် မူလအခြေခံ စစ်ပညာကို သင်ကြားရသည်။ ဟေးဟိုး စစ်သားတို့၏ လုပ်ငန်းမှာ လက်နက်ကိုင်ဆောင် တိုက်ခိုက်ရသော တာဝန်နှင့် တိုက်ရိုက်မသက်ဆိုင်ဘဲ စစ်မြေပြင်နှင့် မနီးမဝေး ဒေသတို့၌ စစ်အသုံးအဆောင် ပစ္စည်းများ သယ်ယူပို့ဆောင်ရသည့် လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သည်။
[မြန်မာ့အလင်း ၃၀-၄-၄၃]
[မြန်မာ့အလင်း ၂-၅-၄၃]
[မြန်မာ့အလင်း ၈-၅-၄၃]

၂၈ ဧပြီ ၁၉၄၃ မြန်မာခေတ်သစ် အစိုးရ ဒုတိယအကြိမ် ထီဖွင့်ပွဲကို ရန်ကုန်မြို့ ကန်တော်မိတ်သဘင် ဌာနတွင် ဖွင့်လှစ်သည်။
[မြန်မာ့အလင်း ၃၀-၄-၄၃]

မေလ

၁ မေ ၁၉၄၃ မန္တလေးမြို့ကို ဂျပန်တပ်များ ဝင်ရောက်သိမ်းပိုက်သည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-တ စာ ၄၀-၄၂]

■ဂျပန်စစ်ဘက်ဆိုင်ရာက ရန်ကုန်နေပြည်တော် ရပ်ကွက်အသီးသီးတွင် မြို့ရွာ ကာကွယ်ရေးအတွက် မြို့သူမြို့သားများ ပါဝင်သော ကာကွယ်ရေးအဖွဲ့ကြီးများကို ကေဘိုထိုင် (Kaibotai) အမည်ဖြင့် ဖွဲ့စည်းပြီး ရန်ကုန်နေပြည်တော်တွင် ကေဘိုထိုင် အဖွဲ့ကြီးများ ဖွင့်လှစ်သော အခမ်းအနားများ ကျင်းပသည်။ ကေဘိုထိုင်၏ အဓိပ္ပာယ်မှာ အသက်နှင့် စည်းစိမ်ကို မငဲ့ဘဲ တိုင်းသူ ပြည်သား အကျိုးကိုထိထိရောက်ရောက် ဆောင်ရွက်သည့်အဖွဲ့ဟု အဓိပ္ပာယ်ရသည်။
အဓိကအားဖြင့် ရန်သူ၏လေကြောင်းဖုံးကြံတိုက်ခိုက်မှု ဘေးအန္တရာယ်ကို ကာကွယ်ရန်ဖြစ်သည်။
[မြန်မာ့အလင်း ၄/၆-၅-၄၃]

၆ မေ ၁၉၄၃ ကေဘိုထိုင် ဌာချုပ်နှင့် ဌာနခွဲများကို မဏ္ဍိုင်ပြု၍ တပ်ဖွဲ့ဝင် ၇၃၃၂ ဦးပါဝင်သော ကေဘိုထိုင် အဖွဲ့ကို အောင်မြင်စွာ တည်ထောင်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၁၁၅-၁၁၆/၂၈၇-၂၈၈]

၈ မေ ၁၉၄၃ မြန်မာနိုင်ငံ လွတ်လပ်ရေး စီစဉ်မှုအဖွဲ့ (Burma Independence Preparatry Commission) ကို ဖွဲ့စည်းသည်။ ၎င်းအဖွဲ့သည် မြန်မာ နိုင်ငံ အုပ်ချုပ်ရေးစည်းမျဉ်း ဥပဒေကို ရေးဆွဲရန် ဖြစ်သည်။ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘမော်က နံနက် ၉ နာရီတွင် အခမ်း အနားကို ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင် ခန့်အပ်လွှာများ ပေးအပ်သည်။ အဖွဲ့၏ အတွင်းရေးမှူးမှာ အတွင်းဝန် ဦးကျော်ငြိမ်း ဖြစ်သည်။ အဖွဲ့တွင် ပါဝင်မည့် ပုဂ္ဂိုလ်များကို ဂျပန်စစ် ဗိုလ်ချုပ်ကြီး၏ သဘောတူညီချက်အရ ဝန်ကြီးချုပ် ဒေါက်တာ ဘမော် က ရွေးချယ်သည်။ အဖွဲ့ဝင်များမှာ ဝန်ကြီးချုပ်၊ ဝန်ကြီး ၉ ဦးနှင့် အခြားပုဂ္ဂိုလ် ၁၂ဦး

၁။ ဦးသိမ်းမောင်
(MA.LLB.)
၂။ ဦးမြဘူး
(လွှတ်တော်တရားဝန်ကြီး)
၃။ ဦးအေး
(ပြည်ထဲရေးဝန်ကြီးဟောင်း)
၄။ ဦးမြ (ဟင်္သာတ)
(မျိုးချစ်အဖွဲ့ခေါင်းဆောင်)
၅။ သခင်ကိုယ်တော်မှိုင်း
၆။ သခင်နု
၇။ သခင်အောင်ဆန်း
၈။ ဦးထွန်းဖေ (ယုဒသန်)
၉။ မစ္စတာ စံစီဖိုး (ကရင်ခေါင်းဆောင်)
၁၀။ ဦးဆက်
၁၁။ ဦးအေးမောင် (မြန်မာကုန်သည်ကြီးများ အသင်း)
၁၂။ ဦးချစ်လှိုင် တို့ဖြစ်သည်။
[မြန်မာ့အလင်း ၁၁-၅-၄၃]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၆၉-၃၇၀]
[Ba Maw **Breakthrough in Burma.** *P 318*]
[Japanese Military Administration, Documents, 1941-1945: *P133-134*]

■ ဂျပန်တပ်များ ည ၁၉:၀၀ နာရီတွင် ဘူးသီးတောင်ရှိ ဗြိတိသျှတပ်များကို ဝင်ရောက်စီးနင်းတိုက်ခိုက်၍ အချက် အချာကျသော နေရာများကို သိမ်းပိုက်သည်။
[မန္တလေးသူရိယ ၁၂-၅-၄၃]

၉ -၁၄ မေ ၁၉၄၃ ဗြိတိသျှတပ်များ ဘူးသီးတောင် မောင်းတောမှ ဆုတ်ခွာရသည်။
[**Burma Struggle** *Vol .I . P XLV*]

၁၂ မေ ၁၉၄၃ အလုပ်သမား စုဆောင်းစောင့်ရှောက်ရေးအဖွဲ့ ကို ဖျက်သိမ်းပြီး ဆည်မြောင်းနှင့်အလုပ်သမားဝန်ကြီး သခင်ဗစိန်ကြီးမှူးသော ဂျပန်နှင့်မြန်မာအရာရှိ ကိုယ်စားလှယ် ငါးဦးစီပါဝင်သည့် ဗဟို

အလုပ်သမား အဖွဲ့ကြီး ထူထောင်သည်။
[စာရေးဆရာစာစောင် အမှတ် ၄၊ ၁၉၄၃၊ စာ ၅၄]

■ မြန်မာနိုင်ငံအစိုးရက

၁။ ချွေးတပ်သားများကို (အလုပ်သမားဌာနအားဖြင့်) မြန်မာ့စိတ်ကြိုက်အုပ်ချုပ်နိုင်ရန်။

၂။ ချွေးတပ်စုဆောင်းသည့်အခါ မိမိတို့သဘောအလျောက် ပါဝင်စေပြီး အတင်းအကြပ် မဆွဲရဟု မြန်မာအစိုးရက အမိန့်ထုတ်ရန်။

၃။ ချွေးတပ်သားများ၏ နေရေး၊ ထိုင်ရေး၊ စားရေး၊ ကျန်းမာရေး၊ လခမျှတရေးစသော အချက်အားလုံးကောင်းမွန်အောင် ပြုပြင်ပေးရန်။

၄။ ချွေးတပ်သားများအား ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်သမားဌာနခွဲ ဒုတိယညွှန်ကြားရေးဝန်နှင့် ရုံးသားတစ်စု သံဖြူဇရပ်တွင် ချွေးတပ်ဌာနချုပ်အဖြစ် ထားရှိရန် စသည့်အခွင့်အရေးများကို တောင်းဆိုခဲ့သည်။
[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး–ဒုတိယတွဲ၊ ရန်ကုန်။ သီရိဇေယျပုံနှိပ်၊ ၁၉၄၆၊ စာ ၉၁–၉၂ နောင်ကိုးကားလျှင် ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး ဒု ဟုညွှန်းမည်။]

၁၈ မေ ၁၉၄၃ မြန်မာနိုင်ငံရှိ အထူးသံဃအမှုဆောင်အဖွဲ့၊ ဂိုဏ်းပေါင်းစုံစည်းရုံးရေးတာဝန်ခံက သံဃာဂိုဏ်းပေါင်းစုံ ပါဝင်သော မဟာသံဃအဖွဲ့ချုပ်ကြီး ဖွဲ့စည်းရေး အစီအစဉ်များကို ကြေညာသည်။
[မြန်မာ့အလင်း ၁၉–၅–၄၃]
[Burma During the Japanese Occupation Vol II.*P 141*]

၁၉ မေ ၁၉၄၃ အရှေ့အာရှတိုက်စစ်ကြီးအောင်မြင်ရန် ဂျပန်တို့အားအလျှင်အမြန်နှင့် များပြားစွာကူညီရန်အစွမ်းကုန် ကြိုးစားဆောင်ရွက်ရန်နှင့် ထိုသို့ကူညီမှသာ မြန်မာတို့ နှစ်ရှည်လများ မျှော်လင့်တောင့်တလျက်ရှိသည့် လွတ်လပ်ရေး ရရှိမည်ဖြစ်၍ ဒုတိယပတ် ပြုပြင်ရေးတပ်သားများ (သို့မဟုတ်) ချွေးတပ်သားများကို စုဆောင်းနေကြောင်း ကြေညာသည်။
[မြန်မာ့အလင်း ၁၉–၅–၄၃]

ဇွန်လ

၃ ဇွန် ၁၉၄၃ မြန်မာနိုင်ငံ ဝန်ကြီးချုပ်ဒေါက်တာဘမော်က နိုင်ငံတော်ထူထောင်ရေးအတွက် စက်မှုလက်မှုနှင့် အကျိုးဖြစ်ထွန်းအောင် ပညာသင်ကြားရန် မြန်မာပညာတော်သင် ၁၅ ဦးကို ဂျပန်နိုင်ငံသို့ စေလွှတ်သည်။
[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး–ဒု စာ ၄၁]

၁၂ ဇွန် ၁၉၄၃ ဗြိတိသျှလေယာဉ်များက ယိုးဒယား–မြန်မာ မီးရထားလမ်းဖောက်လုပ်ရေး၌ အခြေစိုက်စခန်းဖြစ်သော သံဖြူဇရပ်ကို ဗုံးကြဲတိုက်ခိုက်သည်။
[နွယ်နွယ်အေးသံဖြူဇရပ်မြို့နယ်သမိုင်း (၁၈၇၄–၁၉၇၄) မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ မော်လမြိုင်တက္ကသိုလ်၊ ၁၉၉၇၊စာ ၁၄၂။ နောင်ကိုးကားလျှင် နွယ်နွယ်အေး သံဖြူဇရပ်မြို့နယ်သမိုင်း ဟုညွှန်းမည်]

ဇူလိုင်လ

၂ ဇူလိုင် ၁၉၄၃ မြန်မာနိုင်ငံရှိ မဟာ သံဃာအဖွဲ့ချုပ်ကြီး နှင့် မန္တလေးမြို့ ညောင်ရမ်းဆရာတော်ကြီးမှူးသော ဗုဒ္ဓသာသနာ ကြီးပွားရေး အစည်းအရုံးတို့ ပေါင်းစည်းကာ မဟာသံဃာအဖွဲ့ချုပ်အဖြစ် ဖွဲ့စည်းသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၄၈–၂၄၉]

၄ ဇူလိုင် ၁၉၄၃ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ရောက်ရှိနေသည့် ဂျပန်နန်းရင်းဝန် ဗိုလ်ချုပ်ကြီး တိုဂျိုကမိန့်ခွန်းတစ်ရပ် ပြောကြားရာတွင် မြန်မာနိုင်ငံ ရှမ်းပြည်နယ်အတွင်းရှိ ကျိုင်းတုံနှင့် မိုင်းပန်နယ်များကို ယိုးဒယားနယ်မြေထဲ ထည့်သွင်းလိုက်ကြောင်းပါရှိသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်–တ စာ ၉၂/၁၅၇]
[ဦးသန့် ပြည်တော်သာခရီးပထမတွဲ၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်၊ ၁၉၆၁၊ စာ ၅၈ နောင်ကိုးကားလျှင် ဦးသန့် ပြည်တော်သာခရီး (ပ) ဟုညွှန်းမည်။]
[Burma During the Japanese Occupation Vol I.*P 27-28*]

၁၂ ဇူလိုင် ၁၉၄၃ ဝန်ကြီးသခင်ဗစိန် ကြီးမှူးသော ဗဟိုအလုပ်သမားအဖွဲ့ချုပ်ကြီးက ချွေးတပ်ဟူသော ဝေါဟာရအစား မီးရထားလမ်းအလုပ်သမားတပ်များကို ဗမာ့လက်ရုံးတပ်မတော်ဟု အမည်ပြောင်းပြီး လက်ရုံးတပ်သား နှစ်သောင်းကျော်ကို တတိယအကြိမ်မြောက် ထပ်မံ စုဆောင်းရန် အမိန့်ထုတ်သည်။ လက်ရုံးတပ်မတော်သားများသည် စ–ခ–ဗ–ဝ ရန်ပုံခွင်း စမလေးလုံးပါရှိသော လက်ပတ်များ ဆင်မြန်းရသည်။ လက်ရုံးတပ်သား တစ်ဦးလျှင် လစာငွေ ၃၅/– ရသည်။
[စာရေးဆရာစာစောင်၊ အမှတ်၄ ၁၉၄၃၊ စာ ၅၄–၅၅]

၂၀ ဇူလိုင် ၁၉၄၃ ဂျပန်အစိုးရက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်

ကြီး အဖြစ် ရင်ဇိုဆာဝါဒါ (Renzo Sawada) အား ခန့်အပ်သည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်–တ စာ ၁၂၄]
(Burma During the Japanese Occupation.Vol.I.*PP 9-10*)
[Japanese Military Administration, Documents, 1941-1945: *P134-135*]

၂၅ ဇူလိုင် ၁၉၄၃ ဂျပန်စစ်ဘက်အစိုးရက ရန်သူတို့ ရိုက်ကူးသော ရုပ်ရှင်ကားများ ပြသခြင်းကိုတားမြစ်ချက်နှင့် စပ်လျဉ်း၍ ကြေညာချက် ထုတ်ပြန်သည်။
[မြန်မာ့အလင်း ၁၁–၈–၄၃]

၂၆ ဇူလိုင် ၁၉၄၃ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် ရင်ဇိုဆာဝါဒါ မြန်မာနိုင်ငံသို့ ရောက်ရှိသည်။
[Burma During the Japanese Occupation.Vol.I ,*PP 9-10*]
[Japanese Military Administration, Documents, 1941-1945: *P134-135*]

၂၉ ဇူလိုင် ၁၉၄၃ မြန်မာနယ်မြေတပ်မတော် စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကာဝါဘီက မြန်မာနယ်မြေတပ်မတော် စစ်ဆင်ရေးအမိန့်အမှတ် ၇၉ ကို ထုတ်ပြန်၍ မြန်မာနိုင်ငံအား လွတ်လပ်သော နိုင်ငံအဖြစ် မြှင့်တင်ပေးခြင်းနှင့် မြန်မာနယ်မြေတပ်မတော် စစ်ရုံးချုပ်ဖွဲ့စည်းပုံ ပြင်ဆင်ချက်တို့ကို လိုက်လျော၍ စစ်အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများကို ဖျက်သိမ်းပြီး အုပ်ချုပ်ရေးဆိုင်ရာ စက်ယန္တယားအသစ်ကို စီစဉ်ထူထောင်ရန်နှင့် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲခြင်းကို အကြောင်းပြု၍ စစ်အုပ်ချုပ်ရေးဦးစီးဌာနကို ရုတ်သိမ်းရန် အမိန့်ချမှတ်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၇၀–၃၇၁]

၃၀ ဇူလိုင် ၁၉၄၃ မြန်မာစစ်ပညာသင် ရဲဘော်သုံးဆယ် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်–တ စာ ၁၇၃]

၃၁ဇူလိုင် ၁၉၄၃ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်တပ်များ၏ သေနာပတိ ကာဝါဘီက မြန်မာနိုင်ငံ လွတ်လပ်ရေး စီစဉ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘမော်ထံ ဂျပန်အစိုးရက မြန်မာနိုင်ငံကို ၁–၈–၄၃ တွင် လွတ်လပ်ရေးပေးရန် ညွှန်ကြားချက်ရရှိပြီဖြစ်ကြောင်း အကြောင်းကြားသည်။
[မောင်မောင်အေး ဂျပန်ခေတ်အုပ်ချုပ် ရေး၊ နောက် ဆက်တွဲ ၂၊ စာ ၁၈၁]

■မြန်မာနိုင်ငံရောက် အိန္ဒိယလွတ်လပ်ရေး အသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သူ ဆူဘတ်ချန်ဒရာဘို့စ် (Subhas Chandra Bose)က မြန်မာတို့ လွတ်လပ်ရေးရခြင်းသည် ကျွန်ုပ်တို့ (အိန္ဒိယအမျိုးသား) ၏ တိုက်ပွဲတွင် များစွာ အကူအညီရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ခြင်းကို ပြနိုင်သည့်တစ်ခဏတွင် ဂျပန်အပေါ် စွပ်စွဲချက် မမှန်ခြင်းကို ပြလိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။
[မြန်မာ့အလင်း ၁၁–၈–၄၃]

## ဩဂုတ်လ

၁ ဩဂုတ် ၁၉၄၃ ဂျပန်ဗဟိုစစ်ဌာနချုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်စစ်တပ်၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကာဝါဘီက ယခုလက်ရှိ စစ်အုပ်ချုပ်ရေးကို ဖျက်သိမ်းလိုက်ကြောင်း၊ ထို့နောက် လက်ရှိအစိုးရအဖွဲ့ကိုလည်း ရုတ်သိမ်းလိုက်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံရှိ ဟောဘီကျော့ကုခေါ် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်မှုပြင်ဆင်ရေးရုံးနှင့် ဗမာ့တပ်မတော် နည်းပေးလမ်းပြရုံး ဘီရမာဂွန်စီဒိုဘိုး ကိုလည်း ရုပ်သိမ်းလိုက်ကြောင်း စစ်အမိန့်များကိုထုတ်ပြန်သည်။ ထို့နောက် မြန်မာနိုင်ငံလွတ်လပ်ရေး နေ့ မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံတော်သည် ဤအချိန်ဤကာလမှစ၍ လွတ်လပ်သော မြန်မာနိုင်ငံတော်ကြီး ဖြစ်ပြီဖြစ်၍ ရှေ့သို့ဆက်လက်၍ မိမိတို့ အာရှတိုက် ကြီးပွားရာ ကြီးပွားကြောင်း ဆက်လက်ကြိုးစား ကြစေလိုကြောင်း ပြောကြားသည်။

■ရန်ကုန်မြို့ အစိုးရအိမ်တော်တွင် နံနက် ၈း၃၀ နာရီ၌ မြန်မာ့လွတ်လပ်ရေးနေ့ သဘင်အခမ်းအနားကျင်းပသည်။ နံနက်၉နာရီတွင်မြန်မာနိုင်ငံတော် အုပ်ချုပ်ရေးစီမံမှု အဖွဲ့ဝင် ဗန္ဓုလဦးစိန်က ရွှေပုရပိုက်ကို ဖွင့်လှစ်၍ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြေညာစာတမ်းကို ဖတ်ကြားသည်။

■ ဗန္ဓုလဦးစိန်က မြန်မာနိုင်ငံအုပ်ချုပ်ရေး စည်းမျဉ်းဥပဒေ ပြုပြီးကြောင်း ကြေညာသည်။

■ဒေါက်တာဘမော်အား နိုင်ငံတော် အဓိပတိအဖြစ် တင်မြှောက်သည်။

■သခင်ကိုယ်တော်မှိုင်းက နိုင်ငံတော် အဓိပတိဒေါက်တာဘမော်အား သစ္စာဆိုတော်မူရန် ပန်ကြားရာ နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်က သစ္စာဆိုသည်။

■နံနက် ၁၁း၀၀ နာရီတွင် နိုင်ငံတော်
အဓိပတိ၏ ခွင့်ပြုချက်အရ ဝန်ကြီး
များ၏ အမည်ကို ကြေညာသည်။
ဝန်ကြီးအဖွဲ့ဝင်များမှာ

သခင်မြ
ဒုတိယဝန်ကြီးချုပ်
ဒေါက်တာသိန်းမောင်
ဘဏ္ဍာရေးဌာန
ဦးထွန်းအောင်
ပူးပေါင်းဆောင်ရွက်ရေးဌာန
ဦးဘဝင်း
ပြည်ထဲရေးဌာန
ဗန္ဓုလဦးစိန်
ကြီးပွားရေးနှင့် ဝါဒဖြန့်ချိရေး
ဌာန
ဦးလှဖေ
သစ်တောနှင့် သတ္တုတွင်းဌာန
သခင်သန်းထွန်း
မြေနှင့်လယ်ယာစိုက်ပျိုးရေးဌာန
ဦးသိန်းမောင်
တရားဌာန
ဦးမြ (ပျော်ဘွယ်)
ကူးသန်းရောင်းဝယ်ရေးနှင့် စက်
မှုလက်မှုဌာန
ဦးလှမင်း
ကျန်းမာရေးနှင့် စည်ပင်သာယာ
ရေးဌာန
ဦးဇ
အခွန်တော်ဌာန
သခင်လေးမောင်
လမ်းပန်းဆက်သွယ်ရေးနှင့် ဆည်
မြောင်းဌာန
သခင်နု
နိုင်ငံခြားရေးဌာန
ဗိုလ်ချုပ်အောင်ဆန်း
ကာကွယ်ရေးဌာန
တို့ဖြစ်ပြီး ဝန်ကြီးများ တစ်ဦးစီ
ကျမ်းသစ္စာဆိုကြသည်။

■ မြန်မာနိုင်ငံတော် အတိုင်ပင်ခံ
လွှတ်တော် (Privy Council) အမတ်
များ၏အမည်ကို ကြေညာသည်။
အတိုင်ပင်ခံ အမတ်များမှာ

၁။ သခင်ကိုယ်တော်မှိုင်း
၂။ ဒေါက်တာစံစီဖိုး
၃။ ဦးသွင်
၄။ ဦးချစ်လှိုင်
၅။ ဦးထွန်းဖေ
၆။ ဒေါက်တာဆက်
၇။ ဦးမြ (ဟင်္သာတ)
၈။ ဦးကျော်
၉။ ဦးဇမောင်
၁၀။ ဦးမောင်မောင်ဗျား
၁၁။ ဦးကြီးမြင့်
၁၂။ ဦးဘိုစံ
၁၃။ ဦးဘလှိုင်
၁၄။ ဦးခင်မောင်ပု
၁၅။ ဒီးဒုတ်ဦးဘချို
၁၆။ ဦးတင် (မြန်မာ့အလင်း)



၁၇။ ဦးစိန်ဝင်း (ပဲခူး)
၁၈။ ဦးဘသီ (မန္တလေး)
၁၉။ သခင်သာဒင် (ပဲခူး)
၂၀။ ဦးမို

တို့ဖြစ်သည်။ ထို့နောက် အတိုင်ပင်ခံ
လွှတ်တော်အမတ်များ တစ်ဦးစီ
ကျမ်းသစ္စာဆိုကြသည်။

■ မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့
သဘင် အခမ်းအနားကို ရုပ်သိမ်း
သည်။

■၁၃း ၀၀ နာရီတွင် နိုင်ငံတော်ဝါဒ
ဖြန့်ချိရေးဌာနခွဲ ညွှန်ကြားရေးဝန်
ဦးလှဖေက မြန်မာ့လွတ်လပ်ရေး
ကြေညာစာတမ်းကို အသံလွှင့်ကြေ
ညာသည်။

■ မြန်မာနယ်မြေတပ်မတော် စစ်
သေနာပတိကြီး ကာဝါဘီက မွန်းလွဲ
၁း၃၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်း
ကို စစ်ရုံးချုပ်သို့ ဖိတ်ခေါ်၍ "မြန်မာ
နယ်မြေ တပ်မတော် စစ်အမိန့်
အမှတ် ၇" ကိုပေးအပ်သည်။ ထို
အမိန့်တွင် မြန်မာကာကွယ်ရေးတပ်
မတော် စစ်တက္ကသိုလ် (ဗိုလ်သင်
တန်း) နှင့် (မူလတန်း)စစ်ပညာသင်
တန်း ကို မြန်မာအစိုးရ အုပ်ချုပ်ရေး
အောက်ပြောင်းလဲထည့်သွင်းထားရှိ
ကြောင်း ပါရှိသည်။

■ ဂျပန် – မြန်မာ မဟာမိတ်စာချုပ်
လက်မှတ်မထိုးမီ မြန်မာနိုင်ငံတော်
လွတ်လပ်ရေးစီစဉ်မှုအဖွဲ့က ၁း၄၅
နာရီတွင် ဗြိတိသျှနှင့် အမေရိကန်
တို့အား စစ်ကြေညာသည်။

■၁၄း၀၀ နာရီတွင် မြန်မာ – ဂျပန်
မဟာမိတ်စာချုပ် ချုပ်ဆိုသည်။

■မြန်မာနိုင်ငံ အဓိပတိ ဒေါက်တာ
ဘမော်က မြန်မာနိုင်ငံတော်သစ်ဝါဒ
ကို ကြေညာရာတွင်မြန်မာနိုင်ငံသည်
စစ်ကိုအကြောင်းပြု၍ လွတ်လပ်ရေး
ရလာသည့်အတွက် လွတ်လပ်ရေးကို
ကာကွယ်ရန်၊ အရှေ့အာရှတိုက်သား
အဖြစ် တာဝန်ဝတ္တရား ကျေပွန်
အောင် ဆောင်ရွက်ရန်၊ အရှေ့အာရှ
စည်းလုံးညီညွတ်မှုအပေါ်တွင် မြန်မာ
နိုင်ငံ၏ လုံခြုံမှုနှင့် ပြည်စုံမှုအခြေပြု
စေရန်နှင့် နိုင်ငံတော်သစ်၏ဝါဒ
သည် စစ်မျက်နှာတပ်ဦးဝါဒဖြစ်ပြီး
ထိုဝါဒကို လက်ကိုင်ပြုရန် မြန်မာ
ပြည်သူတို့ မြန်မာ့လွတ်လပ်ရေးကို
စစ်သဘောအတိုင်းပင် စဉ်းစားတွေး
ခေါ် ဆင်ခြင်ဖွယ်ရှိကြောင်း ပြော
ကြားသည်။

■မြန်မာနိုင်ငံတော်နှင့် ရှမ်းနယ်၊
ကရင်နီနယ် (ကယား) များ ဆက်ဆံ
ရေး စည်းမျဉ်းများနှင့် သက်ဆိုင်

သော မှတ်စာလွှာကို ထုတ်ပြန်သည်။

■ ဂျပန်နိုင်ငံနှင့်မြန်မာနိုင်ငံတို့ စစ်ရေး သဘောတူညီချက် လျှို့ဝှက်စာချုပ် ချုပ်ဆိုသည်။

■မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံတို့ ချုပ်ဆိုကြသည့် လျှို့ဝှက်သောစစ်ပဋိညာဉ်စာချုပ်ကို အခြေခံပြုသော အသေးစိတ်သဘောတူညီချက်များကို မြန်မာနိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်၊ မြန်မာနိုင်ငံ၌ တပ်ချလျက်ရှိသော ဂျပန်တပ်မတော် စစ်သေနာပတိ ကာဝါဘီ၊ မြန်မာနိုင်ငံတော် အပါအဝင်ဖြစ်သည့် တောင်ပိုင်းဒေသများ၌ရှိသော ဂျပန်ရေတပ်မတော်၏ စစ်သေနာပတိ (ကိုယ်စား) ချူဒိုခန်းခေး (Chudo Kankei)တို့လက်မှတ်ရေးထိုးသည်။

■ ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရေးအတွက် အလုပ်သမားစုဆောင်းရေးကို ပူးပေါင်းဆောင်ရွက်ရေးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးထွန်းအောင်က တာဝန်ခံရသည်။

■နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော် အိမ်တော်တွင် ညနေ ၆း၃၀ နာရီ၌ သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

[ဗမာ့သစ်စာစောင် အတွဲ ၁၊အမှတ် ၁၊ ၁၉၄၃၊ ဩဂုတ်လ၊ စာ ၆-၇/၁၆/၂၁/၃၄]
[သူရိယလွတ်လပ်ရေးနေ့ အထူး သတင်းစာ ၃-၈-၄၃]
[ဗန္ဓုလဦးစိန်ကျွန်ုပ်တို့အတွင်းရေး-ဒု၊ စာ ၈၉]
[မောင်မောင်အေးဂျပန်ခေတ်အုပ်ချုပ်ရေးနောက်ဆက်တွဲ ၃/၄/၅/၆၊ စာ ၁၈၂-၁၈၈]
[ဂျပန်တပ်မတော်၏ မြန်မာပြည်သိမ်းစစ်ဆင်ရေး၊ မောင်မောင်ဘုန်း ကြွယ်မြန်မာပြန်၊ ရန်ကုန်၊ စပယ်ဦးပုံနှိပ်၊ ၁၉၆၂၊ စာ ၂၀၃ -၂၀၄]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ -၃၉၄]
[Japanese Military Administration, Documents, 1941-1945: *P135-138/ 152-155/ 158-170*]
[လူထုဦးလှစစ်တွင်းဗမာပြည်-တ စာ ၆၀-၈၅/၁၁၅/၁၃၆-၁၃၈]

၄ ဩဂုတ် ၁၉၄၃ မြန်မာနိုင်ငံအစိုးရ နိုင်ငံခြားရေးဝန်ကြီး သခင်နုက ဂျပန်နှင့် မြန်မာသတင်းစာဆရာများနှင့်တွေ့ဆုံပွဲ၌ နိုင်ငံခြားရေးဝါဒကို ဖတ်ကြားပြသသည်။
[မြန်မာ့အလင်း ၇-၈-၄၃]

၆ ဩဂုတ် ၁၉၄၃ ရန်ကုန်မြို့ပြည်လမ်း ဘီ.ဒီ.အေ စစ်ဗဟိုဌာနချုပ်၌ ဘီ.ဒီ.အေ ဗိုလ်ချုပ်သစ် ဗိုလ်မှူးကြီးနေဝင်းက သတင်းစာဆရာများနှင့် တွေ့ဆုံပွဲ၌ ဘီ.ဒီ.အေနှင့် ပတ်သက်၍ သတင်းစာဆရာများ မေးမြန်းသည့် အချက်အလက်များကို ဖြေကြားသည်။
[မြန်မာ့အလင်း ၁၀-၈-၄၃]

■သခင်လွန်းဘော်သည် မြန်မာနိုင်ငံလမ်းပန်းအဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-တ စာ ၁၉၉-၂၀၀]

၉ ဩဂုတ် ၁၉၄၃ မြန်မာနိုင်ငံတော်အစိုးရ အတိုင်ပင်ခံ လွှတ်တော် တတိယအကြိမ် အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် အတိုင်ပင်ခံ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးသွင်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးဘလှိုင်တို့ ရွေးကောက် တင်မြှောက်ခံရသည်။ ထို့နောက် အတိုင်ပင်ခံ လွှတ်တော်စည်းမျဉ်းဥပဒေများ ရေးဆွဲရန် အဖွဲ့ဖွဲ့စည်းသည်။
[ဗမာသစ်စာစောင် အတွဲ ၁ အမှတ် ၁ ၁၉၄၃ ဩဂုတ်။ စာ ၁၁]

■ ဂျပန်ဧကရာဇ်ဟီရိုဟီတို၏ အလိုဆန္ဒအရ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မမိုးရု ရှီဂဲမစ်ဇု(Mamoru Shigemitsu) က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ရင်ဇိုဆာဝါဒါထံ ဂျပန်ဧကရာဇ်က မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် အတွက် မိမိအနေနှင့် ဝမ်း မြောက်ပါကြောင်း မြန်မာနိုင်ငံ အဓိပတိ ဒေါက်တာဘမော်အား တစ်ဆင့် အကြောင်းကြားပါရန် ကြေးနန်းဖြင့် ညွှန်ကြားသည်။
[တိုကျိုမြို့ ဒိုမေသတင်းဌာနကြေးနန်း ၉-၈-၁၉၄၃]

၁၁ ဩဂုတ် ၁၉၄၃ သခင်ဗစိန်နှင့် သခင်ထွန်းအုပ်တို့အား အကျယ်ချုပ်ဖြင့် စင်္ကာပူသို့ ပို့သည်။
[တက္ကသိုလ်စိန်တင် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် သခင်ဗစိန် (ဒုတိယအကြိမ်)၊ ရန်ကုန်။ ညွန့်ညွန့်အော့ဖ်စက်၊ ၂၀၀၀။ စာ ၂၅၁-၂၅၆။]

၁၈ ဩဂုတ် ၁၉၄၃ မြန်မာနိုင်ငံ အဓိပတိ ဒေါက်တာဘမော်ကမြန်မာနိုင်ငံ အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာ သိမ်းမောင်အား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်စေလွှတ်ရန် ရွေးချယ်သည်။
[သခင်လွင် ဂျပန်ခေတ်ဗမာပြည်၊ ရန်ကုန်။ သီဟပုံနှိပ်၊ ၁၉၆၉ စာ ၁၉၇။ နောင်ကိုးကားလျှင် သခင်လွင် ဂျပန်ခေတ်မြန်မာပြည် ဟုညွှန်းမည်]

၂၀ ဩဂုတ် ၁၉၄၃ ပသျှူးကျွန်းဆွယ်ရှိ ထိုင်းနိုင်ငံ နယ်မြေများနှင့် ရှမ်းပြည်နယ်မြေများနှင့် စပ်လျဉ်း

သော ဂျပန်နှင့် ထိုင်းနိုင်ငံ သဘော တူ စာချုပ်ချုပ်ဆိုသည်။ စာချုပ်ပါ အချက်များမှာ

(၁)ပသျှူးကျွန်းဆွယ် ကီးလန်တန် (Kelantan)၊ ထရင်ကနူ(Trengganu)၊ ကေးဒါး(Kedah)၊ ပါလစ်(စ်) (Perlis)နှင့် ၎င်းနယ်ပယ်များတွင် ပါဝင်သော ကျွန်းများပါ မကျန် နယ်အားလုံးကို ယိုးဒယားပြည်နှင့် ပေါင်းစပ်ရန် ဂျပန်နိုင်ငံက အသိ အမှတ်ပြုသည်။

(၂) ရှမ်းပြည်နယ်ရှိ ကျိုင်းတုံနှင့် မိုင်းပန်နယ်များကို ယိုးဒယားပြည် နှင့် ပေါင်းစပ်ရန် ဂျပန်နိုင်ငံက သဘောတူသည်။

(၃) ယခုစာချုပ်သည့် နေ့ရက်မှ ရက် (၆၀)အတွင်း ယခုဂျပန်က အုပ်ချုပ် လျက်ရှိသော အထက်ပါ နံပါတ်(၁) နှင့် နံပါတ်(၂)တွင် ပါရှိသော ပြည် နယ်များအားလုံးမှ ဂျပန်အုပ်ချုပ် ရေးကို ရုပ်စဲလိမ့်မည်။

(၄) အထက်ပါ နံပါတ်(၁)နှင့်နံပါတ် (၂)တွင် ပါဝင်သောပြည်နယ်များ ၏ နယ်နမိတ်အားလုံးတို့မှာ စာချုပ် လက်မှတ်ရေးထိုးသည့် နေ့ရက် အထိ တည်ရှိနေသည့် အတိုင်း တည်ရှိနေလိမ့်မည်။

(၅) ယခုစာချုပ်တွင် ပါရှိသော အချက်အလက်တို့နှင့် ပတ်သက်၍ အသေးစိပ် ဆောင်ရွက်ရမည့် အချက်အလက်တို့ကို နှစ်နိုင်ငံတို့၏ သက်ဆိုင်ရာ အာဏာပိုင်များ ညှိနှိုင်း ဆွေးနွေး၍ နှစ်ဦးသဘောတူညီချက် ဖြင့် ဆုံးဖြတ်စေရမည်။

(၆) ဤစာချုပ်သည် လက်မှတ် ရေးထိုးသည့်နေ့တွင် အတည်ဖြစ် သည်။

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၀၇]
[ကမ္ဘောဇသတင်းစာ အတွဲ၁၊ အမှတ် ၁၅၊ ၃၁-၈-၁၉၄၃]
[Japanese Military Administration, Documents, 1941-1945: *PP 227-229*]

၂၅ သြဂုတ် ၁၉၄၃ မောင့်ဘက်တန် (Admiral Lord Louis Mount batten 1900-1979) အာရှအရှေ့ တောင်ပိုင်း မဟာမိတ် စစ်သေနာ ပတိချုပ် ရာထူးခန့်အပ်ခံရသည်။
[**Burma Struggle** Vol.I. *P XLVI*]

လော့ဒ်မောင့်ဘက်တန်

၂၆ သြဂုတ် ၁၉၄၃ မောင့်ဘက်တန် က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ ရှိ အမေရိကန် စစ်ဦးစီးချုပ်များထံ တာဝန်ထမ်းဆောင်ကြောင်း အစီရင် ခံသည်။
[Mountbatten, Earl,Report to the Combined Chiefs of Staff by the Supreme Allied Commander South East Asia 1943-45, *NewYork Philosophical Library 1951 P3: hereafter Cited as* Mountbatten's Report ]

၂၇ သြဂုတ် ၁၉၄၃ ဂျပန်တပ်များ က သိမ်းပိုက်ထားသော နယ်စပ်ဒေ သများ၏ အုပ်ချုပ်ရေးနှင့် ပတ်သက် ၍ တစ်ဦးနှင့်တစ်ဦး သိရှိနားလည် ချက်များကို မြန်မာနိုင်ငံတော်ဝန်ကြီး ချုပ် ဒေါက်တာဘမော်နှင့် မြန်မာ နိုင်ငံတော်တွင် တပ်ချလျက်ရှိသော ဂျပန်တပ်မတော်ကြီး၏ စစ်သေနာ ပတိ ကာဝါဘီတို့ လက်မှတ်ရေးထိုး သည်။
[မောင်မောင်အေးဂျပန်ခေတ်အုပ်ချုပ်ရေး နောက်ဆက်တွဲ ၇၊ စာ ၁၈၉]

၂၈ သြဂုတ် ၁၉၄၃ ရှမ်းပြည်နယ် အတွင်းမှ ကျိုင်းတုံနှင့် မိုင်းပန်နယ် နှစ်နယ်ကို မေတ္တာလက်ဆောင် အဖြစ် ယိုးဒယားနိုင်ငံသို့ လွှဲပြောင်း ပေးကြောင်း ကြေညာသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၀၇]

၂၉ သြဂုတ် ၁၉၄၃ နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော် အိမ် တော်တွင် ဗိုလ်ရှုသဘင်ခံပွဲ ကျင်းပ သည်။
[လူထုဦးလှစစ်အတွင်းဗမာပြည်-တ စာ ၂၀၉-၂၁၃]

၃၀ သြဂုတ် ၁၉၄၃ နိုင်ငံတော် အဓိပတိသည် ဘဏ္ဍာရေးဌာန ဝန်ကြီး ဦးသိန်းမောင်အား နိပ္ပွန် ဧကရာဇ်နိုင်ငံတော်အတွက် အာဏာ ကုန် အထူးလွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ် သည်။ ၎င်းသည် ရာထူးကျမ်းသစ္စာ နှင့်လျှို့ဝှက်ရန် သစ္စာတော်ဆိုသည်။
[မြန်မာနိုင်ငံတော်အစိုးရ အမိန့်ပြန်တမ်း အမှတ် ၅၂၊ ၁၁ စက်တင်ဘာ ၁၉၄၃ စာ ၆၁၄]

သြဂုတ် ၁၉၄၃ ဦးသိန်းဖေမြင့်နှင့် သခင်တင်ရွှေတို့ တရုတ်နိုင်ငံ ချုံ ကင်းမြို့မှ အိန္ဒိယနိုင်ငံ ကလကတ္တား သို့ ပြန်လည် ရောက်ရှိသည်။
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စာ ၂၄၀-၂၄၇]

စက်တင်ဘာလ

၂ စက်တင်ဘာ ၁၉၄၃ မြန်မာနိုင်ငံ ရှိ ဂျပန်စစ်ဘက် အတိုင်အပင်ခံ အရာရှိများနှင့် ပတ်သက်သော မှတ် တမ်းကို မြန်မာနိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်နှင့် မြန်မာနိုင်ငံ တွင် တပ်ချလျက်ရှိသော ဂျပန်

ကြည်းတပ်မတော်၏ စစ်သေနာပတိ ကာဝါဘီက မြန်မာနိုင်ငံတော်အပါအဝင် တောင်ပိုင်းနယ်များ၌ တပ်ချထားသော ဂျပန်ရေတပ်မတော်၏ ခေတ္တ သေနာပတိ ချူဒိုခန်းခေးတို့ လက်မှတ်ရေးထိုးသည်။
[မောင်မောင်အေး ဂျပန်ခေတ်အုပ်ချုပ်ရေး နောက်ဆက်တွဲ ၈၊ စာ ၁၉၂]

■ ဂျပန်ဗဟို ဦးစီးချုပ်ရုံးသည် အင်ဖာသို့ ထိုးစစ်ဆင်နွှဲရန် ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၅]

၅ စက်တင်ဘာ ၁၉၄၃ မြန်မာပြည်စာရေးဆရာများအသင်း၏ ပထမနှစ်ပတ်လည် အစည်းအဝေးကို နေပြည်တော် ကန်တော်မိတ်သဘင်တွင် ကျင်းပသည်။ အစည်းအဝေးတွင် အသင်းစည်းမျဉ်းဥပဒေ ပြင်ဆင်ခြင်းကို အတည်ပြုသည်။ စည်းမျဉ်းသစ်အရ မြန်မာပြည်စာရေးဆရာများအသင်းကို မြန်မာနိုင်ငံစာရေးဆရာအသင်းဟု ပြောင်းလဲခေါ်ဝေါ်သည်။
[စာရေးဆရာစာစောင် အမှတ် ၉၊ ၁၉၄၄ စာ ၁၁]

၁၆ စက်တင်ဘာ ၁၉၄၃ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဗမာ့အမျိုးသားတပ်မတော် (**Burma National Army**) ဟု အမည်ပြောင်းသည်။
[**Burma Struggle** Vol .I .*PXLVI*]

■ မြန်မာနိုင်ငံလွတ်လပ်ရေးကို ဂျပန်၊ ဂျာမနီ၊ ထိုင်း၊ မန်ချူးကိုး၊ နန်ကင်း၊ ခရိုအေးရှား၊ စလိုဗက်ကီးယားနှင့် ဘူလဂေးရီးယားနိုင်ငံတို့က အသိအမှတ်ပြုသည်။
[Japanese Military Administration, Documents, 1941-1945: *P-138*]

၂၂ စက်တင်ဘာ ၁၉၄၃ ဇီးကုန်းမြို့နယ်၊ ကျေးရွာများမှ ဗမာ့လက်ရုံးတပ်သားများကို စတုတ္ထအကြိမ်အဖြစ် တပ်အုပ် မောင်အေးချို ကကြပ်မတ်၍ ပို့ဆောင်ပေးသည်။
[မြန်မာ့အလင်း ၂-၁၀-၄၃]

၂၃ စက်တင်ဘာ ၁၉၄၃ အိန္ဒိယအမျိုးသားခေါင်းဆောင် ဆူဘတ်ချန္ဒရာဘို့စ် ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[မြန်မာ့အလင်း ၂-၁၀-၄၃]

၂၅ စက်တင်ဘာ ၁၉၄၃ မြန်မာနိုင်ငံ အဓိပတိ ဒေါက်တာဘမော်နှင့် ဂျပန် သံအမတ် ရင်ဇိုဆာဝါဒါ တို့သည် ကျိုင်းတုံ၊ မိုင်းပန် နယ်နှစ်နယ်မှတစ် ပါး ရှမ်းပြည်နယ်၊ ကရင်နီ(ကယား) တောင်တန်းနယ်နှင့် ဝလူမျိုးတို့၏ နယ်ပယ်ဒေသများကို မြန်မာနိုင်ငံ အုပ်ချုပ်ရေး နယ်နမိတ်အတွင်းသို့ သွတ်သွင်းသော စာချုပ်ကို လက်မှတ်ရေးထိုးသည်။
[မြန်မာ့အလင်း ၃၀-၉-၄၃]
[ဦးသန့်ပြည်တော်သာခရီး-ပစာ၅၈]

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ၃၀၈/၄၁၇]
[Japanese Military Administration, Documents, 1941-1945: *P-230*]

■ ရေနံမြေသပိတ် ခေါင်းဆောင် သခင်ဘိုးလုကြီး ဝမ်းတွင်း သက်တန့်ရောဂါ ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သည်။
[ဗမာ့ခေတ် ၁-၁၀-၄၃]
[ဒေါက်တာမြင့်ဆွေ ဂျပန်ခေတ်ဆေးရုံကြီးဝယ် စာ ၁၉၇]

၂၆ စက်တင်ဘာ ၁၉၄၃ မြန်မာနိုင်ငံအစိုးရအဖွဲ့ ဒုတိယဝန်ကြီးချုပ် သခင်မြ၊ ဝန်ကြီး သခင်သန်းထွန်း၊ ဗမာ့ကာကွယ်ရေးတပ်မတော်စစ်သေနာ ပတိ ဗိုလ်ချုပ်နေဝင်းတို့ကြီးမှူး၍ သခင်ဖိုးလုကြီးအလောင်းကို ညနေ ၁၅း၀၀ နာရီတွင် ကြံတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်သည်။
[ဗမာ့ခေတ် ၁-၁၀-၄၃]

၂၇ စက်တင်ဘာ ၁၉၄၃ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသော အာဇာနည်ဗိမာန်တည်ဆောက်ရေးအဖွဲ့က ရွှေတိဂုံစေတီ မြောက်ဘက်ရှိ ကုန်းမြေမြင့်ပေါ်တွင် အာဇာနည်ဗိမာန်တည်ဆောက်ရန် အခမ်းအနားကျင်းပရာ အဓိပတိ ဒေါက်တာဘမော်က အုတ်မြစ်ချသည်။
[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်း ရေး ၃၊ စာ ၅၇]

၂၈ စက်တင်ဘာ ၁၉၄၃ ဆရာတော် ဦးဝိစာရ ကြေးရုပ်ဖွင့်လှစ်ရေးအတွက် အစည်းအဝေးကျင်းပရာ သာသနာရေး၊ ကြီးပွားရေးနှင့် ဝါဒဖြန့်ချိရေးဝန်ကြီး ဗန္ဓုလဦးစိန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။
[မြန်မာ့အလင်း ၃၀-၉-၄၃]

## အောက်တိုဘာလ

၁ အောက်တိုဘာ ၁၉၄၃ နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်က ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ် ဒေါက်တာသိမ်းမောင်၏ ဘဏ္ဍာရေးဝန်ကြီး ရာထူးမှ နုတ်ထွက်စာကို လက်ခံသည်။ ဘဏ္ဍာရေးဝန်ကြီး၏ အလုပ်တာဝန်ကို ဝန်ကြီးချုပ်က ပူးတွဲဆောင်ရွက်သည်။
[မြန်မာ့အလင်း ၅-၁၀-၄၃]

■ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ခန့်အပ်ခံရသည့် ဒေါက်တာသိမ်းမောင်က ဂျပန်နှင့် မြန်မာသတင်းစာဆရာများကို တွေ့ဆုံ၍ ဂျပန်နိုင်ငံသို့ မကြာမီသွားရောက်မည့်ကိစ္စများကို ပြောကြားသည်။
[မြန်မာ့အလင်း ၂-၁၀-၄၃]

■အိန္ဒိယအမျိုးသားခေါင်းဆောင် ဆူဘတ်ချန္ဒရာဘို့စ်က ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး ဇဖာရ်ရှားလမ်း အမှတ် ၆ ရှိ မဂိုအင်ပါယာ၏ နောက်ဆုံးဘုရင် ဗဟာဒူးရှား

ဇဖာရ်(Bahadur Shah Zafar) သချိုင်းတော်၌ ကျင်းပသည့် ပွဲတော်သို့ တက်ရောက်သည်။
[မြန်မာ့အလင်း ၂-၁၀-၄၃]

၂ အောက်တိုဘာ ၁၉၄၃ အာဇာနည် ဦးဝိစာရကြေးရုပ် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်နှင့်စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ တက်ရောက်သည်။ ယင်းအခမ်းအနားတွင် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အသက်စွန့်လှူသော အာဇာနည်ဦးဝိစာရ၏ အာဇာနည်စိတ်ဓာတ်ကို ချီးကျူးကာ အာဇာနည်အမြုတေစိတ်ဓာတ်များ ယနေ့ကစ၍ မွေးရန် ပြောကြားသည်။
[မြန်မာ့အလင်း ၂/၆/၁၀-၁၀-၄၃]

၆ အောက်တိုဘာ ၁၉၄၃ နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်သည် နိုင်ငံတော်ကြီးပွားရေးနှင့် ဝါဒဖြန့်ချိရေး ဝန်ကြီး ဗန္ဓုလဦးစိန်၏ တင်ပြချက်အရ ဝါဒဖြန့်ချိရေး အတိုင်ပင်ခံအဖွဲ့ ဖွဲ့စည်းရန် အဖွဲ့ဝင် ၁၃ ဦးရွေးချယ်ခန့်အပ်ရန် သဘောတူသည်။
[မြန်မာ့အလင်း ၆-၁၀-၄၃]

၇ အောက်တိုဘာ ၁၉၄၃ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် နေပြည်တော် ဦးဆက်သည် နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော် ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုသည်။
[မြန်မာ့အလင်း ၈-၁၀-၄၃]

၁၂ အောက်တိုဘာ ၁၉၄၃ ဗြိတိသျှ ဗိုလ်မှူး နင်မို (Major Nimmo) (၁၉၁၂ -၁၉၄၄) တောင်ငူအနီး ကရင်တောင်တန်းတွင် လေထီးဖြင့် ဆင်းသက်သည်။ ၎င်းသည် ဗိုလ်မှူး ဆီးဂရင်းမ်၊ ဗိုလ်ဘကျော်တို့နှင့် တွေ့ဘာ၊ ၄၃ တွင် အိန္ဒိယနိုင်ငံနှင့် ဆက်သွယ်ရန် ဝါယာလက်စခန်းတည်ထောင်သည်။
[Grandfather Longlegs *P-108*]

၁၇ အောက်တိုဘာ ၁၉၄၃ ယိုးဒယားနိုင်ငံ ဘန်ပေါင် (Ban Pong) နှင့် မြန်မာနိုင်ငံ သံဖြူဇရပ်မှ ဖောက်လာသော မီးရထားလမ်းများ ဘုရားသုံးဆူမှ ၃၁ ကီလိုမီတာ (၁၉.၃ မိုင်) အကွာ ကုန်ကွိတာ (konkuita) တွင် ဆုံစည်း ဆက်သွယ်မိကာ ကီလိုမီတာပေါင်း ၄၁၄.၉ (၂၅၇.၈ မိုင်) ရှည်လျားသော ယိုးဒယား- မြန်မာ မီးရထားသံလမ်း ဖောက်လုပ် ပြီးစီးသည်။
[**Mountbatten's Report** *P 94*]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၂၆၃]
[လင်းယုန်သစ်လွင် ထိုင်း-မြန်မာ မီးရထားလမ်းကိုယ်တွေ့ ချွေးတပ်မှတ်တမ်း (တတိယပိုင်း) ရန်ကုန်၊ မိတ်ကောင်း ပုံနှိပ်၊ ၁၉၉၂၊ စာ ၁၄၉]
[Geoffrey Pharaoh Adams **The Thailand to Burma Railway** P-7]

ထိုင်းနိုင်ငံ ဘန်ပေါင်မှ မြန်မာနိုင်ငံ သံဖြူဇရပ် အထိ ဖောက်လုပ်ထားသော မီးရထားလမ်း

၂၀ အောက်တိုဘာ ၁၉၄၃ ဗြိတိသျှ စစ်ဗိုလ်ချုပ်ကြီး ဝေဘဲလ် အိန္ဒိယ ဘုရင်ခံချုပ်ရာထူးတွင် တာဝန်ထမ်း ဆောင်သည်။
[**Burma Struggle** Vol .I . *P XLVI*]

၂၅ အောက်တိုဘာ ၁၉၄၃ ထိုင်း–မြန်မာ မီးရထားလမ်း ဖောက်လုပ်ပြီး စီးသည့် အထိမ်းအမှတ်ပွဲ ကျင်းပ သည်။
[Geoffrey Pharaoh Adams **The Thailand to Burma Railway** P-7]

၂၇ အောက်တိုဘာ ၁၉၄၃ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် မဟာအရှေ့အာရှ နိုင်ငံများ ညီလာခံ တက်ရောက်ရန် နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်၊ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးထွန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် ဦးရွှေဘော်၊ နိုင်ငံတော်အဓိပတိ၏ ကိုယ်ရံတော်နှင့် စစ်ဘက်အတွင်းဝန် ဒုတိယဗိုလ်မှူးကြီး ဗိုလ်ရန်နိုင်နှင့် အဓိပတိ၏ မင်းခမ်းမင်းနား အတွင်းဝန် ဦးညွန့်ဟန်တို့ ရန်ကုန်မှ ထွက်ခွာသည်။
[မြန်မာ့အလင်း ၂၇-၁၁-၄၃]
[Ba Maw **Breakthrough in Burma.***P 336* ]

၂၈ အောက်တိုဘာ ၁၉၄၃ နိုင်ငံတော်အဓိပတိနှင့်အဖွဲ့ စီးလာသော လေယာဉ်ပျံ အင်ဒိုချိုင်းနားပင်လယ် ကမ်းခြေရှိ တူရန်မြို့မှအတက်တွင် ပျက်ကျသည်။ သို့သော် လေယာဉ်တွင် လိုက်ပါသူများ တစ်ဦးတစ်ယောက်မှ အသေအပျောက် မရှိခဲ့ချေ။
[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး-ဒု စာ ၁၀၂-၁၀၃]

■မြန်မာပြည်မြောက်ပိုင်း ထိုးစစ်ဆင်နွှဲရန်အတွက် အမေရိကန် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏အမှတ် ၃၈ တရုတ်တပ်မ လီဒိုမှ စတင်ချီတက်သည်။
[Slim **Defeat into Victory** *P 252*]

## နိုဝင်ဘာလ

၁ နိုဝင်ဘာ ၁၉၄၃ မြန်မာနိုင်ငံတော် အဓိပတိ၏ အတိုင်ပင်ခံ လွှတ်တော် အစည်းအဝေးကို ကျင်းပ သည်။
[မြန်မာ့အလင်း ၂-၁၁-၄၃]

၂ နိုဝင်ဘာ ၁၉၄၃ ရန်ကုန်မြို့ပေါ် ရောက်ရှိလာသော ဗြိတိသျှ ကင်းထောက် (Mosquito) ခြင်ကောင် လေယာဉ်ပျံတစ်စင်းကို ဂျပန်တိုက် လေယာဉ်က ပစ်ချသည်။
[မြန်မာ့အလင်း ၅-၁၁-၄၃]

၃ နိုဝင်ဘာ ၁၉၄၃ မြန်မာနိုင်ငံတော်အဓိပတိ ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိသည်။
[မြန်မာ့အလင်း ၂၇–၁၁–၄၃]

၅ နိုဝင်ဘာ ၁၉၄၃ အစိုးရထိအတိုင်ပင်ခံ အဖွဲ့ဟောင်းကို ဖျက်သိမ်းပြီး အခွန်ဌာန အတွင်းဝန်ဦးလှ အကျိုးဆောင်အဖြစ် ဆောင်ရွက်သည့် မြန်မာနိုင်ငံတော်အစိုးရ ထိအတိုင်ပင်ခံ အဖွဲ့သစ် ပြန်လည်ဖွဲ့စည်းသည်။
[မြန်မာ့အလင်း ၅–၁၁–၄၃]

၅ – ၆ နိုဝင်ဘာ ၁၉၄၃ ဂျပန်နိုင်ငံတိုကျိုမြို့တွင်ကျင်းပသော မဟာအရှေ့အာရှ ကွန်ကရက်သို့ မြန်မာနိုင်ငံအဓိပတိဒေါက်တာဘမော် တက်ရောက်သည်။ အရှေ့အာရှကွန်ကရက်မှ ကြေညာချက်တစ်ရပ်ကို လက်ခံ အတည်ပြုသည်။ ထိုကြေညာချက်မှာ “ကမ္ဘာ့နိုင်ငံတိုင်းသည် ၎င်း၏ထိုက်သင့်သောနေရာတွင် ရှိရမည်။ အပြန်အလှန် ကူညီထောက်ပံ့မှုများဖြင့် အများနည်းတူ ကြီးပွားတိုးတက်ရမည်ဆိုသည်မှာ ကမ္ဘာငြိမ်းချမ်းရေး တည်ဆောက်မှု အတွက် အခြေခံမှုဖြစ်ကြောင်း”

“အမေရိကန်နှင့် ဗြိတိန်တို့သည် သူတို့ကြီးပွားမှုကို ရအောင်ယူပြီး အခြားတိုင်းပြည်များနှင့် လူမျိုးများကို ဖိနှိပ်ကြောင်း အထူးအားဖြင့် အရှေ့အာရှတွင် မခံမရပ်နိုင်အောင်ရန်မူပြီး ဒေသတစ်ခုလုံးကို ၎င်းတို့အာသာပြေပျောက်သည်အထိ ကျွန်လုပ်ကြောင်း နောက်ဆုံးတွင် အရှေ့အာရှမတည်တံ့နိုင်အောင် ပြင်းပြင်းထန်ထန် လုပ်လာကြောင်း ထို့ကြောင့် ဤစစ်ကြီး ဖြစ်ပွားရခြင်းဖြစ်ကြောင်း”

“ကမ္ဘာ့ ငြိမ်းချမ်းရေးကို အကျိုးပြုဖို့ မဟာအရှေ့အာရှနိုင်ငံများသည် အာရှစစ်ပွဲကြီး အပြီးတိုင်အောင်နိုင်သည့်အထိ တိုက်ခိုက်ရေးအတွက် ပူးတွဲကြိုးစားရန် တာဝန်ယူကြောင်း၊ ဗြိတိသျှ–အမေရိကန်တို့ လွှမ်းမိုးသည့် ထမ်းပိုးအောက်မှ လွတ်မြောက်ကြပြီး နိုင်ငံတည်တံ့ခိုင်မြဲရေး၊ မိမိနိုင်ငံမိမိကာကွယ်နိုင်ရေး၊ မဟာအရှေ့အာရှနိုင်ငံ ထူထောင်ရေးများကို အောက်ပါမူဝါဒအတိုင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း

(၁) မဟာအရှေ့အာရှနိုင်ငံများသည် တရားမျှတမှုအပေါ် အခြေခံပြီး အချင်းချင်း ကူညီပူးပေါင်း ဆောင်ရွက်ကြခြင်းဖြင့် တည်တံ့ခိုင်မြဲအောင်၊ အတူကြီးပွားစည်ပင်အောင်၊ လုံးပန်းကာ စိတ်ချလက်ချ၊ အခြေသို့ရောက်စေမည်။

(၂) မဟာအရှေ့အာရှနိုင်ငံများသည် တစ်ဦး၏အချုပ်အချာ အာဏာပိုင်မှုနှင့် လွတ်လပ်ရေးကို တစ်ဦးက အပြန်အလှန်လေးစားခြင်း၊ တစ်ဦးကို တစ်ဦး အပြန်အလှန်ကူညီခြင်း၊ ဝိုင်းဝန်းခြင်းဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရေးကို ခိုင်မြဲစေမည်။

(၃) မဟာအရှေ့အာရှနိုင်ငံများသည် တစ်နိုင်ငံ၏အစဉ်အလာများကို တစ်နိုင်ငံက လေးစားခြင်း၊ လူမျိုးတိုင်း၏ တီထွင်မှုအစွမ်းကို တိုးတက်ကြီးထွားစေခြင်းဖြင့် မဟာအရှေ့အာရှနိုင်ငံ၏ အနုပညာနှင့် ယဉ်ကျေးမှုများကို ရှေ့သို့ တိုးတက်စေမည်။

(၄) မဟာအရှေ့အာရှ နိုင်ငံများသည် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ကာ အတုံ့အပြန်ကူညီကြခြင်းဖြင့် စီးပွားရေး တိုးတက်စေမည်၊ မိမိတို့ဒေသတွင် အဘက်ဘက်မှ ကြီးပွားတိုးတက်စေမည်။

(၅) မဟာအရှေ့အာရှနိုင်ငံများသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့် မိတ်ဆွေဖြစ်ဖို့ကြိုးစားမည်။ လူမျိုးခွဲခြားမှု ပပျောက်အောင် လုံးပမ်းမည်။ ယဉ်ကျေးမှုဖလှယ်ရေး တိုးတက်အောင်လုပ်မည်။ ပစ္စည်းအင်အားများ ကမ္ဘာအရပ်ရပ်သို့ လမ်းပွင့်ပြီး လူသားများ တိုးတက်ကြီးပွားရေးအတွက် အကျိုးပြုစေမည်။
[မြန်မာ့အလင်း ၂၇–၁၁–၄၃]
(Ba Maw **Breakthrough in Burma.***P 336/347*)

နိုဝင်ဘာ(လဆန်း) ၁၉၄၃ ယိုးဒယား–မြန်မာ မီးရထားလမ်း ဖောက်လုပ် ဆက်သွယ်မိပြီးနောက် သံဖြူဇရပ် နှင့် ဘုရားသုံးဆူကြား နေ့စဉ်အစုန်အဆန် မီးရထား နှစ်စင်း ပြေးဆွဲသည်။
[နွယ်နွယ်အေးသံဖြူဇရပ်မြို့နယ်သမိုင်း စာ ၁၄၀]

၇ နိုဝင်ဘာ ၁၉၄၃ မြန်မာနိုင်ငံအစိုးရ စတုတ္ထအကြိမ်မြောက် သိန်းထီ ဖွင့်လှစ်သည်။
[မြန်မာ့အလင်း ၁၃/၂၁–၁၁–၄၃]

၈ နိုဝင်ဘာ ၁၉၄၃ ဗြိတိသျှလေယာဉ်မှ ကျဲချသည့် ဗုံးဒဏ်ကြောင့် ဗိုလ်တထောင်စေတီ ပြိုကျပျက်စီးသည်။
[ဦးသိမ်းမောင် ရန်ကုန်ရာဇဝင်သမိုင်း (ဒုတိယအကြိမ်) ရန်ကုန်၊ ဖွဲ့စာပုံနှိပ်တိုက်၊ ၁၉၆၆၊ စာ ၂၂၁]

၁၆ နိုဝင်ဘာ ၁၉၄၃ အိန္ဒိယနိုင်ငံ ဒေလီမြို့မှ အရှေ့အာရှတောင်ပိုင်း မဟာမိတ် စစ်ဌာနချုပ်ကို မောင့်ဘက်တန် ကွပ်ကဲသည်။
[ **Mountbatten’s Report** *P5*]

၁၇ နိုဝင်ဘာ ၁၉၄၃ ရှမ်းပြည်နယ် တောင်ကြီးမြို့ အလင်းရောင် စာကြည့်တိုက်သို့ တောင်ကြီးမြို့မှ မျိုးချစ် ပုဂ္ဂိုလ်ကြီးများကို ဖိတ်ခေါ်၍ အစည်းအဝေးကျင်းပသည်။ ရှမ်းပြည်နယ်လူငယ်ခေါင်းဆောင် ကိုတင်အေး (မဟာဝိဇ္ဇာ)က မြန်မာပြည်နှင့် ပူးပေါင်းလိုက်ပြီးနောက် ရှမ်းပြည်နယ် အခွင့်အရေးများ တိုးတက်လာပုံကို ရှင်းလင်းတင်ပြသည်။
[မြန်မာ့အလင်း ၂၅-၁၁-၄၃]

၂၁ နိုဝင်ဘာ ၁၉၄၃ အိန္ဒိယနိုင်ငံရောက် ဦးသိန်းဖေမြင့်နှင့် ဗြိတိသျှတပ်ဖွဲ့ ၁၃၆ (Force 136) မှ အရာရှိတစ်ဦး ဆက်သွယ်မိပြီးနောက် မြန်မာနိုင်ငံ အခြေအနေ စုံစမ်းရန် သခင်တင်ရွှေအား မြန်မာနိုင်ငံတွင်း စေလွှတ်သည့်အတွက် သခင် တင်ရွှေ ဒေလီမြို့မှ ထွက်ခွာသည်။
[သိန်းဖေမြင့် စစ်တွင်းခရီးသည်စာ ၂၅၄]
[**Mountbatten's Report** *P143*]

၃၀ နိုဝင်ဘာ ၁၉၄၃ မြန်မာနိုင်ငံ အတိုင်ပင်ခံလွှတ်တော် ပထမအစည်းအဝေးကျင်းပရာ အဓိပတိဒေါက်တာဘမော် တက်ရောက် မိန့်ခွန်းပြောကြားသည်။
[ဂရိတ်တားအေးရှားသတင်းစာ ၄-၁၂-၄၃]
[လူထုဦးလှစစ်တွင်းဗမာပြည်-တ စာ ၂၃၇]

■မြန်မာနိုင်ငံတော် အတိုင်ပင်ခံလွှတ်တော် ပထမအစည်းအဝေးတွင် ကျွဲ၊ နွားသတ်ဖြတ်ခြင်း ကန့်သတ်ရန် ဥပဒေပြုလုပ်သည်။
[ဗန္ဓုလဦးစိန်ကျွန်ုပ်တို့အတွင်းရေး-ဒု စာ ၉၇]

■ဗြိတိသျှအမှတ် ၁၅တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခရစ်တီဆင် (Lieut General Sir Philip Christison)က ရခိုင်သို့ ထိုးစစ် စတင် ဆင်နွှဲသည်။
[Slim **Defeat into Victory** *P 227*]

ဒီဇင်ဘာလ

၉ ဒီဇင်ဘာ ၁၉၄၃ ဗြိတိသျှဗိုလ်ကြီး မက်ခရင်ဒယ်လ် (Eric Macrin-dle)(၁၉၁၂-၄၄) နှင့် ကရင်အမျိုးသားလေးဦး တောင်ငူအနီးတွင်လေထီးဖြင့် ဆင်းသက်သည်။
[Grandfather Longlegs P-116]

၁၂ ဒီဇင်ဘာ ၁၉၄၃ မြန်မာနိုင်ငံ အစိုးရ လမ်းပန်းဆက်သွယ်ရေးနှင့် ဆည်မြောင်း ဝန်ကြီး၏ ညွှန်ကြားချက်အရ ရွှေဘိုခရိုင်၊ တို့ဗမာဆင်းရဲသားအစည်းအရုံးနှင့် အရှေ့အာရှလူငယ်များအစည်းအရုံးတို့က ကြီးမှူး၍ အလောင်းမင်းတရား၏ အရိုးအိုးပြသာဒ်တော်အား အလေးပြုပွဲကျင်းပသည်။
[မြန်မာ့အလင်း ၂၆-၁၂-၄၃]

၁၄ ဒီဇင်ဘာ ၁၉၄၃ မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဒေါက်တာဘမော်နှင့်မြန်မာနိုင်ငံတော်တွင် တပ်ချလျက်ရှိသော ဂျပန်တပ်များ၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကာဝါဘီတို့ ရှမ်းနယ်နှင့် အခြားဒေသများကို မြန်မာနိုင်ငံတော်အတွင်း သွတ်သွင်းရာတွင် ဆိုက်ရောက်သော ဂျပန်တပ်များက သိမ်းပိုက်ထားသည့် နယ်စပ်ဒေသများ အုပ်ချုပ်ရေးနှင့် ပတ်သက်သော လျှို့ဝှက်တစ်ဦးနှင့်တစ်ဦး သိရှိ နားလည်ချက်များကို လက်မှတ်ရေးထိုးသည်။
[မောင်မောင်အေး ဂျပန်ခေတ်အုပ်ချုပ်ရေး၊ နောက်ဆက်တွဲ ၉၊ စာ ၁၉၃]

၁၅ ဒီဇင်ဘာ ၁၉၄၃ အရှေ့အာရှလူငယ်များအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ခရိုင်စည်းရုံးရေးတာဝန်ခံများ၏ ပထမအကြိမ်မြောက် ဆွေးနွေးပွဲကျင်းပသည်။ ဗမာနိုင်ငံအရပ်ရပ်တွင် အရှေ့အာရှလူငယ် အစည်းအရုံးခွဲပေါင်း ၂၇၀ ရှိပြီး အစည်းအရုံးဝင်ပေါင်း

| | | |
|---|---|---|
| ယောကျ်ား | (သာမန်) | ၂၀၉၇၉ |
| မိန်းမ | (သာမန်) | ၅၄၂၇ |
| ယောကျ်ား | (အထူး) | ၃၄၆၀ |
| မိန်းမ | (အထူး) | ၂၉၆ |
| စုစုပေါင်း | | ၃၀၁၆၂ ရှိသည်။ |

[မြန်မာ့အလင်း ၁၇/၁၈-၁၂-၄၃]

၁၈ ဒီဇင်ဘာ ၁၉၄၃ မြန်မာနိုင်ငံအစိုးရသည် မြန်မာနိုင်ငံသားနှင့် နိုင်ငံသားအဖြစ် ရရှိနိုင်သော ဥပဒေ(ဥပဒေအမှတ် ၁၃) ကို ထုတ်ပြန်အတည်ပြုသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၄၀၇-၄၀၉]

၁၉ ဒီဇင်ဘာ ၁၉၄၃ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ရင်ဇိုဆာဝါဒါ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ပြန်လည်ရောက်ရှိသည်။
[မြန်မာ့အလင်း ၂၃-၁၂-၄၃]

၂၂ ဒီဇင်ဘာ ၁၉၄၃ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သော မဟာအရှေ့အာရှ သတင်းစာဆရာများ အစည်းအဝေး တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံမှ သတင်းစာကိုယ်စားလှယ်များဖြစ်သည့် တိုးတက်ရေးသတင်းစာ အယ်ဒီတာချုပ်ဟောင်း ဦးထွန်းသန်းနှင့် ဗမာ့ခေတ်အယ်ဒီတာ ဦးထွန်းဖေတို့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။
[မြန်မာ့အလင်း ၂၃-၁၂-၄၃]

၂၃ ဒီဇင်ဘာ ၁၉၄၃ အရှေ့အာရှလူငယ်အစည်းအရုံး အမှုဆောင်သစ်တင်မြှောက်သည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သစ်သည် ၁-၁-၄၄ မှစ၍ အလုပ်တာဝန်များကို လက်ခံဆောင်ရွက်ရမည် ဖြစ်သည်။ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များမှာ ဥက္ကဋ္ဌ ဦးဗဂျမ်း

ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်
ငွေထိန်း ဦးကျုံဘွန်း
အထွေထွေအတွင်းရေးမှူး ဦးညီလေး
စစ်အောင်နိုင်ရေးတာဝန်ခံ ကိုထိန်ဝင်း
နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံ
ကိုလှမောင်
ပြန်ကြားရေးတာဝန်ခံ ကိုခင်စော
လုလင်ကင်းထောက်တာဝန်ခံ
ကိုအောင်သူ
ဉာဏဗလတာဝန်ခံ ကိုထွန်းမြင့်
ကာယဗလတာဝန်ခံ ကိုဇော်ဝိတ်
ကုန်စည်ဖြန့်ချိရေးတာဝန်ခံ
ကိုအေးကျော် တို့ဖြစ်သည်။
[မြန်မာ့အလင်း ၃၀-၁၂-၄၃]

■ရှမ်းပြည်နယ်တစ်ချက်လွှတ်အမိန့် အမှတ် ၁၇ ကို ထုတ်ပြန်ကြေညာ၍ ရှမ်းပြည်နယ်တစ်ခွင် စစ်အုပ်ချုပ်ရေး ရုပ်သိမ်းလိုက်ကြောင်း ကြေညာသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၀၉-၃၁၀]

၂၄ ဒီဇင်ဘာ ၁၉၄၃ ဂျပန်စစ်အုပ်ချုပ်ရေးဌာနက ရှမ်း၊ ကရင်နီ (ကယား)နယ်များအုပ်ချုပ်ရေးကို မြန်မာနိုင်ငံအစိုးရအား အခမ်းအနားဖြင့် ပြန်လည်လွှဲအပ်သည်။
[မြန်မာ့အလင်း ၉-၇-၄၄]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၄၁၇]

■ မြန်မာနိုင်ငံအစိုးရအားကမ္ဘောဇတိုင်းအုပ်ချုပ်ရေး အပြီးတိုင် လွှဲအပ်လိုက်သဖြင့် ၂၄-၁၂-၄၃ ခု ညနေအချိန်က စ၍ ဂျပန်တို့အုပ်ချုပ်ခြင်းမှ ရပ်စဲသည်။
[မြန်မာ့အလင်း ၂၁-၁-၄၄]

၂၆ ဒီဇင်ဘာ ၁၉၄၃ ပြည်ထဲရေးဝန်ကြီး ဦးဘဝင်းအား ကမ္ဘောဇတိုင်းနှင့် ကရင်နီ (ကယား) နယ်များ၏ မဟာမင်းကြီး ရာထူးကို ပူးတွဲထမ်းဆောင်စေသည်။
[မြန်မာ့အလင်း ၂၈-၁၂-၄၃]

၂၇ ဒီဇင်ဘာ ၁၉၄၃ လီဒိုလမ်း (စတီးဝဲလ်လမ်း) ဖောက်လုပ်ရာ လီဒိုမှ ၁၀၃ မိုင်ကွာ ရှင်ဘွေယန် (Shing Bwiyang )သို့ ရောက်ရှိသည်။
[Slim **Defeat into Victory** *P 253*]

၂၈ ဒီဇင်ဘာ ၁၉၄၃ မြန်မာနိုင်ငံတော် အစိုးရ၏ အတိုင်ပင်ခံအရာရှိချုပ် ဒေါက်တာ ဂိုတာရို အိုကာဝါ (Gotaro Okawa) မြန်မာပြည်သို့ ရောက်ရှိသည်။
[မြန်မာ့အလင်း ၃၀-၁၂-၄၃]

၁၉၄၅

ဇန်နဝါရီလ

၁ ဇန်နဝါရီ ၁၉၄၅ အာရှအရှေ့တောင်ပိုင်း မဟာမိတ် စစ်သေနာပတိချုပ်မောင့်ဘက်တန်၏ စစ်ဌာနချုပ် လက်အောက်သို့ သိမ်းပိုက်ပြီးသော မြန်မာပြည်ဒေသများ အုပ်ချုပ်ရေးကိစ္စများ ရောက်ရှိလာသည်။
[Chief Civil Affairs Officer Annual Report on the British Military Administration of Burma, Calcultta, Government of India Press 1945,P 1]
[**Burma Struggle** Vol .I . *P XLVI*]
[**Mountbatten's Report** *P3*]

■ တောင်ကြီးမြို့ အလင်းရောင် စာကြည့်အသင်းမှ သခင်နုအား ဖိတ်ကြားကာ ဟောပြောခိုင်းပြီး တောင်ကြီးမြို့တွင် အာရှလူငယ် အစည်းအရုံးကို စတင်တည်ထောင်သည်။
[ဦးအုန်းဖေ ပင်လုံစစ်တမ်း၊ ရန်ကုန်၊ စပယ်ဦးပုံနှိပ်၊ ၁၉၈၄၊ စာ ၂၅၁။ နောင်ကိုးကားလျှင် ဦးအုန်းဖေ ပင်လုံစစ်တမ်း ဟုညွှန်းမည်]

၂ ဇန်နဝါရီ ၁၉၄၄ ဂျပန်-မြန်မာယဉ်ကျေးမှု အသင်းဖွင့်လှစ်ပွဲကျင်းပသည်။ အသင်းအမှုဆောင်များမှာ ဥက္ကဋ္ဌ ဦးလှမင်း (ပညာရေးနှင့်စည်ပင်သာယာ၊ ကျန်းမာရေးဝန်ကြီး)၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်(နိပွန်ဘားမားရုပ်ရှင်)၊ ငွေထိန်း ဦးဘထွန်း (ဝတ်

လုံတော်ရ)၊ အတွင်းရေးမှူး ဦးအေးဖေ၊ အထွေထွေဌာနမှူးမစ္စတာဟုမ္မား၊ စာပေဌာနမှူး ဦးထွန်းသန်း၊ ပညာရေးဌာန ဦးထွန်းမောင် (နယူးဘားမားပုံနှိပ်တိုက်)တို့ဖြစ်သည်။

အသင်း၏ ရည်ရွယ်ချက်မှာ–

၁။ ဂျပန်ယဉ်ကျေးမှုနှင့် အိမ်နီးချင်းနိုင်ငံများ၏ ယဉ်ကျေးမှုများကို လေ့လာ၍ ကူညီအားပေးရန်၊

၂။ အသင်းနှင့် အခြားအရှေ့အာရှတိုက်နိုင်ငံများရှိ အသင်းများ၏ လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရန်တို့ ဖြစ်သည်။

[မြန်မာ့အလင်း ၇–၁–၄၄]

၃ ဇန်နဝါရီ ၁၉၄၄ ကမ္ဘောဇတိုင်းမင်းကြီး နိရှိမူရ ထကူမာ (Nishi mura Takuma) တောင်ကြီးမြို့ မှ ထွက်ခွာသည်။

[မြန်မာ့အလင်း ၂၂–၁–၄၄]

၄ ဇန်နဝါရီ ၁၉၄၄ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ် အောင်ဆန်းက 'ဗမာပြည်ကာကွယ်ရေး' ခေါင်းစဉ်ဖြင့် အသံလွှင့် မိန့်ခွန်း ပြောကြားသည်။

[အာရှတိုက်ကြီးသတင်းစာ ၁၃–၁–၄၄]

၆ ဇန်နဝါရီ ၁၉၄၄ ကုန်စျေးနှုန်းများ ကန့်သတ်သည့် အမိန့်ကို ထုတ်ပြန်သည်။

[မြန်မာ့အလင်း ၉–၁–၄၄]

၇ ဇန်နဝါရီ ၁၉၄၄ ဂျပန်ဘုရင့် စစ်ဌာနချုပ်က အင်ဖာစစ်ဆင်ရေးကို ခွင့်ပြုသည်။

[အီဇုမိယတက်စုယော မီနာမီကီကန်း စာ ၁၉၃]

■လွတ်လပ်သော အိန္ဒိယအစိုးရအဖွဲ့ အကြီးအကဲ ဆူဘတ်ချန္ဒရာဘိုစ် မြန်မာနိုင်ငံ ရောက်ရှိသည်။

[မြန်မာ့အလင်း ၉–၁–၄၄]

■ မြန်မာနိုင်ငံ၌ လွတ်လပ်သော အိန္ဒိယနိုင်ငံအစိုးရ ဗဟိုတည်ရာဌာန ဖွင့်လှစ်ပွဲ ကျင်းပသည်။

[မြန်မာ့အလင်း ၉–၁–၄၄]

၉ ဇန်နဝါရီ ၁၉၄၄ ဗြိတိသျှ အမှတ် ၅ တပ်မ တပ်မမှူး ဗိုလ်ချုပ်ဘရစ်ဂ် (Lieut-General Harold Briggs)က မောင်းတောမြို့ကို သိမ်းပိုက်ရရှိသည်။

[Slim **Defeat into Victory** *P 229*]
[**Mountbatten's Report** *P32*]

၁၅ ဇန်နဝါရီ ၁၉၄၄ မြန်မာနယ်မြေတပ်မတော်သည် ဘင်္ဂလားကမ်းရိုးတန်း ကာကွယ်ရေးအတွက် စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ဆာကူရိုင် (Lt-General Sakurai Shozo) ဦးစီးသည့် အမှတ် ၂၈ တပ်မတော်ကို ထပ်မံ ဖွဲ့စည်းသည်။

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ၃၀]

■ စစ်တွေမြို့ပေါ်လေကြောင်း တိုက်ပွဲတွင် ဂျပန် တိုက်လေယာဉ် ၄၀ အား ဗြိတိသျှ စပစ်ဖိုင်းယား (Spit-fires) လေယာဉ်ပျံတပ်ရင်းက အနိုင်ရသည်။

[**Mountbatten's Report .** *P19*]

၂၁ ဇန်နဝါရီ ၁၉၄၄ မြန်မာနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးများ အစည်းအဝေးတွင် မြန်မာနိုင်ငံ ငတ်မွတ်ခေါင်းပါးခြင်း ဘေးဆိုးမဆိုက်ရအောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဂျပန်စစ်ဘက်နှင့် ကုန်သည်ဘက်တို့က မြန်မာပြည်မှ ဆန်စပါးကို မည်သည့်နိုင်ငံခြားတိုင်းပြည်ကိုမှ သယ်ယူထုတ်ဆောင်ခြင်း မပြုစေရဟု ဆုံးဖြတ်သည်။

[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး–ဒု စာ ၄၄]

၂၃ဇန်နဝါရီ ၁၉၄၄ ရန်ကုန်နေပြည်တော် ကန်တော်မိတ်သဘင် ရုံတော်ကြီး၌ မြန်မာပြည်သူတို့က အိန္ဒိယယာယီအစိုးရအဖွဲ့အား ကြိုဆိုဧည့်ခံပွဲ အခမ်းအနား ကျင်းပသည်။

[မြန်မာ့အလင်း ၂၅–၁–၄၄]

ဇန်နဝါရီ တတိယပတ် ၁၉၄၄ ဗမာပြည်ကွန်မြူနစ်ပါတီ နိုင်ငံလုံးဆိုင်ရာ ပထမကွန်ကရက်ကို ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၊ ညောင်ချောင်းရွာတွင် လျှို့ဝှက်စွာ ကျင်းပသည်။ ကွန်ကရက်သို့ သခင်စိုး၊ ကိုသွင်၊ ကိုကျော်ဝင်း၊ ကိုထွန်းစိန်၊ ကိုစံညွန့်နှင့် သခင်တင်မြတို့ တက်ရောက်သည်။

ကွန်ကရက်တွင် သခင်စိုးတင်သွင်းသော နိုင်ငံရေး အစီအရင်ခံစာကို ဆွေးနွေးအတည်ပြုသည်။ ထို့နောက် ဗဟိုကော်မတီဝင်များအဖြစ် သခင်စိုးတင်ပြသော စာရင်းကို အတည်ပြုသည်။ ဗဟိုကော်မတီဝင်များမှာ သခင်စိုး အထွေထွေအတွင်းရေးမှူး၊ အဖွဲ့ဝင်များအဖြစ်၊ ကိုသွင်၊ ကိုကျော်ဝင်း၊ ကိုထွန်းစိန်၊ ကိုစံညွန့်နှင့် သခင်တင်မြ တို့ဖြစ်သည်။

[မြန်မာ့အလင်း ၂၀–၇–၄၅]
[သခင်တင်မြ ဘုံဘဝမှာဖြင့် စာ ၅၄၅–၆]

၂၉ ဇန်နဝါရီ ၁၉၄၄ မြန်မာနိုင်ငံအစိုးရ သာသနာကြီးပွားရေးနှင့် ဝါဒဖြန့်ဖြူးရေး ဝန်ကြီး ဗန္ဓုလဦးစိန်၏ ရုံးခန်း၌ ဝန်ကြီးများနှင့် သတင်းစာဆရာများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။ အစည်းအဝေးတွင်

ပညာရေးဝန်ကြီး ဦးလှမင်းက ဂျပန် မြန်မာ ယဉ်ကျေးမှုအသင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဝန်ကြီး ဗန္ဓုလ ဦးစိန်က ကမ္ဘာ့ဇတိုင်း အုပ်ချုပ်ရေးစည်းမျဉ်းကို ရှင်းလင်းပြောကြားသည်။
[မြန်မာ့အလင်း ၃၀-၁-၄၄]

ဇန်နဝါရီလကုန် ၁၉၄၄ သခင်တင်ရွှေနှင့် ကိုညိုထွန်းတို့ အိန္ဒိယနိုင်ငံ သွားရောက်ရန် ရန်ကုန်မြို့မှ ရခိုင်သို့ ထွက်ခွာသည်။
[သခင်တင်မြ ဘုံဘဝမှာဖြင့် စာ ၅၅၄]

ဖေဖော်ဝါရီလ

၄ ဖေဖော်ဝါရီ ၁၉၄၄ ဂျပန်အမှတ် ၂၈ တပ်မတော်သည် တပ်မ ၅၅ အင်အားဖြင့် စစ်တွေ စစ်ဆင်ရေး (ဒုတိယဆင့်) ကို ဆင်နွှဲသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၁]

■ ဗိုလ်မှူးကြီး တာနာဟာရှိ (Col. Tanahashi) ဦးဆောင်သည့် ဂျပန်တပ်များက တောင်ဘဇားမြို့ကို သိမ်းပိုက်သည်။
[**Mountbatten's Reports** *P 41* ]

၆ ဖေဖော်ဝါရီ ၁၉၄၄ ဗြိတိသျှ ဗိုလ်ချုပ် မက်ဆာဗီ (Major General Messervy) ၏ ဗြိတိသျှအမှတ် ၇ တပ်မဌာနချုပ်အား ဂျပန်တပ်များ ဝင်ရောက် စီးနင်းတိုက်ခိုက်သည်။
[Slim **Defeat into Victory** *P 238-239*]
[**Mountbatten's Report** *P 41*]

၈ ဖေဖော်ဝါရီ ၁၉၄၄ ဂျပန်တပ်များက ဗြိတိသျှ အမှတ် ၇ တပ်မ အုပ်ချုပ်မှုစခန်းအား ဝိုင်းထားသည်။
[Slim **Defeat into Victory** *P 239*]

■ ဝင်းဂိတ်စ်၏ ချင်းဒစ် စစ်ဆင်ရေး (Chindit Operation) မှ ဗိုလ်မှူးချုပ် (Brigadier Bernard Fergusson) ဖာဂူဆန်၏ အမှတ် ၁၆ ဗြိတိသျှ တပ်မဟာ မြန်မာနိုင်ငံတွင်းသို့ ကြည်းကြောင်းချီတက်သည်။
[Slim **Defeat into Victory** *P 258*]
* Chindit =ခြင်္သေ့

၁၄ - ၁၅ ဖေဖော်ဝါရီ ၁၉၄၄ ဂျပန် ကင်ပေတိုင်ဗိုလ် အီနိုဥရီ (Motoichi Inoiue)လက်ချက်ဖြင့် ဗြိတိသျှစစ်ဗိုလ် နင်မိုနှင့် ခရင်ဒယ်လ် တို့ကျဆုံးသည်။
[Grandfather Longlegs *P 130-135*]

၁၅ ဖေဖော်ဝါရီ ၁၉၄၄ နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်အား ဂျပန် ဗိုလ်ကြီး အဆာအိ (Asai Tokuichi) [နောင်ပါမောက္ခ၊ ပထဝီဌာန၊ တာမာဂါဝါ(Tamagawa) တက္ကသိုလ်]၊ တိုမိုးဒါး (Tomoda)၊ ကိုကျော်မြင့် (B.A.B.L) [ ၂၁ ဦး၊ ငါးပွင့်ဆိုင်၊ မြို့တော်ဝန်ဟောင်း ဦးသင်းမောင်၏သား၊ အရှေ့အာရှလူငယ်များ အစည်းအရုံး ဒုတိယဥက္ကဋ္ဌ] နှင့် မောင်မောင်တို့ လေးဦးက လုပ်ကြံရန် ကြိုးပမ်းသည်။
[Ba Maw **Breakthrough in Burma.** *P 361*]
[ဗန္ဓုလဦးစိန်ကျွန်ုပ်တို့အတွင်းရေး-၃ စာ ၁၁၆]

၁၉ ဖေဖော်ဝါရီ ၁၉၄၄ မြန်မာနိုင်ငံ အစိုးရက သတင်းစာဆရာများ အစည်းအဝေးတွင် ဗမာ့ဝန်ထမ်း အဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းကာ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပုံများကို ပြန်တမ်းထုတ်ပြန်သည်။
[မြန်မာ့အလင်း ၂၂-၂-၄၄]

၂၂ ဖေဖော်ဝါရီ ၁၉၄၄ မြန်မာနိုင်ငံ အစိုးရဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် လက်နက်ဥပဒေအရ အုပ်ချုပ် စီမံခန့်ခွဲခြင်းကိစ္စရပ်နှင့် လာဘ်စားခြင်းကို နှိပ်ကွပ်ခြင်း ဥပဒေကြမ်းကိစ္စရပ်များ ဆုံးဖြတ်သည်။
[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး-၃ စာ ၃၅/၇၆-၇၇]

၂၄ ဖေဖော်ဝါရီ ၁၉၄၄ ဗြိတိသျှ အမှတ် ၅ အိန္ဒိယတပ်မက ငါးကျည်းတောက် တောင်ကြားအား တိုက်ခိုက် ဖွင့်လှစ်ရာ ဂျပန်တပ်များ အဝိုင်းခံနေရသော ဗြိတိသျှတပ်များ လမ်းပွင့်သွားသည်။
[Slim **Defeat into Victory** *P 243*]

၂၆ ဖေဖော်ဝါရီ ၁၉၄၄ အင်ဖားထိုး စစ်အတွက် ချီတက်လာသည့် ဂျပန် ၃၃ တပ်မမှ ဗိုလ်ချုပ်ကလေး ယာမာမိုတို (Yamamoto Tsunoru) ဦးစီးသော တပ်ဖွဲ့များသည် ကဘော်ချိုင့်ဝှမ်း အတိုင်း မြောက်ဘက်သို့ချီတက်၍ မိုးရေးနှင့် တမူးရှိ ဗြိတိသျှတပ်များ ကိုသုတ်သင်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၂]

■အိန္ဒိယနိုင်ငံရှိ ဦးသိန်းဖေမြင့် က မြန်မာနိုင်ငံ အခြေအနေ စုံစမ်းရန် မြန်မာနိုင်ငံအတွင်းစေလွှတ် လိုက်သည့် သခင်တင်ရွှေ (နာမည်ဝှက် ဖိုးယုန်) သည် ရခိုင်အမျိုးသား ကိုညိုထွန်းနှင့် အတူ အိန္ဒိယနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။
[**Burma Struggle** Vol .I . *P 107*]
[သိန်းဖေမြင့် စစ်တွင်းခရီးသည် စာ ၂၆၉-၂၇၃]

မတ်လ

၅ မတ် ၁၉၄၄ ဝင်းဂိတ် ချင်းဒစ် စစ်ဆင်ရေးမှ စက်မဲ့လေယာဉ်များ ဘရော့ဒ်ဝေး (Broadway) လေယာဉ်ကွင်း အဆင်းတွင် ပျက်ကျရာ ၂၃ ဦးသေသည်။
[Slim **Defeat into Victory** *P 258-265*]

၅-၁၀ မတ် ၁၉၄၄ ချင်းဒစ် စစ်ဆင်ရေးမှ တပ်ဖွဲ့ဝင် ၁၂၀၀၀ ခန့် ဂျပန်တပ် အူကြောင်း ပေါ်တွင် နေရာ ယူထားနိုင်ခဲ့သည်။
[Slim **Defeat into Victory** *P 265*]

၈ မတ် ၁၉၄၄ အမှတ် ၃၃ ဂျပန်တပ်မသည် တီးတိန်ဒေသရှိ မဏိပူရမြစ်၏ အနောက်ဘက်ကမ်းမှ စစ်ကြောင်း တစ်ကြောင်း၊ မြောက်ဘက် တမူးဒေသရှိ ကဘော် မြစ်ဝှမ်းအတိုင်း စစ်ကြောင်း တစ်ကြောင်း ပေါင်းစစ် ကြောင်း နှစ်ကြောင်းဖြင့် အင်ဖာ ဒေသ ထိုးစစ်စတင်သည်။
[**Mountbatten's Report** *P45*]
[အီဇူမိယတက်ဆုရော မိနာမီကီကန်း စာ ၁၉၃]

၁၀ မတ် ၁၉၄၄ ဂျပန်လေတပ်က ချင်းဒစ်စစ်ဆင်ရေး၏ စခန်းများဖြစ်သော ချောင်ရင်ဂီ(Chowring-hee)နှင့် ဘရော့ဝေး စခန်းများကို ဗုံးကြဲတိုက်ခိုက်သည်။
[**Mountbatten's Report** *P50*]

၁၁ မတ် ၁၉၄၄ ဗြိတိသျှအမှတ် ၁၅ တပ်မကြီး၏ အမှတ်၇ အိန္ဒိယတပ်မဟာ ဘူးသီးတောင်မြို့ကို သိမ်းပိုက်ရရှိသည်။
[Slim **Defeat into Victory** *P 244*]
[**Mountbatten's Report** *P43*]

■ ချင်းဒစ်စစ်ဆင်ရေးမှ ဗိုလ်မှူးချုပ် ကားလဘတ် (Calvert)၏ ၇၇ တပ်မဟာတစ်ခုလုံးနှင့် ဗိုလ်ချုပ် လင်တိန်း (Major General W.D. A Lentaigne)၏ ၁၁၁ တပ်မဟာမှ တပ်တစ်ဝက် ဘရော့ဒ်ဝေးစခန်းသို့ ရောက်ရှိသည်။
[Slim **Defeat into Victory** *P 265*]

၁၂ မတ် ၁၉၄၄ ဗြိတိသျှ အမှတ်၅ တပ်မဟာ ရာဇဘီ (Razabil) ဒေသတစ်လျှောက်လုံးကို သိမ်းပိုက်ရရှိသည်။
[**Mountbatten's Report** *P43*]

ဗြိတိသျှ ဗိုလ်မှူး ဆီးဂရင်းမ်

၁၄ မတ် ၁၉၄၄ ဗြိတိသျှဗိုလ်မှူး ဆီးဂရင်းမ်က ဂျပန်ကင်ပေတိုင်ဗိုလ် အီနိုဥရီထံ သွားရောက် အဖမ်းခံသည်။
[Grandfather Longlegs *P138-139*]

၁၅ မတ် ၁၉၄၄ ဂျပန် အမှတ် ၁၅ နှင့် ၃၃ တပ်မများ တမူးမြို့မြောက်ဘက် နှစ်နေရာမှ ချင်းတွင်းမြစ်ကို ဖြတ်ကူးသည်။
[**Mountbatten's Report** *P 43*]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၂]

၁၆ မတ် ၁၉၄၄ ကားလဘတ်၏ အမှတ် ၇၇ တပ်မဟာက မော်လူးအနီးရှိ ဂျပန်အစောင့်တပ်ဖွဲ့များအား တိုက်ခိုက်ကာ ဂျပန်တပ်သား ၁၀၀ ကျော်ကို သုတ်သင်သတ်ဖြတ်သည်။
[Slim **Defeat into Victory** *P 261*]
[**Mountbatten's Report** *P50]*

၁၈ မတ် ၁၉၄၄ ဗမာ့လက်ရုံးတပ်သားများ သက်သာချောင်ချိရေးနှင့် အခွင့်အရေးများ ပိုမိုပေးရေး အတွက် အစည်းအဝေး ကျင်းပသည်။
[မြန်မာ့အလင်း ၃၀-၃-၄၄]

၁၉ မတ် ၁၉၄၄ ဗြိတိသျှ ဖို့ဟတ် (Fort Hertz)တပ်ဖွဲ့က ဆွမ်ပရာဘွန်ကိုသိမ်းပိုက်ပြီး တောင်ဘက်အတိုင်း ဂျပန်တပ်များကို လိုက်လံတိုက်ခိုက်သည်။
[**Mountbatten's Report** *P51*]

၂၀ မတ် ၁၉၄၄ မြန်မာနိုင်ငံတော် အတိုင်ပင်ခံ လွှတ်တော် တတိယ အကြိမ်မြောက် အစည်းအဝေး ကျင်းပသည်။
[အာရှတိုက်ကြီးသတင်းစာ ၂၅-၃-၄၄]

၂၄ မတ် ၁၉၄၄ ချင်းဒစ်တပ်ဖွဲ့မှူး ဗိုလ်မှူးချုပ် ဝင်းဂိတ် (Brigadier Charles Orde Wingate)သည် အင်ဖာမြို့မှ ၎င်း၏ဌာနချုပ် အသစ်တည်ရှိရာ လာလဂတ်မြို့ (LaLagh-at) သို့ မစ်ချယ် (Mitchells) ဗုံးကြဲလေယာဉ်ဖြင့် အပြန် လေယာဉ်ပျံပျက်ကျ၍ ကွယ်လွန်သည်။

[Slim **Defeat into Victory** *P 269*]
[Michael Colvert, **Chindits** Ballantine, 1973,*P 85*]

ဗိုလ်မှူးချုပ် ဝင်းဂိတ်
[ He is wearing his famous East African Sun-helmet ]

■ချင်းဒစ်အမှတ် ၁၁၁ တပ်မဟာ ဗိုလ်မှူးချုပ် လင်တိန်းက ဝင်းဂိတ်နေရာကို ဆက်ခံ တာဝန်ယူသည်။
[**Mountbatten's Report** *P50*]

၂၇ မတ် ၁၉၄၄ ဂျပန်လွှတ်တော် အမတ် ဆာကူရိုင် ဂျပန်နိုင်ငံတွင် တည်မည့်စေတီတော်အတွက် မြန်မာနိုင်ငံမှ ပင့်ဆောင်မည့် ဓာတ်တော်များ နောက်ဆုံးပူဇော်ပွဲကျင်းပသည်။
(မြန်မာ့အလင်း ၂၉–၃–၄၄)

၂၉ မတ် ၁၉၄၄ ဂျပန်တပ်မတော်နှင့် မြန်မာနိုင်ငံအစိုးရတို့ ဆွေးနွေးညှိနှိုင်းပြီးစီးပြီ ဖြစ်သဖြင့် ရန်သူပိုင်နှင့် ပိုင်ရှင်မဲ့ပစ္စည်းများကို မြန်မာနိုင်ငံတော်အစိုးရသို့ လွှဲပြောင်းပေးအပ်သည်။
[မြန်မာ့အလင်း ၉–၄–၄၄]

■ဂျပန် အမှတ် ၃၁ တပ်မ၏ တိုက်ခိုက်မှုကြောင့် အူးခရား (Ukhrul)မှ ဗြိတိသျှ အမှတ် ၅၀ အိန္ဒိယလေထီးတပ်မဟာ အင်ဖားသို့ ဆုတ်ခွာရသည်။
[**Mountbatten's Report** *P46*]

■ဂျပန် အမှတ် ၃၁ တပ်မက အင်ဖား ကိုဟီးမားလမ်းမကို ပိတ်ဆို့သည်။
[**Mountbatten's Report** *P46*]

ဧပြီလ

ဧပြီ ၁၉၄၄ ဂျပန်အမှတ် ၁၅ နှင့် ၃၃ တပ်မများ အင်ဖာလွင်ပြင်ကို ထိုးစစ်ဆင်နွှဲသည်။
[**Mountbatten's Report** *P48*]

၄ ဧပြီ ၁၉၄၄ ကိုဟီးမားမြို့ကို ဂျပန်တပ်ရင်းကြီး နှစ်တပ်ဖြင့် ဝင်ရောက်တိုက်ခိုက်သည်။
[**Mountbatten's Report** *P48*]

■နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော် ကမ္ဘောဇတိုင်းနှင့် ကရင်နီနယ် (ကယား) များ ဆိုင်ရာတရားဥပဒေကို ပြဋ္ဌာန်းသည်။
[မန္တလေးသူရိယ ၇–၇–၄၄]

၅ ဧပြီ ၁၉၄၄ သာသနာတော်ရေး၊ နိုင်ငံတော်ကြီးပွားရေးနှင့် ဝါဒဖြန့်ချိရေးဝန်ကြီး ဗန္ဓုလဦးစိန်က သတင်းစာ ဆရာများအား တွေ့ဆုံပြီး နိုင်ငံတော် ခေတ်သစ် ပညာရေး စီမံချက်များကို ရှင်းလင်းပြောကြားသည်။
[မြန်မာ့အလင်း ၆–၄–၄၄]

■လွတ်လပ်သော အိန္ဒိယအမျိုးသားအစိုးရ၏ ဘဏ်ဖွင့်ပွဲ ကျင်းပသည်။
[မြန်မာ့အလင်း ၆–၄–၄၄]

၆ ဧပြီ ၁၉၄၄ ဂျပန်တပ်များ ကိုဟီးမားမြို့ကို သိမ်းပိုက်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၂]

၇– ၈ ဧပြီ ၁၉၄၄ ဂျပန် ၃၁ တပ်မဟာကိုဟီမားမြို့အတွင်း ဝင်ရောက်သည်။ ဗြိတိသျှ မြို့စောင့်တပ် ကိုဟီးမားမြို့အတွင်း ပိတ်မိသည်။
[Slim **Defeat into Victory** *P 316*]
[**Mountbatten's Report** *P 48*]

၁၅ ဧပြီ ၁၉၄၄ အရှေ့တောင်အာရှ မဟာမိတ် စစ်ဌာနချုပ်ကို သီဟို (သီရိလင်္ကာ) နိုင်ငံသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။
[**Mountbatten's Report** *P 6*]

၁၆ ဧပြီ ၁၉၄၄ နိုင်ငံတော် အဓိပတိ အတွင်းဝန်ချုပ်ရုံးမှ ဝန်ကြီးများကို ပြောင်းလဲခန့်အပ်ရာ
သခင်သန်းထွန်း
ကုန်စည်နှင့်သယ်ယူပို့ဆောင်ရေးဌာန
ဦးလှဖေ
သစ်တောနှင့်လမ်းပမ်းအဆောက်အဦဌာန
သခင်လွန်းဘော်
မြေနှင့်လယ်ယာစိုက်ပျိုးရေးဌာန
တို့ဖြစ်လာသည်။
[မြန်မာ့အလင်း ၁၉–၄–၄၄]

၂၀ ဧပြီ ၁၉၄၄ ဗြိတိသျှ အမှတ် ၂ တပ်မမှ အမှတ် ၆ တပ်မဟာက ဒိုင်

မာပူ ကိုဟီးမားလမ်းအတိုင်း ချီတက်လာကာ ကိုဟီးမားမြို့ အနောက်ဖက်ဘေးတွင် ဂျပန်တပ်များကို တိုက်ခိုက်ကာ ပိတ်ဆို့ထားသည့် လမ်းကို ဖြတ်ကူးပြီး ဂျပန်တပ်များ အဝိုင်း ခံနေရသော ကိုဟီးမားမြို့ စောင့်တပ်ကို လွတ်မြောက်အောင် ဆောင်ရွက်ပေးသည်။
[**Mountbatten's Report** *P 49*]

၂၃ ဧပြီ ၁၉၄၄ မြန်မာနိုင်ငံလုံးဆိုင်ရာ သူရဲကောင်းချီးကျူးရေး အဖွဲ့ချုပ်၏ နှစ်ပတ်လည် ညီလာခံကို ရန်ကုန် နေပြည်တော် ကန်တော် မိတ်သဘင်တွင် ကျင်းပသည်။ ညီလာခံတွင်
၁။ အာဇာနည်နေ့ပြုလုပ်ရန်
၂။ အာဇာနည်စာရင်းကောက်ရန်
၃။ အာဇာနည်ဗိမာန်အတွက် လိုအပ်သော အကူအညီပေးရန်
၄။ တပ်မတော်အတွက် လိုအပ်သော အကူအညီပေးရန်
၅။ အာဇာနည်ဗိမာန်အနီးတွင် အဖွဲ့ချုပ် ဌာနဖွင့်ရန် စသည်တို့ကို ဆုံးဖြတ်သည်။
[မြန်မာ့အလင်း ၂၅–၄–၄၄]

၂၅ ဧပြီ ၁၉၄၄ စစ်ဝန်ကြီး အမိန့်အရ စစ်ဝန်ကြီးရုံးတော် စစ်ဥပဒေဌာနတွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇင်ယော်နှင့် မတင်ဥတို့ လက်ထပ်ပွဲ ကျင်းပသည်။
[မြန်မာ့အလင်း ၂၈–၄–၄၄]

၂၈ ဧပြီ ၁၉၄၄ ဗြိတိသျှတပ်မှ မရီး (F.D Merril)၏တပ်ဖွဲ့က မြစ်ကြီးနားမြို့သို့ ထိုးဖောက် စစ်ဆင်ရေး စတင် ဆင်နွှဲသည်။
[Slim **Defeat into Victory** *P 273*]

မေလ

၁၀ မေ ၁၉၄၄ တရုတ်တပ် အမှတ် ၂၀ တပ်ဖွဲ့က သံလွင်မြစ်ကို မြစ်အညာမှ ဖြတ်ကူး၍ ထိုးစစ်ဆင်နွှဲသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၇–၃၈]

၁၂ မေ ၁၉၄၄ နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်က အထူးသုတေသနအဖွဲ့ဖွဲ့စည်းသည်။ အဖွဲ့ဝင်များအဖြစ် ဒေါက်တာဘဟန်၊ ဦးစိုးညွှန့်နှင့် ဦးဘငြိမ်းတို့အား ခန့်အပ်သည်။
[Burma During the Japanese Occupation Vol II. *P 25*]

၁၄ မေ ၁၉၄၄ ဒေါက်တာဘဟန် ခေါင်းဆောင်သည့် အထူးသုတေသနအဖွဲ့ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိသည်။
[Burma During the Japanese Occupation Vol II. *P 25*]

၁၇ မေ ၁၉၄၄ မရီးလ်၏ တပ်ဖွဲ့သည် ဂျပန်တို့၏ ခုခံတိုက်ခိုက်မှုကို တွန်းလှန် ဖယ်ရှားပြီး မြစ်ကြီးနားလေယာဉ်ကွင်းကို သိမ်းပိုက်သည်။
[Slim **Defeat into Victory** *P 274*]

၁၉ မေ ၁၉၄၄ အသစ်ရောက်ရှိလာသည့် တရုတ်တပ်မဟာများက မြစ်ကြီးနားမြို့ကို တိုက်ခိုက်သည်။
[Slim **Defeat into Victory** *P 274*]

၂၀ မေ ၁၉၄၄ ဂျပန်နိုင်ငံဆိုင်ရာ တွဲဖက် မြန်မာစစ်သံအမတ် ဗိုလ်စကြာနှင့် လက်ထောက် စစ်သံအမတ် ဗိုလ်အေးမွေ (ဒဂုန်မြတ်လေးနွယ်)တို့ တိုကျိုမြို့သို့ ရောက်ရှိသည်။
[ဗမာ့ခေတ် ၂၇–၅–၄၄]

၂၀ မေ ၁၉၄၄ ဂျပန်နိုင်ငံ ဆိုင်ရာ မြန်မာသံအမတ် ဒေါက်တာ သိမ်းမောင်က ဂျပန်အာဏာပိုင်များထံ မြန်မာနိုင်ငံမှ ပင့်ဆောင်ခဲ့သော ဗုဒ္ဓ၏ ဓာတ်တော်များပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။
[Burma During the Japanese Occupation Vol II. *P 113*]

ဇွန်လ

၆ ဇွန် ၁၉၄၄ ဆင်းမလားအစိုးရ ထောက်လှန်းရေးဗျူရိုမှ ဒုတိယ ညွှန်ကြားရေးမှူး မစ္စတာဂျပ် (Mr,S.D Jupp) မေလအတွင်းက မစ္စတာလန်ဆယ်လော့ (Mr. Lancelot)[သခင်တင်ရွှေ၏ အမည်ဝှက်] နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ အခြေအနေများ မေးမြန်း စုံစမ်းချက် အစီရင်ခံစာကို မြန်မာစစ်ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ်က မွန်းစတား (Earl of Monster) ထံပေးပို့သည်။
[**Burma Struggle** Vol .I . *P 63-68*]

၇ ဇွန် ၁၉၄၄ မြန်မာနိုင်ငံ အဓိပတိ ဒေါက်တာဘမော် ရေးဆွဲထားသည့် လေးမျက်နှာ စီမံကိန်း
၁။ နိုင်ငံရေးစစ်မျက်နှာ
၂။ စီးပွားရေး စစ်မျက်နှာ
၃။ စိတ်ဓာတ်ရေး စစ်မျက်နှာ
၄။ အတူတကွကြီးပွားရေးနယ်ပယ် စစ်မျက်နှာတို့ကို ထုတ်ပြန်ကြေညာသည်။
[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး–ဒု စာ ၁၂၂]

■မြန်မာနိုင်ငံတော်အစိုးရ၏ တံဆိပ်တော်နှင့် မြန်မာနိုင်ငံအလံတော်ကို သတ်မှတ်ပြဌာန်းသည်။
[မြန်မာနိုင်ငံတော်အစိုးရပြန်တမ်းအမှတ် ၁၃၊ ၁၇ ဇွန် ၁၉၄၄၊ စာ ၂၇၅–၂၇၆]

၉ ဇွန် ၁၉၄၄ မြန်မာနိုင်ငံမှ ပင့်ဆောင်ခဲ့သည့် ဗုဒ္ဓ၏ဓာတ်တော်များကို ဂျပန်–မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြင့် ကိုရာစံ (Koya -san )ရှိ ဝါကရူဂျီ (Wakayuji) ဂူဘုရားတွင် ပူဇော်ဌာပနာသည်။
[Burma During the Japanese Occupation Vol II. *P 113*]

၁၀ ဇွန် ၁၉၄၄ ကိုဟီးမား စစ်မျက်နှာမှ ဂျပန်တပ်မဟာ ၃၁ ဆုတ်ခွာသည်။
[Slim **Defeat into Victory** *P 342*]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၄]
[လူထုဦးလှစစ်တွင်းဗမာပြည်–တ စာ ၃၀၁]

■ မြန်မာနယ်မြေစစ်ဦးစီးချုပ်ရုံးက ထုတ်ပြန်သော သေနင်္ဂဗျူဟာ အမှတ် (၈) ရပ်စဲရေးအမိန့် ဂျပန်အမှတ် ၁၅ တပ်မတော် သေနာပတိထံ ရောက်ရှိလာသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၄–၃၅]

၁၅ ဇွန် ၁၉၄၄ မြန်မာနိုင်ငံခရိုင် အသီးသီးတို့တွင် ခန့်ထားရန် မြန်မာဝန်ထမ်း အမျိုးသမီး ခရိုင်ဝန်ထမ်းမှူးများ သင်တန်းကို ရန်ကုန်မြို့တွင် ဖွင့်လှစ်သည်။
[ဗမာ့ခေတ် ၁၆–၉–၄၄]

၁၆ ဇွန် ၁၉၄၄ အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ အမှတ် ၂၂ တရုတ်တပ်မဟာက ကာမိုင်းမြို့ကို သိမ်းပိုက်သည်။
[Slim **Defeat into Victory** *P 278*]
[**Mountbatten's Report** *P62*]

၂၃ ဇွန် ၁၉၄၄ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်နှင့် တင်ဇာမော်တို့ လက်ထပ်သည်။
[မြန်မာ့အလင်း ၂၄–၆–၄၄]

၂၅ ဇွန် ၁၉၄၄ ဂျပန်စစ်သေနာပတိ မူတာဂုချိ (Mudakuchi Renya) သည် အင်ဖာစစ်ဆင်ရေး ရပ်ဆိုင်းလိုက်ကြောင်း အထက် အာဏာပိုင်များထံ အစီရင်ခံသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၄]
၂၆ ဇွန် ၁၉၄၄ ကားလ်ဘတ်၏ အမှတ် ၇၇ တပ်မဟာမှ တပ်ဖွဲ့များ မိုးကောင်းမြို့ကို သိမ်းပိုက်သည်။
[**Mountbatten's Report** *P62*]

■ရန်ကုန်မြို့၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ အရှေ့အာရှ လူငယ်များ အစည်းအရုံး ဌာနချုပ်တွင် မြန်မာက ကမ္ဘာကို သိရေး၊ ကမ္ဘာက မြန်မာကိုသိရေးအတွက် မြန်မာနိုင်ငံတော် နိုင်ငံခြားရေးရာ အသင်းကြီးဖွဲ့စည်း ထူထောင်ရန် ဆုံးဖြတ်သည်။
[မန္တလေးသူရိယ ၂–၇–၄၄]

ဇူလိုင်လ

ဇူလိုင် ၁၉၄၄ အင်ဖား၊ ကိုဟီးမား စစ်မျက်နှာမှ ဂျပန်အမှတ် ၁၅ နှင့် ၃၁ တပ်မများမှ ကြွင်းကျန်သော တပ်များ ချင်းတွင်းမြစ်သို့ အပြေးအလွှားဆုတ်ခွာကြရာ ဗြိတိသျှတပ်များက လိုက်လံတိုက်ခိုက်သည်။
[Slim **Defeat into Victory** *P 349*]
[ ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၅ ]

၁၈ ဇူလိုင် ၁၉၄၄ ဂျပန်နန်းရင်းဝန် တိုဂျို အစိုးရအဖွဲ့ နုတ်ထွက်၍ ကိုအိဇော ( General Kuniaki Koiso) နန်းရင်းဝန် ဖြစ်လာသည်။
[C.L. Sulzberger **World War II** *Newyork, American heritage, 1985 ,P329*]

၁၉ ဇူလိုင် ၁၉၄၄ မန္တလေးမြို့ အာဠဝီလမ်း(စီလမ်း) မန္တလေး သူရိယသတင်းစာတိုက်တွင် အထက်မြန်မာနိုင်ငံလုံးဆိုင်ရာ စာ ရေးဆရာများ၏ အစည်းအဝေး တစ်ရပ်ကျင်းပသည်။ အစည်းအဝေးတွင် အထက်မြန်မာနိုင်ငံလုံးဆိုင်ရာ စာရေးဆရာ အသင်း ဖွဲ့စည်းကာ နာယကများနှင့် အမှုဆောင်အဖွဲ့ဝင်များ ရွေးကောက်တင်မြှောက်သည်။
[မန္တလေးသူရိယ ၂၂–၇–၄၄]
[မြန်မာ့အလင်း ၆–၈–၄၄]

၂၆ ဇူလိုင် ၁၉၄၄ မြန်မာနိုင်ငံအစိုးရ ဝန်ကြီးများ အထူးအစည်းအဝေး ကျင်းပသည်။
(၁) ကျောင်းနှင့်တက္ကသိုလ်များတွင် ဂျပန်စကား ကို မသင်မနေရ ဘာသာရပ်အဖြစ် ပြဋ္ဌာန်းပေးရန် ဂျပန်တပ်မတော်က တောင်းဆိုသည့် အဆိုကို လက်မခံရန်။
၂။ ဂျပန်စကားသင် ကျောင်းများတွင် မြန်မာအစိုးရက ရေးဆွဲထားသည့် ဘဏ္ဍာတော်နည်းဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် တောင်းဆိုခြင်းကိုလည်းလက်မခံရန်။
၃။ ဂျပန်ဘာသာစကား အပါအဝင် အခြားသော ဘာသာစကားများနှင့် ပတ်သက်၍ အစိုးရချမှတ်ထားသည့် ပညာရေး ခေတ်သစ်စီမံကိန်းတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားရန် တို့ကို ဆုံးဖြတ်သည်။
[ဗန္ဓုလဦးစိန်ကျွန်ုပ်တို့အတွင်းရေး–၃ စာ ၇၂–၇၃]

၂၇ ဇူလိုင် ၁၉၄၄ နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်က မြန်မာနိုင်ငံအုပ်ချုပ်ရေး စည်းမျဉ်းဥပဒေ ပုဒ်မ ၁၁ အရ အုပ်ချုပ်ရေးစီမံမှုအဖွဲ့တစ်ခု ဆင့်ခေါ်သင့် မခေါ်သင့်ဟူသော

ပြဿနာနှင့်စပ်လျဉ်း၍ ကျင်းပလတ္တံ့သော အတိုင်ပင်ခံလွှတ်တော်သဘင်တွင် ဆွေးနွေးတိုင်ပင်စေ၍ ထိုလွှတ်တော်မှ အကြံဉာဏ်ပေးရန် အမိန့်ချမှတ်သည်။
[မန္တလေးသူရိယ ၁၂-၉-၄၄]

ဇူလိုင် ၁၉၄၄ မစ္စတာ ဆမ်းမားဆက်-ဒီချဲယာ (Mr. Sumerset de Chair)သဘာပတိအဖြစ် ဆောင်ရွက်သော ကွန်ဆာဗေးတစ် အင်ပါယာရေးရာ ကော်မတီ (The Conservative Imperial Affairs Committee)၏အဖွဲ့ခွဲမှ မြန်မာနိုင်ငံအတွက် စီမံကိန်း (Blue Print for Burma)ကို ထုတ်ပြန်သည်။
[**Burma Struggle** Vol .I . *P 70-71*]

## ဩဂုတ်

၁ ဩဂုတ် ၁၉၄၄ ဗမာ့လွတ်လပ်ရေး ပထမ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပွဲ ကျင်းပသည်။
[မြန်မာ့အလင်း ၁/၂-၈-၄၄]

■ မြန်မာနိုင်ငံတော် အစိုးရက ဝန်ထမ်းများအား ဗမာ့လွတ်လပ်ရေးလက်ဆောင်အဖြစ် ပေးရန် ရည်ရွယ်၍ ရှားပါးစရိတ်များကို ဩဂုတ် ၁ ရက်နေ့မှ စတင်ပေးမည်ဟု ကြေညာသည်။
[မြန်မာ့အလင်း ၁/၄-၈-၄၄]

■မဟာဗမာအစည်းအရုံးကို ဗမာ့လွတ်လပ်ရေးတစ်နှစ်ပြည့်သောနေ့ (၁-၈-၄၄)တွင် ဖွဲ့စည်း တည်ထောင်သည်။ မဟာဗမာအစည်းအရုံးအား မြန်မာပြည်အတွင်းရှိ အစည်းအရုံး အသင်းအဖွဲ့အမျိုးမျိုးက ကူညီရန် ကြေညာသည်။ ထို့ပြင် မဟာဗမာ အစည်းအရုံးကြီး၏ ဖွဲ့စည်းပုံစနစ်နှင့် စည်းမျဉ်းတို့ကို ထုတ်ပြန် ကြေညာသည်။ ထို့ပြင် မဟာဗမာဦးစီးအဖွဲ့ဝင်များမှာ

၁။ ဒေါက်တာဘမော်
၂။ သခင်မြ
၃။ ဦးထွန်းအောင်
၄။ ဦးသိမ်းမောင်
၅။ ဦးဘဝင်း
၆။ ဦးအေး
၇။ ဗန္ဓုလဦးစိန်
၈။ ဦးသွင်
၉။ ဦးမြ (ဟင်္သာတ)
၁၀။ စောဘမောင်
၁၁။ သခင်နု
၁၂။ သခင်သန်းထွန်း
၁၃။ သခင်ညီ
၁၄။ ဦးဘဂျမ်း
၁၅။ ဒေါ်ခင်မမော်
၁၆။ တောင်ပိုင်းစော်ဘွား ခွန်ပန်းစိန် တို့ဖြစ်ကြောင်း ကြေညာသည်။

[မြန်မာ့အလင်း ၁-၈-၄၄]

■မဟာဗမာအစည်းအရုံးကြီးကို ဖွဲ့စည်းတည်ထောင်ရသည့် ရည်ရွယ်ချက်မှာ တို့ဗမာဆင်းရဲသား အစည်းအရုံးတွင် တို့ဗမာသခင်များနှင့် ဆင်းရဲသားအားမ များ ပါတီစွဲ၊ ဝါဒစွဲရှိနေခြင်းကြောင့် လည်းကောင်း၊ တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စေရန် တစ်ကြောင်းတို့ကြောင့်လည်းကောင်း၊ ပါတီဝါဒများ ဘေးချိတ်ထားပြီး ဗမာ့လုံးဝလွတ်လပ်ရေး ဝါဒတစ်ခုတည်း အဓိကထား၍ ဆောင်ရွက်ရန် ဖြစ်သည်။
[မြန်မာ့အလင်း ၁-၈-၄၄]
[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး-ဒု ၁၂-၁၁၃]

■ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြန်မာသံအမတ် ဒေါက်တာသိမ်းမောင်အား ဂျပန်နိုင်ငံအစိုးရ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးက တက်နေစလွယ်တော် ချီးမြှင့်သည်။
[ဗမာ့ခေတ် ၂/၃-၉-၄၄]

၂ ဩဂုတ် ၁၉၄၄ မြန်မာနိုင်ငံတော် အထူးသုတေသန အဖွဲ့ခေါင်းဆောင် ဒေါက်တာဘဟန်နှင့် အဖွဲ့ဝင်များ ဂျပန်နိုင်ငံနှင့် မဟာအရှေ့ အာရှနိုင်ငံများသို့ လှည့်လည် လေ့လာရာမှ ပြန်လည်ရောက်ရှိသည်။
[မြန်မာ့အလင်း ၅-၈-၄၄]

၃ ဩဂုတ် ၁၉၄၄ ဗြိတိသျှနှင့် တရုတ်တပ်ဖွဲ့များ မြစ်ကြီးနားမြို့ကို သိမ်းပိုက်သည်။
[Slim **Defeat into Victory** *P 281*]
[**Mountbatten’s Report** *P74*]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၇]

၄ ဩဂုတ် ၁၉၄၄ ဗြိတိသျှ အမှတ် ၂ တပ်မ မှ အမှတ် ၅ တပ်မဟာက တမူးမြို့ကို သိမ်းပိုက်သည်။
[Slim **Defeat into Victory** *P 351*]
[**Mountbatten’s Report** *P 74*]

၄ -၇ ဩဂုတ် ၁၉၄၄ ပဲခူးမြို့ ဗမာ့တပ်မတော် စံပြ တပ်ရင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များဖြစ်သည့် သခင်စိုး၊ သခင်သန်းထွန်း၊ ကိုဗဟိန်းဆွေးနွေးပြီး ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်းရန် သဘောတူ ဆုံးဖြတ်သည်။
[ဗိုလ်ချုပ်အောင်ဆန်း ဘားမားချဲ့ လင့်ချ် (တတိယအကြိမ်) ရန်ကုန်၊ နွယ်နီပုံနှိပ်၊ ၁၉၇၄၊ စာ ၅၂။]
[သခင်တင်မြ ဘုံဘဝမှာဖြင့် စာ ၅၉၄-၅]

၆ ဩဂုတ် ၁၉၄၄ မဟာဗန္ဓုလစစ်သူကြီး ချီတက်ရာတွင် အသုံးပြု

သော အောင်မောင်းတော်ကြီးကို ဦးဘခင်ထံမှ ဝန်ကြီးဗန္ဓုလဦးစိန်လက်ခံရရှိသည်။ (ယင်း အောင်မောင်းတော်ကြီးမှာ မဟာဗန္ဓုလစစ်သူကြီး ဦးဆောင်သည့် မြန်မာ့တပ်မတော် မဏိပူရ-အာသံကြောင်း ချီတက်စဉ်က လည်းကောင်း၊ အိန္ဒိယ-ရာမူးကြောင်း ချီတက်စဉ်ကလည်းကောင်း အသုံးပြုခဲ့သည်။ ထိုအောင်မောင်းကို မဟာဗန္ဓုလစစ်သူကြီး၏ မြေးသရက်တောတိုက်မှ တောင်ဘီးလူးဆရာတော်ဘုရားကြီးက စမော်ကော် (Small Cause) တရားသူကြီး ဦးဘခင်သို့ ချီးမြှင့်ခဲ့ သည်။
[မြန်မာ့အလင်း ၆-၈-၄၄]

■ ဗြိတိသျှအမှတ် ၃၆ တပ်မ၏ ရှေ့ပြေးချီတပ်များက ဆားမော်မြို့ကို တိုက်ခိုက်သိမ်းပိုက်သည်။
(**Mountbatten's Report** *P79*)

ဩဂုတ် ၁၉၄၄ ရန်ကုန်မြို့၊ ကုက္ကိုင်းလမ်း အင်းယား ကန်စောင်းရှိ သခင်နုနေအိမ်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးတပ်ပေါင်းစု ထူထောင်ရန် ပထမဆုံး အစည်းအဝေး ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်မြ၊ သခင်ချစ်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း အစရှိသူတို့ တက်ရောက်သည်။ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက ၎င်းရေးလာသော "ဖက်ဆစ်ခားပြများကို ခုခံတိုက်ခိုက်ကြလော့" ဟူသော စာတမ်းကို ဖတ်ပြရာ အားလုံး သဘောတူထောက်ခံကြသည်။
[သခင်နု ငါးနှစ်ရာသီ စာ ၂၆၇]
[သိန်းဖေမြင့် ကျော်ငြိမ်း၊ စတုတ္ထအကြိမ်။ ရန်ကုန်။ စာပေလောကပုံနှိပ်။ ၁၉၉၉၊ စာ ၆၇-၆၈]

၉ ဩဂုတ် ၁၉၄၄ မဟာဗမာအစည်းအရုံး ဦးစီးခေါင်းဆောင်အဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်၏ စံအိမ်တော်တွင် ကျင်းပသည်။ အစည်းအဝေးတွင် ဒေါက်တာဘမော်က၎င်းအား ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သခင်မြအား ဒုတိယခေါင်းဆောင်အဖြစ် လည်းကောင်း၊ သခင်နုအား ဌာနချုပ်မှူးအဖြစ် လည်းကောင်း၊ ဦးစီးခေါင်းဆောင်အဖွဲ့က တင်မြှောက်ခြင်းကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ထိုအစည်းအဝေးတွင် စက်သူဌေး ဦးသွင်အား ဒုတိယခေါင်းဆောင်အဖြစ် ထပ်မံ တင်မြှောက်သည်။
[ဗမာ့ခေတ် ၁၆ - ၈-၄၄]

၁၁ ဩဂုတ် ၁၉၄၄ နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်က ဝန်ကြီးသခင်နုအား နိုင်ငံခြားရေးဌာန တာဝန်ဝတ္တရားများ ဆောင်ရွက်ခြင်းမှ ရပ်စဲလိုက်ပြီး ဌာနလက်ကိုင်မရှိ ဝန်ကြီးအဖြစ် ခန့်အပ်သည်။
[ဗမာ့ခေတ် ၁၃-၈-၄၄]

■နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်က ဒုတိယဝန်ကြီးချုပ် သခင်မြအား ၎င်း၏ဌာနနှင့်တွဲဖက်၍ နိုင်ငံခြားရေးဌာန တာဝန်များကို ထမ်းဆောင် စေသည်။
[ဗမာ့ခေတ် ၁၃-၈-၄၄]

၁၂ ဩဂုတ် ၁၉၄၄ မဟာဗမာအစည်းအရုံးကြီး တည်ထောင်ရေးကိစ္စနှင့် ပတ်သက်၍ မဟာဗမာအစည်းအရုံးတည်ရာ ဌာနချုပ်တွင် ဌာနလက်ကိုင်မရှိဝန်ကြီး၊ မဟာဗမာအစည်းအရုံးကြီး၏ ဌာနချုပ်မှူး သခင်နုက ဗမာ့ခေတ်၊ သူရိယနှင့် မြန်မာအလင်း သတင်းစာတိုက်များမှ သတင်းစာဆရာများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။ ထိုတွေ့ဆုံပွဲတွင် ဌာနချုပ်မှူး ဝန်ကြီးသခင်နုက မဟာဗမာအစည်းအရုံးကြီးသည် တို့ဗမာဆင်းရဲသားအစည်းအရုံးကြီး၏ မူကိုပင် အခြေခံထား၍ တိုးတက်ချဲ့ထွင်လျက်ရှေ့သို့ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။
[ဗမာ့ခေတ် ၁၆-၈-၄၄]
[မြန်မာ့အလင်း ၁၃-၈-၄၄]

■မဟာဗမာအစည်းအရုံး၏ တတိယအကြိမ်မြောက် ဦးစီးအဖွဲ့ အစည်းအဝေးကို နိုင်ငံတော်အဓိပတိ အိမ်တွင် ကျင်းပသည်။ အစည်းအဝေးတွင် ဦးစီးအဖွဲ့၏ အလုပ်တာဝန်များနှင့် အစည်းအဝေးနှင့်ပတ်သက်သော စည်းမျဉ်းများကို ရေးဆွဲတင်ပြရန်၊ နိုင်ငံအခြေအနေ အရေးကြီးလာ၍ အရည်အချင်းနှင့် ပြည့်စုံသူပေါင်း တစ်သောင်းကို ဌာနချုပ်မှူးက စာရင်းပြုစု၍ ဦးစီးအဖွဲ့သို့တင်ပြရန်၊ ဂိုဏ်းဂဏပါတီမရွေး အမျိုးဘာသာမရွေး ပြည်သူပြည်သားအားလုံး မဟာဗမာအဖွဲ့ကြီးကို အားပေးကူညီနိုင်ရန်အတွက် မဟာဗမာအစည်းအရုံး၏ ဝါဒကို ကြေညာချက်တစ်ခု ထုတ်ဝေရန် ဆုံးဖြတ်သည်။
[မြန်မာ့အလင်း ၁၇-၈-၄၄]

၁၄ ဩဂုတ် ၁၉၄၄ ရန်ကုန်မြို့ နေပြည်တော် ကန်တော်မိတ်ရုံဌာနတွင် ဦးဥတ္တမ ချီးကျူးပွဲ ကျင်းပသည်။
[ဗမာ့ခေတ် ၁၆-၈-၄၄]
[မြန်မာ့အလင်း ၁၅-၈-၄၄]

၁၅ ဩဂုတ် ၁၉၄၄ မြန်မာနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးများ အစည်း

အဝေးမှ စပါးဝယ်ယူရေးနှင့် ပတ်သက်၍ စည်းကမ်းသတ်မှတ်ချက်များ ချမှတ်သည်။
[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး–ဒု စာ ၄၅]

၂၀ ဩဂုတ် ၁၉၄၄ နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်က သတင်းစာဆရာများနှင့် တွေ့ဆုံပွဲ၌ မဟာအရှေ့အာရှစစ်ကြီး၏ လက်ရှိအခြေအနေနှင့် လျော်ညီအောင် မဟာဗမာ့နိုင်ငံတော်သူ နိုင်ငံတော်သား အားလုံး၏ အစည်းအရုံးကြီးအဖြစ်ဖြင့် မဟာဗမာအစည်းအရုံးကြီးကို ဖွဲ့စည်း တည်ထောင်ပြီးကြောင်း အစည်းအရုံးတည်ထောင်ပုံနှင့် လုပ်ငန်းဆောင်တာ အရပ်ရပ်ကို အသိပေး ပြောကြားသည်။
[ဗမာ့ခေတ် ၂၆–၈–၄၄]

၂၃ ဩဂုတ် ၁၉၄၄ ရန်ကုန်မြို့စံအိမ်တော်ဧည့်ခမ်းမတွင် နံနက် ၉ နာရီ အချိန် ခေတ္တမြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် မစ္စတာ ကီတာဇာဝါ (Kitazawa Naokichi)နှင့် သံဝန်မစ္စတာ ရှိမတ်ဇု(Mr.Shimizu) တို့က ဂျပန်ဧကရာဇ် ဘုရင်မင်းမြတ်ကိုယ်စား ဂျပန်ဧကရာဇ် ဘုရင်မင်းမြတ်က နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်အား နှင်းအပ်ခဲ့သော (The Grand Cordon of the Imperial Order of The Rising Sun with the Poulownia Flower) ဘွဲ့တံဆိပ်ကို နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်အား အပ်နှင်း၍ ဂျပန်ဧကရာဇ် မင်းမြတ်၏ သဝဏ်လွှာကို ဆက်သသည်။
[ဗမာ့ခေတ် ၂၅–၈–၄၄]

■ရန်ကုန်မြို့၊ ကန်တော်ကြီးပတ်လမ်း(Park Road)(ယခုနတ်မောက်လမ်း)နှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်ရှိ ဗိုလ်ချုပ်အောင် ဆန်းနေအိမ်၌ ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီခေါင်းဆောင်များသည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်) (Anti-Fascist Organization AFO) ဖွဲ့စည်းရေး အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးသို့ ဗမာ့တပ်မတော်မှ ဗိုလ်ချုပ် အောင်ဆန်း၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးလကျာ်၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူးအောင်၊ ဗိုလ်မှူးဗထူး၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်ခင်မောင်လေး၊ ဗိုလ်စောကြာဒိုး၊ ဗိုလ်ဖိုးကွန်း ပြည်သူ့အရေး တော်ပုံပါတီမှ သခင်ချစ်၊ ဦးကျော်ငြိမ်း၊ ကွန်မြူနစ်ပါတီမှ သခင်စိုး၊ သခင်သန်းထွန်းတို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းအား ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုစစ်ကောင်စီ သဘာပတိအဖြစ် တင်မြှောက်သည်။
[တပ်မတော်နေ့စာစောင်၊ ၁၉၆၀၊ စာ ၃–၄]
[သခင်လွင် ဂျပန်ခေတ်ဗမာပြည် စာ ၂၈၂]

## စက်တင်ဘာ

၁ စက်တင်ဘာ ၁၉၄၄ ဂျပန်စစ်အာဏာပိုင်များက မြန်မာနိုင်ငံရှိ ဂျပန်စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီးကာဝါဘီအား ပြောင်းရွှေ့၍ ၎င်းနေရာတွင် ဒုတိယဗိုလ်ချုပ်ကြီး ကီမူရာ(Lt. General Heitaro Kimura) ကို ခန့်ထားသည်။
(**The Growth of the Burma Army** *P 229*)

■ မြန်မာနိုင်ငံတော်အဓိပတိ ဒေါက်တာ ဘမော်က ဂျပန်ဘုရင်ချီးမြှင့်သော ပေါ်လိုနီယာပန်း၊ တက်နေတံဆိပ်နှင့်စလွယ်တော်အတွက် ဂျပန်ဘုရင်ထံ ကျေးဇူးတင်လွှာ ပေးပို့သည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်–တ စာ၃၀၇–၃၀၈]

၂ စက်တင်ဘာ ၁၉၄၄ ဂျပန်စစ်တပ်က ဗြိတိသျှဗိုလ်မှူး ဆီးဂရင်းမ်းနှင့် ကရင်အမျိုးသား ၇ ဦးကို သူလျှိုမှုဖြင့် ကြည့်မြင်တိုင် သင်္ချိုင်းအတွင်းသေ နတ်ဖြင့် ပစ်သတ် ကွပ်မျက်သည်။
[Louis Allen **Burma:The Longest War** 1941-45,London, Phoenix,2000, *P 578*]
[Grandfather Longlegs PP 153-5]

၆ စက်တင်ဘာ ၁၉၄၄ ဘရာဇီးနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ဟောင်း အီတာရိုအိရှိ(Eitaro Ishii)အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ခန့်အပ်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ရင်ဇိုဆာဝါဒါနှင့် ပူးတွဲ၍ တာဝန်ထမ်းဆောင်စေသည်။
[မြန်မာ့အလင်း ၉–၉–၄၄]

၇ စက်တင်ဘာ ၁၉၄၄ ဂျီစီဘီအေ ဥက္ကဋ္ဌ ဦးစိုးသိမ်း ကွယ်လွန်သည်။
[မြန်မာ့အလင်း ၈–၉–၄၄]

၈ စက်တင်ဘာ ၁၉၄၄ မြန်မာနိုင်ငံအစိုးရသည် နိုင်ငံခြားအမည့် မှည့်ခေါ်ထားသည့် မြို့များနှင့် လမ်းများကို မြန်မာအမည် ပြောင်းလဲသည်။
[အစိုးရအမိန့်ပြန်တမ်း ၂၃–၉–၄၄]

၉ စက်တင်ဘာ ၁၉၄၄ ဂျပန်စစ်ဘက် အာဏာပိုင်များက သူလျှိုနှိပ်ကွပ်ရေးနှင့် စပ်လျဉ်း၍ ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။
[ဗမာ့ခေတ် ၁၂–၉–၄၄]
[မြန်မာ့အလင်း ၁၄–၉–၄၄]

၁၀ စက်တင်ဘာ ၁၉၄၄ မြန်မာနိုင်ငံတော် ကုန်သည်ကြီးများ အသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပသည်။
[ဗမာ့ခေတ် ၁၄-၉-၄၄]

၁၁ စက်တင်ဘာ ၁၉၄၄ မြန်မာနိုင်ငံရှိ ဂျပန်တပ်များ၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကီမူရာ မြန်မာနိုင်ငံသို့ ရောက်ရှိသည်။
(**Mountbatten's Report** *P101*)
[လူထုဦးလှ သတင်းစာများပြောပြတဲ့ စစ်တွင်းဗမာပြည်-စတုတ္ထတွဲ၊ မန္တလေး ကြီးပွားရေးပုံနှိပ်၊ ၁၉၆၈၊ စာ၈၉၊ နောင် ကိုးကားလျှင် လူထုဦးလှ စစ်တွင်းဗမာပြည် စ ဟုညွှန်းမည်။]

မြန်မာနိုင်ငံရှိ ဂျပန်တပ်များ၏ စစ်သေနာပတိ ကီမူရာ

၁၃ စက်တင်ဘာ ၁၉၄၄ မဟာဗမာ ဦးစီးအဖွဲ့ဝင် လူကြီးများနှင့် ဌာနချုပ် မဟာဗမာအစည်းအရုံးဝင် ရုံးအမှုထမ်းများ ရန်ကုန်မြို့ မဟာဗမာ့ ဌာနချုပ်ရုံးတွင် ဆွေးနွေးပွဲကျင်းပသည်။
[ဗမာ့ခေတ် ၁၆-၉-၄၄]

စက်တင်ဘာ (ဒုတိယပတ်)၁၉၄၄ ဗိုလ်ချုပ်အောင်ဆန်း၏ ဆန္ဒအရ တပ်မတော်ခေါင်းဆောင်များ ဖြစ်သော ဗိုလ်မှူးကြီး နေဝင်း၊ ဗိုလ်မှူးရဲထွဋ်၊ ပြည်သူ့အရေးတော်ပုံပါတီ ခေါင်းဆောင်များဖြစ်သော ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့သည် ဒေးဒရဲရှိ သခင်စိုးထံ လျှို့ဝှက်စွာ သွားရောက်၍ ဖွဲ့စည်းပြီးဖြစ်သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်ကို တိုးချဲ့ဖွဲ့စည်းရေး၊ တပ်မတော်အတွင်းရှိ လက်ဝဲအင်အားစုများ၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီတို့ကို တစ်ပါတီတည်းအဖြစ် ပူးပေါင်းဖွဲ့စည်းရေးနှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေး အတွက် ပြင်ဆင်စည်းရုံးမှုလုပ်ငန်းများကို ဆွေးနွေးသည်။
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေးဌာနချုပ်နှင့်တိုင်းဆယ်တိုင်း၊ တတိယအကြိမ်၊ရန်ကုန်၊ လုပ်အားပုံနှိပ်တိုက်၊၁၉၇၆၊ စာ ၂၈။ နောင်ကိုးကားလျှင် သခင်တင်မြ၊ ဖက်ဆစ်တော်လှန်ရေး ဟုညွှန်းမည်]

၁၆ စက်တင်ဘာ ၁၉၄၄ မြန်မာနိုင်ငံတော် အစိုးရက အတွင်းရန်သူများကို မြန်မာနိုင်ငံတော် ကာကွယ်ရေး ဥပဒေအရ တစ်ချက်လွှတ် အမိန့်ဖြင့် ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း ကြေညာချက် တစ်ရပ် ထုတ်ပြန်သည်။
[မန္တလေးသူရိယ ၁၆-၉-၄၄]

၁၈ စက်တင်ဘာ ၁၉၄၄ ဖတပလ အဖွဲ့ချုပ်က အိန္ဒိယနိုင်ငံသို့ စစ်ပညာသင်ကြားရန် စေလွှတ်သည့် သခင်ဗိုလ် (ကလကတ္တားလေယာဉ် ကွင်းမှအတက်လေယာဉ်ပျက်ကျ၍ ကွယ်လွန်)၊ ကိုဝင်းမောင် (နောင်မြန်မာနိုင်ငံသမ္မတ)၊ ကိုကျော်ရင် (နောင်မန္တလေးတက္ကသိုလ် ပါမောက္ခ ချုပ်) သခင်အုန်းမောင် (ဖျာပုံ)၊ ကိုသန်း၊ အောင်ထွန်း(ဗိုလ်မှူးချစ်ကောင်း) တို့ ရန်ကုန်မှ မန္တလေးသို့ မော်တော်ကားဖြင့် ထွက်ခွာသည်။
(အောင်ထွန်း သိန်းဖေစခန်းမှ သန်းထွန်းစခန်းသို့ ရန်ကုန်၊ မြန်မာ့အလင်းပုံနှိပ်၊ ၁၉၄၅၊ စာ ၇ ။ နောင်ကိုးကားလျှင် အောင်ထွန်း သိန်းဖေစခန်းမှ သန်းထွန်းစခန်း ဟု ညွှန်းမည်။)
(သခင်တင်မြ ဘုံဘဝမှာဖြင့် စာ ၆၁၆-၇)

■ သခင်ဗိုလ်တို့စီးလာသော မော်တော်ကားကို ပဲနွယ်ကုန်းအလွန် နှစ်ဖာလုံ၌ ဗြိတိသျှတိုက်လေယာဉ်က စက်သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်၍ ပျက်စီးသည်။
(အောင်ထွန်း သိန်းဖေစခန်းမှ သန်းထွန်းစခန်း စာ ၇-၈)
(မြဒေါင်းညို "တိုင်းပြည်က မမေ့အပ်သော လူငယ်ပုဂ္ဂိုလ်ထူးများ" မြန်မာ့အလင်း၊ ၂၁-၉-၄၅)

၂၁ စက်တင်ဘာ ၁၉၄၄ ဂျပန်ဘုရင်က မြန်မာနိုင်ငံအတွက်အသစ်ခန့်အပ်လိုက်သည့် ဂျပန်သံအမတ် အီတာရိအိရှိအား ညီလာခံသို့ ဝင်ရောက် ဖူးမျှော်ခွင့်ပြုသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-စ စာ ၂၃]

၂၃ စက်တင်ဘာ ၁၉၄၄ ဖိလစ်ပိုင်သမ္မတ ဂျိုစီလော်ရယ်(Jose Laurel) က အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ကို စစ်ကြေညာသည်။
မြန်မာနိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်က အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ကို ဖိလစ်ပိုင်နိုင်ငံက စစ်ကြေညာခြင်းနှင့် ပတ်သက်၍ ဝမ်းမြောက်ကြောင်း ကြေညာချက်ထုတ်ပြန်သည်။
[ဗမာ့ခေတ် ၂၆-၉-၄၄]
[လူထုဦးလှ စစ်တွင်းဗမာပြည်-စ စာ ၂၆-၂၇]

၂၈ စက်တင်ဘာ ၁၉၄၄ မြန်မာနိုင်ငံရှိ ဂျပန်တပ်များ၏ စစ်သေနာပတိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဟီတာရိုကီမူရာက ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် မြန်မာနိုင်ငံရှိ ဂျပန်တပ်များ၏သေနာပတိချုပ်ဖြစ်သည့် ၎င်းသည် ဗမာ့တပ်မတော်နှင့် ဗမာ့လူမျိုးအပေါင်းတို့၏ ကူညီ ပူးပေါင်းခြင်းဖြင့် ရန်သူတို့အား အပြီးသတ်ချေမှုန်းရန် အဓိဋ္ဌာန်ပြုပြီးကြောင်း ပါရှိသည်။
[ဗမာ့ခေတ် ၂၈-၉-၄၄]
[လူထုဦးလှ စစ်တွင်းဗမာပြည်-စ စာ ၃၂-၃၃]

အာရှတောင်ပိုင်း
ဂျပန်တပ်မတော်စစ်သေနာပတိချုပ်
တေရာဉချိ

စက်တင်ဘာ ၁၉၄၄ အာရှတောင်ပိုင်း ဂျပန်တပ်မတော် စစ်သေနာပတိချုပ် တေရာဉချိ (Field Marshal Hisaichi Terauchi)သည် မြန်မာနယ် မြေတပ်မတော်အနေနှင့် ဦးစားပေး ဆောင်ရွက်ရမည့် အရေးအကြီးဆုံး တာဝန်တစ်ရပ်ဟု ယခင်က ညွှန်ကြား ထားသည့် အိန္ဒိယ–တရုတ်လမ်းမကြီး ဖြတ်တောက်ရေးလုပ်ငန်းကို ရပ်သိမ်းပြီး မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများကိုလည်း စွန့်လွှတ်နိုင်ကြောင်းခွင့်ပြုလိုက်သည်။ မလေးရှား ကျွန်းဆွယ် (ယခင်ပသျှူးကျွန်းဆွယ်)နှင့် ယိုးဒယားနိုင်ငံတို့ကို ကာကွယ်ရန် အလို့ငှာ မြန်မာတောင်ပိုင်းဒေသကို ထိန်းသိမ်းချုပ်ကိုင်မှုသည်သာ မြန်မာ နယ်မြေတပ်မတော်၏ ပထမ ဆောင်ရွက်ရမည့်တာဝန် အဖြစ်ပြောင်းလဲသတ်မှတ်သည်။ မြန်မာပြည် တောင်ပိုင်းဒေသကာကွယ်ရေးအတွက် အရေးအကြီးဆုံးမှာ ပင်လယ်ကမ်းခြေ ကာကွယ်ရေးပင် ဖြစ်သည်။ ထို့ကြောင့် မြောက်ဘက်စစ်မျက်နှာ၌ တတ်နိုင်သမျှ ကြာရှည်စွာ ခုခံနိုင်အောင်လည်း ညွှန်ကြားသည်။

ထိုပြင် မြန်မာနိုင်ငံအစိုးရကို ထောက်ပံ့အားပေးရေးနှင့် အိန္ဒိယပြည်တွင်း သူပုန်ထရေး အစရှိသော နိုင်ငံရေးအစီအစဉ်များကို ဒုတိယလုပ်ငန်း အဖြစ် သတ်မှတ်လိုက်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၃၉ – ၄၀]

## အောက်တိုဘာလ

၂ အောက်တိုဘာ ၁၉၄၄ ဗြိတိသျှအမှတ် ၁၃၆ တပ်ဖွဲ့ တပ်မှူး ကောလင်းမက္ကင်ဇီ (Colin Hercules Mackenzie)က သိန်းဖေမြင့်ရေးသားသည့် (Towards Better mutual understanding and greater Cooperation) စာတမ်းကို မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်ထံ ပေးပို့သည်။
(**Burma Struggle** Vol .I . *P 857*)

အောက်တိုဘာ ၁၉၄၄ ဗမာ့တပ်မတော်ကိုယ်စားလှယ်များနှင့် ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်များဖြစ်သော ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ သခင်ချစ်နှင့် ကိုဗဆွေလေးတို့ ဒေးဒရဲမြို့နယ်ရှိ သခင်စိုး ထံလျှို့ဝှက်စွာ သွားရောက်ပြီး ပြည်သူ့အရေးတော်ပုံပါတီနှင့် ဗမာ့ပြည်ကွန်မြူနစ်ပါတီတို့ တစ်ပါတီတည်းပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးသည်။
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး စာ ၂၈]
[ဦးဗဆွေ “တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များ” ရွှေတူဂျာနယ်၊ အတွဲ (၁) အမှတ် (၅)၊ ၁၅-၄-၇၁၊ စာ ၄-၅]

၃ အောက်တိုဘာ ၁၉၄၄ ပြည်သူ့အရေးတော်ပုံပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ နှစ်ရပ်ပူးပေါင်း၍ တစ်စည်းတစ်လုံးတည်း အတူတကွ ဆောင်ရွက်ရန် တော်လှန်ရေးတပ်ဦးဖွဲ့စည်းသည်။
[၁၉၄၄ ခုနှစ် ဂျပန်ကိုခုခံရန် စိုင်းပြင်းကြံစဉ်က ကွန်မြူနစ်ပါတီ၏ ထုတ်ပြန်ချက်၊ ရန်ကုန်။ ဖဆပလ ပုံနှိပ်၊ ၁၉၄၆၊ စာ ၁-၁၀]

၇ အောက်တိုဘာ ၁၉၄၄ ရန်ကုန်မြို့ နေပြည်တော် စစ်တက္ကသိုလ်တွင် စစ်ကြပ်အရာရှိသင်တန်း မူလတန်းနှင့် လေကြောင်းအတတ် သင်တန်းများ ဖွင့်လှစ်ရာ မြန်မာနိုင်ငံအစိုးရအဖွဲ့ဝင် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။
[ဗမာ့ခေတ် ၈-၁၀-၄၄]

၁၁ အောက်တိုဘာ ၁၉၄၄ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ် မစ္စတာအီတာရိုအိရိုက မြန်မာနိုင်ငံအဓိပတိ ဒေါက်တာဘမော်သို့ သံအမတ်ခန့်အပ်လွှာ ပေးအပ်သည်။
[ဗမာ့ခေတ် ၁၂-၁၀-၄၄]
[မြန်မာ့အလင်း ၁၄-၁၀-၄၄]

၁၅ အောက်တိုဘာ ၁၉၄၄ ရန်ကုန်မြို့ ကန်တော်ကြီး ရန်ကုန်ရုပ်ရှင်ရုံတွင် ဗမာ့တပ်မတော်နှင့် အစိုးရဝန်ကြီးများ၊ လွှတ်တော်အမတ်များ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များ၏ မြို့လုံးကျွတ်အစည်းအဝေးကျင်းပသည်။ အစည်းအဝေးသို့ ဂျပန်စစ်သေနာပတိ ကီမူရာနှင့် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ တက်ရောက်သည်။ အစည်းအဝေးတွင် တပ်မတော်အား ကူညီထောက်ပံ့ရန် ဟောပြောသည်။
[မြန်မာ့အလင်း ၁၇-၁၀-၄၄]

၁၆ အောက်တိုဘာ ၁၉၄၄ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ဗြိတိသျှအစိုးရ မြန်မာနိုင်ငံဆိုင်ရာဝန်ကြီး အေမရီထံ အနာဂတ် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒ (သို့မဟုတ်) ဆင်းမလား စီမံကိန်းများကို တင်ပြအကြံပြု သည်။
(**Burma Struggle** Vol .I . *PP 89-90*)

၁၈ အောက်တိုဘာ ၁၉၄၄ ဗြိတိသျှတပ်ဖွဲ့များ တီးတိန်မြို့ကို တိုက်ခိုက်သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P362*)
(**Mountbatten's Report** *P82*)

၁၈ -၁၉ အောက်တိုဘာ ၁၉၄၄ ဗြိတိသျှတပ်ဖွဲ့များ ဖလမ်း နှင့် ဟားခါးမြို့များကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P364*)

၂၀ အောက်တိုဘာ ၁၉၄၄ ဗမာ့တပ်မတော် ထောက်ပံ့ရေး အဖွဲ့ကြီး၏ ပထမအကြိမ် အစည်းအဝေးကို အတိုင်ပင်ခံ လွှတ်တော်တွင် ကျင်းပသည်။ အစည်းအဝေးတွင် ဘဏ္ဍာရေး၊ ပစ္စည်းစုဆောင်းရေးနှင့် ဗမာ့တပ်မတော် သက်သာချမ်းသာရေး အဖွဲ့ငယ်များ ထပ်မံ ဖွဲ့စည်းသည်။
[မြန်မာ့အလင်း ၂၄-၁၀-၄၄]

၂၁ အောက်တိုဘာ ၁၉၄၄ အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်အား အမေရိကန်သို့ ပြန်ခေါ်ယူသဖြင့် အာရှအရှေ့တောင်ပိုင်း မဟာမိတ်စစ်ဌာနချုပ် ဒုတိယဦးစီးချုပ်ရာထူးကို ဖွန့်လွှတ်သည်။ စတီးဝဲလ်၏နေရာတွင် ဒုတိယ ဗိုလ်ချုပ်ကြီး ဝီးလား (Lt. General Wheeler)အား မဟာမိတ်ကြည်းတပ်ဆိုင်ရာ ဒုတိယစစ်သေနာပတိ အဖြစ် ခန့်အပ်သည်။ ဗိုလ်ချုပ် ဝေဒမေယာ (Major General A.C Wedemeyer) အားဒုတိယဗိုလ်ချုပ်ကြီးအဆင့် ရာထူးတိုးမြှင့်ပြီး တရုတ်စစ်မျက်နှာရှိ အမေရိကန်တပ်များကို ဦးစီးရန်နှင့် ချန်ကေရှိတ်၏ ဦးစီးချုပ်အဖြစ် ဆောင်ရွက်ရန် တာဝန်ပေးသည်။
(**Stilwell papers** *P 317*)
(**Mountbatten's Report** *P 85/258*)

■လွတ်လပ်သော အိန္ဒိယအစိုးရအဖွဲ့ကို ၂၁-၁၀-၄၃ က ရှိုနန် (စင်္ကာပူ) တွင် ဖွဲ့စည်းခဲ့ရာ လွတ်လပ်သော အိန္ဒိယအစိုးရ နှစ်ပတ်လည်နေ့တွင် မြန်မာနိုင်ငံအဓိပတိ ဒေါက်တာဘမော်က ချီးကျူးလွှာ ပေးပို့သည်။
[ဗမာ့ခေတ် ၂၄-၁၀-၄၄]

၂၆ အောက်တိုဘာ ၁၉၄၄ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ အာရှအရှေ့တောင်ပိုင်း မဟာမိတ်စစ်ဌာနချုပ်တွင် မောင့်ဘက်တန်နှင့် မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်တို့ အနာဂတ် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒများ ဆွေးနွေးသည်။
(**Burma Struggle** Vol .I . *P 100-103*)

## နိုဝင်ဘာလ

၁ နိုဝင်ဘာ ၁၉၄၄ နိုင်ငံအဓိပတိ ဒေါက်တာဘမော်က ဝန်ကြီးနှစ်ဦး ဖြစ်သည့်
၁။ ဗန္ဓုလဦးစိန်အား သာသနာရေး၊ နိုင်ငံတော် စည်းရုံးရေးနှင့် ကြီးပွားရေးဌာနသို့ လည်းကောင်း
၂။ သခင်နုအား သတင်းနှင့်ဝါဒဖြန့်ချိရေးဌာနသို့ လည်းကောင်း ပြောင်းလဲခန့်အပ်သည်။
[မန္တလေးသူရိယ ၁၈-၁၁-၄၄]

၄ နိုဝင်ဘာ ၁၉၄၄ မြန်မာနိုင်ငံအစိုးရဝန်ကြီးများအဖွဲ့ အထူးအစည်းအဝေးတွင်
၁။ မြန်မာဗုဒ္ဓဘာသာ တရားဥပဒေကြမ်း
၂။ မြန်မာနိုင်ငံတော် ကုမ္ပဏီဥပဒေကြမ်း
၃။ ပစ္စည်း လွှဲပြောင်းခြင်း ဥပဒေကြမ်း သုံးခုတို့အား တင်သွင်းဆုံးဖြတ်သည်။
[ဗန္ဓုလဦးစိန် ကျွန်ုပ်တို့အတွင်းရေး-ဒု စာ ၁၂၃-၁၂၆]

၆ နိုဝင်ဘာ ၁၉၄၄ မဟာအရှေ့အာရှ ညီလာခံ တစ်နှစ်မြောက်နေ့တွင် နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်က ကြေညာချက် တစ်ရပ်ထုတ်ပြန်သည်။
[လူထုဦးလှစစ်တွင်းဗမာပြည်-စ စာ ၄၂-၄၃]

၈ နိုဝင်ဘာ ၁၉၄၄ ဗြိတိသျှတပ်များ ဖို့-ဝှိုက် (Fort-white) သို့ရောက်ရှိသည်။
(Slim **Defeat into Victory** *P 362*)

၁၀ နိုဝင်ဘာ ၁၉၄၄ ဗြိတိသျှ အမှတ် ၁၁ အရှေ့အာဖရိကတပ်မ မော်လိုက်မြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 356*)

၁၂ နိုဝင်ဘာ ၁၉၄၄ ဗမာ့နိုင်ငံလုံးဆိုင်ရာ သူရဲကောင်း ချီးကျူးရေးအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေးကျင်းပပြီး တောင်သူလယ်သမား အရေးတော်ပုံခေါင်းဆောင် ဆရာစံ၏ ပုံတူရေးဆွဲရန် ဆုံးဖြတ်သည်။
[လူထုဦးလှစစ်တွင်းဗမာပြည်-စ စာ၆၂]

၁၃ နိုဝင်ဘာ ၁၉၄၄ ဗြိတိသျှ အမှတ် ၅ အိန္ဒိယတပ်မနှင့် အမှတ် ၁၁ အရှေ့အာဖရိကတပ်မ ကလေးမြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 363*)

၁၅ နိုဝင်ဘာ ၁၉၄၄ မြန်မာနိုင်ငံတော် အဓိပတိ ဒေါက်တာ ဘမော် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိသည်။
[ဗန္ဓုလဦးစိန်ကျွန်ုပ်တို့အတွင်းရေး-၃ စာ ၁၃၅]
[လူထုဦးလှစစ်တွင်းဗမာပြည်-စ စာ ၆၀]

၁၆ နိုဝင်ဘာ ၁၉၄၄ မြန်မာနိုင်ငံတော်အဓိပတိ ဒေါက်တာ ဘမော် ဂျပန်ဝန်ကြီးချုပ် ကိုအိစော အိမ်သို့ သွားရောက်တွေ့ဆုံသည်။
[လူထုဦးလှစစ်တွင်းဗမာပြည်-စ စာ ၆၀]

၂၅ နိုဝင်ဘာ ၁၉၄၄ နေပြည်တော် ဗဟိုအလုပ်သမားအဖွဲ့က တာဝန်ကျေ လက်ရုံးတပ်သားနှင့် မကျန်းမာ၍ နေရပ်ပြန်ခွင့်ရ လက်ရုံးတပ်သားများအား တစ်ဦးလျှင် ၁၅၀ိ/-ပေးရန် စီစဉ်ထားကြောင်း စာရင်းကို ခရိုင်ဝန်ထံ တောင်းထားကြောင်း၊ ကူညီခံထိုက်သည့် လက်ရုံးတပ်သားများကလည်း ဆိုင်ရာမှ တစ်ဆင့်လျှောက်ထားနိုင်ကြောင်း ကြေညာသည်။
[မန္တလေးသူရိယ ၂၅-၁၁-၄၄]

၂၉ နိုဝင်ဘာ ၁၉၄၄ ဗြိတိသျှတပ်များ မိုးမောက် (Momauk) မြို့ကို သိမ်းပိုက်ရရှိသည်။
(**Mountbatten's Report** *P105*)

၃၀ နိုဝင်ဘာ ၁၉၄၄ ဗမာနိုင်ငံတော် စစ်တက္ကသိုလ် အရာရှိသင်တန်း အောင်လက်မှတ် ချီးမြှင့်သောအခမ်းအနားကျင်းပသည်။
[မြန်မာ့အလင်း ၃-၁၂-၄၄]

နိုဝင်ဘာ ၁၉၄၄ အိန္ဒိယပြည်သို့ စစ်ပညာသင်ကြားရန် သခင်မြသွင် ခေါင်းဆောင်သည့် ဒုတိယအသုတ်ရဲဘော်များ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသည်။
[သခင်တင်မြ ဘုံဘဝမှာဖြင့် စာ ၆၄၉-၅၀]

## ဒီဇင်ဘာလ

၂-၈ ဒီဇင်ဘာ ၁၉၄၄ ဗြိတိသျှ အမှတ် ၁၁ အရှေ့အာဖရိက တပ်မ ကလေးဝမြို့ကို သိမ်း ပိုက်သည်။
(Slim **Defeat into Victory** *P 365-366*)

၃ ဒီဇင်ဘာ ၁၉၄၄ ဗြိတိသျှ အမှတ် ၁၄ တပ်မတော်၏ မြန်မာပြည်သိမ်းစစ်ဆင်ရေး စတင်သည်။ ဗြိတိသျှ အမှတ် ၃၃ တပ်မကြီး၏ အမှတ် ၂၀ တပ်မမှ တပ်မဟာတစ်ခု ကလေးဝမြို့ မြောက်ဘက် မိုင် ၃၀ ကွာမှ ချင်းတွင်းမြစ်ကို ဖြတ်ကူး သည်။
(Slim **Defeat into Victory** *P 384*)
(**Mountbatten's Report** *P99*)

ဒီဇင်ဘာ (လဆန်း) ၁၉၄၄ ရခိုင်မျိုးချစ်ပြောက်ကျားတပ်များ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်သည်။
(သခင်တင်မြ ဘုံဘဝမှာဖြင့် စာ ၆၆၃)

၈ ဒီဇင်ဘာ ၁၉၄၄ ဗိုလ်ချုပ်ကြီး မက်ဆာဗီ (General Messervy) ဦးစီးသည့် အမှတ် ၄ တပ်မကြီးဌာနချုပ်ကို အင်ဖားမှ တမူးမြို့သို့ ပြောင်းရွှေ့သည်။
(**Mountbatten's Report** *P 100*)

၁၀ ဒီဇင်ဘာ ၁၉၄၄ ဗြိတိသျှ အမှတ် ၃၆ တပ်မက အင်းတော်မြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P105*)

၁၁ ဒီဇင်ဘာ ၁၉၄၄ ဗြိတိသျှ အမှတ် ၃၆ တပ်မက ကသာမြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P105*)

၁၂ ဒီဇင်ဘာ ၁၉၄၄ ဗြိတိသျှ ဗိုလ်ချုပ် ခရစ်တီဆန် (Lieut Gerneral Sir Philip Christison)၏ အမှတ် ၁၅ တပ်မကြီး၏ အမှတ် ၂၅ အိန္ဒိယတပ်မကြီးက မေယုကျွန်းဆွယ်ကို စတင်တိုက်ခိုက်ခြင်းဖြင့် ရခိုင်ပြည်ထိုးစစ်စတင်သည်။
(Slim **Defeat into Victory** *P 459*)
(**Mountbatten's Report** *P109*)

၁၃ ဒီဇင်ဘာ ၁၉၄၄ ဗြိတိသျှတပ်များ ရွှေကျင်မြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 366*)

၁၄ ဒီဇင်ဘာ ၁၉၄၄ ရန်ကုန်မြို့ကို ဗြိတိသျှ ဘီ ၂၉ လေယာဉ်ပျံများ လာရောက်ဗုံးကြဲရာ ဂျပန်လေယာဉ်ပစ် အမြောက်တပ်က လေယာဉ်ပျံ

၅ စင်းကို ပစ်ချသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-စ စာ ၇၄-၇၅]

၁၅ ဒီဇင်ဘာ ၁၉၄၄ ဗြိတိသျှ အမှတ် ၈၂ အနောက်အာဖရိက တပ်မက ဘူးသီးတောင်မြို့ရှိ ဂျပန်တပ်များကို တိုက်ခိုက်၍ မြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 459*)
(**Mountbatten's Report** *P109*)

■ ဗြိတိသျှ အမှတ် ၃၈ တရုတ်တပ်မက ဗန်းမော်မြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P105*)

၁၆ ဒီဇင်ဘာ ၁၉၄၄ ဗိုလ်ချုပ်ရီးစ် (Major General T.W Rees)၏ ဗြိတိသျှ အမှတ် ၁၉ တပ်မ ဌာနချုပ် ပင်လယ်ဘူးနှင့် ဗန်းမောက်မြို့များကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 390*)
(**Mountbatten's Report** *P100*)

၁၉ ဒီဇင်ဘာ ၁၉၄၄ ဗြိတိသျှ အမှတ် ၁၉ အိန္ဒိယတပ်မ ဝန်းသိုမြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P100-101*)

၂၀ ဒီဇင်ဘာ ၁၉၄၄ အိန္ဒိယပြည်သို့ စစ်ပညာသင်ကြားရန် သခင်လှကွန်း ခေါင်းဆောင်သည့် တတိယအသုတ်ရဲဘော်များ ရန်ကုန်မှ ထွက်ခွာသည်။
[သခင်တင်မြ ဘုံဘဝမှာဖြင့် စာ ၆၅၅]

၂၁ ဒီဇင်ဘာ ၁၉၄၄ အရှေ့အာရှ လူငယ်များ အစည်းအရုံး (ဗမာနိုင်ငံ)၏ ဗဟိုအမှုဆောင်များနှင့် ခရိုင် စည်းရုံးရေး တာဝန်ခံများ၏ဒုတိယအကြိမ်မြောက် ညီလာခံ သဘင် ကျင်းပသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်-စ စာ ၇၆]

■ စီပီ ခင်မောင် ကွယ်လွန်သည်။
[မြန်မာအလင်း ၂၃-၁၂-၄၄]
[လူထုဦးလှ စစ်တွင်းဗမာပြည်-စ စာ ၇၆]

၂၆ ဒီဇင်ဘာ ၁၉၄၄ မြန်မာနိုင်ငံရှိ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့မှ စေလွှတ်လိုက်သည့် တော်လှန်ရေးရဲဘော်များဖြစ်သည့် သခင်ဗိုလ်၊ မန်းဝင်းမောင်၊ ကိုအုန်းမောင်၊ ကိုစောဟန်၊ ကိုသောင်း၊ ကိုဘသောင်း၊ ကိုအောင်ထွန်းတို့ အိန္ဒိယနိုင်ငံ ကလကတ္တားမြို့တွင် စစ်ရေး၊ စည်းရုံးရေး၊ လက်နက်ငယ်များ ကိုင်တွယ်ပစ်ခတ်ရေးနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းတက် ရောက်သည်။
[အောင်ထွန်း၊ သိန်းဖေစခန်းမှ သန်းထွန်းစခန်း၊ စာ ၂၄-၂၅]

■ လမ်းမတော် ဖိုးတုတ် ကွယ်လွန်သည်။
[မြောင်းမြမောင်ကို လမ်းမတော်ဖိုးတုတ်၊ ရန်ကုန်။ စာပေဗိမာန်။ ပုံနှိပ် ခုနစ်မသိ။ စာ ၆၁]

၂၉ ဒီဇင်ဘာ ၁၉၄၄ မြန်မာနိုင်ငံ အဓိပတိ ဒေါက်တာဘမော် ဂျပန်၊ အင်ဒိုချိုင်းနားနှင့် ယိုးဒယားနိုင်ငံများသို့ ခရီးလှည့်လည်ရာမှ မြန်မာနိုင်ငံပြန်လည်ရောက်ရှိသည်။
[အာရှတိုက်ကြီးသတင်းစာ ၁-၁-၄၅]

■ စစ်ဝန်ကြီး ရုံးတော်မှ ဗမာ့တပ်မတော်နှင့် ပတ်သက်၍ သတင်းအမျိုးမျိုး ဖြစ်ပေါ်နေသည့် အတွက် ကြေညာချက် ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် တပ်မတော်သည် ပြည်သူများမှ ပေါက်ဖွားလာ၍ ပြည်သူများ၏ လွတ်လပ်ရေးနှင့် ပြည်သူ့အကျိုးကို ကာကွယ်မည့် ပြည်သူ့တပ်မတော် ဖြစ်ကြောင်း တပ်မတော်သားများ လိုက်နာရန် စည်းကမ်းချက်များ ထုတ်ပြန်ထားကြောင်း ပါရှိသည်။
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး စာ ၃၇-၄၀]

၃၀ ဒီဇင်ဘာ ၁၉၄၄ နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်က နိုင်ငံခြား ခရီးစဥ်နှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။သတင်းစာရှင်းလင်းပွဲတွင် ဒေါက်တာဘမော်က ဂျပန်မြန်မာ နှစ်နိုင်ငံ နားလည်မှု အပြည့်အဝ ရခဲ့ကြောင်း၊ ဂျပန်မှ အပြန်ခရီးတွင် ထိုင်းနိုင်ငံဝင်ရောက်၍ နှစ်နိုင်ငံချစ်ကြည်စွာ ဆက်ဆံရေးများ ဖြစ်ထွန်းအောင် ကြိုးပမ်းခဲ့ကြောင်း အရှေ့အာရှ စည်းလုံးမှုသည် အရှေ့အာရှ လွတ်လပ်ရေး၊ ကြီးထွားရေးနှင့် တိုးတက်ရေးကို ထိန်းသိမ်းသည့် တစ်ခုတည်းသော အရာဖြစ်ကြောင်း ပြောကြားသည်။
[အာရှတိုက်ကြီးသတင်းစာ ၁-၁-၄၅]

ဒီဇင်ဘာ ၁၉၄၄ သခင်စိုးက ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီ တစ်ပါတီတည်းအဖြစ် ပူးပေါင်းဖွဲ့စည်းခဲ့ခြင်းကို တစ်ဖက်သတ် ဖျက်သိမ်းသည်။
[သခင်တင်မြ ဘုံဘဝမှာဖြင့် စာ ၆၅၆-၇]

၁
၉
၄
၅

ဇန်နဝါရီ
၁ ဇန်နဝါရီ ၁၉၄၅ မြန်မာနိုင်ငံ အဓိပတိဒေါက်တာဘမော်က မြန်မာပြည်သူ ပြည်သားများသို့ နှစ်သစ်သဝဏ်လွှာပေးပို့သည်။
[အာရှတိုက်ကြီးသတင်းစာ ၁-၁-၄၅]

■ မဟာဗမာအစည်းအရုံးက ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်တွင် စစ်ပွဲအောင်နိုင်ရေး ဆုတောင်းပွဲတစ်ရပ်ကျင်းပသည်။ ထိုဆုတောင်းပွဲတွင် ဝန်ကြီး ဗန္ဓုလဦးစိန်က ပြည်လုံးချမ်းသာ သစ္စာအဓိဋ္ဌာန် စာတမ်းကို ဖတ်ကြားရာ တက်ရောက်လာသည့် လူထုပရိသတ်က လိုက်ဆိုကြသည်။
[အာရှတိုက်ကြီးသတင်းစာ ၆-၁-၄၅]
[လူထုဦးလှ စစ်တွင်းဗမာပြည်-စ စာ ၉၇-၉၈]

■ ဗြိတိသျှအမှတ် ၁၄ တပ်မတော်ဌာနချုပ်နှင့် အမှတ် ၂၂၁ လေတပ်မဟာဌာနချုပ်တို့ အိန္ဒိယနိုင်ငံ အင်ဖာမှ မြန်မာနိုင်ငံ ကလေးဝမြို့သို့ ပြောင်းရွှေ့ကာ ဌာနချုပ်တစ်ခုတည်း အဖြစ် ပူးပေါင်းသည်။
(**Mountbatten's Report** *P126*)

၂ ဇန်နဝါရီ ၁၉၄၅ ဗြိတိသျှတပ်ဖွဲ့များ စစ်တွေမြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 459*)
(**Mountbatten's Report** *P 110-111*)
၁၀ ဇန်နဝါရီ ၁၉၄၅ ဗြိတိသျှ အမှတ် ၁၉ တပ်မက ရွှေဘိုမြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 403*)
(**Mountbatten's Report** *P 114*)
■ ဗြိတိသျှ အမှတ် ၂၀ တပ်မက ဘုတလင်မြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 115*)

၁၁ – ၁၅ ဇန်နဝါရီ ၁၉၄၅ ဗြိတိသျှ ဗိုလ်ချုပ် ရီးစ်၏ အမှတ် ၁၉ တပ်မဌာနချုပ် သပိတ်ကျင်းနှင့် ကျောက်မြောင်းမှ ဧရာဝတီမြစ်ကို ဖြတ်ကူးသည်။
(Slim **Defeat into Victory** *P 414*)

၁၂ ဇန်နဝါရီ ၁၉၄၅ ဗြိတိသျှ ကွန်မန်ဒိုတပ်မဟာ ဂန်ဂေါမြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 460*)
(**Mountbatten's Report** *P 116*)

၁၃ ဇန်နဝါရီ ၁၉၄၅ ဗြိတိသျှတပ်ဖွဲ့များ မြေပုံမြို့ကို ဝင်ရောက်သည်။
(**Mountbatten's Report** *P 111*)

■ အိန္ဒိယနိုင်ငံ ကလကတ္တားမြို့တွင် စစ်ပညာသင်တန်းများ တက်ရောက်နေသည့် မြန်မာနိုင်ငံမှ ရဲဘော်များ ကျောင်းဆင်းသည်။
[အောင်ထွန်းသိန်းဖေစခန်းမှ သန်းထွန်းစခန်း စာ ၂၆]

၁၄ ဇန်နဝါရီ ၁၉၄၅ သခင်ဗိုလ်၊ ကိုဝင်းမောင်၊ သခင်အုံးမောင်၊ ကိုသန်းနှင့် ကိုအောင်ထွန်းတို့ လက်နက်ငယ်များ ကိုင်တွယ်ပစ်ခတ်နည်း ဖောက်ခွဲ ဖျက်ဆီးရေးနှင့် အချက်ပြဆက်သွယ်ရေး ပညာများသင်ရန် အိန္ဒိယနိုင်ငံမှ သီဟိုဠ်သို့သွားရောက်သည်။
[အောင်ထွန်းသိန်းဖေစခန်းမှ သန်းထွန်းစခန်း စာ ၂၆]

■ ဗြိတိသျှ အမှတ် ၁၉ အိန္ဒိယတပ်မမှ တပ်မဟာနှစ်ခုက သပိတ်ကျင်းမြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 115*)

၁၅ ဇန်နဝါရီ ၁၉၄၅ အမှတ် ၃၈ တရုတ်တပ်မက နမ့်ခမ်းမြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 121*)

၂၀ ဇန်နဝါရီ ၁၉၄၅ အမှတ် ၁၁ တရုတ်တပ်မတော်စုသည် ဝမ်တိန်ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 121*)

၂၁ ဇန်နဝါရီ ၁၉၄၅ ဗြိတိသျှ အမှတ် ၂၆ အိန္ဒိယတပ်မမှ တပ်မဟာတစ်ခုက ကျောက်ဖြူမြို့ကို ထိုးစစ်ဆင် တိုက်ခိုက် သိမ်းပိုက်သည်။
(**Mountbatten's Report** *P 111*)

၂၂ ဇန်နဝါရီ ၁၉၄၅ မိုလ်ချုပ်ဂရေစီ (Major General Douglas Gracey) ဦးစီးသည့် အမှတ် ၂၀ တပ်မက မုံရွာမြို့ကို တိုက်ခိုက်ရာ အမှတ် ၃ ဂျပန်တပ်မ လက်အောက်ခံ မြို့စောင့်တပ်က အသေခံ ခုခံတိုက်ခိုက်သဖြင့် အကျဆုံးများစွာဖြင့် မုံရွာမြို့ကို သိမ်းပိုက်ရရှိသည်။
(Slim **Defeat into Victory** *P 417*)

■ ဗြိတိသျှ တပ်ဖွဲ့များ ထီးလင်းမြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 116*)

■ ဗြိတိသျှ အမှတ် ၂၀ အိန္ဒိယတပ်မမှ ဗြိတိသျှတပ်ဖွဲ့က မြင်းမူမြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 115*)

၂၅ ဇန်နဝါရီ ၁၉၄၅ ဗြိတိသျှတပ်ဖွဲ့များ မြို့ဟောင်းကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 459*)

၂၆ ဇန်နဝါရီ ၁၉၄၅ ဗြိတိသျှတပ်ဖွဲ့များ မာန်အောင်ကျွန်းပေါ် တက်ရောက်သည်။
(**Mountbatten's Report** *P 112*)

၂၇ ဇန်နဝါရီ ၁၉၄၅ လီဒိုလမ်းမ (စတီးဝဲလ်လမ်း) ဖွင့်လှစ်သည်။ တရုတ်စစ်သူကြီး ချန်ကေရှိတ်က စတီးဝဲလ် လမ်းမ ဟု အမည်ပေးသည်။
[**Mountbatten's Report** *P 121*]

လီဒိုလမ်းမ (စတီးဝဲလ်လမ်း)

[လူထုဦးလှ စစ်တွင်းဗမာပြည်-၃ စာ ၃၀၅]

၃၀ ဇန်နဝါရီ ၁၉၄၅ ဗြိတိသျှတပ်များ ဂန့်ဂေါမြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 113*)

ဖေဖော်ဝါရီလ

၃ ဖေဖော်ဝါရီ ၁၉၄၅ ဦးသိန်းဖေမြင့်က ကလကတ္တား အသံလွှင့်ရုံမှနေ၍ ရခိုင်ပြည်တော်လှန်ရေး ရဲဘော်များက ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ပုံများကို အသံလွှင့်ပြောကြားသည်။
[သိန်းဖေမြင့် စစ်အတွင်းခရီးသည် စာ ၃၄၂-၃၄၃]

၇ ဖေဖော်ဝါရီ ၁၉၄၅ ဗမာ့တပ်မတော်စစ်ဦးစီးဌာနချုပ်မှ စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက အုပ်ချုပ်မှု အမိန့် အမှတ် (၈) ထုတ်ပြန်ကာ အမျိုးသမီးဌာနကို ၁ ဖေဖော်ဝါရီ ၁၉၄၅ မှ စတင်အတည်ပြုပြီး ၎င်းကို အမျိုးသမီးတပ်ဟု ခေါ်တွင်မည် ဖြစ်ကြောင်း အမိန့်ထုတ်ပြန်သည်။
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး စာ ၄၆]

၈ ဖေဖော်ဝါရီ ၁၉၄၅ ဗိုလ်မှူးကြီး စလင်း ဦးစီးသည့် ဗြိတိသျှ အမှတ် ၁၄ တပ်မတော် ပင်မဌာနချုပ်နှင့် အမှတ် ၂၂၁ လေတပ်အုပ်စု ဌာနချုပ် မုံရွာသို့ ပြောင်းရွှေ့သည်။
(Slim **Defeat into Victory** *P 417*)

၁၂ - ၁၃ ဖေဖော် ဝါရီ ၁၉၄၅ ဗြိတိသျှ အမှတ် ၂၀ အိန္ဒိယတပ်မ၏ လက်အောက်ခံ အမှတ် ၁၀၀ တပ်မဟာနှင့် အမှတ် ၃၂ တပ်မဟာမြင်းမူ အာလကပ္ပမှ ဧရာဝတီမြစ်ကို ဖြတ်ကူးရာ ဂျပန် တပ်က အပြင်းအထန် ခုခံတိုက်ခိုက် သည်။ ဂျပန်တပ်သား ၉၅၃ ဦး ကျဆုံး သည်။
(Slim **Defeat into Victory** *P 420-421*)

၁၃ -၁၄ ဖေဖော်ဝါ ရီ ၁၉၄၅ ဗြိတိသျှ အမှတ် ၄ တပ်မ ကြီးမှ အမှတ် ၈၉ တပ်မဟာ ပုဂံ အနီးမှ ဧရာဝတီမြစ်ကို ဖြတ်ကူးစဉ် ဂျပန်တပ်တို့၏ တိုက်ခိုက်မှုကြောင့် ရှုံးနိမ့်ပျက်စီးသည်။
(Slim **Defeat into Victory** *P 426-428*)

၁၄ ဖေဖော်ဝါရီ ၁၉၄၅ အမှတ် ၃၆ ဗြိတိသျှတပ် မေခ မလိခ မြစ်ဆုံမှနေ၍ ရွှေလီမြစ်ကို ဖြတ်ကျော်သည်။
(**Mountbatten's Report** *P 133*)

၁၆ ဖေဖော်ဝါရီ ၁၉၄၅ ဗြိတိသျှတပ်များ ညောင်ဦးမြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 430*)

၁၇ ဖေဖော်ဝါရီ ၁၉၄၅ ဗြိတိသျှတပ်များ ဧရာဝတီမြစ်ဖြတ်ကူးသည့် နေရာများကို ဂျပန်လေတပ်က တိုက်ခိုက်သည်။
(Slim **Defeat into Victory** *P 431*)

၁၈ ဖေဖော်ဝါရီ ၁၉၄၅ အာရှအရှေ့တောင်ပိုင်း မဟာမိတ်စစ်သေနာပတိချုပ် မောင့်ဘက်တန်အား အမှတ် ၁၃၆ တပ်ဖွဲ့တပ်မှူးမက္ကင်ဇီ က ဒုတိယဗိုလ်ချုပ်ကြီးလိစ် (Lt. General Leese) ထုတ်ပြန် ထားသော အမိန့် (ဗိုလ်ချုပ်ကြီး လိစ်သည် မြန်မာပြည် ပြည်သူရေးရာအရာရှိချုပ် စီအက်ဖ်ဘီပီးယား C.F.B Pearce က ဖ.တ.ပ.လ ကြိုးကိုင်ထားသောဘီ.ဒီ.အေကို နောက်ထပ်လက်နက်များ ထုတ်ပေးခြင်းအားဖြင့် မြန်မာပြည်၏လုံခြုံရေး ထိခိုက်မည်ဟု သတိပေးသည့် အတွက် ဘီ.ဒီ.အေကို လက်နက် ထုတ်ပေးခြင်း မပြုရန် အမိန့်ထုတ်ခဲ့သည်) ကို ပြန်လည်စိစစ်ရန် တင်ပြသည်။
(**Mountbatten's Report** *P 142-143*)

၁၉ ဖေဖော်ဝါရီ ၁၉၄၅ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ကရင်အမျိုးသား ညီလာခံ ကွန်ဖရင့်သို့ သဝဏ်လွှာ ပေးပို့သည်။ သဝဏ်လွှာတွင် ကွန်ဖရင့် အောင်မြင်စေရန် ဆုမွန်တောင်းကြောင်းနှင့် လူမျိုးရေးနှင့် ပတ်သက်၍ သဘောထားများ ဖော်ပြထားသည်။
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး စာ ၄၂-၄၅]

၂၂ ဖေဖော်ဝါရီ ၁၉၄၅ ဗြိတိသျှတပ်များ ရမ်းဗြဲကျွန်းကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 111*)

၂၃ ဖေဖော်ဝါရီ ၁၉၄၅ မြန်မာနယ်မြေဂျပန်တပ်မတော်သည် မိမိလက်အောက်ရှိ အမှတ် ၁၅၊ အမှတ် ၂၈ နှင့်အမှတ် ၃၃ တပ်မတို့၏ စစ်သေနာပတိများနှင့် စစ်ဦးစီးချုပ်များကို မိတ္ထီလာရှိ စစ်ဌာနချုပ်ရုံးသို့ ဆင့်ခေါ်ကာ ဧရာ ဝတီမြစ်ကို ဖြတ်ကူး၍ တစ်ဖက်ကမ်း ရန်သူနယ်မြေကို ထိုးစစ်ဆင်နွှဲရန် ညွှန်ကြားသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၄၇]

၂၃ – ၂၅ ဖေဖေါ်ဝါရီ ၁၉၄၅ ဗြိတိသျှ ဒုတိယဗိုလ်ချုပ်ကြီး စတော့ဖို့ (Lt.General Montagu Stop-ford) ဦးစီးသည့် အမှတ်၂ ဗြိတိသျှ တပ်မ ငန်းဇွန်မှ ဧရာဝတီမြစ်ကို ဖြတ်ကူးသည်။
(Slim **Defeat into Victory** *P 433*)

၂၄ ဖေဖေါ်ဝါရီ ၁၉၄၅ ဗြိတိသျှ တပ်များ တောင်သာမြို့ကို သိမ်းပိုက်ရရှိရာ ဂျပန်တို့၏ရိက္ခာနှင့် လက်နက် ခဲယမ်းမီးကျောက် အမြောက်အမြားသိမ်းပိုက်ရရှိသည်။
(**Mountbatten's Report** *P 130*)
(Slim **Defeat into Victory** *P 441*)

■အာရှအရှေ့တောင်ပိုင်း မဟာမိတ်စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန်က ဒုတိယ ဗိုလ်ချုပ်ကြီး လိစ်၏ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ကြီးကိုင်ထားသော (ဗမာ့ကာကွယ်ရေးတပ်မတော်) သို့ လက်နက်ထုတ်မပေးရန်အမိန့်ကို ပြန်လည်စီစစ်ကာ အမှတ် ၁၃၆ တပ်ဖွဲ့အား လက်နက်ထုတ်ပေးနိုင်ကြောင်း သို့သော် လက်နက်များ ထုတ်ပေးရာ၌ ဖတပလ အဖွဲ့အနေဖြင့် ထုတ်မပေးရ။ ဗြိတိသျှစစ်ဘက်ဌာနနှင့် ထောက်လှန်းရေးဌာနက သဘောတူသူများကိုသာ ပုဂ္ဂိုလ်အလိုက် ထုတ်ပေးရမည်ဟု ညွှန်ကြားသည်။
(**Mountbatten's Report** *P 143*)

၂၇ ဖေဖေါ်ဝါရီ ၁၉၄၅ ဗြိတိသျှ တပ်များ မလှိုင်မြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 441*)
(**Mountbatten's Report** *P 131*)

■ ဒေးဒရဲမှ သခင်စိုးသည် သွားရောက်ခေါ်ယူသော ဗိုလ်ရဲထွဋ်နှင့်အတူ ရန်ကုန်မြို့သို့ရောက်ရှိသည်။
[သခင်တင်မြ ဘုံဘဝမှာဖြင့် စာ ၇၈–၉]

၂၈ ဖေဖေါ်ဝါရီ ၁၉၄၅ ဗြိတိသျှ တပ်များ မိတ္ထီလာမြို့ကို အရပ်လေးမျက်နှာမှ ဝိုင်းရံတိုက်ခိုက်သည်။
(**Mountbatten's Report** *P 131*)

■ ဗိုလ်မှူး သောင်းကြည် ဦးစီးသော အမှတ် ၅ ခြေလျင်တပ်ရင်း (မိတ္ထီလာ)က ဝါးရွက်ရွာ လှိုကြီးအတွင်း၌ စခန်းချနေခိုက် ဂျပန်စစ်ဘက်အကြံပေးအရာရှိ ဗိုလ်တိုးရီနှင့် တပ်ကြပ်ကြီး၃ ဦးတို့ကို သုတ်သင်၍ တော်လှန်ရေး စတင်သည်။ ထိုသို့ စတင်ရာတွင် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဗမာ့တပ်မတော်ကို မထိခိုက်စေလို၍ သာစည်အနီးတွင် မဟာမိတ်တို့နှင့် တိုက်ပွဲဖြစ်ပွားရာ အမှတ် ၅ ခြေလျင်တပ်ရင်း တပ်လုံးပြုတ်ကျဆုံးကြောင်း သတင်းလွှင့်ပြီး ရဲဘော်များကို အရပ်ဝတ် ပြောင်းလဲ၍ ဂျပန်တို့အား ဆက်လက်တော်လှန်တိုက်ခိုက်သည်။
[တိမ်မြုပ်နေသော တော်လှန်ရေး အပိုင်းကြီးတစ်ခု စာ ၁–၅။ DR – ၂၀၉]
[တပ်မတော်နေ့စာစောင် ။၁၉၆၀။ စာ ၈၂ –၉၂]

■ဗြိတိသျှ လေတပ်က ရန်ကုန် မင်္ဂလာဒုံလေယာဉ်ကွင်းကို ဗုံးကြဲတိုက်ခိုက်သည်။
(**Mountbatten's Reports** *P 178*)

မတ်လ

၁ မတ် ၁၉၄၅ ဗြိတိသျှ ဗိုလ်မှူးကြီး စလင်း မိတ္ထီလာတိုက်ပွဲကို သွားရောက်ကြည့်ရှုသည်။
(Slim **Defeat into Victory** *P 446-450*)

၁ – ၃ မတ် ၁၉၄၅ ရန်ကုန်မြို့ ပတ်လမ်း (ယခုနတ်မောက် လမ်း) ဗိုလ်ချုပ်အောင်ဆန်းနေအိမ်တွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့အဖွဲ့ချုပ် ခေါင်းဆောင်များ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးသို့ ဗမာ့တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီး နေဝင်း၊ ဗိုလ်မှူးကြီးလက်ျာ၊ ဗိုလ်မှူးကြီး ဇေယျ၊ ဗိုလ်မှူးကြီး စောကြာဒိုး၊ ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးဗထူး၊ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူးရဲထွတ်၊ ဗိုလ်မှူးဘိုးကွန်း၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်ခင်မောင်လေး၊ ဗိုလ်စိန်မှန်။ ကွန်မြူနစ်ပါတီမှ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်တင်မြ။ ပြည်သူ့အရေးတော်ပုံပါတီမှ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဦးလှမောင်၊ သခင်ချစ်တို့ တက်ရောက်သည်။ ယင်းအစည်းအဝေးတွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်ကို ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖ–တ–ပ–လ)ဟု ပြင်ဆင်သည်။ ထို့နောက် အိန္ဒိယနိုင်ငံ မဟာမိတ်စစ်ဌာနချုပ်က ပေးစာနှင့် ဦးသိန်းဖေမြင့်ထံမှ ပေးစာတို့အပေါ် မူတည်၍ ဆွေးနွေးကာ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို အားလုံး သဘောတူ ချမှတ်သည်။ ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲရန် စစ်တိုင်းကြီးများခွဲခြင်း၊ စစ်နယ်မြေများ သတ်မှတ်ခြင်းနှင့် စစ်ရေးနှင့် နိုင်ငံရေး ခေါင်းဆောင်များ ရွေးချယ်ခြင်းတို့ကို ဆွေးနွေးဆုံးဖြတ်သည်။
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး စာ ၆၄–၇၄]

၃ မတ် ၁၉၄၅ ဗြိတိသျှတပ်များ ညနေပိုင်းတွင် မိတ္ထီလာမြို့ကို သိမ်းပိုက်ရရှိသည်။
(Slim **Defeat into Victory** *P 451*)
(**Mountbatten's Report** *P 131*)

၅ မတ် ၁၉၄၅ မဟာမိတ်တပ်များ မိတ္ထီလာလမ်းမကြီးကို ဖြတ်တောက်နေသည်သာမက မတ္တရာအနီးသို့ပင် စတင်ဝင်ရောက်တိုက်ခိုက်နေပြီဖြစ်သဖြင့် အထက်မြန်မာပြည် စစ်တိုင်းမှူး ဗိုလ်မှူးဗထူးသည် ဖက်ဆစ်ဂျပန်တို့အား တော်လှန်ရန် ရက်ကန့်သတ်၍ မြန်မာနိုင်ငံအစိုးရနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့အား ဆန့်ကျင်သော ကြေညာစာတမ်းများ ရိုက်နှိပ်သည်။ တပ်များကိုလည်း သတိဝီရိယနှင့်နေရန် အမိန့်ပေးထားသည်။
[အထက်မြန်မာပြည်တပ်ပေါင်း စစ်မှတ်တမ်း၊ DR – 4777]

■ အမှတ် ၁၉ အိန္ဒိယတပ်မသည် မန္တလေးအနီးရှိ ချောင်းမကြီးအရပ်တွင် မြစ်ကူး ခြေကုပ်စခန်းတစ်ခု တည်ဆောက်သည်။
(**Mountbatten's Report** *P 139*)

၆ မတ် ၁၉၄၅ ဂျပန်တပ်များ မိတ္ထီလာမြို့ကို ပြန်လည်သိမ်းပိုက်ရန် တိုက်ပွဲ ဆင်နွှဲသည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၄၉]

မတ် ၁၉၄၅ အမှတ် ၁၉ အိန္ဒိယတပ်မက ချောင်းမကြီး တောင်ဘက်ရှိ ဂျပန်တို့ ခံစစ် အခိုင်အလုံ ပြုလုပ်ထားသော မတ္တရာမြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 139*)

၇ မတ် ၁၉၄၅ တရုတ်တပ်မတော်က လားရှိုးမြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 465*)
(**Mountbatten's Report** *P 134*)

၈ မတ် ၁၉၄၅ အာရှအရှေ့တောင်ပိုင်း မဟာမိတ်စစ်သေနာပတိချုပ် လောဒ့်မောင့်ဘက်တန် တရုတ်နိုင်ငံ ချုံကင်းမြို့သို့ ရောက်ရှိလာပြီး တရုတ်စစ်သူကြီး ချန်ကေရှိတ်နှင့် တွေ့ဆုံ ဆွေးနွေးသည်။
(**Mountbatten's Report** *P 132*)

■အထက်မြန်မာပြည် စစ်တိုင်းမှူး ဗိုလ်မှူးဗထူးသည် မန္တလေးမြောက်ဘက် ကပိုင်သို့ မဟာမိတ်တပ်များ ထိုးဖောက် ဝင်ရောက်နေကြောင်း သတင်းရ၍ ညတွင်းချင်းပင် မိမိတပ်များကို ဖောက်ထွက်စေကာ ဖက်ဆစ်တော်လှန်ရေး စတင်သည်။
[အထက် မြန်မာပြည် တပ်ပေါင်း စစ်တမ်း၊ DR 4777]

၉ မတ် ၁၉၄၅ ဗြိတိသျှတပ်က မန္တလေးမြို့ကို တိုက်ခိုက်သည်။
(Slim **Defeat into Victory** *P 468*)
(**Mountbatten's Report** *P 139*)
၁၀ မတ် ၁၉၄၅ ဗြိတိသျှ အမှတ် ၃၆ တပ်မ မိုးမိတ်သို့ ချီတက်သည်။
(**Mountbatten's Report** *P134*)

၁၁ မတ် ၁၉၄၅ ဗြိတိသျှတပ်များ မန္တလေးတောင်ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P468*)

■ဗိုလ်ချုပ် အောင်ဆန်း အိမ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးဗဆွေ၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးဇေယျ၊ သခင်ချစ်နှင့် အခြား တပ်မှူး ၃–၄ ဦး၊ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းကဖက်ဆစ် တော်လှန်ရေးအတွက် ပြင်ဆင်မှုများမှာ မတ် ၂၃–၂၄ ရက်လောက်တွင် ပြီးမည်ဟု ခန့်မှန်းရကြောင်း။ ဗမာ့တပ်မတော်တပ်ဖွဲ့များ သတ်မှတ်ရာ စစ်တိုင်းများသို့ သွားလာရေး အခြေအနေကို တွက်ဆပြီး ၂၅ မတ် ၁၉၄၅ ည ၇ နာရီ ၃၀ (၁၉း၃၀) နာရီတိတိတွင် ဖက်ဆစ်ဂျပန်တို့ကို တစ်ပြိုင်နက်တည်း တော်လှန်တိုက်ခိုက်ကြရမည်ဟု သတ်မှတ်သည်။
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး စာ ၇၄]

[ရွှေတူ "တော်လှန်ရေးသမိုင်းကို ယုံတမ်းပြောရတော့မည်လော" ရွှေတူဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၁၇)၊ ၁၅–၁၀–၇၁၊ စာ ၃၉၊ နောင်ကိုးကားလျှင် ရွှေတူ တော်လှန်ရေးကို ယုံတမ်းပြောရတော့မည်လော ဟု ညွှန်းမည်။]

၁၂ မတ် ၁၉၄၅ ဗြိတိသျှ အမှတ် ၆၂ တပ်မဟာက မေမြို့ကို သိမ်းပိုက်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၄၉]
[Slim **Defeat into Victory** P 470-471]

■ ဗြိတိသျှ အမှတ် ၂၀ အိန္ဒိယတပ်မက မန္တလေးမြို့နှင့် မြင်းခြံမီးရထားလမ်းနှင့် ကားလမ်းဆုံရာ မြို့သာမြို့ကို သိမ်းပိုက်သည်။
[**Mountbatten's Report** *P 139*]

၁၆ မတ် ၁၉၄၅ တရုတ်တပ်မတော်က သီပေါမြို့ကို သိမ်းပိုက်သည်။
[**Mountbatten's Report** *P 134*]

၁၇ မတ် ၁၉၄၅ မန္တလေးတိုက်ပွဲအတွင်း မန္တလေး နန်းတော်ကြီး မီးလောင်ပျက်စီးသည်။
[လူထုဦးလှ စစ်တွင်းဗမာပြည်–စ စာ ၃၅]
[ရွှေကိုင်းသားအနုစ်တစ်ရာပြည့်မန္တလေး မန္တလေး၊ ကြီးပွားရေးပုံနှိပ်၊ ၁၉၅၉၊ စာ ၃၁၅]

■ရန်ကုန်မြို့ ပြည်လမ်း ဂေါ့ဖ်ကစားကွင်း (ယခုတော်လှန်ရေးပန်းခြံ) တွင် ဗမာ့တပ်မတော် စစ်ရေးပြပွဲ အခမ်းအနား ကျင်းပသည်။
[ဗိုလ်မင်းခေါင် [ရွှေတူ] ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ် ရန်ကုန်။ ချိုတေးသံစာပုံနှိပ်။ ၁၉၆၈။ စာ ၂၆၇-၂၇၃။ နောင်ကိုးကားလျှင် ဗိုလ်မင်းခေါင် ရဲဘော်သုံးကျိပ် ဟုညွှန်းမည်]

■ အမှတ် ၂ ဗြိတိသျှတပ်မဟာ အင်း၀ ခံတပ်ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 140*)

■ ဖက်ဆစ်ဂျပန် တော်လှန်ရန် သခင်သန်းထွန်း (နာမည်ဝှက် ကြောင်လက်သဲ) ရန်ကုန်မှ ကိုယ်ဖျောက်ထွက်ခွာသည်။
[မြန်မာ့အလင်း ၂၀-၇-၄၅]

၁၈ မတ် ၁၉၄၅ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၌ အစည်းအဝေးကျင်းပ၍ တော်လှန် ရေးနေ့ကို ဧပြီ ၂ ရက်ဟုပြောင်းလဲ သတ်မှတ်သည်။ ဗိုလ်ချုပ်အောင်ဆန်းက စစ်တိုင်းအမှတ် ၆ စစ်ရေး ခေါင်းဆောင် ဗိုလ်ရဲထွဋ်ထံ ဖက်ဆစ်တော်လှန်ရေး ကို ၂ ဧပြီ ၁၉၄၅ သို့ ပြောင်းလဲလိုက်ကြောင်း စာရေးသား ပေးပို့သည်။
[ဖက်ဆစ်တော်လှန်ရေး ငွေရတုသဘင်စာစောင်။ရန်ကုန်။ သီရိမင်္ဂလာပုံနှိပ်။ ၁၉၇၀။ စာ ၂]

[ရွှေတူ တော်လှန်ရေးကို ယုံတမ်းပြောရတော့မည်လော စာ ၃၉]

■ဗိုလ်မှူးကြီးစလင်းက မိုးမကျမီ ရန်ကုန်ကို သိမ်းပိုက်ရမည်ဟု အမိန့်ထုတ်ပြန်သည်။
(Slim **Defeat into Victory** *P 485*)

■ဗြိတိသျှတပ်များ မန္တလေးနန်းမြို့ရိုးအတွင်းသို့ သုံးကြိမ်ဝင်ရောက်ရန် ကြိုးပမ်းသော်လည်း မအောင်မြင်ခဲ့ပေ။
(**Mountbatten's Report** *P 139*)

■ မြင်းခြံအောင်ထွန်း (ဗိုလ်မှူးချစ်ကောင်း) သခင် သန်းထွန်း ရှိရာ၊ တောင်ငူဒေသတစ်နေရာတွင် လေထီးဖြင့် ဆင်းသက်သည်။
[သိန်းဖေမြင့် စစ်အတွင်းခရီးသည် စာ ၃၆၇]

၁၉ မတ် ၁၉၄၅ ဗြိတိသျှတပ်များ မန္တလေးနန်းမြို့ရိုး အပြင်ဘက်ရှိ ကျုံးကို ဖြတ်ကျော်ရန် ကြိုးစားရာ ရေမျော်ပင်များကြောင့် မအောင်မြင်ချေ။
(**Mountbatten's Report** *P139*)

၂၀ မတ် ၁၉၄၅ ဗြိတိသျှ မစ်ချယ်ဗုံးကြဲလေယာဉ်ပျံများက မြောက်နန်းမြို့ရိုးကို ဗုံးကြဲရာ ၁၅ ပေကျယ်ဝင်ပေါက် ဖြစ်ပေါ်လာပြီး ဗြိတိသျှတပ်များ မန္တလေးနန်းမြို့အတွင်းဝင်ရောက် သိမ်းပိုက်သည်။
[**Mountbatten's Report** *P 139*]

■ အမှတ် ၃၆ ဗြိတိသျှတပ်မ မိုးကုတ်မြို့သို့ ချီတက်သည်။
(**Mountbatten's Report** *P 134*)

■ ဗြိတိသျှတပ်များ အမရပူရကို တိုက်ခိုက် သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 475*)

၂၁ မတ် ၁၉၄၅ မန္တလေးမြို့တွင် ဂျပန်တပ်များ ရှင်းလင်းသွားပြီဟု ကြေညာသည်။
(**Mountbatten's Report** *P 139*)

■အမှတ် ၂၀ အိန္ဒိယတပ်မ ဝမ်းတွင်းမြို့ကို အလစ်အငိုက် သိမ်းပိုက်ရရှိသည်။
(Slim **Defeat into Victory** *P 472*)
(**Mountbatten's Report** *P 140*)

၂၂ မတ် ၁၉၄၅ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း၊ ကိုယ်ရံတော် ဗိုလ်မှူး မင်းခေါင်နှင့် ဗိုလ်မှူး ထွန်းအုံတို့ ရန်ကုန်မှ ပြည်မြို့သို့ ထွက်ခွာသည်။
[ဗိုလ်မင်းခေါင် ရဲဘော်သုံးကျိပ် စာ ၂၇၉]

■မုံရွာမြို့ရှိမဟာမိတ်ကြည်းတပ်များ၏ ထိုးစစ်ဌာနချုပ်တွင် လော့ဒ်မောင့်ဘက်တန်က ဦးဆောင်၍ အစည်းအဝေး ကျင်းပသည်။
(**Mountbatten's Report** *P 135*)

၂၃ မတ် ၁၉၄၅ နံနက် ၆း၃၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ကြို့ပင်ကောက်မြို့ အရှေ့ဖက်နှစ်မိုင်ခန့်ဝေးသည့် ရှမ်းစုရွာသို့ရောက်ရှိပြီး ခေတ္တနားသည်။ ညနေ ၆း၃၀ နာရီတွင် ကြို့ပင်ကောက်မြို့မှ ပြန်လည်ထွက်ခွာသည်။
[ရွှေတူ"တော်လှန်ရေးကိုယုံတမ်း ပြောရတော့မည်လော" စာ ၃၇]

■ ညနေတွင် ပဲခူးမြို့ရှိ တိုင်း (၄) တပ်မှူး ဗိုလ်မှူး ကျော်ဇောက တပ်ကြပ်ကြီးတင်ဦး (မကွေး) ကိုခေါ်၍ ပဲခူးရှိ ဗမာ့တပ်မတော်၏လှုပ်ရှားမှုကို ဂျပန်တို့က သံသယရှိသဖြင့် ၎င်းတို့ပတ်ဝန်းကျင်တွင် ဂျပန်တပ်များချထားကြောင်း၊ ထို့ကြောင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို မူလသတ်မှတ်ထားသည့် ဧပြီ ၂ အစား မတ် ၂၇ နေ့ ပြုလုပ်ခွင့်ပြုပါရန် အမိန့်တောင်းခံကြောင်း ပန်ကြားစာကို ဗိုလ်ချုပ်အောင်ဆန်းထံ ပေးပို့ခိုင်းသည်။ ညဦးပိုင်းတွင် တပ်ကြပ်တင်ဦးနှင့် စစ်ရဲတပ်သား ငွေသိန်းတို့ အော်စတင်ကားဖြင့် ပဲခူးမြို့မှ ထွက်ခွာသည်။
[ဗိုလ်တင်ဦး "တော်လှန်ရေးရက် ရွှေ့စဉ်က ကျွန်တော်ဆက်သား" ရှု့ထောင့်ဂျာနယ်၊ အမှတ် ၆၄၊ ၁၅-၁၁-၇၁၊ စာ ၅၆။

နောင်ကိုးကားလျှင် ဗိုလ်တင်ဦးကျွန်တော် ဆက်သား ဟုညွှန်းမည်]

■ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ ဗိုလ်ခင်ညို(က အလုပ်သင်ဗိုလ်ကလေး ဗိုလ်ဘရွှေခေါင်းဆောင်သည့် အထူးဆက်သားအဖွဲ့ကို ဖက်ဆစ်ဂျပန်တော်လှန်မည့် သတင်းများ ပေါက်ကြားနေ၍ ဖက်ဆစ်ဂျပန်တော်လှန်မည့် ရက်ကို ဧပြီ ၂ ရက်အစား မတ်လ ၂၅ ရက်ထက် နောက်မကျဘဲ ရွှေ့ပြောင်းသတ်မှတ်နိုင်ရန် ပဲခူးမြို့ တိုင်း ၄ ရှိ ဗိုလ်မှူးကျော်ဇောထံ သွားရောက်အကြောင်းကြားခိုင်းသည်။ အထူးဆက်သားအဖွဲ့သည် ၂၃–၃–၄၅ ညတွင်ပင် ပဲခူးမြို့ ဟင်္သာကုန်းရှိ ဗိုလ်မှူးကျော်ဇောတပ်သို့ ရောက်ရှိပြီး ဗိုလ်ခင်ညို၏ စာကို ဗိုလ်မှူးကျော်ဇောထံ ပေးအပ်သည်။

[ဗိုလ်မှူးကြီးခင်ညို (အငြိမ်းစား)၊ "ဖက်ဆစ်တော်လှန်ချိန်က ရန်ကုန်စစ်မြေကိုယ်တွေ့" အိုးဝေဂျာနယ်၊ အမှတ် ၇၃၊ ၁၅–၈–၇၁၊ စာ ၉–၁၀]

■ ည ၁၂ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့ ရွှေတောင်မြို့သို့ ရောက်ရှိသည်။

[ရွှေတူတော်လှန်ရေးကို ယုံတမ်းပြောရတော့မည်လော၊ စာ ၃၇]

■ဗြိတိသျှ အမှတ် ၇ အိန္ဒိယတပ်မ မြင်းခြံကို သိမ်းပိုက်သည်။

(**Mountbatten's Report** *P 141*)

■အမှတ် ၂၀ အိန္ဒိယတပ်မ ဝမ်းတွင်းမြို့ကို သိမ်းပိုက်ပြီးနောက် မြောက်ဘက်သို့ ချီတက်ကာ ကူမဲမြို့ရှိ ဂျပန်တပ်များကို ချေမှုန်း၍ မန္တလေးမှ ဂျပန်တို့ ဆုတ်ခွာရာလမ်းကြောင်းကို ပိတ်ဆို့သည်။

(**Mountbatten's Report** *P 140*)

၂၃ – ၂၄ မတ် ၁၉၄၅ ညတွင်ပဲခူးမြို့ တိုင်း ၄ ၌၊ ဗိုလ်မှူးကျော်ဇော သခင်ဗတင်၊ သခင်ချစ်တို့ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ဗိုလ်မှူးကျော်ဇောက တော်လှန်ရေးနေ့ကို ရက်ရွှေ့ ပြောင်းရန်အကြောင်းပေါ်လာကြောင်း တင်ပြသည်။ (အစည်းအဝေး မကျင်းပမီကပင် ဗိုလ်မှူးကျော်ဇောသည် တော်လှန်ရေးနေ့ ရက်ရွှေ့မည့် အကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းထံ ပန်ကြားရန် ဆက်သား စေလွှတ်ပြီး ဖြစ်သည်) ဗိုလ်မှူးကျော်ဇောတင်ပြချက်နှင့် စပ်လျဉ်း၍ စဉ်းစားဆွေးနွေးကြပြီး ၂၄–၃–၄၅ နံနက် ၆ နာရီခန့်တွင် တော်လှန်ရေးနေ့ကို ဧပြီ ၂ ရက်အစား မတ်လ ၂၇ ရက်ပြောင်းရန်နှင့် ထိုသို့ပြောင်းကြောင်း ဗိုလ်ချုပ်အောင်ဆန်းထံ ပန်ကြားရန် ဆုံးဖြတ်သည်။

[ဗိုလ်မှူးကြီး ခင်ညို(အငြိမ်းစား)၊ "ခိုင်လုံသော အထောက်အထားများကို သမိုင်းသုတေသီတို့ ဆုံးဖြတ်ကြပါ" အိုးဝေဂျာနယ်၊ အမှတ် ၈၁၊ ၁၅–၁၂–၇၁၊ စာ ၁၅–၁၆]

၂၄ မတ် ၁၉၄၅ နံနက် ၄ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ သရက်ခရိုင်၊ ပြလို့ (တိုင်းအမှတ် ၇ ဌာနချုပ်) ရောက်သည်။ ည ၇ နာရီ တွင် ပြလို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ည ၁၁ နာရီတွင် ရွှေတောင်မြို့သို့ ရောက်ရှိသည်။

[ရွှေတူတော်လှန်ရေးကို ယုံတမ်းပြောရတော့မည်လော၊ စာ ၃၇]

■ ဗိုလ်ချုပ်အောင်ဆန်း ရွှေတောင်မြို့တွင် အိပ်ပျော်နေစဉ် ဖက်ဆစ်ဂျပန်တော်လှန်ရေး စစ်တိုင်းအမှတ် ၄ တိုင်းမှူး ဗိုလ်မှူး ကျော်ဇော လွှတ်လိုက်သည့်ဆက်သား တပ်ကြပ်ကြီးတင်ဦး (မကွေး) ရောက်ရှိလာသည်။ ဗိုလ်ချုပ်အောင်ဆန်း အိပ်ရာမှ နိုးလာလျှင် တပ်ကြပ်ကြီးတင်ဦးက ဗိုလ်မှူးကျော်ဇော၏ ပန်ကြားစာကို ပေးအပ်သည်။ ထိုစာတွင် ပဲခူးရှိ ဗမာ့တပ်မတော်၏ လှုပ်ရှားမှုကို ဂျပန်တို့က သံသယရှိသဖြင့် ၎င်းတို့ ဝန်းကျင်တွင် ဂျပန်တပ်များ ချထားကြောင်း၊ ထို့ကြောင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို မူလသတ်မှတ်ထားသည့် ဧပြီလ ၂ ရက်နေ့အစား မတ်လ ၂၇ ရက်နေ့ ပြုလုပ်ခွင့်ပြုပါရန် ဗိုလ်မှူးကျော်ဇောက အမိန့်တောင်းခံကြောင်း ပါရှိသည်။ ထိုစာကို ဖတ်ရှုပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် အခြေအနေများကို သုံးသပ်ကာ ဖက်ဆစ် ဂျပန်တော်လှန်ရေးကို မတ်လ ၂၇ ရက်နေ့ ပြောင်းလဲလိုက်ပြီ ဖြစ်ကြောင်း တိုင်းအသီးသီးသို့ ဆက်သားများ လွှတ်ကာ အကြောင်းကြားသည်။

[ဗိုလ်မင်းခေါင် ရဲဘော်သုံးကျိပ် စာ ၂၈၄–၂၈၅]

[ရွှေတူတော်လှန်ရေးကို ယုံတမ်းပြောရတော့မည်လော၊ စာ ၂၃]

၂၅ မတ် ၁၉၄၅ ဒုတိယဗိုလ်ချုပ်ကြီး လိစ်က မောင့်ဘက်တန်အား ဗမာ့ကာကွယ်ရေးတပ်မတော်၏ ဖက်ဆစ်တော်လှန်ရေး စတင်တော့မည် ဖြစ်ကြောင်း အကြောင်းကြားသည်။

[**Mountbatten's Report** *P 144*]

၂၅–၂၆ မတ် ၁၉၄၅ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ရွှေတောင်မြို့တွင် ရပ်နားသည်။ ၂၆–၃–၄၅ မွန်းလွဲ ၂ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ရွှေတောင်မြို့မှ ထွက်ခွာလာပြီး ရွှေနတ်တောင်တွင် ခေတ္တ

နားသည်။ ည ၇ နာရီတွင် ရွှေနတ်တောင်မှ ပြလို့သို့ ထွက်ခွာသည်။
[ရွှေတူတော်လှန်ရေးကို ယုံတမ်းပြောရတော့မည်လော၊ စာ ၃၇]

၂၇ မတ် ၁၉၄၅ နံနက် ၉ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ပြလို့မှ ဧရာဝတီမြစ်ကို ဖြတ်ကူး၍ အနောက်ဘက်ကမ်း ပြရီရွာမှ တစ်ညလုံး လှည်းဖြင့် ခရီးဆက်ခဲ့ပြီး သပွတ်ရွာကို ဖြတ်၍ ပုဏ္ဏားရွာသို့ ရောက်ရှိသည်။
[ရွှေတူတော်လှန်ရေးကို ယုံတမ်းပြောရတော့မည်လော၊ စာ ၃၈]

■ ည ၇နာရီတွင် သရက်ခရိုင် ပုဏ္ဏားကျွန်းတွင် ဖွင့်လှစ်ထားသော ပြည်သူ့လွတ်လပ်ရေး တပ်မတော် ဌာနချုပ်မှ ဖက်ဆစ်ဂျပန်ကို တော်လှန်ကြောင်း ကြေညာသည်။ ဖတပလမှ ဦးဆောင်၍ မြန်မာနိုင်ငံ တစ်ဝှန်းလုံး ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲသည်။
[ဗိုလ်မင်းခေါင် ရဲဘော်သုံးကျိပ် စာ ၃၃၄]
[ရွှေတူတော်လှန်ရေးကို ယုံတမ်းပြောရတော့မည်လော၊ စာ ၃၈]

၂၈ မတ် ၁၉၄၅ မိတ္ထီလာမြို့ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရန် ကြိုးစားနေသည့် ဂျပန်တပ်များ အရေးနိမ့်၍ ဆုတ်ခွာသည်။
[**Mountbatten's Report** *P 142*]

■ဂျပန်စစ်ဌာနချုပ်က မြန်မာနိုင်ငံ အဓိပတိ ဒေါက်တာဘမော်နှင့် ဝန်ကြီးများအားလုံး၏ အိမ်တွင် စိုးရိမ်ဖွယ် အခြေအနေများကြောင့် ဂျပန်စစ်တပ်များ လာရောက် ချထားကြောင်း အကြောင်းကြားသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း ရန်ကုန်။ သီရိဇေယျာပုံနှိပ်တိုက်။ ၁၉၄၆။ စာ ၄၄ နောင်ကိုးကားလျှင် ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း ဟု ညွှန်းမည်]

၃၀ မတ် ၁၉၄၅ ဗြိတိသျှတပ်များ ကျောက်ဆည်မြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 473*)
(**Mountbatten's Report** *P 140*)

ဧပြီလ

၁ ဧပြီ ၁၉၄၅ သခင်ဗိုလ်၊ ကိုဘသိန်း(အာရှလူငယ်အစည်းအရုံး – ဟသ်ာတ)၊ ကိုစောဦး (သာယာဝတီ) တို့ အိန္ဒိယနိုင်ငံရှိ မဟာမိတ်စစ်ဌာနချုပ်တွင် စစ်ပညာနှင့် လျှို့ဝှက်ဖျက်ဆီးရေး ပညာများ သင်ယူခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ လေထီးဖြင့် ဆင်းရန်အလာ ကလကတ္တား လေယာဉ်ပျံကွင်းမှအတက် ၇ မိနစ်အတွင်း လေယာဉ်ပျံ ပျက်ကျ၍ ကွယ်လွန်သည်။
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး စာ ၄၈–၄၉]
[သိန်းဖေမြင့် စစ်အတွင်းခရီးသည် စာ ၃၇၀]
[မြန်မာ့အလင်း ၂–၈–၄၅/ ၂၁–၉–၄၅]

၁၀ ဧပြီ ၁၉၄၅ ဗြိတိသျှတပ်များ ပျော်ဘွယ်မြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 495*)

၁၂ ဧပြီ ၁၉၄၅ ဗြိတိသျှတပ်များ ကျောက်ပန်းတောင်းမြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 489*)
(**Mountbatten's Report** *P 151*)

၁၃ ဧပြီ ၁၉၄၅ ဗြိတိသျှတပ်များ တောင်တွင်းကြီးမြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 152*)

၁၄ ဧပြီ ၁၉၄၅ ဗြိတိသျှတပ်များ ရ မည်းသင်းမြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 497*)

■ပြည်သူ့လွတ်လပ်ရေး တပ်မတော် ဌာနချုပ် မကွေးတိုင်း သရက်ခရိုင် သရက်ချောင်းကျေးရွာ ရောက်ရှိလာပြီး ဖက်ဆစ်ဂျပန်တော်လှန်ရေး ကာလတစ်လျှောက် အမြဲတမ်းဌာနချုပ် အဖြစ် ဖွင့်လှစ်သည်။
[ဗိုလ်မင်းခေါင် ရဲဘော်သုံးကျိပ် စာ ၃၃၄]

၁၆ ဧပြီ ၁၉၄၅ ဗြိတိသျှတပ်ဖွဲ့များ ရမည်းသင်းခရိုင်ရှိ ရွှေမြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 153*)

၁၇ ဧပြီ ၁၉၄၅ အာရှအရှေ့တောင်ပိုင်းစစ်သေနာပတိချုပ် လောဒ့်မောင့်ဘက်တန်က ရန်ကုန်မြို့ကို ရေတစ်ပိုင်း–ကုန်းတစ်ပိုင်း မိုးပျံစစ်ဆင်ရေး ဆင်နွှဲရန် ကြည်း၊ရေ၊လေ စစ်သေနာပတိများအား ညွှန်ကြားသည်။
(**Mountbatten's Report** *P 146*)

၁၈ ဧပြီ ၁၉၄၅ ဗြိတိသျှတပ်များ ချောက်မြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 489*)

■ နဂါးနီ ဦးထွန်းရွှေသည် အိန္ဒိယနိုင်ငံ ဘင်္ဂလားနယ် ဒိုင်နာပူ (Dinaj-pur)မြို့ ရခိုင်စစ်ပြေးဒုက္ခသည်များစခန်းရှိ ဆေးရုံတွင် ကွယ်လွန်သည်။
[မြန်မာ့အလင်း ၂၁–၉–၄၅]

■ ဂျပန်စစ်အာဏာပိုင်များက ဗမာ့တပ်မတော် စစ်သားများနှင့် စစ်ဗိုလ်များ တော်လှန်ရေးကို စွန့်ခွာ၍ လာကြစေရန် ဆွဲဆောင်သိမ်းသွင်းသော ကြေညာချက်များ ထုတ်ပြန်သည်။
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး စာ ၁၀၃–၁၀၅]

■နိုင်ငံတော်အဓိပတိ ဒေါက်တာ ဘမော်က အမိန့်ကြေညာချက် ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် ၎င်းသည် စစ်ဝန်ကြီးနှင့် စစ်သေနာပတိရာထူးကို လက်ခံ သိမ်းပိုက်ပြီးကြောင်း၊ ဗမာ့တပ်မတော်၏ အချို့တပ်ခွဲများက တော်လှန်သောင်းကျန်း ကြခြင်းကြောင့် များစွာ အမှုရှုပ်ထွေးကြောင်း၊ သောင်းကျန်းမှုကို ကူညီသူများအား အပြစ်ပေးမည်ဖြစ်ကြောင်း ပါရှိသည်။
[သခင်တင်မြ ဖက်ဆစ်တော်လှန်ရေး စာ ၁၀၅–၁၀၆]

၁၉ ဧပြီ ၁၉၄၅ ဗြိတိသျှတပ်များ မြင်ကွန်းနှင့် မကွေးမြို့များကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 491*)
(**Mountbatten's Report** *P 152*)

၂၀ ဧပြီ ၁၉၄၅ ဗြိတိသျှ အမှတ် ၂၆ အိန္ဒိယခြေလျင်တပ်မဟာနှင့် ဗြိတိသျှ အမှတ် ၂ တပ်မမှ တပ်မဟာတို့ ပုပ္ပါးမြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 151*)
၂၁ ဧပြီ ၁၉၄၅ ဗြိတိသျှတပ်များ ပျဉ်းမနားမြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 489*)
(**Mountbatten's Report** *P 153*)

၂၂ ဧပြီ ၁၉၄၅ မြန်မာပြည် ဂျပန်တပ်များ၏ စစ်သေနာပတိချုပ် ကိမူရာ က ၎င်း၏စစ်ဦးစီး ဒုတိယဗိုလ်ချုပ်ကြီး တာနာကာ(Tanaka Shin-nichi)၏ ရန်ကုန်မှ မဆုတ်ခွာရ အမိန့်ကို ပယ်ဖျက်၍ အတင်းဆုတ်ခွာခိုင်းရသည်။
[သခင်နု ငါးနှစ်ရာသီ စာ ၂၉၉]

■ နေ့လည် ၁၂း၀၀ နာရီတွင် ဂျပန်စစ် ဗဟိုဌာနချုပ် မှ မြန်မာအစိုးရဝန်ကြီးများအား ၂၃ ဧပြီ ၁၉၄၅ ညနေ ၁၈း၀၀ နာရီတွင် မော်လမြိုင်သို့ လိုက်ပါရန် အကြောင်းကြားသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၆၂]

■ဗြိတိသျှတပ်များ ရေနံချောင်းကို တိုက်ခိုက်သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 492*)
(**Mountbatten's Report** *P 152*)

■ဗြိတိသျှ အမှတ် ၅ အိန္ဒိယတပ်မဟာ တောင်ငူမြို့သို့ ဝင်ရောက်သည်။
(Slim **Defeat into Victory** *P 500*)
(**Mountbatten's Report** *P 153*)
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၅၂–၅၃]

■မြန်မာအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ နောက်ဆုံး အစည်းအဝေးကို ညနေ ၁၈း ၀၀ နာရီတွင် ကျင်းပသည်။ အစည်းအဝေးတွင် နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်က မြန်မာနိုင်ငံ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ၂၃–၄–၄၅ ညတွင် ဂျပန်တပ်များနှင့်အတူ မော်လမြိုင်သို့ လိုက်ပါရန်အတွက် ရန်ကုန်မြို့မှ ထွက်ခွာရန် ပြောကြားသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၆၂–၆၃]

၂၃ ဧပြီ ၁၉၄၅ ဂျပန်တပ်မတော်၊ ဂျပန်ခေတ် မြန်မာအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မိသားစုများ (ဒေါက်တာဘမော်၊ ဒေါက်တာဘဟန်၊ သခင်မြ၊ ဦးထွန်းအောင်၊ သခင်နု၊ သခင်လွန်းဘော်၊ ဦးလှဖေ၊ ဗန္ဓုလဦးစိန်) ည ၉း၃၀ ခန့်တွင် ရန်ကုန်မြို့မှ ထွက်ခွာသည်။ မြန်မာအစိုးရအဖွဲ့ ကိုယ်ရံတော်အဖြစ် ဗိုလ်ရန်နိုင်နှင့် ဗိုလ်လရောင်တို့ လိုက်ပါသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၆၇–၆၈]
[သခင်နု ငါးနှစ်ရာသီ စာ ၂၈၆]
[မြန်မာ့အလင်း ၇–၉–၄၅]
(Ba Maw **Breakthrough in Burma.** P 396)

၂၄ ဧပြီ ၁၉၄၅ ဗြိတိသျှတပ်များ ပဲနွယ်ကုန်းကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 500*)

■ဂျပန်ခေတ် မြန်မာအစိုးရအဖွဲ့ဝင် ဝန်ကြီးများ နံနက် ၈ နာရီတွင် ပဲခူးမြို့ စစ်ရုံးသို့ ရောက်ရှိသည်။
(ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၇၂)

■ပဲခူးမြို့သို့ ဆုတ်ခွာ ရောက်ရှိလာသည့် ဂျပန်တပ်များကို ဗြိတိသျှလေတပ်က နံနက် ၁၁း၃၀ နာရီမှ ညနေ ၁၇း၀၀ နာရီထိ ဗုံးကြဲကာ စက်သေနတ်များဖြင့် ပစ်ခတ် တိုက်ခိုက်သည်။ ဂျပန်တို့ကလည်း လေယာဉ်ပစ် အမြောက်များဖြင့် ပြန်လှန်ပစ်ခတ်တိုက်ခိုက်သည်။
(ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၇၃–၇၅)

■ဂျပန်ခေတ် မြန်မာအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မိသားစုများ ပဲခူးမြို့မှ ည ၇ နာရီကျော်တွင် ဆက်လက်ထွက်ခွာသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၇၇–၇၈]

၂၅ ဧပြီ ၁၉၄၅ ဂျပန်ခေတ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ နံနက်လင်းအားကြီး ၄း၃၀ နာရီခန့်တွင် ဝေါမြို့သို့ ရောက်သည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၇၇–၇၈]

■ဂျပန်ခေတ် မြန်မာအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ နံနက် ၅ နာရီ ခန့်တွင် ကားများကို ဖောင်နှင့်ကူးရသော အဗျားတံတားသို့ ရောက်ရှိသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ၇၈]

■ဗြိတိသျှလေတပ်က အဗျားရှိ ဂျပန်စစ်တပ်များနှင့် စစ်လော်ရီကားအစင်း ၁၀၀၀ ကျော်တို့အား ဗုံးကြဲကာ စက်သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်သည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၈၀–၈၁]

■ညောင်ခါးရှည်တွင် စခန်းချနေသော ဒေါက်တာဘမော်သည် ညအချိန်တွင် ဂျပန်သံအမတ် အီတာရိအိရှိ နှင့် မြန်မာအစိုးရအဖွဲ့အတွက် အစစ တာဝန်ယူရသော ဗိုလ်မှူးကြီး ဟီရာအိုကာ( Colonel Hiraoka Junzo) တို့အား ၎င်းသည် မြန်မာအစိုးရအဖွဲ့ဝန်ကြီးများ၊ ၎င်း၏ မိသားစုများနှင့် တစ်ကွဲ တစ်ပြားစီဖြစ်နေကြောင်း ၎င်းတို့ကို တွေ့အောင် ရှာ၍ မိမိထံပို့ပေးရန်နှင့် တာဝန်မခံနိုင်ပါက ဂျပန်တပ်မတော် ဆုတ်ခွာရာသို့ ဆက်လက် လိုက်ပါတော့မည် မဟုတ်ကြောင်း ပြောကြားသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၈၃–၈၄]

၂၆ ဧပြီ ၁၉၄၅ ဗြိတိသျှတပ်များ ဒိုက်ဦးသို့ ရောက်ရှိသည်။
(Slim **Defeat into Victory** *P 502*)
(**Mountbatten's Report** *P 155*)

■ဗန္ဓုလဦးစိန် နံနက် ၆ နာရီတွင် ညောင်ခါးရှည်သို့ ရောက်ရှိလာပြီး အဓိပတိ ဒေါက်တာဘမော်၊ သခင်မြတို့နှင့် တွေ့ဆုံသည်။
[ဗန္ဓုလဦးစိန်အင်္ဂလိပ်ပြေးမင်း စာ ၈၄–၈၆]

■မြန်မာနိုင်ငံ ဂျပန်တပ်မတော်၏ စစ်သေနာပတိချုပ် ကီမူရာက ဌာနချုပ်ကို ရန်ကုန်မှ မော်လမြိုင်သို့ ပြောင်းရွှေ့သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် စာ ၅၂]

■ညောင်ခါးရှည်ရှိဂျပန်တပ်များကို ဗြိတိသျှလေတပ်က ဗုံးကြဲကာ စက်သေနတ်ဖြင့် ပစ်ခတ် တိုက်ခိုက်သည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၈၇–၈၈]

■မြန်မာအစိုးရအဖွဲ့ဝင်များသည် ညအချိန် ညောင်ခါးရှည်မှ စစ်တောင်းမြစ်ကို ဖြတ်ကူး၍ မရမ်းချောင်းတွင် ညအိပ်သည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၈၉]

၂၇ ဧပြီ ၁၉၄၅ မြန်မာ အစိုးရအဖွဲ့ဝင်များသည် မရမ်းချောင်းမှ ဆက်လက်ထွက်ခွာသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၉၁]

၂၈ မေ ၁၉၄၅ ဗြိတိသျှတပ်များ တောင်ကုတ်မြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 147*)

■ဗြိတိသျှတပ်များအောင်လံ(မြေထဲ) မြို့ကို သိမ်းပိုက်သည်။
(Slim **Defeat into Victory** *P 492*)
(**Mountbatten's Report** *P 152*)

■ မြန်မာအစိုးရအဖွဲ့ဝင်များသည် နံနက် ၄း၀၀ နာရီတွင် ကျိုက်ထိုသို့ ရောက်ရှိ သည်။ ကျိုက်ထိုတွင် ဧပြီ ၂၈ မှ ၃၀ ရက်အထိ ရပ်နားသည်။
[ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၉၃–၉၆]

၂၉ ဧပြီ ၁၉၄၅ ရန်ကုန်မြို့တွင် နောက်ဆုံး ကျန်ရှိနေသည့် ဂျပန်တပ်အင်အား ၄၀၀ခန့် ဆုတ်ခွာသွားသည်။
[ရဲဘော်တစ်စု ဖက်ဆစ်တော်လှန်ရေးနှင့် ဗမာ့လွတ်လပ်ရေးတိုက်ပွဲဝင် စာတမ်းများ ရန်ကုန် ၊ စိန်ကြည်စာပုံနှိပ်၊ စာ ၃၄]
[ဦးကျော်ငြိမ်း မြေအောက်သူပုန်ဆိုင်ရာမှတ်စု စာ ၃၈]

■ဗြိတိသျှ အမှတ် ၁၇ အိန္ဒိယတပ်မ ပဲခူးသို့ ရောက်ရှိပြီး ဂျပန်တပ်များနှင့် အပြင်းအထန် တိုက်ပွဲဖြစ်ပွားသည်။
(Slim **Defeat into Victory** *P 502-503*)

၃၀ ဧပြီ ၁၉၄၅ မြန်မာ အစိုးရအဖွဲ့ဝင်များသည် ညအချိန်တွင် ကျိုက်ထိုမြို့မှ ခရီးဆက်လက်ထွက် ခွာသည်။
(ဗန္ဓုလဦးစိန် အင်္ဂလိပ်ပြေးမင်း စာ ၉၇)

## မေလ

၁ မေ ၁၉၄၅ ဗမာ့တော်လှန်ရေးတပ်မတော်မှ ဗိုလ်စိန်တင်၊ ဦးကျော်ငြိမ်း R.E.T တို့ဦးဆောင်၍ မျိုးချစ်တပ်မတော်သားများနှင့် ပြောက်ကြား အင်အား ၁၅၀ ခန့်တို့ ရန်ကုန်မြို့ကို ဝင်ရောက်သိမ်းပိုက်သည်။
[သခင်ဘမောင် "ကျွန်တော် သိမြင်ဖူးသော ရန်ကုန်သိမ်း ပွဲ" ရှူ့ဒေါင့်ဂျာနယ်၊ အမှတ် ၆၅၊ ၁–၁၂–၇၁၊ စာ ၆/၃၈]

■မြန်မာ့ တော်လှန်ရေး တပ်မတော် ဗဟိုစစ်ဦးစီးအဖွဲ့ အမိန့် အမှတ် ၁ ကို ထုတ်ပြန် ကြေညာ သည်။
၁၃၀၇ ခု ကဆုန်လဆုတ် ၆ ရက်

(၁–၅–၄၅) နေ့ နံနက် ၆ နာရီမှ စ၍ ရန်ကုန်နေပြည်တော်ကို ဗမာ့တော်လှန်ရေးတပ်မတော်က သိမ်းပိုက်လိုက်ပြီ ဖြစ်ကြောင်း၊ နေပြည်တော်တွင် အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး၊ ပြည်သူတို့၏ အသက်ရှင်ရေး အိုးအိမ်တည်တံ့ရေး စသည်တို့ကို ဗမာ့တော်လှန်ရေး တပ်မတော်က တာဝန်ယူ၍ ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်း။

ဗမာ့တော်လှန်ရေး တပ်မတော်သည် ပြည်သူ့တပ်မတော်ဖြစ်သည့်နှင့်အညီ ပြည်သူတို့၏ လွတ်လပ်မှုအတွက် တပ်ဦးမှ ပြည်သူ့ကိုယ်စားလှယ်အဖြစ် တိုက်ခိုက်နေခြင်းဖြစ်၍ ပြည်သူ့အပေါင်းတို့ ကမိမိတို့၏တပ်မတော်ကြီးကို အရာရာတွင် အစွမ်းကုန် ကူညီ၍ ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ဗမာ့တော်လှန်ရေး တပ်မတော်ကလည်း ပြည်သူ့ကိုယ်စားလှယ် တပ်ဦးပီပီ ဗမာ့လွတ်လပ်ရေး၊ ပြည်သူ့လွတ်လပ်ရေးအတွက် အသက်ကို မငဲ့ကွက်ဘဲ ရှုပ်ရှုပ်ချွန်ချွန် တိုက်ခိုက်မည်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်မှ အထူး ခွင့်ပြုချက် မရှိဘဲ သိမ်းဆည်းထားသည့် လက်နက်၊ ခဲ ယမ်း၊ မီးကျောက်တို့မှစ၍ စစ်နှင့် ပတ်သက်သည့် ပစ္စည်းအားလုံးတို့ကို ၁၃၀၇ ခု၊ ကဆုန်လဆုတ် ၈ ရက်(၃–၅–၄၅)ရက်နေ့ထက်နောက်မကျစေဘဲ တပ်မတော် လက်နက်ဌာနတွင်ဖြစ်စေ၊ အနီးဆုံးရဲဌာန တွင်ဖြစ်စေ၊ ပေးအပ်ရမည်ဖြစ်ကြောင်း။

ဗမာ့တော်လှန်ရေးတပ်မ တော်သတင်းထောက်လှန်းရေးဌာန က လက်နက်စစ်အသုံးအဆောင်စသည်တို့ လက်ခံထားရှိသူတို့၏ စာရင်းကို စုံလင်စွာ ပြုလုပ်ထားပြီးဖြစ်ရာ အဆိုပါ နေ့ရက်မှ ကျော်လွန်ပြီးနောက် ဗမာ့တော်လှန်ရေး တပ်မတော်မှ ခွင့်ပြုချက်မရှိဘဲ လက်နက်ကိုင်ဆောင်သူ၊ သိမ်းဆည်းထားသူတို့အား ရန်သူအဖြစ် ယူဆပြီးလျှင် အကြီးလေးဆုံးသော အပြစ်ပေးခြင်းခံရမည်ဖြစ်ကြောင်း။

ထို့ပြင် ဗမာ့ တော်လှန်ရေး တပ်မတော်က တာဝန်ယူ၍ သိမ်းပိုက်ထားသည့်အတွင်း အောက်ပါ အချက်အလက်များကို တသွေမတိမ်း လိုက်နာကြရန် လေးနက်ကြပ်တည်းစွာဆင့်ဆိုလိုက်ကြောင်း။

၁။ လူမျိုးရေး အဓိကရုဏ်းများ မရှိစေရ။

၂။ သတ်ဖြတ်မှု၊ ခိုးမှု၊ လုယက်မှု၊ တိုက်ခိုက်မှု၊ စသည့်ရာဇဝတ်မှုများ မရှိစေရ။

၃။ ရန်သူကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်မဆို အားပေးသည့်မည်သည့် လုပ်ငန်းကိုမျှ မပြုလုပ်ရ။

အထက်ပါဆင့်ဆိုချက်တို့ကို မလိုက်နာဘဲ ပျက်ကွက်သူတို့အား စစ်ဥပဒေအရ ကြီးလေးသော အပြစ်ပေးခြင်း ခံရမည်ဖြစ်ကြောင်း။

စစ်ဦးစီးအဖွဲ့
ဗမာ့တော်လှန်ရေးတပ်မတော်

[ဗမာ့တော်လှန်ရေးတပ်မတော် အမိန့် အမှတ် ၁ လက်ကမ်းကြော်ငြာမူရင်း]
[မြန်မာ့အလင်း ၃–၅–၄၅]

■ရန်ကုန်မြို့ကို ကုန်းတစ်ပိုင်းရေတစ်ပိုင်း စစ်ဆင်ရေး ဆင်နွှဲရန် အမှတ် ၅၀ အိန္ဒိယလေထီး တပ်မဟာက အဲလီးဖင့်ပွိုင့်အငူ (Elephant Point) ကိုသိမ်းပိုက်သည်။
(**Mountbatten's Report** *P 156*)

■ဗမာ့တပ်မတော် အထက်မြန်မာပြည် စစ်တိုင်းမှူး ဗိုလ်မှူး ဗထူးအား ဗိုလ်မှူးကြီး အဆင့်ရာထူး တိုးမြှင့်သည့်အမိန့် ထုတ်ပြန်သည်။
[**DR 7826**]

၁ – ၂ မေ ၁၉၄၅ ဗြိတိသျှလေတပ်က ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်သည်။
(**Mountbatten's Report** *P 156*)

၂ မေ ၁၉၄၅ ဗြိတိသျှတပ်များ ပြည်မြို့ကို သိမ်းပိုက်သည်။
(**Mountbatten's Report** *P 152*)

■ ဗြိတိသျှ အမှတ် ၁၄ တပ်မတော် ရန်ကုန်မြို့ကို သိမ်းပိုက်ရန် ပဲခူးမြို့မှ ချီတက်သည်။
(**Mountbatten's Report** *P 155*)

■ မွန်းလွဲပိုင်းတွင် ဗြိတိ သျှ အမှတ် ၂၂၁ လေတပ်ဖွဲ့မှ ဒုတိယ ဗိုလ်မှူးကြီး ဆောင်းဒါး (Lt. Col Sounders) က "မော်စကွိတိုး" (Mosquito) ဗုံးကြဲ လေယာဉ်ဖြင့် ရန်ကုန်မြို့ပေါ် အနိမ့်ပျံ ပျံသန်း၍ အခြေအနေအကဲခပ်ရာ ဂျပန်တို့၏ အရိပ်အရောင် မတွေ့၍ မင်္ဂလာဒုံ လေယာဉ်ကွင်းတွင် ဆင်းသက်သည်။ ဆောင်းဒါးသည် မင်္ဂလာဒုံလေယာဉ်ကွင်းမှ ရန်ကုန်ထောင်ကြီးသို့ ခြေလျင်လျှောက်သွားပြီး စစ်သုံ့ပန်းများနှင့် တွေ့ဆုံမေးမြန်းသည်။ ဂျပန်တပ်များ ဆုတ်ခွာသွားကြောင်း သိရှိရ၍ ညနေပိုင်းတွင် ဆောင်းဒါးသည် မြစ်အတိုင်း သင်္ဘောနှင့်စုံဆင်း၍ သန်လျက်စွန်းရှိ ဗြိတိသျှတပ်များထံ သတင်းပို့သည်။ ထို့အချိန်မှစ၍ ဗြိတိသျှလေတပ်က ရန်ကုန်မြို့တွင်း ဗုံးကြဲခြင်းကို ရပ်ဆိုင်းသည်။
(Louis Allen **The Longest War 1941-48** *P 480*)
(Slim **Defeat into Victory** *P507*)
(**Mountbatten's Report** *P 156*)

၃ မေ ၁၉၄၅ ဗြိတိသျှ အမှတ် ၂၆ အိန္ဒိယတပ်မမှ တပ်မဟာသည် ည အချိန်တွင် လှိုင်မြစ်ကို ဖြတ်ကာ ရန်ကုန်သဘော်ဆိပ်သို့ ဝင်ရောက်သည်။

(Slim **Defeat into Victory** *P507*)
(**Mountbatten’s Report** *P 145/ 157*)